
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်ဝင်းကြွယ်

# လေလွင့်သွေးတစ်စက်

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ—၄၀၀
တန်ဖိုး ၁၀၀/—ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို၊ (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း။
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း။ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅– လမ်း။
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးမှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ☆ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အသစ်တရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ☆ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

www.burmeseclassic.com

www.burmeseclassic.com



## လှူငယ်နှစ်ဦး

ယနေ့ညသည် သာယာလှပသော လပြည့်ညဖြစ်ပါသည်။

ကောင်းကင်ပေါ်၌ လဝန်းကြီးက ဝိုင်းစက်ကြည်လင်တောက်ပနေသည်။

အေးမြသောလရောင်က မြေကမ္ဘာတလွှား ဖြန့်ကျက်လွှမ်းမိုးထားသည်။

သစ်ပင်ပန်းပင်များသည် လရောင်ဖြင့် ရွှန်းစိုလှပ၍နေသည်။

လေပြည်လေညှင်းလေး ဝေ့ယမ်းတိုက်ခတ်ကာ တောလမ်းတလျှောက် ပန်းရနံ့များ မွှေးကြိုင်သင်းပျံ့နေ၏။

မည်သူမဆို လပြည့်ည၏ သာယာလှပနေပုံကို ခံစားရင်း ရင်ထဲကြည်နူးစိတ်များ ဖြစ်ပေါ်လာကြပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သို့တိုင်. . .

သာသာ၀ အလှအပများကို ခံစားနိုင်ခြင်းမရှိသူ နှစ်ယောက်က တောလမ်းကလေးအတိုင်း လျှောက်လှမ်းလာကြလေသည်။

ဖျဉ်ကြမ်းအင်္ကျီဝတ်ထားသော လူငယ်လူရွယ် နှစ်ဦးဖြစ်သည်။

ထိုလူငယ်လူရွယ်နှစ်ဦးက လပြည့်ည၏ အလှအပကို ခံစားနိုင်စွမ်းမရှိကြသည်မှာ သူတို့ရရှိထားသော ဒဏ်ရာများအပေါ် အာရုံရောက်နေကြခြင်းကြောင့် ဖြစ်လေသည်။

နှစ်ယောက်စလုံး နှုတ်ခမ်းများကွဲကာ မျက်နှာတစ်ခုလုံး ညိုမည်းဖူးရောင်နေကြ၏။

သူတို့၏ ခြေလှမ်းများလည်း ပေါ့ပါးသွက်လက်ခြင်းမရှိဘဲ ယိုင်နဲ့လေးလံနေသည်။

တစ်ချက်တစ်ချက် လဲပြိုသွားမလို ဖြစ်သွားသေး၏။

လူရွယ်နှစ်ဦးမှာ အကြောင်းတစ်ခုခုကြောင့် တစ်ကိုယ်လုံး ဒဏ်ရာဗရပွ ရလာခဲ့ကြပုံရှိလေသည်။

တောလမ်းတလျှောက် လှမ်းလာခဲ့ကြရင်း တစ်နေရာသို့အရောက်တွင် တစ်ယောက်က. . .

"ငါ ရှေ့ဆက် မလျှောက်နိုင်တော့ဘူး"

ညည်းတွားရင်း လမ်းဘေးသစ်ပင် တစ်ပင်အောက်၌ ထိုင်ချလိုက်လေသည်။



အဖော်လူရွယ်ကလည်း. . .

"ငါလည်း ရှေ့ဆက် မသွားနိုင်တော့ဘူး"

ပြောရင်း အခြားသစ်ပင် တစ်ပင်အောက်၌ ဝင်ရောက်ထိုင်ချလိုက်လေသည်။

နှစ်ယောက်သား အလွန်ပင်ပန်း နွမ်းနယ်နေကြပြီဖြစ်သည်။

သစ်ပင်ကြီးများကို ကျောမှီ၍ ခြေပစ်လက်ပစ်ထိုင်ကာ အနားယူလိုက်ကြတော့သည်။

ညကား သာယာမြဲ သာယာလှပနေသည်။

ည၏ပိုးကောင်မွှားကောင်များ၏ အော်မြည်သံများလည်း ဟိုမှသည်မှ ထွက်ပေါ်နေ၏။

သစ်ပင်အောက်ထိုင်ကာ အနားယူလိုက်ကြပြီးမှ လူရွယ်တစ်ဦးသည် ည၏သာယာလှပပုံကို သတိပြုမိသွားသည့်အလား ကောင်းကင်ပေါ်မှ လဝန်းကြီးကို မော့ကြည့်ရင်း. .

"လဝန်းကြီးက အတော်ကို လှပတာပဲ"

ဟုရေရွတ်လိုက်လေသည်။

ကျန်တစ်ယောက်ကလည်း မော့ကြည့်ရင်း. . .

"အေးကွ. . . အတော်ကို လှပတာပဲ"

ထောက်ခံပြောဆိုပြီးနောက် အချင်းချင်း ကြည့်လိုက်ကြလေသည်။

တစ်ယောက်က. . .

www.burmeseclassic.com

www.burmeseclassic.com



"ယွင်ပြောင်. . . မင်းရဲ့နှာခေါင်းက သွေးတွေစီးကျနေတုန်းပဲ"

ဟုပြောရာ ယွင်ပြောင်ဆိုသောလူရွယ်က. .

"မင်းနှုတ်ခမ်းမှာလည်း သွေးစိမ့်နေတာပဲ မဟုတ်လားကျူးပရဲ. . ."

နှစ်ယောက်သား အင်္ကျီလက်ဖြင့် သွေးများသုတ်လိုက်ကြသည်။

လပြည့်ည၏ သာယာလှပမှုအပေါင်းကို ချက်ချင်းမေ့ပျောက်သွားကြပြီး ဝေဒနာများမှ နာကျင်မှုဆီသို့ အာရုံရောက်သွားကြပြန်သည်။

တဆက်တည်းပင် မကျေနပ်ခြင်း၊ ခံပြင်းခြင်းစသည့် ခံစားချက်အရိပ်သဏ္ဌာန်များက သူတို့၏မျက်နှာတွင် ထင်ဟပ်ပေါ်လွင်လာတော့သည်။

"ယွင်ပြောင်. . . ခုလိုဖြစ်ရတာ မင်းကြောင့်ကွ"

"ဘာပြောတယ်. . . ကျူးပရဲ မင်းက ငါ့ကိုအပြစ်ပြောတာပေါ့လေ"

"ငါပြောတာ မဟုတ်ဘူးလား"

"အေး. . ငါပြောတုန်းက မင်းလည်း သဘောတူခဲ့တာပဲမဟုတ်လား"

ယွင်ပြောင်နှင့် ကျူးပရဲဆိုသော လူရွယ်နှစ်ဦးမှာ အချင်းချင်းစိတ်ဆိုးကာ လက်သီးလက်မောင်း တန်းလိုက်ကြလေသည်။



သို့သော်. . .

လှုပ်လှုပ်ရှားရှား လုပ်လိုက်ကြလျှင် သူတို့ရရှိထားသောဒဏ်ရာများက နာကျင်သွားခြင်းကြောင့် မျက်နှာများ ရှုံ့မဲ့သွားကြသကဲ့သို့ တကျွတ်ကျွတ် တအားအားညည်းတွားပြီး အသာငြိမ်နေလိုက်ကြလေသည်။

နှစ်ယောက်သား အတန်ကြာအောင် ငြိမ်နေလိုက်ကြပြီးဝေဒနာများ လျော့ပါးသွားတော့မှ. . .

"ငါတို့ အခုလိုဖြစ်ရတာ ဟိုခေါင်းတုံးကြီးကြောင့်ပဲ"

"အေး. . . ဟုတ်တယ်"

တစ်ယောက်စကား တစ်ယောက် ထောက်ခံရင်း ပြန်ပြီးပြေလည်သွားကြလေသည်။

သူတို့၏ ဝေဒနာများကား လူတစ်စု ဝိုင်းဝန်း၍ထိုးကြိတ်ရိုက်နှက်ခဲ့ခြင်းကြောင့် ရခဲ့သော ဒဏ်ရာများဖြစ်ကြောင်းထင်ရှားလှသည်။

ထိုသို့သော အဖြစ်မျိုးနှင့် ကြုံခဲ့ကြရလေအောင် သူတို့ကကော မည်သို့ပြုလုပ်ခဲ့ကြပါသနည်း။

ယွင်ပြောင်နှင့် ကျူးပရဲတို့မှာ ငယ်ငယ်ရွယ်ရွယ်နှင့် အချောင်လမ်းလိုက်ကာ စောရလေးများဘဝ ရောက်နေကြသူများဖြစ်ပါတော့သည်။

သူတို့နှစ်ယောက် ယခုကဲ့သို့ အညိုအမည်းစွဲ ပေါက်ပြဲခဲ့ရသည်မှာ သူတို့၏အပြစ်ကြောင့်သာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က ကျားမြီးဆွဲခဲ့ကြခြင်းကြောင့်ဟုလည်း ဆိုနိုင်ပါတော့သည်။

သူတို့နှစ်ယောက်၏ အဖြစ်မှန်မှာ. . .

♥ ♥ ♥

လမ်းပေါ်၌ သွားလာလှုပ်ရှားနေကြသူများဖြင့် စည်ကားသိုက်မြိုက်နေလေသည်။

လမ်းဘေး တစ်ဘက်တစ်ချက်၌ ဈေးဆိုင်များလည်း အစီအရီရှိနေ၏။

လမ်းထောင့်တစ်နေရာရှိ အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်၌ ယွင်ပြောင်နှင့်ကျူးပရဲတို့ ရှိနေကြ၏။

သူတို့ လမ်းသွားလမ်းလာများအား အကဲခတ်နေကြစဉ် ထိုများပြားလှသော လှုပ်ရှားသွားလာနေကြသူများထဲ၌ သူတို့အတွက် ငွေရနိုင်မည့်သူ တစ်ယောက်ယောက် ပါလာရမည် မဟုတ်ပါလား။

ယွင်ပြောင်နှင့်ကျူးပရဲတို့မှာ ခိုးဝှက်ခြင်း၊ ခါးပိုက်နှိုက်ခြင်း၊ လုယက်ခြင်းစသည့် မကောင်းမှုများဖြင့် အသက်မွေး ဝမ်းကြောင်းပြုလုပ်လာခဲ့ကြသည်မှာ နှစ်အတန်ကြာခဲ့ပြီ မဟုတ်ပါလား။

ရုတ်တရက်. . .



"ကျူးပရဲ. . . ဟိုလမ်းကြားထဲက ထွက်လာတဲ့လူကို ကြည့်လိုက်စမ်း"

ယွင်ပြောင်က ပြောလိုက်သည်။

"ဘယ်မှာလဲ. . . ဘယ်မှာလဲ"

ကျူးပရဲက လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဟိုမှာ"

ယွင်ပြောင် ညွှန်ပြရာသို့ ကြည့်လိုက်လေသည်။

လမ်းကြားလေးတစ်ခုထဲမှ လူဝကြီးတစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူဝကြီးသည် ပိုးဖဲအင်္ကျီဝတ်ထားပြီး ပဝါတစ်ခုဖြင့် အဆီပျံနေသောမျက်နှာကိုသုတ်ရင်း လမ်းကြားထဲမှ ထွက်လာခြင်းဖြစ်သည်။

ယွင်ပြောင်က. . .

"အဲသည် လူဝကြီးကိုသိတယ် မဟုတ်လား"

ကျူးပရဲ ခေါင်းညိတ်လိုက်လေသည်။

"မြို့အနောက်ပိုင်းက အပေါင်ဆိုင်ပိုင်ရှင်ပဲ၊ သိပ်တိုကပ်စေးနည်းတဲ့လူကြီး၊ ငါမသိဘဲနေပါ့မလား"

ယွင်ပြောင်နှင့် ကျူးပရဲတို့မှာ အပေါင်ဆိုင်နှင့် မကင်းသူများဖြစ်ရကား အပေါင်ဆိုင်ရှင်လူဝကြီးအား သိနေကြသည်မှာ ထူးဆန်းသည် မဟုတ်ချေ။

ယွင်ပြောင်က. . .

www.burmeseclassic.com

www.burmeseclassic.com



"သည်လမ်းကြားလေး အကြောင်းကိုကော သိတယ် မဟုတ်လား"

ကျူးပရဲက. . .

"သည်လမ်းကြားလေးထဲမှာ မိန်းမပျက်တွေရှိနေတာ လူတိုင်းသိကြတာပဲ"

ယွင်ပြောင်က. . .

"မိန်းမပျက်တွေရှိတဲ့ လမ်းကြားထဲက လူဝကြီးထွက်လာတာ ဘယ်လိုအကြောင်းကိစ္စကြောင့်လဲ"

ကျူးပရဲက. . .

"ငါ ဘယ်သိပါ့မလဲကွ"

"မင်း ညှံ့လှချည်လား"

"ဘာကွ"

"သည်လောက်တောင် မင်း မစဉ်းစားတတ်ဘူးလား"

"ငါက. ."

"အေး. . မင်းစဉ်းစားကြည့်ပါလား"

ကျူးပရဲ မျက်မှောင်ကုပ်သွားပြီးမှ. . .

"လက်စသပ်တော့ လူဝကြီးက မိန်းမပျက်တွေဆီကို လာတာကိုး"

"ဒါပေါ့"

"ဒါဆို"

"လူဝကြီးဟာ မိန်းမကြောက်ရတဲ့လူ တစ်ယောက်ဆို



တာ လူတိုင်းသိကြတာပဲ"

"ဒါ ငွေရပေါက်ပေါ့"

"ဟုတ်တယ်၊ သွားကြစို့"

"ကောင်းပြီ"

နှစ်ယောက်သား လူဝကြီးဆီသို့ ခပ်သွက်သွက် လှမ်းသွားလိုက်ကြလေတော့သည်။

♥ ♥ ♥

ထိပ်တန်းစားသောက်ဆိုင်ကြီး တစ်ဆိုင်ဖြစ်သည်။

ထိုစားသောက်ဆိုင်ကြီးထဲ၌ ကျူးပရဲနှင့်ယွင်ပြောင်တို့ ရောက်ရှိနေကြပြီး ကောင်းပေ့ညွှန်ပေ့ဆိုသော စားသောက်ဖွယ်ရာများမှာကြား စားသောက်နေကြ၏။

သူတို့ သောက်နေသော အရက်မှာလည်း တစ်အိုးကို ငွေတစ်ရာပေးရသောအရက် ဖြစ်သည်။

ငွေကြေး သုံးနိုင်စွဲနိုင်သူများအလား စားသောက်သုံးဖြုန်းနေကြခြင်း ဖြစ်လေသည်။

သူတို့သည် လူဝကြီးအား အကြပ်ကိုင်ပြီး ငွေအပြော်များများ ရခဲ့ကြသည် မဟုတ်ပါလား။

ယခုလည်း စားသောက်ရင်း ငွေရပေါက်ကို ရှာဖွေနေခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိပ်တန်းစားသောက်ဆိုင်ကြီး၌ လာရောက်စားသောက်သူများမှာ ငွေကြေးတတ်နိုင်သူများ မဟုတ်ပါလား။

ကျူးပရဲက. . .

"ယွင်ပြောင်. . . မီးခိုးရောင်အကျီနဲ့လူကို ကြည့်လိုက်စမ်း"

ယွင်ပြောင်က ကျူးပရဲ ညွှန်ပြရာသို့ အကဲခတ်ကြည့်ပြီး. . .

"အဲသည်လူက ဘာဖြစ်လို့လဲ"

"သည်မြို့က မဟုတ်ဘူး၊ မျက်နှာစိမ်းခရီးသွား တစ်ယောက်ကွ၊ သူ့အကျီအိတ်က ဖောင်းကားနေတာ ငွေအတော်များများ ပါလာလိမ့်မယ်"

"ဒါဖြင့်. . "

"ထုံးစံအတိုင်းပေါ့"

"ကောင်းပြီ"

နှစ်ယောက်သား ခပ်သွက်သွက် စားသောက်ကာ ငွေရှင်းပြီး ဆိုင်ထဲမှထွက်လာခဲ့ကြလေတော့သည်။

♥ ♥ ♥



လမ်းပေါ်၌ လူစည်ကားနေသည်။

ကျူးပရဲနှင့်ယွင်ပြောင်တို့မှာ လမ်းပေါ်သို့ ပြန်လည်ရောက်ရှိလာကြပြီဖြစ်သည်။

သို့သော်. . .

ဝေးဝေးထွက်မသွားသေးဘဲ ထိပ်တန်းစားသောက်ဆိုင်ကြီးအနီး၌ မယောင်မလည်လုပ်နေကြသည်။

မကြာပါချေ။

ဆိုင်ထဲမှ မီးခိုးရောင်ဝတ်ထားသူ ထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ကျူးပရဲနှင့်ယွင်ပြောင်တို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။

"ငါတို့ လုပ်ငန်းစကြစို့"

"ကောင်းပြီ"

နှစ်ယောက်သား တိုင်ပင်ပြီး အရက်မူးသမားများအသွင် ဟန်ဆောင်လိုက်ကြသည်။

တစ်ယောက်နှင့်တစ်ယောက် စကားများ ရန်ဖြစ်ချင်ဟန်ဆောင်လိုက်ကြလေသည်။

ဟန်ဆောင်ရန်ဖြစ် ထိုးကြိတ်ကြရင်း မီးခိုးရောင်ဝတ်ထားသူအနီးသို့ ရောက်အောင် သွားကြသည်။

အချင်းချင်း တွန်းထိုးရင်း မီးခိုးရောင်ဝတ်ထားသူကိုလည်း တိုးမိတိုက်မိအောင် တမင်ပြုလုပ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးခိုးရောင်ဝတ်ထားသူ မကျေမနပ် ဖြစ်သွားလေသည်။

"မင်းတို့နှစ်ယောက်က ဘယ်လိုဖြစ်နေကြတာလဲ၊ မင်းတို့ကြောင့် လမ်းသွားလမ်းလာတွေ အနှောက်အယှက်ဖြစ်ရပြီ၊ သွားကြ. . . သွားကြ"

အော်ငေါက် မောင်းထုတ်တော့သည်။

ထိုလူမှာ သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း ယွင်ပြောင်တို့ ချက်ချင်းရိပ်မိလိုက်ကြသည်။

တွန်းထိုးတိုက်မိချိန်၌ ကျူးပရဲက မီးခိုးရောင်ဝတ်ထားသူထံမှ အထုပ်ကလေးတစ်ထုပ်ကို နှိုက်ယူနိုင်ခဲ့ပြီ ဖြစ်ရကား. .

"သွားမယ်. . သည်မှာ အနှောက်အယှက်ဖြစ်တယ်ဆိုရင် မြို့ပြင်မှာသွားပြီး ရန်ဖြစ်ကြမယ်"

"ငါ မလိုက်ရဲဘူး ထင်နေသလား"

"ဒါဖြင့် လိုက်ခဲ့"

ယွင်ပြောင် ပြေးလွှားသွားရာ ကျူးပရဲလည်း လိုက်ပါသွားလေတော့သည်။

♥ ♥ ♥



ကျူးပရဲနှင့်ယွင်ပြောင်တို့ မြို့ပြင်သချိုင်းမြေသို့ ရောက်ရှိလာကြသောအခါ မှန်းလွဲသွားပြီဖြစ်လေသည်။

နှစ်ယောက်သား အုတ်ဂူတစ်ခုပေါ်၌ အကျအနထိုင်လိုက်ကြပြီး. . .

"သိပ်ကံကောင်းတဲ့ နေ့ပဲ"

"ဟုတ်တာပေါ့"

နှစ်ယောက်သား ကျေနပ်စွာဖြင့် မီးခိုးရောင်ဝတ် ခေါင်းတုံးကြီးထံမှ နှိုက်ယူခဲ့သော အထုပ်ကလေးကို ဖွင့်ကြည့်လိုက်ကြလေသည်။

အထုပ်ထဲ၌ သူတို့မျှော်လင့်ထားသကဲ့သို့ ရွှေငွေများ မတွေ့ရဘဲ စက္ကူဘူးကလေးတစ်ခုကိုသာ တွေ့ရလေသည်။

"ဘူးထဲမှာ တစ်ခုခုပါမှာပဲ"

"အေးကွ"

မျှော်လင့်ချက်ဖြင့် စက္ကူဘူးလေးအား ဖွင့်ကြည့်လိုက်သောအခါ စာရွက်ခေါက်ကလေးတစ်ခုကိုသာ တွေ့ရသဖြင့်. .

"ဟာ"

"ဘာလဲကွ"

ယွင်ပြောင်တို့နှစ်ယောက် စိတ်ပျက်သွားကြလေတော့သည်။ ကျူးပရဲက. . .

"ဘာမဟုတ်တဲ့ စာတစ်စောင်ပဲ"

"အေးကွာ"

www.burmeseclassic.com

www.burmeseclassic.com



ယွင်ပြောင်က စာရွက်ခေါက်လေးကိုယူကာ ဖတ်ကြည့်လိုက်လေသည်။

စာရွက်ပေါ်တွင်. . .

"လွှေကျားကျွမ်းကို သွားပါ၊ အရိပ်စကြာကျမ်းကိုရယူဖို့ လွှေကျားကျွမ်းက အရေးပါတဲ့လူတစ်ယောက်က ကျုပ်တို့ကိုကူညီလိမ့်မယ်"

ဟု ရေးသားထားလေသည်။

ယွင်ပြောင်က. . .

"ဒါဘာတွေလဲ"

ကျူးပရဲက. . .

"သိုင်းသမားတွေ အချင်းချင်း အချိန်းအချက်စာပဲဖြစ်မှာပေါ့"

"အသုံးမကျလိုက်တာ"

ယွင်ပြောင်က စာရွက်လေးအား လွှင့်ပစ်လိုက်လေတော့သည်။

ထိုအချိန်မှာပင်. . .

"ဟူး"

အဝတ်အစား လေတိုးသံနှင့်အတူ လူရိပ်တစ်ခု လှုပ်ရှားသွားသည်ကို တွေ့လိုက်ရလေသည်။

ယွင်ပြောင်နှင့်ကျူးပရဲတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။



သေသေချာချာ ကြည့်လိုက်ကြသောအခါ မလှမ်းမကမ်း၌ လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူကား ယွင်ပြောင်နှင့်ကျူးပရဲတို့ ပစ္စည်းနှိုက်ယူခဲ့သော မီးခိုးရောင်ဝတ်ထားသူ ဖြစ်သည်။

ထိုလူမှာ လူဝကြီးတစ်ယောက်ဖြစ်သလို ခေါင်းတုံးကြီးတစ်ယောက်လည်း ဖြစ်လေသည်။

ထိုလူက လက်ဝါးဖြန့်လိုက်သည်။

"ငါ့ပစ္စည်း ပြန်ပေး"

ကျူးပရဲက. . .

"ကျုပ်တို့က. . ."

"ငါ့ပစ္စည်း ပြန်ပေး"

"ခင်ဗျားက. . ."

"ငါ့ပစ္စည်း ပြန်ပေး"

ထိုလူသည် သုံးကြိမ်တိုင်တိုင် တောင်းလိုက်သည်။

တောင်းလိုက်သည့် အကြိမ်တိုင်း၌ တစ်ကြိမ်နှင့်တစ်ကြိမ် အသံချင်းမတူချေ။

အသံက အေးစက်ခက်ထန်သည့် သဘောသို့ တဖြည်းဖြည်းပြောင်းလဲသွားလေသည်။

ကျူးပရဲက ယွင်ပြောင်ကို ကြည့်လိုက်သည်။

ယွင်ပြောင် သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ပစ္စည်း သူ့ကိုပြန်ပေးလိုက်တာ အကောင်းဆုံးပါပဲ" ဟု ပြောလိုက်သည်။

ကျူးပရဲက. . .

"ကောင်းပြီလေ"

စာရွက်ခေါက်လေးကို ဘူးကလေးထဲ ပြန်ထည့်ပြီး ထိုလူအား ပေးလိုက်လေသည်။

ထိုလူ ဖျပ်ခနဲဆွဲယူပြီး စစ်ဆေးကြည့်လိုက်၏။

တဖန်. . .

"စာကို မင်းတို့ဖတ်ပြီးပြီလား"

ဟု မေးလေသည်။

ကျူးပရဲက. . .

"မဖတ်ရသေးဘူး"

ယွင်ပြောင်က. . .

"ဖတ်ပြီးပြီ"

တစ်ယောက်တစ်ပေါက် ပြောလိုက်ကြလေသည်။

ထိုလူက. . .

"သည်စာနဲ့ပတ်သက်ပြီး မင်းတို့ ဘယ်လောက်သိထားပြီးပြီလဲ"

"ကျုပ်တို့ ဘာမှမသိဘူးဗျ"

ယခုတစ်ကြိမ် နှစ်ယောက်စလုံး ပြိုင်တူပြောလိုက်ကြခြင်း ဖြစ်လေသည်။



ထိုလူ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ မင်းတို့သိလို့ပဲဖြစ်ဖြစ် မသိလို့ပဲဖြစ်ဖြစ် မင်းတို့နှစ်ယောက်ကို သည်အတိုင်းထားလို့ မဖြစ်တော့ဘူး"

ပြောရင်း ရှေ့တိုးလာလေသည်။

ကျူးပရဲနှင့်ယွင်ပြောင်တို့ ရင်ထိတ်သွားကြလေသည်။

"ခင်ဗျား ဘာလုပ်မလို့လဲ"

"ခင်ဗျားက ဘာသဘောလဲဗျ"

နှစ်ယောက်သား ပြိုင်တူမေးရင်း အုတ်ဂူပေါ်မှ ခုန်ဆင်းလိုက်ကြလေသည်။

ထိုလူက. . .

"မင်းတို့က ငါ့ရဲ့လျှို့ဝှက်ချက်ကို သိသွားပြီဆိုတော့ မင်းတို့ကို အသက်ရှင်လျက်ထားလို့ ဘယ်ဖြစ်တော့မလဲ"

"ဘာဗျ"

"မင်းတို့နှစ်ယောက် သေသွားမှ ငါ့အတွက် စိတ်ချရမှာပေါ့"

ကျူးပရဲနှင့်ယွင်ပြောင်တို့ ခံပြင်းသွားကြလေသည်။

"ဒါတော့ ခင်ဗျား ဘယ်တရားမလဲ"

"ကျုပ်တို့က ခေါင်းငုံ့ခံနေမယ် ထင်သလား"

ခုခံတိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြလေသည်။

သို့သော် ထိုလူက သူတို့အနီးသို့ ရိပ်ခနဲ ရောက်ရှိလာပြီး တိုက်ခိုက်လိုက်သောအခါ. . .

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

"အမယ်လေးဗျ"

ယွင်ပြောင်နှင့် ကျူးပရဲတို့ အော်ဟစ်ရင်း အဝေးသို့ လွင့်စဉ်သွားကြလေတော့သည်။

ထိုလူက. . .

"မင်းတို့ သချိုင်းထဲပြေးလာတာ မင်းတို့အတွက် ကံကောင်းတာပေါ့၊ မင်းတို့အတွက် သချိုင်းကို ရှည်ရှည်ဝေးဝေး ရှာနေစရာ မလိုတော့ဘူးပေါ့"

ပြောရင်း ရှေ့တိုးလာလေသည်။

ယွင်ပြောင်နှင့် ကျူးပရဲတို့ ကပျာကယာ လူးလိမ့်ထလိုက်ကြလေသည်။

"ခင်. . . ခင်ဗျား"

ထိုလူက ခေါင်းခါယမ်းလိုက်သည်။

"မင်းတို့နှစ်ယောက်ကို ဘယ်နည်းနဲ့မှ ချမ်းသာမပေးနိုင်ဘူး"

"ခင်ဗျား"

"သေဖို့သာ ပြင်ထားလိုက်ကြစမ်း"

ထိုလူ(ဝါ) ခေါင်းတုံးကြီးသည် ယွင်ပြောင်တို့အနီးသို့ ရိပ်ခနဲ ရောက်ရှိလာပြီး တိုက်ခိုက်လာလေသည်။

ခေါင်းတုံးကြီးမှာ ထိပ်တန်းသိုင်းသမားတစ်ယောက်ဖြစ်ကြောင်း ထင်ရှားလေသည်။



လျှပ်တပြက် ရောက်ရှိလာပြီး တိုက်ခိုက်လိုက်သည်နှင့်

"အား"

"အမယ်လေး"

ယွင်ပြောင်နှင့်ကျူးပရဲတို့ အထိနာကာ အဝေးသို့ လွင့်စဉ်သွားကြပြန်လေသည်။

ခေါင်းတုံးကြီး၏လက်ချက်ဖြင့် နှစ်ယောက်သား ထိပ်ပေါက်ခေါင်းကွဲ အနာတရဖြစ်သွားကြခြင်းပင်။

ယွင်ပြောင်တို့ ကြောက်ရွံ့သွားကြလေသည်။

ခေါင်းတုံးကြီး၏လက်ချက်ဖြင့် သေဆုံးရတော့မည်ဟု ထင်မှတ်လိုက်ကြလေသည်။

ကျူးပရဲက. . .

"သူက ငါတို့ကို အသေသတ်လိမ့်မယ်"

ယွင်ပြောင်က. . .

"အေးကွ. . ငါတို့တော့ ဒုက္ခပဲ"

ကျူးပရဲက. . .

"ငါတို့ ထွက်ပြေးမှဖြစ်မယ်"

"အေး. . ပြေးမယ်"

နှစ်ယောက်သား ကိုယ်လွတ်ရုန်း ထွက်ပြေးရန် ကြိုးစားလိုက်ကြလေသည်။

ခေါင်းတုံးကြီးက. . .

"မင်းတို့ ပြေးလို့ရမလား"

www.burmeseclassic.com

www.burmeseclassic.com



ယွင်ပြောင်တို့ ပြေးပေါက်မရှိအောင် လမ်းပိတ်ထားလိုက်လေသည်။

ယွင်ပြောင်နှင့်ကျူးပရဲတို့မှာ ကျားမြီးဆွဲမိကြခြင်းဖြစ်သည်ဟုတွေးရင်း ငိုမဲ့မဲ့ဖြစ်နေကြသည်။

ထိုအချိန်မှာပင်. . .

"ကြေးစားခေါင်းတုံး. . . မင်းက လွေ့ကျားကျေးရွာကို ဒုက္ခပေးဖို့ ဆုံးဖြတ်လိုက်တယ်ဆိုတော့ မင်းဒုက္ခရောက်ချင်လို့ပဲ"

စကားသံနှင့်အတူ လူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ အစိမ်းရောင်အင်္ကျီရှည်ဝတ်ထားပြီး ဥပမိရုပ်ကောင်းသူဖြစ်လေသည်။

ခေါင်းတုံးကြီး၏ ခြေလှမ်းများ တုန့်ခနဲ ရပ်သွားလေသည်။

အစိမ်းရောင်ဝတ်ထားသူအား မျက်လုံးပြူးကာ ကြည့်လိုက်သည်။

"ခင်. . . ခင်ဗျား"

အစိမ်းရောင်ဝတ်ထားသူက. . .

"ခေါင်းတုံး. . . မင်းက ကျင်းတုံကိုဏ်းက ငှားရမ်းတာကို လက်မခံဘဲနေခဲ့ရင် လွေ့ကျားကျေးရွာက မင်းကို လျစ်လျူရှုထားမှာ အမှန်ပဲ"

ခေါင်းတုံးက. . .



"ကျုပ်က ခင်ဗျားကို ကြောက်နေရမှာလား"

ဇုက်ထားသော ဓားမြှောင်တစ်လက် ဆွဲထုတ်ကာ ပစ်ပေါက်လိုက်လေသည်။

"ဝှစ်"

ဓားမြှောင်သည် အစိမ်းရောင်ဝတ်ထားသူ၏ ရင်ဝတည့်တည့်သို့ ပစ်လွင့်သွားလေသည်။

ယွင်ပြောင်တို့ ရင်ထိတ်သွားကြသည်။

အစိမ်းရောင်ဝတ်ထားသူ ဒုက္ခရောက်တော့မည်ဟု ထင်မှတ်လိုက်ကြလေသည်။

သို့သော်. . .

"မင်းပစ္စည်း မင်းပြန်ယူလိုက်ပါ"

အစိမ်းရောင်ဝတ်ထားသူက ဓားမြှောင်ကို ဖပ်ခနဲဖမ်းဆီးပြီး ပြန်လည်ပစ်လွှင့်လိုက်လေသည်။

"အင့်"

ခေါင်းတုံးကြီး မသဲမကွဲညည်းညူရင်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေသည်။

သူ၏ယာဘက်ပခုံး၌ ဓားမြှောင်စိုက်ဝင်သွားသည် မဟုတ်ပါလား။

ခေါင်းတုံးကြီး ထိတ်လန့်သွားလေသည်။

"ခင်. . . ခင်ဗျား"

အစိမ်းရောင်ဝတ်ထားသူက. . .

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘယ်သူဘယ်ဝါလဲဆိုတာ သိရင် မင်းဒူးထောက် တောင်းပန်သင့်တာပေါ့"

ဟုပြောလျှင် ခေါင်းတုံးကြီး ချက်ချင်း မြေပေါ် ဒူးထောက်ချလိုက်လေသည်။

"လွှကျားကျေးရွာပိုင်ရှင် လွှထင်းဝူးကို ကျုပ် အနူးအညွတ်တောင်းပန်ပါတယ်၊ အသက်ချမ်းသာပေးပါ"

ဟုလည်း တောင်းပန်လိုက်လေသည်။

အစိမ်းရောင်ဝတ်ထားသူ ပြုံးလိုက်လေသည်။

"မင်းက ကျုပ်ကို သိနေတာကိုး၊ ကောင်းပြီ၊ မင်းကို အသက်ချမ်းသာပေးလိုက်မယ်၊ ကဲ ပြောပါ၊ မင်းရဲ့အရည်အချင်းနဲ့ကျုပ်ကို လုပ်ကြံဖို့မှာမဟုတ်ဘူး၊ လွှကျားကျေးရွာက တစ်ယောက်ယောက်က မင်းကို ကူညီဖို့ရှိနေတယ် မဟုတ်လား"

ခေါင်းတုံးကြီးက. . .

"ဟုတ်ပါတယ်ဗျာ"

"သစ္စာဖောက်က ဘယ်သူလဲ"

"သူဟာ. . ."

ခေါင်းတုံးကြီးပြောပြရန် ဟန်ပြင်လိုက်စဉ်မှာပင်. . .

"ဝှစ်"

ဓားမြှောင်တစ်ချောင်း ပစ်လွှင့်လာပြီး ခေါင်းတုံးကြီး၏ လည်ပင်း၌ စိုက်ဝင်သွားလေသည်။

"အင့်"



ခေါင်းတုံးကြီး ချက်ချင်း ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားတော့သည်။

"တောက်"

အစိမ်းရောင်ဝတ်ထားသော လွှကျားကျေးရွာပိုင်ရှင် လွှထင်းဝူး ခံပြင်းသွားလေသည်။

"ဘယ်သူလဲ"

အော်ငေါက်ပြီး ဓားမြှောင်ပစ်သွင်းလာရာဘက်သို့ မျက်နှာမူကာ ခုန်ထွက်သွားလေသည်။

"ဟူး"

လွှထင်းဝူးမှာ ရိပ်ခနဲ လှုပ်ရှားပြီး ချက်ချင်းပင် မြင်ကွင်းမှပျောက်ကွယ်သွားလေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ပေါ်၌ လဝန်းထွက်ပေါ်လာပြီဖြစ်သည်။

ကြယ်ကလေးများကလည်း လဝန်းကြီး၏ အခြွေအရံလေးများအဖြစ် ပေါ်ပေါက်လာလေသည်။

ကြယ်ရောင်လရောင်ဖြင့် အေးမြသော ညကလေးတစ်ည ဖြစ်လာသည်။

ယွင်ပြောင်နှင့် ကျူးပရဲတို့၏ ရင်ထဲ၌ကား ပူလောင်နေပါသည်။

နှစ်ယောက်သား မြေပေါ်၌ မလှုပ်မယှက်ထိုင်နေကြသည်။

ကြောက်ရွံ့စိတ်ဖြင့် မှင်တက်မိကာ ကျောက်ရုပ်များအလား ဖြစ်နေကြခြင်းပင်။

အတော်ကလေးကြာမှ သတိဝင်လာကြလေသည်။

ကျူးပရဲက. . .

"ခေါင်းတုံး သေပြီ"

ယွင်ပြောင်က. . .

"အေး. . လွေကျားကျေးရွာက သစ္စာဖောက်က သူ့ကိုနှုတ်ပိတ်လိုက်တာပဲ"

ကျူးပရဲက. . .

"ရွာပိုင်ရှင်လွေထင်းဝူးက သစ္စာဖောက်နောက်ကို လိုက်သွားပြီ"

ယွင်ပြောင်က. . .



"ဟုတ်တယ်၊ ဒါပေမယ့် သည်ကိစ္စဟာ ငါတို့နဲ့မဆိုင်ဘူး၊ ငါတို့ သည်က မြန်မြန်ထွက်သွားမှဖြစ်မယ်"

"အေး. . ဟုတ်တယ်၊ ဒါက အရေးကြီးတယ် ရွာပိုင်ရှင်လွေထင်းဝူးက လုပ်ကြံတဲ့လူကို ရှာမတွေ့ရင် ငါတို့ဆီကိုပြန်လှည့်လာမှာ၊ ငါတို့ကို စစ်ဆေးမေးမြန်းနေရင် ခက်မယ်"

"ဒါပေါ့ သူတို့ကိစ္စ ဘာမှသိရတာ မဟုတ်ဘူး၊ သိုင်းလောကသားတွေနဲ့ မပတ်သက်ဘဲနေတာ အကောင်းဆုံးပဲ"

"သွားစို့"

"ကောင်းပြီ"

နှစ်ယောက်သား ထိုင်ရာမှထကာ သချိုင်းမြေထဲမှ ထွက်လာခဲ့ကြလေသည်။

လမ်းပေါ်၌ ခွေးတစ်ကောင် ကြောင်တစ်မြီးမရှိဘဲ ရှင်းရှင်းလင်းလင်း ဖြစ်နေသည်။

ခေါင်းတုံးကြီး၏လက်ချက်ကြောင့် ယွင်ပြောင်တို့ အထိနာခဲ့ကြသည်။

ညက အေးမြနေသည်။

အေးမြမှုကြောင့် ဝေဒနာများက ပိုပြီးနာကျင်ကိုက်ခဲလာသည်ဟု ခံစားနေကြရသည်။

သချိုင်းမြေနှင့် မလှမ်းမကမ်းသို့ ရောက်လျှင်. . .

"ဟူး. . . ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာသည်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရလေသည်။

ယွင်ပြောင်တို့ နောက်လှည့်ကြည့်လိုက်ကြသောအခါ လူတစ်ယောက် ပြေးလိုက်လာနေသည်ကို တွေ့လိုက်ရလေသည်။

ကျူးပရဲ မျက်လုံးပြူးသွားလေသည်။

"လွေကျားကျေးရွာပိုင်ရှင် လွေထင်းဝူးကွ"

ယွင်ပြောင်က. . .

"လုပ်ကြံတဲ့လူကို မတွေ့လို့ ငါတို့နောက်ကို လိုက်လာတာဖြစ်မယ်"

ကျူးပရဲက. . .

"ငါတို့ ဘယ်လိုလုပ်မလဲ"

"ပြေးကြတာပေါ့"

ထို့နောက် နှစ်ယောက်သား မှောင်မည်းနေသော လမ်းကြားတစ်ခုထဲသို့ ပြေးဝင်လိုက်ကြလေတော့သည်။

♥ ♥ ♥



# ဘဝသစ်

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေဆဲ။

ညက အေးမြကာ သာယာလှပနေသည်။

ယွင်ပြောင်နှင့် ကျူးပရဲတို့က သစ်ပင်ကြီးများအောက်၌ ထိုင်ပြီး သူတို့၏ဖြစ်ရပ်များကို ပြန်ပြီးတွေးတောနေကြဆဲ။

အတော်ကလေးကြာတော့မှ ယွင်ပြောင် သက်ပြင်းချလိုက်လေသည်။

"ငါတို့က သိုင်းလောကသားတွေနဲ့ ပတ်သက်မိပြီဆိုတော့ မလွယ်တော့ဘူး။ သည်နယ်ထဲက ထွက်သွားတော့မှဖြစ်မယ်"

"အေး. . . သိုင်းသမားတွေက အတော်ကို ကြောက်စရာကောင်းတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . အချိန်ဖြုန်းနေလို့ မဖြစ်ဘူး၊ သွားကြစို့"

"ကောင်းပြီ"

နှစ်ယောက်သား ထိုင်ရာမှထကာ ထွက်သွားရန်ဟန်ပြင်လိုက်ကြလေသည်။

ထိုအချိန်မှာပင်. . .

"မင်းတို့ ထွက်သွားလို့ မရသေးဘူး"

အေးစိမ့်သော စကားသံနှင့်အတူ အမှောင်ရိပ်ထဲမှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ယွင်ပြောင်နှင့် ကျူးပရဲတို့ မျက်လုံးပြူးသွားကြလေသည်။

"ဟင်"

"လွှေထင်းဝူး"

လွှေကျားကျေးရွာပိုင်ရှင် လွှေထင်းဝူး ရောက်လာပြီဖြစ်သည်။

ယွင်ပြောင်တို့ ထွက်ပြေးလိုသော်လည်း မပြေးနိုင်တော့ပါ။

ကျူးပရဲက. . .

"ကျွန်တော်တို့ကို ချမ်းသာပေးပါ"

ဟု တောင်းပန်လိုက်လေသည်။

လွှေထင်းဝူးက. . .

"ဒါဖြင့် ငါမေးတာ ဖြေရမယ်"



ကျူးပရဲက. . .

"ရွာပိုင်ရှင်က ဘာများသိချင်လို့လဲဗျာ"

လွှေထင်းဝူးက. . .

"မင်းတို့က ခေါင်းတုံးကြီးနဲ့ ဘယ်လိုပတ်သက်ခဲ့ကြသလဲဆိုတာကို အမှန်အတိုင်းပြောရမယ်"

"ကောင်းပါပြီဗျာ"

ကျူးပရဲက ယွင်ပြောင်ကို ကြည့်လိုက်သည်။

ယွင်ပြောင် ခေါင်းညိတ်ပြလိုက်သည်။

ကျူးပရဲက. . .

"ကျွန်တော်တို့ဟာ. . . "

ခေါင်းတုံးကြီးနှင့် ပတ်သက်ခဲ့ပုံများကို အမှန်အတိုင်းပြောပြလိုက်လေသည်။

လွှေထင်းဝူးသည် ကျူးပရဲ၏စကားဆုံးအောင် နားထောင်ပြီးမှ. . .

"မင်းပြောတာ အမှန်ပဲနော်"

"ကျွန်တော် အမှန်အတိုင်းပြောတာပါ"

"ဒါဆို မင်းတို့နှစ်ယောက်က သူခိုးလေးတွေပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

ယွင်ပြောင်နှင့် ကျူးပရဲတို့ အောင့်သက်သက်ဖြစ်သွားကြသော်လည်း ဝန်ခံလိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လွှေထင်းဝူးက. . .

"မင်းတို့က ဘာကြောင့် လူကောင်းဖြစ်အောင် မကြိုးစားချင်ကြတာလဲ"

"ဗျာ"

မမျှော်လင့်သော စကားကြောင့် ယွင်ပြောင်တို့ ကြောင်အမ်းအမ်းဖြစ်သွားကြလေသည်။

လွှေထင်းဝူးက. . .

"မင်းတို့ဟာ လူတော်လူကောင်းလေးတွေ ဖြစ်လာအောင် ကြိုးစားကြသင့်တယ်"

"ကျွန်တော်တို့က. ."

"မင်းတို့သာ ပြုပြင်ချင်စိတ်ရှိမယ်ဆိုရင် ကျုပ်ကမင်းတို့ကို ကူညီပါ့မယ်"

"ဗျာ"

"မင်းတို့ မကောင်းမှုတွေကို စွန့်လွှတ်ပြီး အများအကျိုးဆောင်ရွက်မယ်၊ လူတော်လူကောင်းလေးတွေဖြစ်အောင် ကြိုးစားချင်တယ်ဆိုရင် ကျုပ်ကူညီမယ်၊ ကျုပ်နဲ့လိုက်ခဲ့ပါ"

ယွင်ပြောင်နှင့် ကျူးပရဲတို့ အချင်းချင်းကြည့်လိုက်ကြသည်။

နှစ်ယောက်သား မယုံကြည်နိုင်အောင် ဖြစ်နေကြလေသည်။ လွှေထင်းဝူးက. . .

"မင်းတို့ ဘယ်လိုသဘောရသလဲ"



ဟု မေးလေသည်။

ယွင်ပြောင်၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များဖြစ်ပေါ်နေသည်။

"ကျွန်တော်တို့ဟာ မိဘတွေ ဘယ်သူဘယ်ဝါမှန်းတောင် မသိခဲ့ရပါဘူး၊ ငယ်စဉ်လူမှန်းသိတတ်ကတည်းက လမ်းပေါ်ရောက်နေခဲ့တာပါ၊ လူတကာရဲ့ နှိပ်စက်ညှင်းပန်းခံပြီး စားရမဲ့သောက်ရမဲ့ဘဝနဲ့ ကြီးပြင်းလာခဲ့ရတာပါ၊ အသက်ရှင်နိုင်ဖို့ မကောင်းမှုတွေကို လုပ်ကိုင်ခဲ့ရပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ လုပ်ချင်လို့လုပ်ခဲ့တာ မဟုတ်ပါဘူး"

ကျူးပရဲက. . .

"ကျွန်တော်လည်း အေးအေးချမ်းချမ်း ကောင်းကောင်းမွန်မွန် နေချင်တာကြာပါပြီ"

သူတို့၏ဘဝနှင့် ရင်ထဲမှခံစားချက်များကို ပြောပြလိုက်ကြလေသည်။ လွှေထင်းဝူးက. . .

"ကောင်းပြီ. . မင်းတို့ဘဝ အေးချမ်းသွားအောင် မျှော်လင့်ချက်တွေရှိလာအောင် ငါကူညီမယ်၊ ငါနဲ့လွှေကျားကျေးရွာကို လိုက်ခဲ့ကြပေတော့"

ဟု ပြောလိုက်ရာ ယွင်ပြောင်တို့ ဝမ်းသာသွားကြပြီး လွှေကျားကျေးရွာသို့ လိုက်သွားရန် ဆုံးဖြတ်လိုက်ကြလေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



လွှထင်းဝူးမှာ ကတိတည်သူဖြစ်လေသည်။

ယွင်ပြောင်တို့အား လွှကျားကျေးရွာသို့ ခေါ်ဆောင်သွားပြီး ကောင်းမွန်စွာ ကျွေးမွေးစောင့်ရှောက်ခဲ့သည်။

လူတော်လူကောင်း တစ်ယောက်ဖြစ်လာအောင် မည်သို့နေထိုင်ကျင့်ကြံရမည်ကို သင်ကြားပေးသည်။

ယွင်ပြောင်နှင့် ကျူးပရဲတို့၏ဘဝ အေးချမ်းသာယာသွား၏။

နှစ်ယောက်သား လွှကျားကျေးရွာ၌ သုံးလခန့်နေထိုင်ပြီးလျှင် သိုင်းပညာသင်ကြားကာ အဖြူရောင်သိုင်းသမား ဘဝခံယူပြီး အမျှားအကျိုးဆောင်ရွက်သွားရန် ဆုံးဖြတ်လိုက်ကြလေသည်။

သူတို့၏ဆုံးဖြတ်ချက်ကို လွှထင်းဝူးထံ တင်ပြလိုက်သောအခါ လွှထင်းဝူး ကျေနပ်သွားလေသည်။

သူကိုယ်တိုင် ယွင်ပြောင်တို့အား သိုင်းပညာသင်ပေးမည်ဟု ကတိပေးလိုက်လေတော့သည်။

♥ ♥ ♥



တစ်နှစ်. . . ။

နှစ်နှစ်. . . ။

သုံးနှစ်. . . ။

သုံးနှစ်ဟူသောအချိန် ကုန်ဆုံးသွားပြီဖြစ်လေသည်။

ထိုသုံးနှစ်အတွင်း ယွင်ပြောင်တို့၏ဘဝ ပြောင်းလဲသွားသကဲ့သို့ လွှကျားကျေးရွာ၏ အခြေအနေအရပ်ရပ်မှာလည်း ပြောင်းလဲသွားခဲ့လေသည်။

လွှထင်းဝူးသည် ကျင်းတုံဂိုဏ်းအား တိုက်ခိုက်ဖြိုခွဲပစ်နိုင်ခဲ့လေသည်။

ကျင်းတုံဂိုဏ်းမှာ စန်းကိုးနယ်၌တည်ရှိသော လူဆိုးဂိုဏ်းတစ်ခုဖြစ်သည်။

ကျင်းတုံဂိုဏ်းချုပ်မှာ သူ၏ဂိုဏ်းသား လူဆိုးများကို ဆုံးမနေသည့် လွှထင်းဝူးအား ရန်ငြိုးထားကာ ကြေးစားခေါင်းတုံးကြီးအား ငှားရမ်းကာ လုပ်ကြံဖို့ ကြိုးစားခဲ့ခြင်းဖြစ်သည်။

လွှထင်းဝူးအား ဖယ်ရှားကာ လွှကျားကျေးရွာကို အပိုင်စီးလိုသော လွှကျားမျိုးနွယ်စု အကြီးအကဲတစ်ဦးဖြစ်သည့် လွှရှောင်က ကျင်းတုံဂိုဏ်းချုပ်နှင့် ဆက်သွယ်ပြီး လွှထင်းဝူးအား လုပ်ကြံဖို့ စီစဉ်ခဲ့ခြင်းလည်းဖြစ်သည်။

လွှထင်းဝူးသည် သစ္စာဖောက်လွှရှောင်၏ အကြံအစည်ကို ဖော်ထုတ်ဆုံးမနိုင်သကဲ့သို့ ကျင်းတုံဂိုဏ်းကိုလည်း ချေမှုန်းပစ်ခဲ့ခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လွှေကျားကျေးရွာအတွက် အန္တရာယ်များ ကင်းရှင်းသွားသကဲ့သို့ ယွင်ပြောင်နှင့် ကျူးပရဲတို့လည်း အေးချမ်းသာယာသောဘဝကို ပိုင်ဆိုင်နိုင်ခဲ့ကြတော့သည်။

လွှေထင်းဝူးသည် အန္တရာယ်များကို ချေမှုန်းဖယ်ရှားပြီးနောက် ယွင်ပြောင်နှင့် ကျူးပရဲတို့အား ကိုယ်တိုင် သိုင်းပညာသင်ပေးခဲ့သည်။

သို့ဖြင့်. . .

ငါးနှစ်ဟူသောအချိန် ကုန်ဆုံးသွားခဲ့ပြန်လေတော့သည်။

♥ ♥ ♥

တစ်နေ့. . .

လွှေထင်းဝူးက ယွင်ပြောင်နှင့်ကျူးပရဲတို့အား သီးသန့်ခေါ်ယူတွေ့ဆုံခဲ့လေသည်။

ယွင်ပြောင်နှင့် ကျူးပရဲတို့မှာ လေလွင့်နေသူများအသွင်မှ အလွန်နှစ်လိုဖွယ်ကောင်းသော လူရွယ်များအဖြစ်ပြောင်းလဲနေပြီဖြစ်ရာ လွှေထင်းဝူး သဘောကျမိလေသည်။

"မင်းတို့နှစ်ယောက်ဟာ အရင်ကနဲ့မတူဘဲ အတော့်ကိုပြောင်းလဲသွားခဲ့ကြပြီဆိုတာ မင်းတို့ကိုယ်တိုင် သတိပြုမိကြရဲ့လား"



ယွင်ပြောင်တို့ ဦးညွှတ်လိုက်သည်။

"ဒါဟာ သခင်ကြီးရဲ့ကျေးဇူးပါပဲ ခင်ဗျာ"

လွှေထင်းဝူးက. . .

"အင်း. . . ငါက မင်းတို့နှစ်ယောက်ရဲ့ဘဝကို ကောင်းမွန်တဲ့အခြေအနေရောက်အောင် ပြုပြင်ပြောင်းလဲပေးနိုင်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်၊ မင်းတို့လည်း ကိုယ့်အားကိုယ်ကိုးပြီး ရှေ့ဘဝခရီးကို ဆက်ပြီးလျှောက်လှမ်းသွားရလိမ့်မယ်"

ကျူးပရဲက. . .

"သခင်ကြီး ကျွန်တော်တို့ဟာ. ."

လွှေထင်းဝူးက. . .

"မင်းတို့ လွှေကျားကျေးရွာမှာ နေထိုင်ခဲ့တာ အတော်ကြာသွားပြီ မဟုတ်လား"

ယွင်ပြောင်တို့ သက်ပြင်းချလိုက်သည်။

လွှေထင်းဝူးက သူတို့အား နှစ်အတန်ကြာ ကျွေးမွေးစောင့်ရှောက်ကာ လူတော်လူကောင်းများဖြစ်လာအောင် ကူညီပေးခဲ့ပြီးပြီဖြစ်ရာ သူတို့လည်း ကိုယ့်အားကိုယ်ကိုးကာ ဘဝခရီးကို ဆက်ပြီးလျှောက်လှမ်းသွားကြရမည်သာဖြစ်သည်။

သူတို့ လွှေကျားကျေးရွာမှ ထွက်သွားရန် အချိန်တန်ပြီဟု နားလည်လိုက်ကြလေသည်။

လွှေထင်းဝူးက. . .

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ဟာ လွေကျားကျေးရွာက ထွက်သွားပြီး ကောင်းမွန်တဲ့ဘဝကို တည်ဆောက်ရမယ်၊ သိုင်းသမားဘဝနဲ့ သိုင်းလောကမှာ မကျက်စားချင်ဘူးဆိုပေမယ့် ဒုက္ခရောက်နေသူတွေတွေ့ရင် ကိုယ့်ရဲ့ပညာကို အသုံးပြုပြီး ကူညီနိုင်အောင် ကြိုးစားရမယ်၊ ဒါမှ လွေကျားကျေးရွာရဲ့ကျေးဇူးကို သိတတ်ရာကျလိမ့်မယ်"

ယွင်ပြောင်နှင့် ကျူးပရဲတို့ ဦးညွတ်လိုက်သည်။

"ကျွန်တော်တို့ နားလည်သဘောပေါက်ပါပြီ ခင်ဗျာ"

လွေထင်းဝူးက. . .

"မင်းတို့ရဲ့ဘဝ သာယာဖြောင့်ဖြူးပါစေလို့ ငါဆုတောင်းပေးလိုက်ပါတယ်"

ဟု ဆုတောင်းပေးလိုက်လေသည်။

♥ ♥ ♥



ယွင်ပြောင်နှင့် ကျူးပရဲတို့ လွေကျားကျေးရွာမှ ထွက်လာခဲ့ကြလေသည်။

သူတို့သည် လွေကျားကျေးရွာ၌ နေထိုင်ခဲ့စဉ်ကတည်းက သူတို့၏ဘဝ ပြောင်းလဲသွားပြီးနောက် ရှေ့ဆက် မည်သို့နေထိုင်သွားမည်ကို တွေးတောကာ တိုင်ပင်ထားကြပြီးဖြစ်လေသည်။

ကျူးပရဲနှင့် ယွင်ပြောင်တို့ နှစ်ယောက်စလုံး အာမခံဌာနတစ်ခု၌ ဝင်ရောက်အမှုထမ်းကာ ဘဝတိုးတက်မှုရှာရန် ရည်ရွယ်ထားကြခြင်း ဖြစ်လေသည်။

လွေကျားကျေးရွာမှထွက်ကာ အာမခံဌာနပေါ်များသော မြေလတ်ပိုင်းသို့ သွားခဲ့ကြလေသည်။

သူတို့ ကံကောင်းသွားသည်ဟု ဆိုရမည်ဖြစ်လေသည်။

မိုးမြေအာမခံဌာနက အသစ်ဖွင့်လှစ်သော အာမခံဌာနဖြစ်သည်။

ယွင်ပြောင်နှင့် ကျူးပရဲတို့ အလုပ်သွားလျှောက်သောအခါ လွေကျားကျေးရွာနှင့် ပတ်သက်ခဲ့ဖူးသူများဖြစ်၍ ချက်ချင်းပင်လက်ခံခဲ့လေသည်။

သို့ဖြင့် ယွင်ပြောင်နှင့် ကျူးပရဲတို့မှာ မိုးမြေအာမခံဌာနမှ သိုင်းသမားများ ဖြစ်သွားခဲ့ကြလေတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## သိုင်းလောကပြဿနာ

"မိုးမြေအာမခံဌာန"

"မိုးအောက်မြေပြင် ခရီးဆန်မည်"

"ရှောင်ကြ. . ရှားကြ. . ဘေးဖယ်ကြ"

တောလမ်းတလျှောက်၌ ကြွေးကြော်သံများထွက်ပေါ်နေသည်။

ယွင်ပြောင်နှင့် ကျူးပရဲတို့ လိုက်ပါလာသည့် မိုးမြေအာမခံဌာနအဖွဲ့သားများက အာမခံပစ္စည်း သယ်ဆောင်ကာ ခရီးထွက်လာကြခြင်း ဖြစ်လေသည်။

မိုးမြေအာမခံဌာနသည် ဖွင့်လှစ်ပြီး မကြာမီနာမည်ရလာပြီး ထင်ရှားလာသည်။



အာမခံပစ္စည်း အပ်နှံမည့်သူ ပေါ်များကာ အောင်မြင်မှုရလာသည်။

လူဆိုးဓားပြများကလည်း မျက်စိကျလာကြလေသည်။

ယခု. . .

အလွန်တန်ဖိုးကြီးသော စိန်ရွှေရတနာများကို သယ်ဆောင်လာခဲ့လေသည်။

ထို့ကြောင့် အာမခံဌာနပိုင်ရှင်ကိုယ်တိုင် လိုက်လာပြီး အာမခံဌာနမှ လူအားလုံးလည်း ပိုင်ရှင်နှင့်အတူ လိုက်လာခဲ့ကြလေသည်။

အာမခံပစ္စည်းများကို အင်အားအပြည့်အဝ အသုံးပြုကာ စောင့်ရှောက်ပို့ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။

အာမခံပစ္စည်းများအား လူဆိုးဓားပြများက မျက်စိကျလိမ့်မည်ကို ပိုင်ရှင်နှင့် အဖွဲ့သားအားလုံး သိရှိထားကြပြီးဖြစ်လေသည်။

တောလမ်းအတိုင်း ခရီးနှင်လာရင်း ယွင်ပြောင်က အတူလိုက်ပါလာသော ကျူးပရဲအား ပြောလိုက်သည်။

"ကျူးပရဲ. . . သည်တစ်ခေါက် ငါ့စိတ်ထဲ လေးလံနေတယ်ကွ၊ မင်းကော"

ကျူးပရဲက. . .

"အေး. . ငါလည်း မင်းလိုပဲ၊ ဓားပြတိုက်ခံရမယ် ထင်နေမိတာ"

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ပြောဆိုနေကြစဉ် . . .

"တိုက်ကြဟေ့"

"ယား"

ညာသံပေးသံများနှင့်အတူ လူဆိုးဓားပြများ ထွက်ပေါ်လာပြီး တရကြမ်း တိုက်ခိုက်လာကြလေတော့သည်။

ယွင်ပြောင်နှင့် ကျူးပရဲတို့ကလည်း အာမခံအဖွဲ့သားများနှင့်အတူ လက်တွဲကာ လူဆိုးများကို ရင်ဆိုင်ရင်း ပြင်းထန်သောတိုက်ပွဲကြီး ဆင်နွှဲလိုက်ရလေတော့သည်။

♥ ♥ ♥

တိုက်ပွဲမှာ ပြင်းထန်လှသည်။

လူဆိုးဓားပြများ၊ အနက်ရောင်သိုင်းသမားများသည် ဒုစရိုက်အဖွဲ့ ရှစ်ခုပူးပေါင်းကာ ယွင်ပြောင်တို့၏ အာမခံဌာနကို ဆိုက်ခိုက်ခဲ့ကြခြင်း ဖြစ်လေသည်။

ဓားပြအင်အား တစ်ရာကျော်ပြီး သိုင်းပညာအဆင့်မြင့်သူများလည်း ပါဝင်နေကြ၏။

ယွင်ပြောင်တို့လူစု ခက်ခက်ခဲခဲ ရင်ဆိုင်ခဲ့ကြရလေသည်။

တိုက်ပွဲမှာ သုံးရက်သုံးညတိုင် ကြာမြင့်ခဲ့ပြီး သိုင်းလောက၌ ပြောစမှတ်တွင်ခဲ့လေသည်။



လေးရက်မြောက်သောနေ့ နေမွန်းတည့်ချိန်တွင် တိုက်ပွဲပြီးဆုံးသွားခဲ့လေသည်။

တိုက်ပွဲရလာဒ်ကား နှစ်ဘက်စလုံး သေကြေပျက်စီးခဲ့ရခြင်း ဖြစ်လေသည်။

လာရောက်တိုက်ခိုက်ခဲ့ကြသော ဓားပြများအားလုံး သေဆုံးသွားခဲ့ကြလေသည်။

ထို့အတူ . . .

အာမခံဌာနပိုင်ရှင် အပါအဝင် အာမခံအဖွဲ့သားအားလုံးနီးပါး သေဆုံးသွားကြပြီး လူနှစ်ယောက်သာ ကံကောင်းထောက်မကာ အသက်ရှင်ခဲ့ကြလေသည်။

အသက်ရှင်ကျန်ရစ်ခဲ့သူ နှစ်ယောက်မှာ ယွင်ပြောင်နှင့် ကျူးပရဲတို့ ဖြစ်လေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲပြီးဆုံးသွားပြီးနောက် သေအံ့မူးမူးဖြစ်နေသော အာမခံဌာနပိုင်ရှင်က အသက်ရှင်နေသော်လည်း ဒဏ်ရာများ တစ်ကိုယ်လုံးပြည့်နှက်နေသော ယွင်ပြောင်နှင့်ကျူးပရဲတို့ကို အားကိုးတကြီး မှာကြားခဲ့လေသည်။

"မင်းတို့နှစ်ယောက်က အာမခံပစ္စည်းတွေကို ပိုင်ရှင်လက်ထဲရောက်အောင် ပို့ပေးကြပါ"

ထို့နောက် ပိုင်ရှင် သေဆုံးသွားလေသည်။

ယွင်ပြောင်နှင့် ကျူးပရဲတို့သည် အာမခံပစ္စည်းများအားအပိုင်စီးကာ ရှောင်တိမ်းဖာတ်မြုပ်၍ရပေသည်။

သို့သော်. . .

ယွင်ပြောင်တို့က အခွင့်အရေးမယူဘဲ တာဝန်ရှိသည့်အတိုင်း အာမခံပစ္စည်းများကို ပိုင်ရှင်ထံရောက်သည်အထိ ဆက်လက်ပို့ဆောင်ပေးခဲ့ကြလေသည်။

♥ ♥ ♥



တစ်လ. . .။

တစ်လဟူသောအချိန် ကြာမြင့်သွားပြီဖြစ်သည်။

မိုးမြေအာမခံဌာနမှာ ခားပြများနှင့် တိုက်ပွဲဖြစ်ပြီး လုံးဝပျက်စီးသွားခဲ့လေသည်။

သို့သော် မိုးမြေအာမခံဌာနအမည်မှာ သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားသွားခဲ့လေသည်။

မိုးမြေအာမခံဌာနမှာ ဘယ်သောအခါမှ ပြန်လည်ပေါ်ပေါက်လာတော့မည် မဟုတ်ပါ။

သို့တိုင် လူတိုင်းက မိုးမြေအာမခံဌာအကြောင်း တသသ ပြောဆိုနေကြလိမ့်မည် ဖြစ်လေသည်။

ယွင်ပြောင်နှင့် ကျူးပရဲတို့က သစ္စာရှိရှိဖြင့် အာမခံပစ္စည်းများကို ပိုင်ရှင်လက်ထဲ သွားရောက်ပို့ဆောင်ပေးခဲ့ကြလေသည်။ ပိုင်ရှင်မှာ ကျေးဇူးတင်မဆုံးဖြစ်ကာ ယွင်ပြောင်တို့အား ဆုငွေများပေးခဲ့သည်။

သမားတော်များပင့်ဖိတ်ကာ ယွင်ပြောင်တို့ ရရှိလာသည့်ဒဏ်ရာများကို ကုသပေးသည်။ ဒဏ်ရာဝေဒနာများ သက်သာပျောက်ကင်းသည်အထိ စောင့်ရှောက်ပေးခဲ့လေသည်။

"ယွင်ပြောင်နှင့် ကျူးပရဲတို့သည် ဒဏ်ရာများသက်သာပျောက်ကင်းသွားလျှင် ဆုငွေများပိုက်ကာ ပြန်လာခဲ့ကြပေတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



ယွင်ပြောင်နှင့် ကျူးပရဲတို့ တောလမ်းအတိုင်း ခရီးနှင်လာခဲ့ကြလေသည်။

နှစ်ယောက်သား ဆုငွေအများအပြား ရထားသဖြင့် ဝမ်းသာနေကြသည်။

ကျူးပရဲက. . .

"သိုင်းလောကက အန္တရာယ်များလှပါတယ်၊ ငါတော့ ရထားတဲ့ဆုငွေတွေကို အရင်းအနှီးလုပ်ပြီး ကုန်သည်ဘဝခံယူပြီး အေးအေးပဲနေတော့မယ်"

နှစ်ယောက်သား စကားတပြောပြောဖြင့် ခရီးနှင်လာရင်း တစ်နေရာသို့ အရောက်တွင် အနောက်ဘက်မှ ဆူဆူညံညံ အသံများ ထွက်ပေါ်လာရာ. . .

"မြန်မြန်လာ"

နှစ်ယောက်သား လမ်းဘေးတောအုပ်ထဲ ပြေးဝင်ကာ ချုံပုတ်များကြားမှ အခြေအနေစောင့်ကြည့်နေလိုက်ကြတော့သည်။

မကြာမီ. . .။

♥ ♥ ♥



## အကျဉ်းသား

"ခွပ်ခွပ်. . . ခွပ်ခွပ်"

"ခွပ်ခွပ်. . . ခွပ်ခွပ်"

မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာသည်။

လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသူများသည် တောလမ်းကလေးအတိုင်း မြင်းကို ဒုန်းစိုင်းနှင်လာကြလေသည်။

မြင်းစီးသမားများ၏ အင်အားမှာ ငါးဆယ်ခန့်ရှိ၏။

မြင်းစီးသမားအုပ်စုအလယ်တွင် ကြိုးများအထပ်ထပ် တုပ်နှောင်ထားသော လူငယ်တစ်ယောက်ပါလာလေသည်။

မြင်းစီးသမားများကို ဦးဆောင်လာသူမှာ အသက်လေးဆယ်ခန့်ရှိသော လူတစ်ဦးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် အဖြူရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး ဥပမိရုပ် တည်ကြည်ခန့်ညားသူဖြစ်သည်။

သူ၏ရုပ်ဆင်းပုံသဏ္ဌာန်အရ အမှန်တရားကိုလေးစားမြတ်နိုးသူဖြစ်ကြောင်း သိသာထင်ရှားလေသည်။

မှန်ပေသည်။

ထိုအဖြူရောင်ဝတ်စုံနှင့်လူသည် လျှမ်းလျှမ်းတောက်ကျော်ကြားသော ဂိုဏ်းလေးဂိုဏ်းမှာ တစ်ခုအပါအဝင်ဖြစ်သည့် မိုးကြိုးဂိုဏ်းမှ အုပ်ချုပ်ရေးမှူးလင်းရှိုပင်ဖြစ်သည်။

♥ ♥ ♥

ဂိုဏ်းလေးဂိုဏ်း. . .။

သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေသောဂိုဏ်းလေးဂိုဏ်းရှိလေသည်။

မိုးကြိုးဂိုဏ်း၊ ကြယ်တံခွန်ဂိုဏ်း၊ ကျောက်ဖြူဂိုဏ်းနှင့် ရွှေဓားဂိုဏ်းတို့ပင်ဖြစ်သည်။

ထိုဂိုဏ်းလေးခုမှာ သိုင်းလောကတွင် အင်အားအကြီးဆုံးသော အဖြူရောင်ဂိုဏ်းများဖြစ်သည်။

ဂိုဏ်းချုပ်လေးယောက်မှာလည်း အမှန်တရားကို မြတ်နိုးသောလူများဖြစ်ကြသည်။

ထို့ကြောင့်. . .



နန်းတွင်းရှိ ဘုရင်မင်းမြတ်ကိုယ်တိုင်က ချီးမြှင့်မြှောက်စားပြီး ဂိုဏ်းလေးဂိုဏ်းစလုံးအား ဒုစရိုက်နှိမ်နင်းရေးတာဝန်ပေးအပ်ခဲ့သည်။

ဂိုဏ်းချုပ်များကလည်း လိုလိုလားလားပင် လက်ခံခဲ့သည်။

ထို့ကြောင့် ဂိုဏ်းလေးဂိုဏ်းတည်ရှိသော နယ်ပယ်ဒေသအသီးသီးသည် အေးချမ်းသာယာခဲ့လေသည်။

သို့သော်. . .

ထိုအေးချမ်းသာယာမှုသည် မုန်တိုင်းမကျမီ ပင်လယ်ပြင်၏ ငြိမ်သက်ခြင်းမျိုးနှင့် တူလေသည်။

ဂိုဏ်းလေးဂိုဏ်းတွင် မည်သို့သော ပြဿနာများဖြစ်ပေါ်လာမည်နည်း။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးဂိုဏ်းမှ အုပ်ချုပ်ရေးမှူးလင်းရှိ ဖမ်းဆီးလာသောလူငယ်မှာ လင်းရှိတို့အား ဂရုမစိုက်ဘဲ အေးအေးဆေးဆေးနေနေ၏။

သူ၏ဟန်ပန်မှာ အဖမ်းဆီးခံထားရသော်လည်း လင်းရှိတို့ကို ဂရုမစိုက်သည့်အသွင် ဆောင်နေလေသည်။

မှန်ပေသည်။

ထိုလူငယ်မှာ ရွှေခေါးဂိုဏ်းချုပ်စန်းချူး၏သား ဖြစ်သူ သခင်လေးစန်းဝေပင် ဖြစ်နေသည် မဟုတ်ပါလား။

စန်းဝေသည် ဒုစရိုက်မှုများကို ဆယ်ခုမက ကျူးလွန်ခဲ့ပေသည်။

ထို့ကြောင့်. . .

အုပ်ချုပ်ရေးမှူးလင်းရှိက ဖမ်းဆီးခေါ်ဆောင်လာခြင်း ဖြစ်သည်။

သခင်လေးစန်းဝေက နယ်စပ်မြို့လေးတစ်မြို့တွင် ထင်ရာစိုင်းနေခဲ့သည်။

သခင်လေးစန်းဝေအား နယ်စပ်မြို့လေးတွင် ဖမ်းဆီးခဲ့ခြင်းဖြစ်၏။

ယခုအချိန်ဆိုလျှင်. . .

ရွှေခေါးဂိုဏ်းသည် စန်းဝေအကြောင်း သတင်းကြားပြီးပြီဖြစ်လေသည်။

သို့သော်. . .



လင်းရှိ၏တာဝန်က စန်းဝေအား မိုးကြိုးဂိုဏ်းသို့အရောက် ခေါ်သွားရန်ပင်ဖြစ်သည်။

ထို့ကြောင့်. . .

သူက သတိကြီးစွာထား၍ ခရီးနှင်လာခြင်းပင် ဖြစ်လေသည်။

♥ ♥ ♥

"ခွပ်ခွပ်. . . ခွပ်ခွပ်"

"ခွပ်ခွပ်. . . ခွပ်ခွပ်"

လင်းရှိသည် ရှေ့ဆုံးမှ ဦးဆောင်လာသည်။

ထိုစဉ်မှာပင်. . .

မမျှော်လင့်သော အဖြစ်အပျက်က ရုတ်တရက် ပေါ်ပေါက်လာသည်။

"ရပ်လိုက်"

ကျယ်လောင်သော ဟန့်တားသံနှင့်အတူ လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသူများသည် လင်းရှိတို့လူစုအား ဝိုင်းရံထားလိုက်ကြသည်။

လင်းရှိက တင်းမာသောလေသံဖြင့် အော်ငေါက်လိုက်လေသည်။

"ဟေ့. . . မင်းတို့ဘယ်သူတွေလဲ၊ မိုးကြိုးဂိုဏ်းကို ဟန့်

www.burmeseclassic.com

www.burmeseclassic.com



တားရဲတာ အံ့ဩစရာပဲ"

သူ၏စကားဆုံးလျှင်. . .

ဝိုင်းရံထားသူထဲမှ ခေါင်းဆောင်ဖြစ်ဟန်တူသူက ရှေ့တိုးလာသည်။

ထိုလူက လင်းရှီအား ပြုံး၍ကြည့်လိုက်ပြီး. . .

"လင်းရှီ. . . ခင်ဗျားက တယ်လည်းဒေါသကြီးပါလား"

ဟု ပြောလိုက်သည်။

လင်းရှီက ထိုလူကိုကြည့်လိုက်ပြီး မဲ့ပြုံးပြုံးလိုက်သည်။ ပြီးမှ. . .

"ဩော်. . ဘယ်သူများလဲလို့ ရွှေဓားဂိုဏ်းကိုယ်ရံတော် မိန်စုကိုး"

ဟုပြောလိုက်သည်။

မိန်စု ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

လင်းရှီက မိန်စုအားကြည့်လိုက်ပြီး. . .

"ကဲ. . . မိတ်ဆွေ ပြောစရာရှိရင် နောက်မှပြောကြတာပေါ့၊ အခုတော့ ကျုပ်မှာ အရေးတကြီး ဆောင်ရွက်စရာရှိသေးတယ်"

မိန်စု ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"မိတ်ဆွေရဲ့ တာဝန်ကျေပွန်မှုကိုတော့ ကျုပ်လေးစားပါတယ်၊ ဒါပေမယ့် ကျုပ်တို့ ဘာကြောင့် သည်ကိုရောက်



လာသလဲဆိုတာ မိတ်ဆွေ သဘောပေါက်မှာပါ"

လင်းရှီ ဟန်ဆောင်ပြုံးလိုက်သည်။

"ဘာကိစ္စများလဲ"

ဟု မေးလိုက်၏။

သူ၏စကားကြောင့် မိန်စု၏မျက်နှာ တင်းမာခက်ထန်သွားသည်။

ပြီးလျှင် အေးစက်သောလေသံဖြင့်. . .

"သည်မှာ လင်းရှီ. . . ကျုပ် ပွင့်ပွင့်လင်းလင်းပဲပြောမယ်၊ သခင်လေးစန်းဝေကို လွှတ်ပေးဖို့ သခင်ကြီးကိုယ်တိုင်က တောင်းဆိုခိုင်းလိုက်ပါတယ်"

ဟု ပြောသည်။

လင်းရှီက ခေါင်းခါလိုက်သည်။

"မဖြစ်နိုင်ဘူး၊ ကျုပ်တို့ တရားနည်းလမ်းကျကျ ဆောင်ရွက်ရမှာပဲ"

မိန်စု မဲ့ပြုံးပြုံးလိုက်သည်။

"သည်မှာလင်းရှီ. . . သခင်လေးစန်းဝေဟာ လူပေါင်းများလို့ ရာဇဝတ်မှု အမျိုးမျိုးကို ကျူးလွန်မိတာပါ၊ အခု နောင်ကြီးကိုယ်တိုင် ဖမ်းဆီးခဲ့ပြီမဟုတ်လား၊ ဒါကြောင့် သခင်ကြီးက သူကိုယ်တိုင် သခင်လေးကို ဆုံးမချင်လို့ ပြန်ခေါ်ခဲ့ဖို့ မှာလိုက်တာပါတယ်၊ သည်လိုခွင့်ပြုတဲ့အတွက် သခင်ကြီးဟာ မိုးကြိုးဂိုဏ်းကိုလာပြီး ကျေးဇူးတုန့်ပြန်ဦးမယ်တဲ့၊ ကဲ ဘယ်လိုသဘောရလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သည်။

သူက လင်းရှီ၏သဘောထားကို မေးလိုက်သည်။

လင်းရှီ ခေါင်းတွင်တွင် ခါလိုက်သည်။

ပြီးမှ. . .

"ခင်ဗျားတို့ဆန္ဒကို ကျုပ်ဘယ်လိုမှ မလိုက်လျောနိုင်ပါဘူး"

ဟု ပြောလိုက်သည်။

မိန်စု ဒေါပွသွား၏။

"ဘာပြောတယ်ဗျ"

ဟု ဒေါသတကြီး မေးလေသည်။

လင်းရှီ သက်ပြင်းတစ်ချက် ချမိလေသည်။

"သည်မှာ မိန်စု. . . အခုလို ကျုပ်ဖမ်းဆီးလာတဲ့ တရားခံကို ပြန်တောင်းတဲ့အတွက် အံ့ဩမိတာ အမှန်ပဲ၊ သခင်လေးစန်းဝေကို လွှတ်ပေးဖို့ကိစ္စကို ကျုပ် လုံးဝဆုံးဖြတ်ပိုင်ခွင့်မရှိဘူး။ ခင်ဗျားအနေနဲ့ သခင်လေးစန်းဝေကို ပြန်ခေါ်ချင်တယ်ဆိုရင် ကျုပ်နဲ့အတူ မိုးကြိုးဂိုဏ်းကိုလိုက်ခဲ့ပါ။ ဟိုရောက်ရင် သခင်ကြီးကို ရှင်းပြလိုက်ပေါ့၊ ဒါဆိုရင် သခင်လေးကို ပြန်အပ်မှာပါ"

ဟု ပြောသည်။

မိန်စု၏မျက်နှာ ရုတ်ခြည်းခက်ထန်သွားသည်။

"ဟော့. . လင်းရှီ အပိုစကားတွေ မပြောနဲ့၊ ရှင်းရှင်းပြောစမ်းပါ၊ ကျုပ်ရဲ့တောင်းဆိုချက်ကို လိုက်လျောမှာလား"



လင်းရှီ ပခုံးတွန့်လိုက်သည်။

"ကျုပ်ရဲ့တာဝန်က အပြစ်ရှိသူကို အပြစ်ပေးရမယ် မဟုတ်လား၊ အခု သခင်လေးစန်းဝေဟာ ရက်စက်တဲ့ ရာဇဝတ်မှုဆယ်မှုမက ကျူးလွန်ခဲ့တယ်၊ ဒါကြောင့်. . "

သူသည် စကားကို ခဏရပ်လိုက်သည်။

ထို့နောက်. . .

မိန်စုကို တစ်ချက်ကြည့်လိုက်ပြီး ဆက်၍. . .

"ဒါကြောင့် ကျုပ်ကဖမ်းခဲ့တယ်၊ တကယ်လို့ သည်ကိစ္စကို နောက်ယှက်ဟန့်တားမယ်ဆိုရင် နောက်ယှက်သူကို ပါအပြစ်ပေးပိုင်ခွင့်ရှိတယ်၊ အဲသည်တော့ ခင်ဗျားရဲ့သခင်လေးအတွက် ပြဿနာမရှာချင်စမ်းပါနဲ့"

သူ၏စကားက ရှင်းရှင်းလေးဖြစ်သည်။

သို့သော်. . .

မိန်စုက ခေါင်းမာလေသည်။

သူသည် သခင်လေးစန်းဝေ မြောက်ပိုင်းနယ်သို့ အလည်အပတ်ထွက်ရာ ကိုယ်ရံတော်အဖြစ် ပါလာသည်။

ယခု. . .

သခင်လေးစန်းဝေသည် လူသတ်ဓားပြမှု၊ မိန်းကလေးများအား စော်ကားဖျက်ဆီးမှုစသည့် အမှုပေါင်းမြောက်မြားစွာ ကျူးလွန်သဖြင့် အဖမ်းခံခဲ့ရပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်. . .

သူက သခင်လေးစန်းဝေအား မရမကပြန်ခေါ်ရမည်ဖြစ်သည်။

သခင်လေးစန်းဝေသာ တစ်ခုခုဖြစ်လျှင် သူသည်လည်း မည်သည့်နည်းနှင့်မျှ သက်သာမည် မဟုတ်ပါချေ။

သခင်လေးစန်းဝေ ယခုလို အဖမ်းခံရခြင်းမှာ သူ၏ပေါ့ဆမှုကြောင့် ဖြစ်လေသည်။

သူသည် သခင်လေးစန်းဝေထံပါးတွင် မနေဘဲ လောင်းတစားဝိုင်းသို့သွားနေ၍သာ သခင်လေးစန်းဝေ အဖမ်းခံရခြင်းဖြစ်လေသည်။

ထို့ကြောင့်. . .

သူသည် သခင်လေးစန်းဝေအား မရရအောင် ပြန်ခေါ်ရပေမည်။

သူသည် နောက်ကြောင်းအေးစေရန် လင်းရှီတို့အား အပြတ်ရှင်းမည်ဖြစ်လေသည်။

လင်းရှီတို့အား နှုတ်မပိတ်နိုင်လျှင် သူနှင့်အတူ သခင်လေးစန်းဝေပါ ဇာတ်သိမ်းလှတော့မည် မဟုတ်ပါချေ။

ထိုစဉ်. . .

လင်းရှီ၏စကားသံ ထွက်ပေါ်လာသည်။

"တဲ. . . ကျုပ်တို့ မှာ အချိန်မရှိဘူး၊ လမ်းဖယ်ပေးပါ"

မိန်စု ခေါင်းခါလိုက်သည်။



"ကျုပ်ကလည်း သခင်လေးစန်းဝေမပါဘဲနဲ့ မပြန်နိုင်ဘူး"

ဟု ပြောလိုက်သည်။

ထိုအချိန်မှာပင်. . .

အုပ်ချုပ်ရေးမှူးလင်းရှီ၏တပည့် ကျောက်လုသည် သခင်လေးစန်းဝေကို အဆုံးစီရင်လိုက်မည်ဟု ခြိမ်းခြောက်လိုက်လေသည်။

သို့သော်. . .

သူ၏ခြိမ်းခြောက်မှုက အရာမယင်ပါချေ။

မိန်စုက အချက်ကျကျ ပြောလိုက်သည်။

"ဟေ့. . မင်းတို့အဖွဲ့က တရားလက်လွတ်ပြုကျင့်တတ်သလား၊ တရားခံကို မစစ်ဆေးဘဲ အမြန်သုတ်သင်ပစ်ဖို့ ကြံစည်ရဲတာ အံ့ဩစရာသိပ်ကောင်းတယ်"

တဆက်တည်းမှာပင်. . .

သူက မိမိအဖွဲ့သားများအား ဝေ့ယမ်းပြလိုက်လေတော့သည်။

"ရွှေခါးကိုဏ်းသားတွေ တို့သခင်လေးကို မတရားဖမ်းဆီးတာကို ခေါင်းငုံ့မခံကြနဲ့၊ တစ်ယောက်မကျန် သုတ်သင်ရှင်းလင်းပစ်ကြ"

ဟု အမိန့်ပေးလိုက်သည်။

ထို့နောက်. . .

www.burmeseclassic.com

www.burmeseclassic.com



သူက လင်းရှိထံသို့ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

လင်းရှိတို့ အဖွဲ့သားများက မြင်းပေါ်မှအသီးသီး ခုန်ဆင်းလိုက်ကြလေသည်။

လင်းရှိသည် မိန်စုက တိုက်ခိုက်လာသည်နှင့် မြင်းပေါ်မှလွှားခနဲ ခုန်ဆင်း၍ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သူတို့၏ အဖွဲ့သားများကလည်း တိုက်ခိုက်နေကြပြီဖြစ်လေသည်။

မကြာမီ. . .

ဆိတ်ငြိမ်သော တောလမ်းကလေးတွင် ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေသည်။

♥ ♥ ♥



မိန်စုသည် ရွှေဗေးဂိုဏ်း၏ကိုယ်ရံတော်ဆယ်ယောက်၌ တစ်ယောက်အပါအဝင် ဖြစ်သည်။

သူ၏သိုင်းပညာသည် ထိပ်တန်းအဆင့်၌ရှိနေလေသည်။

သို့သော်. . .

တစ်ဖက်မှ လင်းရှိမှာလည်း ခေသူတစ်ယောက် မဟုတ်ချေ။

မိုးကြိုးဂိုဏ်း၏ အုပ်ချုပ်ရေးမှူးရာထူးကို ရရှိထားသူဖြစ်လေသည်။ သူ၏သိုင်းပညာသည်လည်း မိန်စုထက် မမြင့်မားသော်လည်း နိမ့်ကျခြင်း ရှိမည်မဟုတ်သည်မှာ သေချာသည်။

ထို့ကြောင့်. . .

သူတို့နှစ်ယောက်၏ တိုက်ခိုက်မှုသည် ပို၍ပြင်းထန်လေသည်။

တစ်ကြိမ်တွင်. . .

နှစ်ယောက်စလုံး လူချင်းပူးကပ်သွားပြီး. . .

"ဝုန်း"

"ဝုန်း"

ကျယ်လောင်သောအသံ တစ်ချက် ရုတ်တရက် ထွက်ပေါ်လာပြီး နှစ်ယောက်စလုံး ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေသည်။

သူတို့သည် အတွင်းဒဏ်ရာ ကိုယ်စီရရှိသွားကြောင်း

www.burmeseclassic.com

www.burmeseclassic.com



[illegible]လေသည်။

အခြေအနေအရပ်ရပ်ကိုကြည့်လျှင် မိန်စုရရှိထားသော ခတ်ရာသည် ရှင်းရှိထက် ပြင်းထန်ကြောင်းပေါ်လွင်နေသည်။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အကဲခတ်ကြည့်နေကြသည်။

ထို့နောက်. . .

"တိတ်"

"ယား"

ညာသံကိုယ်စီပေးကာ ခုန်ဝင်တိုက်ခိုက်မှုမှာ ပိုမိုပြင်းထန်လာလေသည်။

ခေါင်းဆောင်ဖြစ်သူများ တိုက်ခိုက်နေကြစဉ် ကျောက်လုဦးဆောင်သည့် ငယ်သားအုပ်စုနှင့် မိန်စုတပည့်ဟုန်မာဦးဆောင်သည့် ငယ်သားများကလည်း ထိပ်တိုက်ရင်ဆိုင်နေကြသည်။

ကျောက်လုတို့သည် ဆယ်ယောက်စီခွဲကာ မိုးကြိုးဝက်ဝါသိုင်းနှင့် တိုက်နေ၏။

မိုးကြိုးဝက်ပါသိုင်းမှာ ထူးခြားထက်မြက်သော သိုင်းပညာတစ်ရပ်ပင်ဖြစ်သည်။

ရွှေမားဂိုဏ်းမှလူများကလည်း မကြောက်မရွံ့ဘဲ ပြန်လည်တိုက်ခိုက်ကြလေသည်။

သူတို့ ထိပ်တိုက်ရင်ဆိုင်မိကြသည်နှင့်. . .



"ဝုန်း"

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှကျယ်လောင်သော အော်ဟစ်သံများ ဆက်တိုက်ထွက်ပေါ်လာသည်။

ရွှေမားဂိုဏ်းမှလူများသည် မိုးကြိုးဝက်ပါသိုင်းစွမ်းကြောင့် တစ်ယောက်ပြီးတစ်ယောက် လဲကျကာ အသက်ပျောက်သွားကြသည်။

ဟုန်မာကိုယ်တိုင်ပင် ဓားဒဏ်ရာတစ်ချက် ရရှိသွားလေသည်။

စင်စစ်. . .

ဟုန်မာတို့အဖွဲ့သည် ကျောက်လုဦးဆောင်သည့် မိုးကြိုးဝက်ပါသိုင်းပညာကို အထင်သေးမိသဖြင့် ပထမဦးဆုံး အရေးနိမ့်သွားခြင်းဖြစ်သည်။

ထို့ကြောင့်. . .

ဟုန်မာက ဒေါပွသွားသည်။

သူက ရွှေမားဂိုဏ်းသားများအား. . .

"တောက်. . မင်းတို့ အသုံးမကျတဲ့ကောင်တွေ၊ တိုက်ကြစမ်း"

ဟု အော်ငေါက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တဆက်တည်းမှာပင် သူကိုယ်တိုင်ကလည်း မိုးကြိုးရဲ တိုက်မှုလူများကို ဒေါသတကြီး ထိုးဖောက်တိုက်ခိုက်လိုက်သည်။

ကျောက်လုက လိမ္မာပါးနပ်သည်။

ဟုန်မာတို့လူစု ခုန်ဝင်လာသည်နှင့် တရားခံ သခင်လေးစန်းဝေအား ခေါ်ဆောင်ကာ နောက်ဆုတ်သွားသည်။

တစ်ချိန်တည်းပင်. . .

ကျန်အဖွဲ့ဝင်များက ဟုန်မာကို ဝိုင်းရံထားလိုက်ကြသည်။

ထူးဆန်းသောဗျူဟာကြောင့် ဟုန်မာကိုယ်တိုင် ထိတ်လန့်သွားသည်။

အခြေအနေ မဟန်မှန်းသိလျှင် သူ၏လူများကို လက်ဝှေ့ယမ်းပြလိုက်သည်။

နှုတ်မှလည်း. . .

"အပြင်ကို မြန်မြန်ဖောက်ထွက်စမ်း"

ဟု ပြောလိုက်သည်။

သို့သော်. . .

သူ အမိန့်ပေးခြင်းမှာ နောက်ကျသွားပြီဖြစ်သည်။

ဝက်ပါစက်ဝိုင်းအလယ်တွင် ပိတ်မိထားပြီမို့ သူ၏လူများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားလေသည်။

ဟုန်မာ အံတင်းတင်းကြိတ်လိုက်သည်။

သူသည် ဤဝက်ပါအတွင်းမှ အလွတ်ရုန်းနိုင်မှ အသက်ရှင်နိုင်မည်ဟု ယုံကြည်မိသည်။

ထို့ကြောင့်. . .

သူက ညာသံတစ်ချက်ပေးလိုက်သည်။

တဆက်တည်းပင် ကိုယ်ခန္ဓာကို လေထဲကျွမ်းပစ်လိုက်သည်။

တပြိုင်နက်. . .

"ဝှစ်. . ဝှစ်. . ဝှစ်"

လက်နက်ပုန်းများဖြင့် ပစ်ခတ်လိုက်၏။

အကင်းပါးသော ကျောက်လုက ဟုန်မာအား အချိန်မီ တိုက်ခိုက်ခဲ့သော်လည်း လက်နက်ပုန်းကို ကာကွယ်လိုက်ရ၍ ဟုန်မာအား တားဆီးနိုင်ခြင်းမရှိတော့ပါချေ။

ဟုန်မာသည် လေထဲကျွမ်းပစ်၍ အဝေးသို့ ခုန်ထွက်သွားလေသည်။

ထို့နောက်. . .

သူက ခေါင်းဆောင်ဖြစ်သူ မိန်စုထံ လှမ်းကြည့်လိုက်သည်။

"ဟင်"

မမျှော်လင့်ဘဲ တွေ့လိုက်ရသောမြင်ကွင်းကြောင့် မျက်လုံးအစုံ ပြူးကျယ်သွားလေသည်။

အကြောင်းမှာ. . .

မိန်စုနှင့်လင်းရှီတို့၏ တိုက်ပွဲမှာ ပြီးဆုံးနေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်စုမှာ ဒဏ်ရာပရပွနှင့် မြေပေါ်လဲကျနေသည်။

ထို့အတူ. . .

လင်းရှိမှာလည်း တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲနေပြီး မြေပေါ်လဲကျနေသည်။

သူသည် ဒဏ်ရာပြင်းထန်စွာရရှိထားပြီး အသက်ကို ပင်ပန်းကြီးစွာ ရှူရှိုက်နေသည်။

ခေါင်းဆောင်ဖြစ်သူ မိန်စုကျဆုံးသွားပြီဖြစ်သည့် အတွက် ဟုန်မာမှာ ဆက်လက်တိုက်ခိုက်ရန် သတ္တိမရှိပါတော့ချေ။

သူက ထွက်ပြေးရန် စဉ်းစားလိုက်သော်လည်း ကျောက်လုတို့လူစု၏ ဝိုင်းရံထားခြင်းကို ခံလိုက်ရသည်။

ထို့ကြောင့်. . .

သူက ရှိသမျှ အင်အားနှင့်ပြန်လည် တိုက်ခိုက်လိုက်လေတော့သည်။

♥ ♥ ♥



## ငွေရောင်မျက်နှာဖုံးရှင်

“ဝုန်း”

“အား”

“အမယ်လေး”

“သေပါပြီဗျ”

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။

ဟုန်မာတို့အင်အားမှာ တစ်စထက်တစ်စ နည်းပါးလာသည်။

နောက်ဆုံးအကြိမ်. . .

အပြီးသတ်တိုက်ခိုက်ရန် ကျောက်လုတို့လူစုက ဟုန်မာတို့ထံ တဖြည်းဖြည်း ချဉ်းကပ်လာသည်။

ထိုစဉ်မှာပင်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟား. . . ဟား. . . ဟား"

စူးရှသေးငယ်သော ရယ်မောသံနှင့်အတူ အုပ်စုနှစ်ခု ကြားသို့ငွေရောင်ဝတ်စုံနှင့် လူတစ်ယောက် ရောက်ရှိလာသည်။

သန်မာတောင့်တင်းသော လူရွယ်တစ်ယောက်ဖြစ်ဟန် တူသော်လည်း မျက်နှာဖုံးစွပ်ထားသဖြင့် မည်သူမည်ဝါဖြစ် ကြောင်း ခန့်မှန်းနိုင်စွမ်းမရှိချေ။

သို့သော်. . .

ငွေရောင်မျက်နှာဖုံးရှင် ရောက်ရှိလာသည့်အတွက် ဟုန်မာတို့လူစုမှာ ဝမ်းသာအားရဖြစ်သွားလေသည်။

ဟုန်မာက မျက်နှာချိုသွေးကာ အကျိုးအကြောင်း ရှင်းပြရန် ဟန်ပြင်လိုက်သည်။

သို့သော်. . .

ငွေရောင်ဝတ်ဆင်ထားသူက လက်ကာပြ၍ ဟန့်တား လိုက်သည်။

"ငါ့ကို ဘာမှရှင်းပြမနေနဲ့တော့ အဖြစ်အပျက်အားလုံး ကို ငါမြင်တွေ့ပြီးပြီ"

ဟု ပြောလိုက်သည်။

စကားအဆုံးတွင် သူက ဒဏ်ရာပြင်းထန်စွာ ရရှိထား သော လင်းရှီကို စိုက်ကြည့်လိုက်သည်။

"ကဲ. . . လင်းရှီ၊ ကျုပ် သခင်လေးစန်းဝေကို ခေါ်သွား မယ်၊ ဘယ်လိုသဘောရသလဲ"



ငွေရောင်မျက်နှာဖုံးရှင်၏ စကားသံက အထက်စီး ဆန် လှပေသည်။

လင်းရှီ ဒေါသထွက်သွား၏။

သို့သော်. . .

အားမတန်၍ မာန်လျှော့လိုက်ရသည်။

အခြေအနေကိုလည်း အပြေးအလွှား သုံးသပ်လိုက်မိ လေသည်။

ငွေရောင်မျက်နှာဖုံးရှင်သည် ထိပ်တန်းသိုင်းသမားတစ် ယောက်ဖြစ်ကြောင်း မြင်ရုံနှင့် သိသာလေသည်။

ထို့အပြင်. . .

ဟုန်မာသည် ထိုငွေရောင်မျက်နှာဖုံးရှင်ကို ရိုသေစွာ ဆက်ဆံနေသည်ကို တွေ့ရသဖြင့် ငွေရောင်မျက်နှာဖုံးရှင်သည် သူတို့အဖွဲ့တွင် အဆင့်မသေးကြောင်းလည်း ခန့်မှန်းမိလေသည်။

ထိုစဉ်မှာပင်. . .

ငွေရောင်မျက်နှာဖုံးရှင်၏ စကားသံ ထွက်ပေါ်လာ၏။

"ဟေ့. . . လင်းရှီ၊ မေးနေတာ မကြားဘူးလားကွ၊ သ ဘောတူရင် မင်းနဲ့မင်းအဖော်တွေအားလုံး လွှတ်ပေးမယ်၊ သဘောမတူဘူးဆိုရင်တော့ အားလုံးကို သတ်ပစ်မယ်"

ဟု ပြောသည်။

လင်းရှီက အဖြေမပေးဘဲ ပါးစပ်ပိတ်ထားသည်။

ငွေရောင်မျက်နှာဖုံးရှင် ဒေါသထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ. . . ခင်ဗျား ဘယ်လောက်ခေါင်းမာသလဲ ဆိုတာကြည့်ရသေးတာပေါ့။ အရင်ဦးဆုံး ခင်ဗျားရဲ့အဖွဲ့သား တွေကို သတ်ပစ်မယ်"

လင်းရှီ အဖြေမပေးသေးချေ။

ငွေရောင်မျက်နှာဖုံးရှင် သဘောကျစွာ ရယ်မောလိုက် လေသည်။

ထို့နောက်. . .

သူက မိုးကြိုးဂိုဏ်းအဖွဲ့သားရှေ့သို့ လျှောက်သွားလိုက် လေသည်။

"ဟဲ. . . ဟဲ. . . ကျုပ်က လူသတ်တော့မယ်ဆိုရင် ကျုပ်ရဲ့ ဇာတိရုပ်ကို ဖော်ပြပြီးမှ လူသတ်လေ့ရှိတယ်၊ အခု ကျုပ်ဘယ်သူ ဘယ်ဝါဖြစ်တယ်ဆိုတာ ကြည့်ပေတော့"

ငွေရောင်မျက်နှာဖုံးရှင်က စကားအတိုင်း မျက်နှာဖုံး ချွတ်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်. . .

"ဟော့. . . မင်းရဲ့ဇာတိရုပ်ကိုလည်း ထုတ်ပြစရာ မလို ဘူး။ သခင်လေးစန်းဝေကို ခေါ်သွားပေတော့"

လင်းရှီ ကပျာကယာဖြင့် ပြောလာသည်။

"ဟင်"

"ဟာ"

မမျှော်လင့်သောစကား ကြားလိုက်ရသောကြောင့်



လင်းရှီ၏ငယ်သားများ အံ့သြထိတ်လန့်သွားကြသည်။

လင်းရှီသည် သူ့အသက်နှင့်ရင်း၍ ကာကွယ်ထား သော သခင်လေးစန်းဝေကို အလွယ်တကူပင် ပေးအပ်နေသည်။

အကြောင်းထူးတော့ရှိမည်ဟု ကျောက်လု နားလည်မိ လေသည်။

ငွေရောင်မျက်နှာဖုံးရှင် ခေါင်းတဆတ်ဆတ် ညိတ်လိုက် သည်။

"ကောင်းပြီလေ၊ ကျုပ်ဆန္ဒကို လိုက်လျောတဲ့အတွက် ခင်ဗျားရဲ့အဖွဲ့သားတွေကို ပြန်လွှတ်ပေးပါ့မယ်၊ ဒါပေမယ့် ခင် ဗျားဟာ ကျုပ်ကို မလေးမစားဆက်ဆံခဲ့တဲ့အတွက် ခင်ဗျားကို တော့ ကျုပ်က ချမ်းသာပေးမှာ မဟုတ်ဘူး"

လင်းရှီက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က မကြာခင် သေရတော့မယ့်လူပဲ၊ အကြောင်း မထူးပါဘူး၊ ကျုပ်ရဲ့အဖွဲ့သားတွေကို မသတ်ဘူးဆိုတဲ့ မင်းရဲ့ ကတိတည်ပါစေ"

ဟု ပြောလိုက်သည်။

ငွေရောင်မျက်နှာဖုံးရှင် ခေါင်းတဆတ်ဆတ် ညိတ်လိုက် သည်။

"စိတ်ချပါ၊ ကျုပ်ကတိကို အသက်ထက် တန်ဖိုးထား ပါ့မယ်"

လင်းရှီ ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ဒါဆိုရင် ကျုပ်သူတို့ကို အမိန့်ပေးလိုက်မယ်"

လင်းရှိသည် အများအတွက် မိမိ၏အသက်ကို စတေးလိုက်ခြင်း ဖြစ်လေသည်။

သူက ငယ်သားများဆီ လှည့်လိုက်ပြီး. . .

"မိုးကြိုးဂိုဏ်းက အဖွဲ့ဝင်တွေအားလုံး နားထောင်ကြပါ၊ အခုချက်ချင်း သည်ကထွက်သွားပြီး မိုးကြိုးဂိုဏ်းကို အရောက်ပြန်၊ ကျုပ်ကို ဘာမှထပ်မမေးနဲ့၊ အခုချက်ချင်း ထွက်သွားပေတော့"

သူ၏လက်ရုံး ကျောက်လုက တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်လေသည်။

သို့သော် လင်းရှိက ခွင့်မပြုပါချေ။

"ကျောက်လု. . . ငါ့ကိုငဲ့ကွက်စရာ မလိုဘူး၊ အဖွဲ့သားတွေအားလုံးကိုခေါ်ပြီး မြန်မြန်ထွက်သွားကြတော့"

ကျောက်လု မည်သို့မျှ မတတ်နိုင်တော့ချေ။

အမိန့်အတိုင်း တရားခံစန်းဝေကို မြေပေါ် ချထားလိုက်လေသည်။

ပြီးလျှင် သူက အဖွဲ့သားများကို မျက်ရိပ်ပြလိုက်သည်။

အဖွဲ့သားအားလုံး မြင်းပေါ်သို့ အသီးသီးခုန်တက်လိုက်ကြသည်။

ထို့နောက်. . .



မြင်းကို တရကြမ်း မောင်းနှင်ကာ ထွက်ခွာသွားကြလေတော့သည်။

♥ ♥ ♥

"ဟင်း"

အဖွဲ့သားများ မြင်ကွင်းမှ ပျောက်ကွယ်သွားတော့မှ လင်းရှိသက်ပြင်းချလိုက်၏။

သူ၏အဖွဲ့သားများ လွတ်လွတ်ကျွတ်ကျွတ် ထွက်သွားနိုင်ခဲ့သဖြင့်ကျေနပ်နေ၏။

မကျေနပ်သူက ဟုန်မာပင်ဖြစ်သည်။

ကျောက်လုနှင့် အဖွဲ့သားများ ထွက်သွားသဖြင့် သူတို့လုပ်ကြံသည့်သတင်း ပေါက်ကြားသွားနိုင်၏။

သူ့အနေနှင့် ကျောက်လုတို့ကို နှုတ်ပိတ်ပစ်လိုပေသည်။

ထို့ကြောင့်. . .

သူက ငွေရောင်မျက်နှာဖုံးရှင်အား မရဲတရဲလေသံဖြင့် ပြောလိုက်သည်။

"ဆရာ. . . မိုးကြိုးဂိုဏ်းကလူတွေသာ သည်ကိစ္စကို သိသွားကြရင် သည်ကိစ္စဟာ ရှင်းလို့ရမှာမဟုတ်တော့ဘူး၊ ဒါကြောင့် အခုထွက်သွားမယ့်အဖွဲ့ကို အပြတ်ရှင်းနှုတ်ပိတ်ဖို့

www.burmeseclassic.com

www.burmeseclassic.com



တောင်းဆိုချင်ပါတယ်"

ဟု ပြောလိုက်၏။

ထိုအခါ. . .

ငွေရောင်မျက်နှာဖုံးရှင်က ကောက်ကျစ်စွာ တစ်ချက် ရယ်မောလိုက်၏။

သူက ဟုန်မာအားကြည့်လိုက်ပြီး. . .

"မင်းမှာ အင်အား ဘယ်လောက်ရှိလို့လဲ၊ ငါ့ဆီကို ချက်ချင်းခေါ် လာခဲ့စမ်း"

ဟု အမိန့်ပေးလိုက်သည်။

ဟုန်မာ ကပျာကယာပင်. . .

"ဟုတ်ကဲ့"

ဟုပြောကာ ချက်ချင်းပင် ခွေးအဖွဲ့သားများအားလုံးကို စုစည်းလိုက်သည်။

သူတို့ အလာတုန်းက ဂိုဏ်းသားငါးဆယ်ခန့် ရှိလေသည်။

ယခုမူ. . .

အယောက်နှစ်ဆယ်ခန့်သာ ကျန်တော့သည်။

ဟုန်မာသည် အဖွဲ့သားတို့ကို စုစည်းပြီး ငွေရောင်မျက်နှာဖုံးရှင်နှင့် လက်တစ်ကမ်းအလိုတွင် ညီညီညာညာ တန်းစီ၍ ရပ်တန့်လိုက်လေသည်။

ငွေရောင်ဝတ်စုံနှင့်လူက ခေါင်းတဆတ်ဆတ် ညိတ်



လိုက်သည်။

"မင်းတို့တွေဟာ သခင်လေးစန်းဝေကို စောင့်ရှောက်တဲ့နေရာမှာ ပေါ့လျော့လို့ သခင်လေးစန်းဝေ အဖမ်းခံလိုက်ရတာပဲ၊ ကဲ ပြောစမ်း မင်းတို့ သခင်မလေးအနားမှာမနေဘဲ ဘယ်လျှောက်သွားနေကြတာလဲ ပြောစမ်း"

ဟု အော်ငေါက်လိုက်သည်။

ဟုန်မာ ထိတ်လန့်သွားသည်။

သူက တုန်တုန်ယင်ယင်ဖြင့်. . .

"အဲသည်နေ့က အန္တရာယ်ကင်းရှင်းတယ်ထင်ပြီး ကျွန်တော်က လောင်းကစားဂေဟာကို သွားပါတယ်၊ မိန်စုကတော့ ကြေးစားမယ်ဂေဟာကို သွားခဲ့တာဖြစ်ပါတယ်၊ အဲဒါကြောင့် သခင်လေး. . ."

"တိတ်စမ်း"

သူ၏စကား မဆုံးသေးချေ။

ငွေရောင်မျက်နှာဖုံးရှင်က ခက်ထန်စွာ အော်ငေါက်လိုက်သည်။

ထို့နောက်. . .

သူက ဟုန်မာအား စူးရှသောမျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်ပြီး. . .

"တာဝန်မကျေတဲ့ မင်းတို့ကို သည်အတိုင်းထားလို့ မဖြစ်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။

တဆက်တည်းပင် . . .

သူက လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်၏။

"ဝှစ်"

လေတိုးသံ ထွက်ပေါ်လာသည်။

လေတိုးသံနှင့် တပြိုင်နက်ပင် မားရောင်များဝင်းလက်သွားလေသည်။

"အား"

စူးရှသော အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

တဆက်တည်းပင် . . .

"ဝုန်း"

ဟူသောအသံနှင့်အတူ ဟုန်မာမှာ မြေပေါ်သို့ အရုပ်ကြိုးပြတ်လဲကျသွား၏။

"ဟင်"

"ဟာ"

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် အဖွဲ့သားများကြောင်အမ်းအမ်းဖြစ်သွားကြလေသည်။

ငွေရောင်မျက်နှာဖုံးရှင်က အဖွဲ့သားများအား ကြည့်လိုက်သည်။

အဖွဲ့သားများ ထိတ်လန့်သွားကြ၏။



ငွေရောင်မျက်နှာဖုံးရှင်က အေးစက်သောလေသံဖြင့် "မင်းတို့အားလုံးကိုလည်း ချမ်းသာပေးလို့ မဖြစ်ဘူး" ဟု ပြောလိုက်သည်။

ထို့နောက် . . .

သူက အဖွဲ့သားတို့ကို တစ်ယောက်ပြီးတစ်ယောက် သုတ်သင်ရှင်းလင်းလိုက်လေသည်။

"ဝုန်း"

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများက ငရဲပွက်သည့်အလား ဆက်တိုက်ထွက်ပေါ်လာသည်။

ငွေရောင်မျက်နှာဖုံးရှင်သည် ဟုန်မာအပါအဝင် နောက်လိုက်အားလုံးကို သုတ်သင်ပစ်လိုက်ပြီဖြစ်သည်။

အဘယ်ကြောင့် သုတ်သင်ပစ်လိုက်သနည်း။

အခြေအနေမှာ တစ်စထက်တစ်စ ပို၍ရှုပ်ထွေးလာလေသည်။

ဒဏ်ရာပြင်းထန်စွာဖြင့် လဲကျနေသော လင်းရှီမှာလည်း မြင်လိုက်ရသောမြင်ကွင်းကြောင့် ထိတ်လန့်သွား၏။

ထို့အတူ . . .

ထိုအခြေအနေတွင် သူသည် မိမိ၏ကံကြမ္မာကို

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာပင် နိမိတ်ဖတ်နိုင်ပြီ ဖြစ်လေသည်။

အချင်းချင်းပင် ရက်ရက်စက်စက် သုတ်သင်လိုက်သည့်နောက်တော့. . .

သူ့လိုလူမျိုးအဖို့ အသတ်ခံရရုံမှတပါး အခြားနည်းလမ်းမရှိတော့ပြီ မဟုတ်ပါလား။

သို့သော်. . .

လင်းရှီသည် ငွေရောင်မျက်နှာဖုံးရှင်က အဘယ်ကြောင့် အချင်းချင်း ပြန်သတ်ရသည်ကို မစဉ်းစားနိုင်ဘဲရှိနေသည်။

ငွေရောင်မျက်နှာဖုံးရှင်သည် လဲကျသေဆုံးနေကြသော မွေ့ဓားဂိုဏ်းမှလူများကိုကြည့်၍ ခေါင်းခါယမ်းလိုက်သည်။

"အင်း. . . စိတ်မကောင်းစရာပဲ၊ ဒါပေမယ့် အခုလို ရက်စက်ရတာ ငါ့ကိုခွင့်လွှတ်ကြပါ"

ငွေရောင်မျက်နှာဖုံးရှင်နှင့်လူက စိတ်ထိခိုက်သောလေသံဖြင့် အသက်ဝိညာဉ်ကင်းမဲ့သူများကို ရေရွတ်ညည်းညူရင်းရှင်းပြတောင်းပန်နေ၏။

သူက အဘယ်သို့သော အကြောင်းဖြင့် ထိုသို့ပြောဆိုနေသနည်း။

ကာယကံရှင် တစ်ဦးတည်းသာ သိနိုင်မည်ဖြစ်လေသည်။

ငွေရောင်မျက်နှာဖုံးရှင်က လင်းရှီအားကြည့်လိုက်လေသည်။



လင်းရှီက နေရာတွင်လဲလျှက်ရှိနေသေးသည်ကို တွေ့လိုက်ရသောကြောင့် အံ့ဩသွားလေသည်။

သူက အံ့ဩဟန်ဖြင့်. . .

"ဟင်. . . ခင်ဗျား မသွားသေးဘူးလား။ ဘာကြောင့် မသွားသေးတာလဲ"

ဟု မေးလေသည်။

"ဟင်"

လင်းရှီလည်း သူ၏စကားကြောင့် အံ့ဩသွားရပြန်သည်။

သို့သော်. . .

သူက မသိဟန်ဆောင်ကာ ချက်ချင်းပင် ဟန်ဆောင်ပြုံးလိုက်သည်။

"ဆိုစမ်းပါဦး၊ ကျုပ်က သေရတော့မယ့်လူ မဟုတ်ဘူးလား။ သည်တော့ ထွက်သွားလို့ ဘယ်ဖြစ်မလဲ"

ဟု ပြောလိုက်သည်။

ငွေရောင်မျက်နှာဖုံးရှင်က ခေါင်းကို အသာခါယမ်းလိုက်သည်။

"အင်း. . . ခင်ဗျားဟာ အတော်နားလည်ရခက်တဲ့လူပဲ၊ ခင်ဗျား သည်ကထွက်သွားရင် အသက်ဆက်ရှင်ခွင့်ရမယ်ဆိုတာ မစဉ်းစားမိဘူးလား"

ဟု မေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေရောင်မျက်နှာဖုံးရှင်၏ သဘောမှာ လင်းရှိကို အသက်ချမ်းသာပေးလိုက်သည်ဟု သာမန်အားဖြင့် ယူဆနိုင်လေသည်။

သို့သော်. . .

လင်းရှိက လုံးဝပင် လှုပ်ရှားခြင်းမပြုဘဲ မေးလိုက်၏။

"သခင်လေးစန်းဝေကိုရော မင်းဘယ်လိုစီစဉ်မလဲ"

ငွေရောင်မျက်နှာဖုံးရှင်က အေးစက်စက် ရယ်မောလိုက်သည်။

"ဟဲ. . ဟဲ. . သူ့ကို ဘယ်လိုစီစဉ်မလဲဆိုတာ ခန့်မှန်းကြည့်ပေါ့ဗျာ"

ဟု ပြောသည်။

လင်းရှိ မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ် ခန့်မှန်းရင် လွဲခဲတယ်ဗျ"

ငွေရောင်မျက်နှာဖုံးရှင်က သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား. . ဟား. . ဟား. . ခင်ဗျားရဲ့ခန့်မှန်းချက်ကို ပြောပြပါဦး၊ ဘယ်လောက်နီးစပ်သလဲဆိုတာ သိရတာပေါ့"

ဟု ပြော၏။

လင်းရှိက ငွေရောင်မျက်နှာဖုံးရှင်ကို စူးရဲသော မျက်လုံးအစုံဖြင့် စိုက်ကြည့်ပြီး. . .

"သည်လောက်တော့ ဘယ်သူမဆို ခန့်မှန်းမိပါတယ်၊



တကယ်တော့ မင်းဟာ သခင်လေးစန်းဝေကို သည်နေရာမှာပဲ သတ်ပစ်ခဲ့မယ်"

သူက စကားကို ခဏရပ်ထားပြီး ငွေရောင်မျက်နှာဖုံးရှင်ကို အကဲခတ်လိုက်သည်။

ငွေရောင်မျက်နှာဖုံးရှင်က ငြိမ်သက်စွာ နားထောင်နေသည်။

လင်းရှိက ဆက်၍. . .

"မင်းဟာ မိုးကြိုးဂိုဏ်းနဲ့ ရွှေဓားဂိုဏ်းကို ရန်တိုက်ပေးတဲ့သဘောပေါ့၊ မင်းကတော့ နောက်ကွယ်ကနေပုန်းပြီး ပွဲကြီးပွဲကောင်းကြည့်မယ့် သဘောမဟုတ်လား"

ငွေရောင်မျက်နှာဖုံးရှင်၏ ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားသည်။

လင်းရှိက ဆက်ပြောသည်။

"ကျုပ်ထင်ရင် မလွဲပါဘူး၊ မောင်ရင့်မှာ ကျုပ်တို့မိုးကြိုးဂိုဏ်းနဲ့ရွှေဓားဂိုဏ်းအပေါ် ကြီးမားတဲ့ရန်ငြိုးရှိနေတယ် မဟုတ်လား"

အနည်းငယ် တုတ်ကျသွားသည့်အလား သူက ဒေါသချောင်းချောင်းထွက်သွားသည်။

"ခင်ဗျား နောက်ထပ် ပြောစရာရှိသေးသလား"

ငွေရောင်မျက်နှာဖုံးရှင်လူရွယ်က အေးစက်စက်အသံဖြင့် မေးမြန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်းရှိက. . .

"မင်းကရော ကျုပ်ကို စကားပြောခွင့်ပြုဦးမယ်လို့ စိတ်ကူးသေးလို့လား"

ဟု မေးလိုက်သည်။

လူရွှယ် သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း. . . အချိန်မရှိတော့ဘူး၊ ကျုပ်က ခင်ဗျားကို မသတ်ချင်ဘူး၊ ဒါကြောင့် သည်နေရာက အမြန်ဆုံးသွားပေတော့"

လင်းရှိက ထွက်သွားရန် စိတ်မကူးပါချေ။

ကောက်ကျစ်သော လူရွှယ်၏အကြံအစည်ကို ရိပ်စားမိလိုက်သည်။

ထို့ကြောင့်. . .

သူက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် သည်ကမသွားတော့ဘူး၊ မင်းသတ်ချင်သတ်လိုက်ပေတော့"

ဟု ပြောလိုက်၏။

သူ၏စကားကြောင့် လူရွှယ်မှာ ဒေါသချောင်းချောင်းထွက်သွားလေသည်။

သူက အေးစက်စွာဖြင့်. . .

"ခင်ဗျားကို ကျုပ်က မသတ်ချင်လို့ ချမ်းသာခွင့်ပေးတယ်၊ ဒါပေမယ့် ခင်ဗျားက ဘာကြောင့် အကြောင်းမဲ့သေချင်ရ



တာလဲ၊ ပြောစမ်းပါဦး"

ဟု ပြောလိုက်၏။

ထိုအခါ လင်းရှိက ရယ်မောလိုက်သည်။

"ဟား. . ဟား. . ဟား. . ကျုပ်ဟာ မင်းရဲ့ရန်ဘက် ကျုပ်ကို မသတ်ဘဲ မင်းကပြန်လွှတ်နေတာ မဆန်းဘူးလား၊ အဲဒါ ဘယ်လိုသဘောလဲ၊ ရှင်းစမ်းပါဦး"

လူရွှယ်က. . .

"အဲဒါက ရှင်းရှင်းလေးပဲ၊ ခင်ဗျားနဲ့ကျုပ်ဟာ ရန်ငြိုးမရှိဘူး၊ ကျုပ်က ဘာကြောင့် အကြောင်းမဲ့သတ်ရမှာလဲ"

လင်းရှိ ပြုံးလိုက်၏။

"မဟုတ်သေးပါဘူး၊ တကယ်တော့ ကျုပ်ကို မင်းက မလွှတ်ချင်ဘူး မဟုတ်လား"

လူရွှယ် စိတ်ပျက်သွား၏။

"ခင်ဗျား တော်တော်ခက်ပါလား၊ ခင်ဗျား သွားမှာသာ သွားစမ်းပါ၊ ကျုပ် လုံးဝ မတားပါဘူး"

လင်းရှိက. . .

"ကျုပ်တို့ မိုးကြိုးဂိုဏ်းကလူတိုင်းကို မင်းက မလာစေချင်မှန်းလည်း သိပါတယ်၊ ဒါပေမယ့် ကျုပ်ကို တစ်ချိန်ချိန်မှာတော့ မင်းက နှုတ်ပိတ်ပစ်ဖို့ ကြံထားတယ် မဟုတ်လား"

လူရွှယ် ဒေါပွသွား၏။

"သည်မှာ လင်းရှိ ပါးစပ်ပိတ်ထားစမ်း၊ ခင်ဗျားသိတာ

www.burmeseclassic.com

www.burmeseclassic.com



တွေများနေပြီ"

သူက စကားဆုံးလျှင် လင်းရှီအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

လင်းရှီက မလှမ်းမကမ်း၌ ရှိနေသော သခင်လေးစန်းဝေကို လှမ်း၍တိုင်တည် ပြောကြားလိုက်လေသည်။

"သည်မှာ သခင်လေးစန်းဝေ. . အခြေအနေကို မြင်တယ် မဟုတ်လား"

ဟု ပြောကြားလိုက်သည်။

ထိုအခါ. . .

တိုက်ခိုက်ရန် ဟန်ပြင်နေသော လူရွယ်က ရုတ်ခြည်း ရပ်တန့်သွားသည်။

လင်းရှီ၏စကားကို စိတ်ဝင်စားသွားခြင်းကြောင့် ဖြစ်သည်။

သူက လင်းရှီကိုကြည့်ကာ. . .

"ခင်ဗျားက သူ့ကိုဘာအစီပွါယ်နဲ့ ပြောတာလဲ၊ ဆက်ပြောပါဦး"

ဟုမေးသည်။

လင်းရှီက စန်းဝေကိုကြည့်ကာ. . .

"သခင်လေးစန်းဝေ. . သေသေချာချာ မှတ်ထားပါ။ ရွှေဓားဂိုဏ်းကလူတွေရယ် မိုးကြိုးဂိုဏ်းက ကျုပ်လင်းရှီတို့ဟာ သည်လူယုတ်မာကြောင့် သေပွဲဝင်ခဲ့ရတယ်"



လင်းရှီက ငွေရောင်မျက်နှာဖုံးရှင်လူရွယ်အား ညွှန်ပြပြီး ပြောလိုက်၏။

"တောက်"

လူရွယ်မှာ ဒေါသချောင်းချောင်း ထွက်သွားလေသည်။

သူက လင်းရှီထံ ခုန်ဝင်၍လက်ဝါးဖြင့် ရိုက်ချလိုက်၏။

"ဝုန်း"

"အင့်"

လင်းရှီမှာ အဝေးသို့ လွင့်စဉ်သွားသည်။

ရင်ဝ၌ ဒဏ်ရာအကြီးအကျယ် ရရှိသွားလေသည်။

သို့သော်. . .

သူက ရှိသမျှ အတွင်းအားစုစည်း၍ ခံထားသဖြင့် အသက် မဆုံးရှုံးရခြင်း ဖြစ်လေသည်။

လူရွယ်က ထပ်၍တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ဤတွင်. . .

လင်းရှီက အားတင်း၍ပြောလိုက်သည်။

"မင်းက ကျုပ်ကို တိုက်ခိုက်ဦးမလို့လား၊ နောက်ကို လှည့်ကြည့်ပါဦး"

"ဟင်"

နောက်သို့ လှည့်မကြည့်ဘဲ လူရွယ်၏ခန္ဓာကိုယ် ဆောင်ခနဲ တုန်ခါသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏နောက်ကျောဘက်၌ လူတစ်ယောက် ချဉ်းကပ်လာသည်ကို ရိပ်စားမိသွားသည်။

သူကိုယ်တိုင်က ထိပ်သီးသိုင်းသမားတစ်ယောက် ဖြစ်ပါလျှက် မိမိ၏နောက်ကျောတွင် တစ်စုံတစ်ယောက် ရောက်ရှိလာသည်ကို မသိနိုင်သည့်အတွက် ကျောချမ်းသွားမိသည်။

သူ၏အနောက်ဘက်တွင် ဘယ်အချိန်ကမသိ ရောက်ရှိလာသူ၏ သိုင်းစွမ်းရည်သည် အဘယ်မျှ မြင့်မားထက်မြက်နေမည်ကို မခန့်မှန်းရဲအောင် ရှိနေသည်။

ထို့ကြောင့်. . .

ငွေရောင်မျက်နှာဖုံးရှင်သည် နောက်သို့လည်း လှည့်မကြည့်ရဲချေ။

သူသည် မည်သို့မျှ မလှုပ်ရှားရဲဘဲ နေရာမှာပင် မလှုပ်ရှားဘဲရပ်နေသည်။

သူ၏မျက်လုံးအစုံသည် သေလုမျောပါး နာကျင်မှုဝေဒနာကို ခံစားနေရသော လင်းရှီထံ အလိုအလျောက် ရောက်သွား၏။

လင်းရှီထံမှ ညည်းညူသံသဲ့သဲ့ ထွက်ပေါ်လာလေသည်။

လူရွယ်က. . .

"အင်း တကယ့်ကို နှမြောစရာကောင်းတဲ့ လူတစ်ယောက်ပဲ"



ဟု စကားစလိုက်သည်။

သူ၏ရည်ရွယ်ချက်မှာ နောက်တွင် စကားသံထွက်လာလိမ့်နိုးဖြင့် သူက စကားစလိုက်ခြင်းပင် ဖြစ်လေသည်။

သို့သော်. . .

သူ၏နောက်ကျောဘက်မှ မည်သည့်စကားသံမျှ ထွက်မလာချေ။

တိတ်ဆိတ်မြဲ တိတ်ဆိတ်နေ၏။

သူက မလှုပ်ရှားရဲဘဲ ဖြစ်နေသည်။

အကယ်၍. . .

သူက လှုပ်ရှားလိုက်သည်နှင့် တပြိုင်နက် နောက်တွင် ရောက်နေသည့်ရန်သူအတွက် အခွင့်ကောင်းရသွားပေမည်။

ထို့ကြောင့်. . .

အတန်ကြာသည်အထိ ငြိမ်၍ရပ်ရင်း အကြားအာရုံကို နားစွင့်နေမိသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

သိသာထင်ရှားသော ထူးခြားမှု၊ ပြောင်းလဲမှု တစ်စုံတစ်ခုမျှ ဖြစ်ပေါ်လာခြင်းမရှိချေ။

ငွေရောင်မျက်နှာဖုံးရှင်(ဝ)လူရွယ် မကျေမနပ် ဖြစ်သွားလေသည်။

"ဘယ်သူလဲ၊ ထွက်ခဲ့စမ်း"

အော်ဟောက်ရင်း အနောက်ဘက် ချာခနဲလှည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏လက်တစ်ဘက်ကိုလည်း လျှပ်တပြက် ဝှေ့ယမ်းပြီး သားဖြစ်သွားလေသည်။

"ဝှစ်. . . ဝှစ်. . . ဝှစ်"

လက်နက်ပုန်းလေးများ တဟုန်ထိုးပစ်လွှင့်သွား၏။

နောက်ကျောဘက်၌ တစ်စုံတစ်ယောက် ရှိနေမည်ဆိုလျှင် ထိုလူမှာ လူရွှယ်၏လက်နက်ပုန်းလေးများ ထိမှန်သွားမည် မလွဲချေ။

သို့သော်. . .

နောက်ကျောဘက်၌ လူသူတစ်စုံတစ်ယောက်မျှ ရှိမနေပါချေ။

"ဟင်"

လူရွှယ် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

သို့သော် သတိဝင်လာကာ လင်းရှီဘက်သို့ လှည့်ကာ အော်ငေါက်လိုက်လေသည်။

"ခင်ဗျားက ကျုပ်ကို လှည့်စားတာပေါ့ ဟုတ်လား"

"ဟား. . ဟား. . ဟား"

လင်းရှီ ရယ်မောလိုက်သည်။

"ကျုပ်စိတ်ထဲ သံသယရှိနေတာကြောင့် မင်းဘယ်သူလဲဆိုတာ သိရအောင် လှည့်စားလိုက်တာပေါ့လေ"

"ဘာကွ"

"ခုတော့ မင်းအကြောင်းကို ကျုပ်သိလိုက်ပါပြီ"



လူရွှယ် မကျေမနပ် ဖြစ်သွားလေသည်။

"ဒါဖြင့် ကျုပ်က ဘယ်သူလဲ၊ ပြောစမ်းပါဦး"

လင်းရှီက. . .

"မင်းဟာ ကြယ်တံခွန်ဂိုဏ်းက လူတစ်ယောက်ပဲ ဖြစ်ရမှာပေါ့"

"ဟင်"

လူရွှယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

လင်းရှီက တည်ကြည်သော မျက်နှာထားဖြင့်ပြော၏။

"ကြယ်တံခွန်ဂိုဏ်းချုပ်မှာ အားထားရတဲ့ ကိုယ်ရံတော်တစ်ယောက် ရှိတယ်၊ သူဟာ သိုင်းပညာထက်မြက်သလို လက်နက်ပုန်းပစ်ပညာ ထူးချွန်တယ်၊ သူ့ရဲ့ကြယ်ပွင့်ပုံသဏ္ဍာန် လက်နက်ပုန်းက ပစ်မလွဲဘူးလို့ သတင်းကြီးတယ်"

လူရွှယ် နှာခေါင်းရှုံ့လိုက်သည်။

လင်းရှီက ဆက်ပြောသည်။

"သူ့နာမည် ကွမ်းကြုံးစုလို့ခေါ်တယ်၊ ကွမ်းကြုံးစုကို ကြယ်တံခွန်ဂိုဏ်းချုပ်က တစ်နေ့ သူ့ရဲ့နေရာကို ဆက်ခံမယ့်လူလို့တောင် ချီးကျူးထားတာ"

လူရွှယ်က. . .

"ခင်ဗျား မဆိုးဘူး"

သူသည် ကြယ်တံခွန်ဂိုဏ်းမှ ကိုယ်ရံတော်ကွမ်းကြုံးစု ဖြစ်ကြောင်း ဝန်ခံလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်းရှိက. . .

"မင်းတို့ ကြယ်တံခွန်ဂိုဏ်းက ဘာကြောင့် ဝင်ရှုပ်ချင်ရတာလဲ၊ ပြောပါဦး"

ဟု မေးလိုက်သည်။

လူရွယ်(ဝါ)ကွမ်းကြုံးစုက. . .

"သိုင်းလောကမှာ ဂိုဏ်းကြီးလေးဂိုဏ်း နာမည်ကြီးနေတာကို ကျုပ်တို့ ဂိုဏ်းချုပ်က သိပ်ပြီးသဘောမကျ ဖြစ်နေတယ်ဗျ"

လင်းရှိက. . .

"ဘာကြောင့်လဲ"

ကွမ်းကြုံးစုက. . .

"သည်နယ်မှာ ဂိုဏ်းကြီးလေးဂိုဏ်း ကြီးစိုးနေတာထက် ဂိုဏ်းတစ်ဂိုဏ်းကပဲ ထင်ထင်ရှားရှား ရှိသင့်တယ်လို့ ယူဆထားလို့ပေါ့ဗျာ"

လင်းရှိက. . .

"မင်းတို့ ကြယ်တံခွန်ဂိုဏ်းလား"

ကွမ်းကြုံးစုက. . .

"ဟုတ်တယ်"

လင်းရှိက. . .

"မင်းစကားက ကြယ်တံခွန်ဂိုဏ်းဟာ တခြားဂိုဏ်းသုံးဂိုဏ်းကို ဖယ်ရှားပစ်ချင်တယ်ဆိုတဲ့သဘော သက်ရောက်နေ



တယ်ဆိုတာကို မင်းသတိပြုမိရဲ့လား"

ကွမ်းကြုံးစု ပြုံးလိုက်သည်။

"ကျုပ် ဘာကြောင့် သတိမပြုမိရမှာလဲ"

"အြော်"

လင်းရှိ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"ကြယ်တံခွန်ဂိုဏ်းက မဆိုးပါဘူး၊ ဒါပေမယ့် ကျုပ်တို့ဂိုဏ်းသုံးဂိုဏ်းကို ဖယ်ရှားပစ်ဖို့ဆိုတာ လွယ်ပါ့မလား"

ကွမ်းကြုံးစု ခေါင်းညိတ်လိုက်သည်။

"ဒါတော့ ဟုတ်တယ်၊ ကျန်တဲ့ဂိုဏ်းသုံးဂိုဏ်းကလည်း မခေဘူးဆိုတော့ ဖယ်ရှားပစ်ဖို့ မလွယ်ဘူးဆိုတာ ဂိုဏ်းချုပ်သိတယ်လေ၊ ဒါကြောင့် သေသေချာချာ အကွက်ချ စီစဉ်ခဲ့တာပေါ့"

လင်းရှိက. . .

"ဂိုဏ်းသုံးဂိုဏ်းကို ရန်တိုက်ပေးဖို့လား"

"ဟုတ်ပါတယ်ဗျာ"

"မင်းတို့ တော်တော် အကြံပက်စက်ပါလား"

"ဟား. . . ဟား. . . ဟား"

ကွမ်းကြုံးစုသည် ဒေါသတကြီးဖြစ်သွားသော လင်းရှိကိုကြည့်ပြီး သဘောကျသွားသည့်အလား ဟားတိုက်ရယ်မောလိုက်လေသည်။

လင်းရှိက. . .

www.burmeseclassic.com

www.burmeseclassic.com



"အခု မိုးကြိုးဂိုဏ်းနဲ့ ရွှေဓားဂိုဏ်းကို ရန်တိုက်ပေးတော့မယ် ဟုတ်လား"

ကွမ်းကြိုးစုက. . .

"ထွက်သွားတဲ့ ခင်ဗျားရဲ့လူတွေကို ကျောက်ဖြူဂိုဏ်းကလူတွေလို ဟန်ဆောင်ထားတဲ့ ကျုပ်တို့လူတွေက တိုက်ခိုက်သုတ်သင်ပစ်ကြလိမ့်မယ်လေ"

"ဘာ"

လင်းရှိက ကွမ်းကြိုးစုအား မျက်လုံးပြူးကာ ကြည့်လိုက်ပြီး. . .

"ကျောက်ဖြူဂိုဏ်းကလူတွေလို ဟန်ဆောင်ထားတယ်ဟုတ်လား"

"ဟုတ်တယ်"

"ကျောက်ဖြူဂိုဏ်းကိုလည်း ဆွဲထည့်မှာကိုး"

"ဂိုဏ်းသုံးဂိုဏ်းကို ရန်တိုက်ပေးပြီး ဖျက်ဆီးမယ်လို့ ပြောပြီးပြီလေဗျာ"

"တောက်"

လင်းရှိ ခံပြင်းဒေါသထွက်နေသော်လည်း ဘာမျှမတတ်သာအောင် ဖြစ်နေ၏။

ရွှေဓားဂိုဏ်းမှ သခင်လေးစန်းဝေသည် မိုးကြိုးဂိုဏ်းပျက်စီးသွားနိုင်သည့် အရေးကိစ္စနှင့်ကြုံတွေ့လိုက်ရသောအခါ မျက်နှာပျက်သွားလေသည်။



"ကြယ်တံခွန်ဂိုဏ်းချုပ်က ရူးသွပ်သွားပြီထင်တယ်"

ဟု ပြောလိုက်လေသည်။

"ဘာကွ"

ကွမ်းကြိုးစု ဒေါသထွက်သွားပြီး သခင်လေးစန်းဝေအား ပါးရိုက်ချလိုက်လေသည်။

"ဖြန်း"

သခင်လေးစန်းဝေ၏ပါးပြင် နီရဲသွား၏။

သခင်လေးစန်းဝေ ခံပြင်းသွား၏။

"ထွီ"

မြေပေါ်တံတွေး ထွေးချလိုက်ပြီး. . .

"ကျုပ်ဟာ မကောင်းမှုတွေ အများကြီးလုပ်ခဲ့ပေမယ့် တခြားဂိုဏ်းတွေ ထိခိုက်အောင် တစ်ခုမှမလုပ်ဘူး၊ ကျုပ်အဖြစ်ကြောင့် ကျုပ်တို့ရွှေဓားဂိုဏ်းပဲ နာမည်ပျက်မယ်၊ ခင်ဗျားတို့ကြယ်တံခွန်ဂိုဏ်းရဲ့ မကောင်းတဲ့လုပ်ရပ်ကို ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူးဗျ"

ဟု အော်ပြောလိုက်လေသည်။

ကွမ်းကြိုးစုက. . .

"မင်းလက်မခံတော့ ဘာအရေးလဲ၊ မင်းက ဘာများတတ်နိုင်မှာမို့လဲ"

"ကျုပ် တတ်နိုင်တာပေါ့"

ကွမ်းကြိုးစု မဲ့ပြုံးပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းလိုကောင်က ရွှေခေးဂိုဏ်းမှာပဲ သခင်လေးဖြစ်နိုင်မယ်၊ ငါတို့ ကြယ်တံခွန်ဂိုဏ်းမှာဆိုရင် အိမ်ဖော်တောင်လုပ်လို့ရမှာ မဟုတ်ဘူး၊ ကဲ ပြောစမ်းပါဦး၊ မင်း ဘယ်လိုတတ်နိုင်မယ်ဆိုတာ ငါသိချင်သေးတယ်"

သခင်လေးစန်းဝေ အံကြိတ်လိုက်သည်။

"သိုင်းလောကမှာရှိတဲ့ ဂိုဏ်းအသီးသီး ကိုယ်ပိုင်အမှတ်အသားသင်္ကေတတွေ အချက်ပြမှုတွေရှိတယ်ဆိုတာ ခင်ဗျားသိပါတယ်"

ကွမ်းကြုံးစု ရယ်မောလိုက်သည်။

"မင်းက အဝေးကြီးမှာရှိနေတဲ့ ရွှေခေးဂိုဏ်းကို အချက်ပြဆက်သွယ်ချင်သေးလို့လား"

သခင်လေးစန်းဝေက. .

"ကျုပ်လူတွေမရှိတော့ ရွှေခေးဂိုဏ်းကလည်း အဝေးမှာဆိုတော့ ဆက်သွယ်လို့မရနိုင်ဘူးဆိုတာ ကျုပ်မသိဘဲ နေပါ့မလားဗျာ"

"ဒါဖြင့်"

"ကျုပ်က ကိုယ့်ကိုကိုယ် အဆုံးစီရင်မလို့"

"ဘာ"

ကွမ်းကြုံးစု ကြောင်အမ်းအမ်း ဖြစ်သွား၏။

"ကိုယ့်ကိုကိုယ် သတ်သေမလို့ဟုတ်လား၊ ဘာဆိုင်လို့လဲကွ"



သခင်လေးစန်းဝေ ပြုံးလိုက်သည်။

"ဆိုင်တာပေါ့ဗျာ၊ ကျုပ်ကိုယ်ကို ကျုပ်သတ်သေ လိုက်မယ်၊ ကျုပ်ရဲ့အလောင်းကို ရွှေခေးဂိုဏ်းကလူတွေ တွေ့သွားရင် ကျုပ်သေဆုံးသွားပုံကိုကြည့်ပြီး ဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာ သိသွားကြမှာပဲ"

သူ၏စကားဆုံးလျှင်. . .

"ဟား. . . ဟား. . . ဟား"

ကွမ်းကြုံးစုက ဟားတိုက်ရယ်မောလိုက်လေသည်။

"မဆိုးဘူး၊ မင်းတော်တယ်၊ သိပ်ကိုတော်တယ်၊ ဒါပေမယ့် မင်းအကြံအစည် ဘယ်တော့မှ အောင်မြင်မှာ မဟုတ်ဘူးကွ"

သခင်လေးစန်းဝေက. . .

"ဘာဖြစ်လို့လဲ"

ကွမ်းကြုံးစုက. . .

"မင်းသေသွားရင် ကျုပ်က မင်းရဲ့အလောင်းကို ဖျောက်ဖျက်ပစ်လိုက်မယ်လေ၊ ရွှေခေးဂိုဏ်းကလူတွေ မင်းရဲ့အလောင်းကိုရှာမတွေ့နိုင်တော့ သူတို့ ဘယ်လိုလုပ်သိနိုင်တော့မှာလဲ"

"ခင်ဗျား"

သခင်လေးစန်းဝေ မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေတော့သည်။

ကွမ်းကြုံးစုက. . .

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ ကြယ်တံခွန်ဂိုဏ်းဟာ ကျန်တဲ့ဂိုဏ်းသုံးဂိုဏ်းကို ဖယ်ရှားပစ်ဖို့ သေသေချာချာ အကွက်ချစီစဉ်ထားပြီးပြီဆိုတာ ဘယ်တော့မှ မမေ့နဲ့"

သူက လင်းရှီကိုကြည့်ပြီး စကားဆက်လိုက်သည်။

"ကျုပ် လွှတ်ပေးလိုက်တဲ့ ခင်ဗျားရဲ့လူတွေကို ကျုပ်တို့ကြယ်တံခွန်ဂိုဏ်းကလူတွေ ကျောက်ဖြူဂိုဏ်းသားတွေ ဟန်ဆောင်ပြီး တိုက်ခိုက်သုတ်သင်ပစ်ကြမယ်ဆိုပေမယ့် သိပ်လည်း စိတ်မပူပါနဲ့ဗျာ၊ ခင်ဗျားအားထားတဲ့ ကျောက်လုကိုတော့ လွှတ်ပေးလိုက်ဖို့ ကျုပ် သေသေချာချာ မှာထားပါတယ်"

လင်းရှီ အံ့ဩသွားသည်။

"ဘာကြောင့် သူတစ်ယောက်ထဲကိုကွက်ပြီး လွှတ်ပေးချင်ရတာလဲ"

ကွမ်းကြုံးစုက. . .

"ကျောက်လုက မိုးကြိုးဂိုဏ်းကို ပြန်ရောက်သွားတာနဲ့ ရွှေဓားဂိုဏ်းနဲ့ကျောက်ဖြူဂိုဏ်းတို့ ပူးပေါင်းပြီး သခင်လေးစန်းဝေကို လုယူသွားတဲ့အကြောင်း ပြောပြဖို့ပေါ့ဗျာ"

လင်းရှီက. . .

"လက်စသပ်တော့ ကျုပ်တို့ဂိုဏ်းကို ရွှေဓားဂိုဏ်းနဲ့သာမက ကျောက်ဖြူဂိုဏ်းနဲ့ပါ ရန်တိုက်ပေးချင်တာကိုး"

ကွမ်းကြုံးစု လက်ကာပြလိုက်သည်။

"ဒါတင်မကသေးဘူးဗျ"



လင်းရှီက. . .

"ပြောစမ်းပါဦး"

ကွမ်းကြုံးစုက. . .

"ခင်ဗျားတို့ဂိုဏ်းချုပ်ဟာ ကျောက်ဖြူဂိုဏ်းနဲ့ ရွှေဓားဂိုဏ်း ပူးပေါင်းလိုက်ရင် ရင်ဆိုင်ဖို့ ခက်မယ်ဆိုတာ တွေးမိမှာပဲ"

မှန်ပေသည်။

မိုးကြိုးဂိုဏ်းမှာ အင်အားတောင့်တင်းသော်လည်း ကျောက်ဖြူဂိုဏ်းနှင့် ရွှေဓားဂိုဏ်းတို့ ပူးပေါင်းထားခြင်းကို ရင်ဆိုင်ဖို့ ခက်ခဲမည်သာဖြစ်သည်။

နောက်မဆုတ်စတမ်း ထိပ်တိုက်ရင်ဆိုင်မည်ဆိုပါက အထိနာမည်ဖြစ်ကြောင်း ထင်ရှားလေသည်။

ကွမ်းကြုံးစုက. . .

"မိုးကြိုးဂိုဏ်းချုပ်ဟာ အခြေအနေကိုကြည့်ပြီး ကျုပ်တို့ကြယ်တံခွန်ဂိုဏ်းကို မဟာမိတ်ဖွဲ့ဖို့ ကမ်းလှမ်းလာလိမ့်မယ်လေ၊ ဒါကို ကျုပ်တို့ဂိုဏ်းချုပ်က လက်ခံပြီး. . ."

စကားဆုံးအောင် မပြောဘဲ တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

လင်းရှီက. . .

"ဟန်ဆောင်မဟာမိတ်ဖွဲ့ပြီး ကူညီမလိုလိုနဲ့ နောက်ကျောကိုဓားနဲ့ထိုးမယ့် သဘောမျိုး ဟုတ်လား"

ကွမ်းကြုံးစု လေတစ်ချက် ချွန်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား သိပ်တော်တယ်၊ ခင်ဗျားပြောတဲ့အတိုင်းပဲဗျ"

"မင်း"

"ခင်ဗျားတို့ဂိုဏ်းချုပ်ဟာ ဂိုဏ်းလေးဂိုဏ်းထဲမှာ အရင်ဆုံးချေမှုန်းခံရတဲ့လူ ဖြစ်သွားမယ်ဆိုတာ ခင်ဗျားတွေးလို့ရပြီပေါ့ဗျာ"

လင်းရှိက. . .

"မင်းတို့ကို တားဆီးရမှာပဲ"

အားယူထကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ကွမ်းကြုံးစု ရယ်မောလိုက်သည်။

"ခင်ဗျား ဘာမှမတတ်နိုင်ပါဘူး"

လင်းရှိက. . .

"ကျုပ် မတတ်နိုင်ပေမယ့် တတ်နိုင်တဲ့လူတော့ ရှိပါသေးတယ်"

ကွမ်းကြုံးစုက သခင်လေးစန်းဝေအား ကြည့်လိုက်သည်။

"သူလား"

လင်းရှိက. . .

"မဟုတ်ဘူး"

ကွမ်းကြုံးစုက. . .

"ဒါဖြင့် ဘယ်သူလဲ"

လင်းရှိက လမ်းဘေးချုံပုတ်ရှိရာသို့ ညွှန်ပြပြီး. . .



"ဟိုမှာ"

ကွမ်းကြုံးစု ရယ်မောလိုက်သည်။

"ကျုပ်ကို လှည့်စားလို့ မရတော့ပါဘူးဗျာ"

လင်းရှိ ခေါင်းခါယမ်းလိုက်သည်။

"လှည့်စားတာမဟုတ်ဘူး၊ ကျုပ် တကယ်ပြောနေတာဗျ"

ကွမ်းကြုံးစုက. . .

"သည်အနီးပတ်ဝန်းကျင်မှာ ဘယ်သူက ရှိနေဦးမှာလဲ၊ ကျုပ်က ကြိုတင်စီစဉ်. ."

သူ၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွား၏။

အကြောင်းမှာ. . .

လမ်းဘေးချုံပုတ်များကြားမှ တိုးထွက်လာသူ နှစ်ယောက်အား တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



ယွင်ပြောင်နှင့်ကျူးပရဲတို့က ချုံပုတ်များကြားမှ တိုးထွက်လိုက်ကြလေသည်။

သူတို့သည် ဂိုဏ်းကြီးလေးဂိုဏ်း၏ ပြဿနာကို အစအဆုံး တွေ့မြင်ခဲ့ကြပြီး ဖြစ်သည်။

ကွမ်းကြုံးစု၏ မတရားသောလုပ်ရပ်ကို လက်ပိုက်ကြည့်မနေနိုင်တော့သည့်နောက်ဆုံး ပုန်းအောင်းနေရာမှ ထွက်လာခဲ့ကြခြင်းဖြစ်သည်။

ကွမ်းကြုံးစု၏ မကောင်းသောအကြံအစည်များကို ဟန့်တားရမည် မဟုတ်ပါလား။

ကွမ်းကြုံးစု ကြောင်အမ်းအမ်းဖြစ်နေ၏။

ယွင်ပြောင်တို့ မလှမ်းမကမ်းသို့ ရောက်ရှိလာတော့မှ သတိဝင်လာပြီး. . .

"မင်း. . . မင်းတို့ ဘယ်သူတွေလဲ"

ယွင်ပြောင်က. . .

"ခင်ဗျားကို ဆုံးမမယ့်လူတွေပေါ့"

"ဘာကွ"

ကျူးပရဲက. . .

"ခင်ဗျားတို့ ကြယ်တံခွန်ဂိုဏ်းဟာ တခြားဂိုဏ်းကြီးသုံးဂိုဏ်းအပေါ်မှာ အကောက်ကြံဖို့ စီစဉ်နေတာကို ကျုပ်တို့ ဟန့်တားရမှာပဲ"

ကွမ်းကြုံးစုက. . .



"ကျုပ်တို့ကိစ္စ မင်းတို့နဲ့မဆိုင်ဘူးထင်တယ်"

ကျူးပရဲက. . .

"ကျုပ်တို့ဟာ မကောင်းသူပယ် ကောင်းသူကယ်တဲ့သူတွေပဲ၊ ဘာကြောင့် မဆိုင်ရမှာလဲ"

ကွမ်းကြုံးစု အံကြိတ်လိုက်သည်။

"မင်းတို့ ဘာတတ်နိုင်မလဲ ကြည့်ကြသေးတာပေါ့"

သူ၏လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လျှင် လက်နက်ပုန်းလေး ပစ်လွှင့်လာလေတော့သည်။

"သတိထား"

ကျူးပရဲနှင့် ယွင်ပြောင်တို့က အချင်းချင်း သတိပေးပြီး ဝဲယာသို့ ခုန်ထွက်ရှောင်တိမ်းလိုက်ကြသည်။

ကွမ်းကြုံးစုသည် ယွင်ပြောင်တို့၏ လှုပ်ရှားမှုကိုကြည့်ပြီး သိုင်းပညာအဆင့်အတန်းကို အကဲခတ်မိလိုက်လေသည်။

"သူတို့ရဲ့ပညာ ထင်သလောက် မဟုတ်ပါလား"

သူက သတိထား၍. . .

"မင်းတို့ရဲ့ပညာ ထင်သလောက် မဟုတ်သေးပါဘူး။ ကဲ အဖော်တွေရှိရင် တစ်ခါတည်းခေါ်လိုက်"

ယွင်ပြောင်တို့တွင် အပေါ်များပါလာခြင်း ရှိမရှိ သွေးတိုးစမ်းလိုက်ခြင်းဖြစ်သည်။

ယွင်ပြောင်က. . .

"ကျုပ်တို့နှစ်ယောက်အတွက် အဖော်မလိုဘူးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



မှတ်ထားစမ်းပါ"

ဤတွင် ယွင်ပြောင်တို့၌ အဖော်ပါလာခြင်းမရှိကြောင်း ကွမ်းကြုံးစု ရိပ်မိသွားလေသည်။

စိတ်ထဲ ပေါ့ပါးသွားပြီး. . .

"သူတို့နှစ်ယောက်ကို နှုတ်ပိတ်လိုက်ရင် ငါ့အကြောင်းတို့ ဘယ်သူမှသိနိုင်တော့မှာ မဟုတ်ဘူး"

အတွေးဆုံးသည်နှင့် ယွင်ပြောင်တို့ထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ယွင်ပြောင်နှင့် ကျူးပရဲတို့ကလည်း ပြန်လည်ရင်ဆိုင်လိုက်ကြသည်။

သူတို့ ထိပ်တိုက် ရင်ဆိုင်မိလိုက်သည်နှင့်. . .

"ဝုန်း. . . ဝုန်း"

ယွင်ပြောင်နှင့် ကျူးပရဲတို့ အဝေးသို့ လွင့်စဉ်သွားကြလေတော့သည်။

♥ ♥ ♥



## ဝေဒနာဆိုး

ယွင်ပြောင်နှင့် ကျူးပရဲတို့သည် ကွမ်းကြုံးစုအား ဆုံးမရန်ဆုံးဖြတ်ပြီး ပုန်းကွယ်ရာမှ ထွက်လာခဲ့ကြခြင်း ဖြစ်သည်။

ထိပ်တိုက်ရင်ဆိုင်လိုက်သောအခါ ကွမ်းကြုံးစု၏ ဆုံးမခြင်းကို ခံလိုက်ရလေသည်။

ယွင်ပြောင်နှင့် ကျူးပရဲတို့ လူးလိမ့်ထလိုက်ကြသည်။

ကွမ်းကြုံးစုအား မျက်လုံးပြူး၍ကြည့်လိုက်ကြသည်။

"ဟား. . . ဟား. . . ဟား"

ကွမ်းကြုံးစုက ဟားတိုက်ရယ်မောလိုက်လေသည်။

"မင်းတို့က သူရဲကောင်းလုပ်ချင်တယ်ပေါ့လေ၊ အခုတော့ ဘယ်လိုလဲ"

ယွင်ပြောင်က. . .

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘာတွေပြောနေတာလဲ"

ကျူးပရဲက. . .

"ကျုပ်တို့က ခင်ဗျားကို မဆုံးမဘူးလို့ ပြောနေလို့လား"

ကွမ်းကြူးစု ကြောင်အမ်းအမ်း ဖြစ်သွား၏။

"ဘာကွ"

ယွင်ပြောင်က. . .

"ကျုပ်ရဲ့လက်သီးကို ကြည့်ထား"

ကျူးပရဲကလည်း. . .

"ကျုပ်ရဲ့လက်ဝါးကို ကြည့်ထား"

နှစ်ယောက်သား ပြေးဝင်တိုက်ခိုက်လိုက်ကြလေသည်။

ကွမ်းကြူးစုသည် ယွင်ပြောင်တို့အား မမှုတော့ပါ။

အသာအယာ ရှောင်တိမ်းပေးပြီး ပြန်လည်တိုက်ခိုက်လိုက်လျှင်. . .

"ဝုန်း. . . ဝုန်း"

ယွင်ပြောင်တို့ လွင့်စဉ်သွားကြပြန်လေတော့သည်။

ဤသို့ဖြင့်. . .

ယွင်ပြောင်တို့က သုံးကြိမ်တိုင်တိုင် တိုက်ခိုက်ပြီး သုံးကြိမ်စလုံး ရှုံးနိမ့်သွားကြလေတော့သည်။

♥ ♥ ♥



သခင်လေးစန်းဝေနှင့် လင်းရှီတို့မှာ ယွင်ပြောင်တို့ ရောက်လာသဖြင့် ဝမ်းသာမိကြလေသည်။

သို့သော်. . .

ယွင်ပြောင်တို့က ကွမ်းကြူးစုအား မယှဉ်နိုင်သောအခါ စိတ်ပျက်သွားကြလေတော့သည်။

သခင်လေးစန်းဝေက လင်းရှီကို ပြောလိုက်သည်။

"ကျုပ်ကို သွေးကြောဖွင့်ပေးပါ။ ဟိုလူတွေနဲ့လက်တွဲပြီး ကွမ်းကြူးစုကို ဆုံးမမှဖြစ်မယ်"

စန်းဝေသည်လည်း ထိပ်တန်းသိုင်းပညာရှိသူ တစ်ဦးဖြစ်သည်။

လင်းရှီတို့က အငိုက်ဖမ်းပြီး တိုက်ခိုက်နိုင်ခဲ့ခြင်းကြောင့်သာ ဖမ်းမိနိုင်ခဲ့ခြင်းဖြစ်သည်။

လင်းရှီက စန်းဝေသိုင်းပညာ အသုံးမပြုနိုင်အောင် အဓိကသွေးကြောအချို့ကိုပိတ်၍ ခေါ်ဆောင်လာခဲ့ခြင်းဖြစ်ပေသည်။

လင်းရှီ တွေဝေသွား၏။

သူနှင့်စန်းဝေက တိုက်ခိုက်မည်ဆိုလျှင် ကွမ်းကြူးစု အခက်တွေ့နိုင်သည်ကို နားလည်ထား၏။

သို့သော်. . .

စန်းဝေ ထွက်ပြေးသွားမည်ကို စိုးရိမ်မိလေသည်။

စန်းဝေ လွတ်မြောက်သွားပြီး ကွမ်းကြူးစုနှင့်သာ ပူး

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းလိုက်ပါက မိုးကြိုးဂိုဏ်းရေတိမ်နစ်ရမည်မှာ သေချာနေကြောင်းတွေးပြီး လင်းရှိက မကြားချင်ဟန်ဆောင်နေလိုက်လေတော့သည်။

ယွင်ပြောင်နှင့် ကျူးပရဲတို့သည်လည်း ဒဏ်ရာအသီးသီးရရှိသွားကြလေသည်။

ကျူးပရဲ၏ နှုတ်ခမ်းထောင့်မှ သွေးများစီးကျနေသည်။

ယွင်ပြောင်ကလည်း. . .

"အဟွတ်. . . အဟွတ်"

"ဝေါ့"

ချောင်းတဟွတ်ဟွတ်ဆိုးရင်း သွေးများအန်ထုတ်လိုက်လေသည်။

နှစ်ယောက်စလုံး အတွင်းဒဏ်ရာများ ရရှိထားကြလေတော့သည်။

သူတို့သည် မိုးမြေအာမခံဌာနနှင့် လက်တွဲ၍တိုက်ပွဲကြီးဆင်နွှဲရင်း ဒဏ်ရာ အပြင်းအထန်ရခဲ့ကြသည်။

အာမခံပစ္စည်းပိုင်ရှင်က သမားတော်များပင့်ဖိတ်၍ ဆေးကုပေးခဲ့သဖြင့် သက်သာပျောက်ကင်းခဲ့ခြင်း ဖြစ်သည်။

ယခုတဖန် ဒဏ်ရာများ ထပ်မံရရှိလိုက်သောအခါ ယွင်ပြောင်နှင့် ကျူးပရဲတို့ အချင်းချင်းကြည့်လိုက်ကြ၏။

ကွမ်းကြုံးစုအား မယှဉ်နိုင်မှန်း နောက်ဆုံး နားလည်ထားကြလေသည်။



သို့တိုင်. . .

ယွင်ပြောင်က အံကြိတ်လိုက်ပြီး. . .

"ငါက သည်ကောင်ကို ပေါ့ပေါ့တန်တန် သဘောထားမိလိုက်တာ မှားသွားတယ်"

ကျူးပရဲ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သည်ကောင့်ကိုညှာလို့ မဖြစ်တော့ဘူး"

နှစ်ယောက်သား ပေကျံနေသော သွေးများကို သုတ်လိုက်ပြီး တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြလေသည်။

"ဟား. . . ဟား. . . ဟား"

ကွမ်းကြုံးစု လှောင်ပြောင်ရယ်မောလိုက်သည်။

"မင်းတို့ကများ ကြီးကြီးကျယ်ကျယ် ပြောနေကြသေးတယ်၊ ကောင်းပြီ၊ သိုင်းသုံးကွက်အကျောပေးလိုက်မယ်၊ ကျုပ်ကိုတိုက်ခိုက်ကြပေတော့"

ယွင်ပြောင်တို့ကလည်း အခွင့်အရေးကို လက်လွတ်မခံဘဲ. . .

"ဟိတ်"

"ယား"

ညာသံပေးကာ ပြေးဝင်တိုက်ခိုက်လိုက်ကြလေသည်။

ရှိသမျှအင်အားကို အသုံးပြုပြီး အပြင်းအထန် တိုက်ခိုက်လိုက်ကြခြင်းဖြစ်သည်။

သို့သော်. . .

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသုံးကွက်မကဘဲ ငါးကွက်ဖြစ်သွားသည်။

ကွမ်းကြုံးစု၏အကျိုးစကိုပင် ထိအောင် မတိုက်နိုက်နိုင်ခဲ့ကြချေ။

နှစ်ယောက်သား စိတ်ခေတ်ကျကာ နောက်ဆုတ်လိုက်ကြလေတော့သည်။

"ဟား. . . ဟား. . . ဟား"

ကွမ်းကြုံးစုက လှောင်ပြောင် ရယ်မောလိုက်ပြန်သည်။

"မင်းတို့ ဘာမှမတတ်နိုင်ဘူးဆိုတာ သိကြပြီ မဟုတ်လား"

ယွင်ပြောင်တို့လည်း စိတ်ပျက်ကာ နောက်ဆုတ်လိုက်ကြလေသည်။

ကွမ်းကြုံးစုက. . .

"ကျုပ်က မင်းတို့ကို အခွင့်အရေးတစ်ခု ထပ်ပေးလိုက်ဦးမယ်"

ကျူးပရဲက. . .

"ဘာများလဲဗျ"

ကွမ်းကြုံးစုက. . .

"ကျုပ်က မင်းတို့ကို မသတ်ဘူး"

ကျူးပရဲက. . .

"ကျုပ်တို့ကို ချမ်းသာပေးပြီး လွှတ်လိုက်မယ် ဟုတ်သလား"



ကွမ်းကြုံးစု ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး"

ကျူးပရဲက. . .

"ဒါဖြင့် အခွင့်အရေးပေးမယ်ဆိုတာ ဘာလဲ"

ကွမ်းကြုံးစုက. .

"မင်းတို့ ကိုယ့်ကိုကိုယ် အဆုံးစီရင်ခွင့်ပေးမယ်လို့ပြောတာ"

"တောက်"

ကျူးပရဲ တက်ခေါက်လိုက်သည်။

သူတို့ ဝင်ရှုပ်မိသဖြင့် ကွမ်းကြုံးစုက အသက်ချမ်းသာပေးတော့မည် မဟုတ်ပါ။

ကွမ်းကြုံးစုနှင့် သူသေကိုယ်သေ ရင်ဆိုင်သွားရတော့မည်သာ ဖြစ်လေသည်။

ယွင်ပြောင်က. . .

"ကျူးပရဲ. . ငါတို့နှစ်ယောက် ပေါင်းသင်းဆက်ဆံခဲ့တဲ့ကာလတလျှောက် မင်းအပေါ်မှာ ငါ့ရဲ့အမှားတွေ အပြစ်တွေရှိခဲ့ရင် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်ကွာ"

ကျူးပရဲက. . .

"အေး. . ငါလည်း မင်းမကြိုက်တာလုပ်မိခဲ့တာ တစ်ခုခုရှိရင် ခွင့်လွှတ်ပါကွာ"

တစ်ယောက်ကိုတစ်ယောက် တောင်းပန်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



လင်းရှိ သက်ပြင်းချလိုက်သည်။

ယွင်ပြောင်တို့က သူသေကိုယ်သေ ရင်ဆိုင်ကြတော့မည်ဖြစ်ကြောင်း ရိပ်မိလိုက်လေသည်။

ကွမ်းကြုံးစု နှာခေါင်းရှုံ့လိုက်သည်။

"ကဲ. . သေချင်ကြတယ်ဆိုရင် လည်း မြန်မြန်လာခဲ့ကြ၊ ကျုပ်မှာ အချိန်မရှိဘူး"

ဟု အော်ပြောလိုက်လေသည်။

ယွင်ပြောင်နှင့် ကျူးပရဲတို့က ဒယီးဒယိုင်ဖြင့် လှမ်းသွားလိုက်ကြလေသည်။

လင်းရှိ မနေသာတော့ပါ။

"ရပ်လိုက်"

လှမ်းပြီး ဟန့်တားလိုက်လေသည်။

ယွင်ပြောင်တို့ လှည့်ကြည့်လိုက်ကြ၏။

လင်းရှိက. . .

"ငါ့ညီတို့ ထွက်သွားကြပါ၊ ကျုပ်တို့ကိစ္စ ကျုပ်တို့ဘာသာ ဖြေရှင်းပါ့မယ်"

ယွင်ပြောင် လက်မခံပါ။

"ကျုပ်တို့ မသွားဘူး၊ သည်လူယုတ်မာက ခင်ဗျားတို့အားလုံးကို ဖျက်ဆီးပစ်လိမ့်မယ်ဗျ"

လင်းရှိက. . .

"ကိစ္စမရှိဘူး၊ ကျုပ်တို့ဂိုဏ်းချုပ်ဟာ ဉာဏ်ပညာအမျှော်အမြင်ကြီးမားပါတယ်၊ သူ ဖြေရှင်းနိုင်ပါလိမ့်မယ်"



ကွမ်းကြုံးစုက. . .

"လင်းရှိ. . . ခင်ဗျားရဲ့ဂိုဏ်းချုပ်ကို အခုအချိန်အထိ ခင်ဗျား အထင်ကြီးနေတုန်းပဲလား"

လင်းရှိက. . .

"ကျုပ်ပြောတာကို မင်းမယုံဘူးဆိုရင် စောင့်ကြည့်လိုက်ပေါ့"

ကွမ်းကြုံးစုက. . .

"ကောင်းပြီလေ၊ ခင်ဗျားတို့အားလုံးကို ရှင်းပြီးမှ မိုးကြီးဂိုဏ်းချုပ် ဘယ်လိုဖြေရှင်းမလဲဆိုတာ ကျုပ်စောင့်ကြည့်လိုက်ဦးမယ်"

သူ၏လျှို့ဝှက်ချက် သိထားသူအားလုံးကို နှုတ်ပိတ်ပစ်တော့မည်ဖြစ်လေသည်

ကွမ်းကြုံးစုက လက်နှစ်ဘက် နောက်ပစ်ကာ ရှေ့တိုးလာ၏။

လင်းရှိ၊ ယွင်ပြောင်နှင့် ကျူးပရဲတို့က ရင်ဆိုင်ဖို့ ပြင်ဆင်ထားလိုက်ကြလေသည်။

ကွမ်းကြုံးစုက ခြေငါးလှမ်းခန့်အကွာ၌ ရပ်တန့်လိုက်၏။

နောက်ပစ်ထားသော သူ၏လက်နှစ်ဘက်၌ အဆိပ်လက်နက်ပုန်းလေးများ ရှိနေပါသည်။

ယွင်ပြောင်တို့အား မလွဲတမ်းပစ်ခတ်နိုင်အောင် ရှေ့တိုး

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ခြင်း ဖြစ်လေသည်။

အလွန်သေချာ စိတ်ချရသည့် အနီးကပ်အနေအထား မျိုးသို့ ရောက်ရှိသွားတော့မှ. . .

"ကဲ. . . ရှောင်နိုင်ရင် ရှောင်လိုက်ကြပေတော့"

ဟု ကြုံးဝါးကာ လက်နှစ်ဘက်ဝှေ့ယမ်းပြီး လက်နက် ပုန်းကလေးများဖြင့် ပစ်ခတ်လိုက်လေသည်။

"ဝှစ်. . . ဝှစ်. . . ဝှစ်"

လက်နက်ပုန်းလေးများသည် ပျားပိတုန်းလိပ်ပြာလေး များအလား ယွင်ပြောင်တို့ထံသို့ ပစ်လွှင့်သွားလေသည်။

ယွင်ပြောင်တို့သုံးယောက် မည်သည့်နည်းနှင့်မျှ ရှောင် တိမ်းနိုင်ကြတော့မည် မဟုတ်ချေ။

ယွင်ပြောင်နှင့် ကျူးပရဲတို့ အချင်းချင်းကြည့်လိုက်ကြပြီး အသေခံကာ တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ကြလေသည်။

ထိုအချိန်မှာပင်. . .

"ဟူး"

လေပွေလှိုင်းတစ်ခု ဖြစ်ပေါ်လာပြီး လူတစ်ယောက် ရောက်ရှိလာလေသည်။

ထိုလူရောက်လာသည်နှင့် လက်နက်ပုန်းလေးများ လည်း ရုတ်ခြည်း ပျောက်ကွယ်သွားလေတော့သည်။

♥ ♥ ♥



ကွမ်းကြုံးစု ကြောင်အမ်းအမ်းဖြစ်သွား၏။

ယွင်ပြောင်တို့အား အချိန်မီ ဝင်ရောက်ကယ်တင်လိုက် သူအား ကြည့်လိုက်သည်။

အသက်ငါးဆယ်ခန့် အနီရောင်ပိုးအင်္ကျီရှည်ဝတ်ထား ပြီး ဥပဓိရုပ် အလွန်ကောင်းသော အဘိုးအိုတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုအဘိုးအိုကား မိုးကြိုးဂိုဏ်းချုပ်ဖြစ်နေပါတော့သည်။

ကွမ်းကြုံးစု မျက်လုံးပြူးသွားလေသည်။

"မိုးကြိုးဂိုဏ်းချုပ်"

မိုးကြိုးဂိုဏ်းချုပ်အား မည်သို့မျှ မယှဉ်နိုင်သဖြင့် ချာခနဲ လှည့်ကာ ထွက်ပြေးရန်ဟန်ပြင်လိုက်၏။

သူ၏နောက်ကျောဘက်၌လည်း အဘိုးအိုတစ်ယောက် ရှိနေပါသည်။

ထိုအဘိုးအိုမှာ ကျောက်ဖြူဂိုဏ်းချုပ်ဖြစ်လေသည်။

ကျောက်ဖြူဂိုဏ်းချုပ်က ပြုံးပြလိုက်သည်။

"သခင်လေးစန်းဝေရဲ့ကိစ္စ တိုင်ပင်ရအောင် မိုးကြိုး ဂိုဏ်းချုပ်က ဖိတ်ခေါ်လိုက်တာနဲ့ ကျုပ်က မိုးကြိုးဂိုဏ်းမှာ ရောက်နေတယ်လေ၊ ကျောက်လု ဒဏ်ရာတွေနဲ့ရောက်လာပြီး လမ်းမှာတိုက်ခိုက်ခံရတာ ကျောက်ဖြူဂိုဏ်းကလူတွေ ပါနေ တယ်လို့ ပြောပြလို့ တစ်ခုခု မှားယွင်းနေတယ်ဆိုတာ ရိပ်မိပြီး ကျုပ်လိုက်လာတာ"

www.burmeseclassic.com



ကွမ်းကြိုးစု မျက်နှာပျက်သွား၏။

ကျောက်ဖြူဂိုဏ်းချုပ်က သခင်လေးစန်းဝေကို လှမ်းပြောလိုက်၏။

"သခင်လေးကို ပြောရမှာ စိတ်မကောင်းပါဘူး၊ ကိုယ်ရဲ့တော်မိန်စုက သခင်လေးကို လာကယ်တာ သူ့သဘောနဲ့သူပါ၊ ရွှေအားဂိုဏ်းချုပ်ကတော့ သခင်လေးရဲ့လုပ်ရပ်တွေကို လက်မခံပါဘူး၊ တိုင်ပင်ဆွေးနွေးဖို့ ဖိတ်ခေါ်လိုက်တော့ သူရှက်လွန်းလို့ မလာပါရစေနဲ့၊ သခင်လေးရဲ့အပြစ်တွေကို ကျုပ်တို့ကပဲ စစ်ဆေးပြီး ထိုက်တန်တဲ့အပြစ်ပေးပါလို့ အကြောင်းပြန်ခဲ့တယ်"

သခင်လေးစန်းဝေမှာလည်း နောင်တရနေပြီ ဖြစ်ရကား

"ကျွန်တော် မှားပါတယ်၊ အပြစ်အတိုင်း စီရင်ကြပါခင်ဗျား၊ ကျွန်တော့်အပြစ်ကို ရဲရဲဝံ့ဝံ့ခံယူသွားပါ့မယ်"

ထိုစကားကြားလျှင် ကျောက်ဖြူဂိုဏ်းချုပ်နှင့် မိုးကြိုးဂိုဏ်းချုပ်တို့ သဘောကျသွားသည့်အလား ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်ကြလေသည်။

ကွမ်းကြိုးစု ဘာမှမတက်သာဘဲ မြေပေါ်ဒူးထောက်ချလိုက်လေတော့သည်။

♥ ♥ ♥



ကွမ်းကြိုးစုနှင့် ကြယ်တံခွန်ဂိုဏ်းချုပ်တို့၏ မကောင်းသောအကြံအစည် ပေါ်ပေါက်သွားပြီ ဖြစ်သည်။

ကြယ်တံခွန်ဂိုဏ်းက ကျွန်ုပ်ဂိုဏ်းသုံးဂိုဏ်းအား ဖျက်ဆီးဖို့ကြံစည်ခဲ့သည့်ကိစ္စ ပေါ်ပေါက်သွားပြီဖြစ်ရကား ကြယ်တံခွန်ဂိုဏ်းသာ ပျက်စီးသွားတော့မည်ဖြစ်သည်။

ပြဿနာများ ဖြေရှင်းပြီးသွား၍ ယွင်ပြောင်နှင့် ကျူးပရဲတို့ စိတ်လျှော့လိုက်ကြရာ မဟန်နိုင်တော့ဘဲ. . .

"ဝုန်း. . . ဝုန်း"

နှစ်ယောက်သား မြေပေါ်လဲကျကာ သတိလစ်မေ့မြောသွားကြလေတော့သည်။

မိုးကြိုးဂိုဏ်းချုပ်က. . .

"သူတို့က ဘယ်သူတွေလဲ"

"သူတို့ဟာ. . ."

လင်းရှီက အကျိုးအကြောင်း ရှင်းပြလိုက်လေသည်။

မိုးကြိုးဂိုဏ်းချုပ်က. . .

"သိုင်းလောကသား သူ့ရဲကောင်းလေးတွေပဲ"

ဟု ချီးကျူးစကားပြောပြီး ယွင်ပြောင်တို့အနီးသို့ ချဉ်းကပ်သွားပြီး စမ်းသပ်စစ်ဆေးကြည့်လိုက်လေသည်။

ကျောက်ဖြူဂိုဏ်းချုပ်နှင့် လင်းရှီတို့ အကဲခတ်ကြည့်နေကြသည်။ မိုးကြိုးဂိုဏ်းချုပ် သက်ပြင်းချလိုက်သည်။

"အင်း. . စိတ်မကောင်းစရာပါလား"

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖြူဂိုဏ်းချုပ်က. . .

"သူရဲကောင်းလေးတွေ ဘာဖြစ်လို့လဲ"

မိုးကြိုးဂိုဏ်းချုပ်က. . .

"ဒဏ်ရာတွေက ပြင်းထန်လွန်းတော့ သူတို့ရဲ့သိုင်းပညာ ဆုံးရှုံးသွားပြီ၊ ဘယ်တော့မှ သိုင်းပညာ အသုံးပြုလို့ရတော့မှာ မဟုတ်ဘူး၊ အသက်ရှင်နေတာပဲ ကံကောင်းတယ်၊ သူတို့မှာ အရင်က ပြင်းပြင်းထန်ထန်ရခဲ့တဲ့ဒဏ်ရာဟောင်းလည်း ရှိထားပုံရတယ်"

ကျောက်ဖြူဂိုဏ်းချုပ်က. . .

"အတော်ကို ဆိုးဝါးပါလား၊ သိုင်းလောကအတွက် သူရဲကောင်းလေးနှစ်ယောက် ဆုံးရှုံးလိုက်ရတာပဲ၊ ဘာပဲဖြစ်ဖြစ် သူတို့အသက်ရှင်အောင် အရင်ဆုံးကုသပေးရမှာပဲ"

မိုးကြိုးဂိုဏ်းချုပ်က. . .

"သူတို့အတွက် ကျုပ်ပဲ တာဝန်ယူလိုက်ပါမယ်ဗျာ"

ယွင်ပြောင်တို့အား မိုးကြိုးဂိုဏ်းသို့ခေါ်သွားပြီး ဆေးကုပေးဖို့ တာဝန်ယူလိုက်လေသည်။

မိုးကြိုးဂိုဏ်းချုပ်နှင့် ကျောက်ဖြူဂိုဏ်းချုပ်တို့ ရောက်ရှိလာကြသဖြင့် ယွင်ပြောင်တို့ ကံကောင်းသွားကြတော့သည်။

နောက်ပိုင်းတွင်. . .

မိုးကြိုးဂိုဏ်း၊ ကျောက်ဖြူဂိုဏ်းနှင့် ရွှေခေါဂိုဏ်းတို့ ပူးပေါင်းကာ ကြယ်တံခွန်ဂိုဏ်းအား ချေမှုန်းလိုက်ကြလေသည်။



ကွမ်းကြိုးစုက သက်သေဖြစ်နေ၍ ကြယ်တံခွန်ဂိုဏ်း၏ မကောင်းသော လုပ်ရပ်များပေါ်ပေါက်သွားကာ သိုင်းလောကတစ်ခုလုံးကလည်း လက်မခံသဖြင့် ကြယ်တံခွန်ဂိုဏ်း ပျက်စီးပြိုကွဲသွားရလေတော့သည်။

ရွှေခေါဂိုဏ်းမှ သခင်လေးစန်းဝေနှင့် ပတ်သက်၍လည်း အပြစ်များရှိနေသည့်တိုင် နောင်တရနေပြီဖြစ်ရကား အများအကျိုးကို ဆထက်တံပိုးဆောင်ရွက်ခြင်းဖြင့် အပြစ်ကြေးပေးဆပ်ရန် အမိန့်ချမှတ်လိုက်ကြလေသည်။

ယွင်ပြောင်နှင့် ကျူးပရဲတို့မှာ မိုးကြိုးဂိုဏ်းချုပ်၏ ဂရုစိုက်ကုသပေးမှုကြောင့် အသက်ချမ်းသာရာရခဲ့ကြလေသည်။

သို့တိုင် သူတို့၏သိုင်းပညာ ဆုံးရှုံးသွားခဲ့ရကား သိုင်းလောက၌ ကျင်လည်ကျက်စား၍ မရနိုင်တော့ပါ။

ယွင်ပြောင်တို့လည်း သိုင်းလောကကို ကျောခိုင်းကာ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ပြီး အေးချမ်းစွာ နေထိုင်လိုက်ကြလေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



ယွင်ပြောင်က ကျူးပရဲနှင့် လမ်းခွဲဖို့အကြောင်း ဖန်လာခဲ့လေသည်။ အကြောင်းမှာ မိန်းမချောလေးတစ်ယောက်နှင့် ဖူးစာဆုံမိပြီး အိမ်ထောင်ပြုလိုက်ခြင်းကြောင့် ဖြစ်လေသည်။

ကျူးပရဲနှင့် ယွင်ပြောင်တို့ အစပိုင်းတွင် တစ်နှစ်တစ်ကြိမ် နှစ်သစ်ကူးပွဲတော်၌ တွေ့ဆုံခဲ့ကြပြီး နောက်ပိုင်းမတွေ့ဖြစ်တော့ပါ။

ယွင်ပြောင်တို့ ဇနီးမောင်နှံတွင် ကလေးတစ်ယောက် မွေးဖွားခဲ့လေသည်။ ထိုကလေးမွေးဖွားပြီး မကြာမီ ယွင်ပြောင်တို့နေထိုင်သော ရွာကလေး၌ ကူးစက်ရောဂါဆိုးတစ်ခု ကျရောက်ခဲ့ရာ ယွင်ပြောင်တို့ ဇနီးမောင်နှံနှစ်ယောက်စလုံး တိမ်းပါးသွားခဲ့ကြလေသည်။

ထိုသတင်းဆိုးကြောင့် ကျူးပရဲ အမြန်ဆုံး အရောက်သွားခဲ့ပြီးလျှင် ယွင်ပြောင်၏ကလေးကိုမွေးစားဖို့ ယူဆောင်ခဲ့လေသည်။

♥ ♥ ♥

မင်းလမ်းမကြီးပေါ်၌ လူစည်ကားရှုပ်ထွေးနေ၏။

လူတစ်ယောက်သည် လမ်းဘေးသစ်ပင်တစ်ပင်အောက်၌ရပ်ကာ ငေးမောကြည့်နေ၏။

ကျူးပရဲ ဖြစ်သည်။



ကျူးပရဲ၏ရင်ခွင်ထဲ၌ ယွင်ပြောင်၏ကလေးကို ပိုက်ထား၏။ ယွင်ပြောင်၏ကလေးမှာ ယောကျာ်းလေးဖြစ်ပြီး ချစ်စရာလေးဖြစ်သည်။

"အဟွတ် . . . အဟွတ်"

ကျူးပရဲ ချောင်းတဟွတ်ဟွတ် ဆိုးလိုက်သည်။

သူသည် တိုက်ပွဲများ၌ရရှိခဲ့သော ဒဏ်ရာများကြောင့် သိုင်းပညာဆုံးရှုံးသွားသကဲ့သို့ နောက်ပိုင်းတွင် ဒဏ်ရာဟောင်းများ ထလာကာ ကျန်းမာရေးမကောင်းတော့ချေ။

သူလည်း သက်ဆိုးရှည်မည်မဟုတ်ကြောင်း ကျူးပရဲ နားလည်ထားလေသည်။

ယွင်ပြောင်၏ကလေး ကြီးပြင်းလာသည်အထိ ကျွေးမွေးစောင့်ရှောက်ရန် အခက်အခဲရှိနေပြီဖြစ်သည်။

ကျူးပရဲ ငေးမောနေစဉ် မြင်းလှည်းတစ်စီး မြင်ကွင်းထဲဝင်ရောက်လာလေသည်။

နန်းတွင်းအရာရှိ တစ်ယောက်၏ မြင်းလှည်းဖြစ်သည်။

ကျူးပရဲ ချက်ချင်းပြုံးလိုက်သည်။

"ယွင်ပြောင် . . မင်းရဲ့သားလေးကို နန်းတွင်းရောက်အောင် ငါပို့ပေးလိုက်မယ်၊ မင်းစိတ်ချနေပေတော့"

ဟု ရေရွတ်ကာ မြင်းလှည်းအနီးသို့ တိတ်တဆိတ် ချဉ်းကပ်သွားလိုက်လေတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## ရက်ရက်စက်စက်

နေခြစ်ခြစ်တောက် ပူပြင်းနေသည်။

အရိပ်အာဝါသကင်းမဲ့သော လွင်ပြင်ကျယ်ကြီးအတွင်း၌တံလျှပ်များပင် ထနေသည်။

ရုတ်တရက်. . .

မြေကြီးများ သိမ့်သိမ့်တုန်ခါသွား၏။

မြေငလျင် လှုပ်ခတ်လိုက်ခြင်းပေလော။

အဝေးသို့ မျှော်ကြည့်လိုက်မည်ဆိုလျှင် ဖုန်လုံးကြီးများ ထလာသည်ကို တွေ့မြင်ရမည်ဖြစ်လေသည်။

ထို့နောက်. . .

"ခွပ်ခွပ် . . . ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာသည်။



မြင်းခွာသံသည် အစောပိုင်းတွင် ခပ်သဲ့သဲ့ကြားရသည်ဖြစ်သော်လည်း တဖြည်းဖြည်းနှင့်ကျယ်လောင်မြည်ဟီးလာသည်။

မြင်ကွင်းထဲ၌ မြင်းစီးသမားတစ်စု ဘွားခနဲ ထွက်ပေါ်လာကြသည်။

ထိုမြင်းစီးသမားများသည် တဟီးဟီးတဟားဟား အသံသေးအသံကြောင်ဖြင့် ဒုန်းစိုင်းနှင်လာကြခြင်းဖြစ်ပေသည်။

သူတို့သည် တစ်စုံတစ်ခုသော အကြောင်းကိစ္စအတွက် လွန်စွာမှပင် သဘောတွေ့နေကြပုံရလေသည်။

အဘယ်အရာကို သဘောတွေ့နေကြပါသနည်း။

ထိုမြင်းစီးသမားများအား သေသေချာချာ ကြည့်မည်ဆိုလျှင် ထူးခြားမှုတစ်ခုရှိနေမည်ကို တွေ့မြင်ရမည်ဖြစ်လေသည်။

မြင်းစီးသမားတစ်ယောက်က လူတစ်ယောက်အား ကြိုးဖြင့်ဆွဲလာခြင်းပင် ဖြစ်လေသည်။

ထိုလူသည် မြင်းကို မှီအောင် ပြေးမလိုက်နိုင်သဖြင့် မြေပေါ်လဲကျကာ မြင်းဆွဲပြေးသည့်အတိုင်း တရွတ်တိုက်ပါသွားလေသည်။

မြေပေါ်မှ မြေကြီး၊ ခဲများ၊ ကျောက်ခဲများနှင့် ဆောင့်မိ၊ တိုက်မိသဖြင့် တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲနေသည်။

ထိုလူမှာ အော်ဟစ်ငြီးတွားခြင်းပင် မပြုနိုင်တော့ပါချေ။

မြင်းစီးသမားများက လုံးဝသနားသက်ညှာခြင်း မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဟေး . . ဟေး . . ဟေး"

"ပြေးလိုက်စမ်း"

မြင်းများကိုသာ ဒုန်းစိုင်းနှင်နေကြသည်။

"ဟီး . . . ဟီး . . . ဟီး"

မြင်းများက ဟီသံပေးပြီး သခင့်အလိုကျ အားကုန်ပြေးသွားကြလေသည်။

တစ်နေရာသို့ ရောက်သောအခါ မြင်းစီးသမားတစ်ဦးက သူ့လူတွေကို လက်မြှောက်၍ တားလိုက်၏။

သူ၏ပါးစပ်မှလည်း . . .

"နေကြဦးဟေ့ . . ခဏရပ်ဦး"

ဟု အော်ဟစ်ပြောလေသည်။

သူတို့အားလုံး ရပ်တန့်လိုက်ကြသည်။

သူတို့ရပ်လိုက်သောအခါ မိုးကောင်းကင်ပေါ်တွင် မည်သည့်အချိန်က ရောက်မှန်းမသိသော လူသားစားလင်းတငှက်ကြီးများသည် ဝဲပျံ၍နေကြ၏။

သူတို့မြင်းနောက်တွင် ကြိုးတုပ်၍ ဒရွတ်တိုက်ဆွဲလာသော သွေးသံရဲရဲလူတစ်ယောက်၏ ကံကြမ္မာကို နိမိတ်ဖတ်ကြဟန်တူ၏။ မြင်းတွေ ရပ်လိုက်သည်နှင့် ခေါင်းဆောင်ဖြစ်ဟန်တူသူက . . .

"ဟေ့ . . . ဟိုကောင်ကို ကြည့်စမ်းပါဦး၊ အသက်ရောရှိသေးရဲ့လားလို့"



ဟု လှမ်း၍ ပြောလိုက်ရာ ကြိုးကိုင်ဆွဲထားသော မြင်းစီးသမားက သူ့မြင်းပေါ်မှခုန်ချ၍ အောက်သို့ ဆင်းလိုက်ပြီး သူ့မြင်းနောက်၌ ကပ်ပါလာသောလူကို သွားကြည့်ပြီး လက်ခါပြသည်။

"အသက် မရှိတော့ဘူး ဆရာရေ"

"အေး . . . ကောင်းတာပေါ့"

"သူ့ကို သယ်ခဲ့ရဦးမှာလား ဆရာ"

"ထားခဲ့တော့၊ ကျန်တဲ့အလုပ်ကို လင်းတငှက်တွေက တာဝန်ယူလိမ့်မယ်"

ထိုအခါ အောက်ရောက်နေသူ မြင်းစီးသမားသည် လက်ထဲမှ ကြိုးကို ပစ်ချလိုက်၏။

ထို့နောက် သူ့မြင်းပေါ်သို့ ခုန်တက်ကာ ထွက်ခွာစပြုနေသော သူတို့၏မြင်းစီးသမားများနောက် တစ်ဟုန်ထိုး လိုက်ပါသွားရတော့၏။

သူတို့သည် အခြားသူများ မဟုတ်ချေ။

အရှေ့မြောက်ပိုင်း လွင်ပြင်ဒေသ၌ အလွန်နာမည်ကြီးနေသော ရွှေခြသေ့ဂိုဏ်းသားများပင် ဖြစ်သည်။

ရွှေခြသေ့ဂိုဏ်းသားများသည် သာမန်လူဆိုး၊ လူမိုက်တွေ မဟုတ်ဘဲ သိုင်းပညာတွင် အဆင့်မြင့်သိုင်းသမားများ ဖြစ်ပေသည်။

သူတို့သည် သိုင်းပညာ၌ ထူးချွန်ထက်မြက်သော သိုင်း

www.burmeseclassic.com

www.burmeseclassic.com



သမားများ ဖြစ်၏။

ရွှေခြသေ့်ဂိုဏ်းသားမှန်လျှင် သိုင်းပညာကို သာမန်အဆင့်တွင် မရှိစေရ။

အထူးသဖြင့် ရွှေခြသေ့်ဂိုဏ်းသားတစ်ယောက်သည် ဓား၊ လှံ၊ ပုဆိန်၊ ဓားမြှောင် အစရှိသော လက်နက်တစ်ခုခုတွင် ထူးချွန်ထက်မြက်နေရမည် ဖြစ်ပေသည်။

ရွှေခြသေ့်ဂိုဏ်းကြီး၏ လက်ရှိဂိုဏ်းချုပ်မှာ ရွှေခြသေ့်ထင်းရိုဖုံးပင် ဖြစ်သည်။

ရွှေခြသေ့်ထင်းရိုဖုံး၏ညီဖြစ်သူမှာ ဆံနီခြသေ့်ထင်းဝမ်းပင် ဖြစ်သည်။

ဆံနီခြသေ့်ထင်းဝမ်းတွင် ဇနီးမယား သားသမီး မရှိသော်လည်း အစ်ကိုဖြစ်သူ ထင်းရိုဖုံးတွင်မူ ဇနီးရှိ၏။

သူတို့တွင် မွေးစားထားသည့် သားနှင့်သမီးတစ်ယောက်စီရှိ၏။

သူ၏ဇနီးအမည်မှာ ရှမ်းအင်း ဖြစ်လေသည်။

သူ၏မွေးစားသားအမည်မှာ ထင်းစွမ်း ဖြစ်ပြီး မွေးစားသမီးအမည်မှာ ထင်းဟွား ဖြစ်သည်။

ထင်းစွမ်းနှင့် ထင်းဟွားမှာ အရွယ်ရောက်နေပြီ ဖြစ်ပေသည်။

ထင်းစွမ်းသည် လူဆိုးလူမိုက်စိတ်များ ပူးကပ်နေပြီး ထင်းဟွားသည် လူဆိုးလူမိုက်စိတ်များကို မလွှဲသာ၍သာ ခံယူ



ထားရသည်။ သူ့ကိုယ်၌ကမူ လူဆိုးလူမိုက် ဒုစရိုက် သိုင်းလောကသားအဖြစ် ခံယူလိုစိတ်မရှိချေ။

သို့သော် သူမသည် မတတ်သာချေ။

ရွှေခြသေ့်ဂိုဏ်းသားမှန်လျှင် မိုက်ရမည်၊ ဆိုးပေတေရမည် မဟုတ်ပါလား။

ရွှေခြသေ့်ဂိုဏ်းချုပ်ထင်းရိုဖုံးနှင့်အတူ ပြိုင်၍ မိုက်နိုင်သူ ဆိုးပေတေနိုင်သူမှာကား ညီဖြစ်သူ ဆံနီခြသေ့်ထင်းဝမ်းပင် ဖြစ်သည်။

သည်ကနေ့ မြို့တစ်မြို့ကို သွားရောက်တိုက်ခိုက်ရာတွင် လူတစ်ယောက်ကို သူတို့အလုပ်တွင် အနှောင့်အယှက်ပေးသူဟု စွပ်စွဲကာ လက်နှစ်ဖက်ကို ကြိုးနှင့်တုပ်နှောင်ပြီး မသေ့သေအောင် မြင်းနောက်တွင် ကြိုးတုပ်ချည်၍ တရွတ်တိုက် ဆွဲလာခြင်း ဖြစ်သည်။

အခုတော့ တရွတ်တိုက် ဆွဲခံရသူလည်း အသက် မရှိတော့ပြီ ဖြစ်သည်။

ဆံနီခြသေ့်ထင်းဝမ်းတို့လူစုလည်း မြင်းများကို အပြင်းနှင်ကာ ပြေးထွက်သွားလေတော့၏။

ဤအရပ်ဒေသကား နန်းတွင်းနှင့် အလှမ်းဝေးကွာဝေးလှသဖြင့် တရားဥပဒေစိုးမိုးရေးမှာ တစ်ခါတစ်ခါ လျော့တိလျော့ရဲ ဖြစ်လာတတ်၏။

နေရာဒေသများကလည်း လွင်ပြင်မှာရော တောင်တန်း

www.burmeseclassic.com

www.burmeseclassic.com



တောင်ကုန်းများပါ အလွန်ပင်ကြီးမားကျယ်ပြန့်ပေလေသည်။

အလွန်မြင့်မားသော တောင်တန်းကြီးများကလည်း အဘက်ဘက်မှ ဝန်းရံထားသကဲ့သို့ ရှိနေလေသည်။

ဤအရပ်ဒေသသည် သွားလာမှုကလည်း အလွန်ခက်ခဲပေ၏။

အထူးသဖြင့် စီချွမ်မြစ်သို့ပင် အားကိုးအားထားပြု၍ သွားကြလာကြရ၏။

အခြားအခြားသော ပြည်နယ်ကြီးများနှင့် နှိုင်းစာလျှင် အပူအအေးသင့်တင့်သည်ဟု ဆိုရပေမည်။

သို့သော် နန်းတွင်းနှင့် ဝေးကွာသောကြောင့် နယ်စားများ တာဝန်ပျက်ကွက်သောအခါ လူဆိုးလူမိုက်များ၊ ဒုစရိုက်လောကသားများ ပိုမို၍ များပြားလာတတ်၏။

ယခုအချိန်မှာ ထိုသို့ တရားဥပဒေစိုးမိုးရေး လျော့ရဲပျက်ပြားနေသောအချိန် ဖြစ်သည်။ ရွှေခြသေ့်ဂိုဏ်းမှာ အခွင့်အလမ်းတစ်ခုဖြစ်၍ နေပေသည်။

"ဟေး"

"ဟေး"

ဆံနီခြသေ့်ထင်းဝမ်းတို့၏ မြင်းစီးသမားတစ်စု မြင်းများကို ဒုန်းစိုင်း၍ ထွက်လာခဲ့ကြပြန်၏။

♥ ♥ ♥



သူတို့အားလုံး မြင်းဆယ်စီးခန့် ရှိပေမည်။

ဦးဆောင်လာသူမှာကား ဆံနီခြသေ့်ပင် ဖြစ်သည်။

သူသည် အသက်လေးဆယ်ကျော်ရုံသာ ရှိသေးသည်။

ကျန်းမာသန်စွမ်းသူ ဖြစ်ရုံသာမက သိုင်းပညာလည်း အလွန်ထက်မြက်သည် ဖြစ်၍ ဒုစရိုက်လောကတွင် ဆံနီခြသေ့်၏အမည်မှာ ထင်ရှား၍နေသည်။

ဆံနီခြသေ့်ဘွဲ့မှာ သူ့ကို သိုင်းလောကသားတွေ ပေးသော ဘွဲ့တစ်ခု ဖြစ်သည်။

ဆိုလိုသည်မှာ ဆံနီခြသေ့်သည် အလွန်ရက်စက်ကြမ်းကြုတ်သူ ဖြစ်သဖြင့် သူနှင့်တွေ့သူတိုင်း သူ့ကို ဆန့်ကျင်သည်နှင့် သေဆုံးသွားရသောကြောင့် ဖြစ်ပေသည်။

"ခွပ်. . ခွပ်. . ခွပ်"

"ခွပ်. . ခွပ်. . ခွပ်"

ဆံနီခြသေ့်ထင်းဝမ်းတို့လူစုသည် တောင်ကုန်းတစ်ခု၏ ထိပ်သို့ ရောက်ရှိလာသောအခါ မြင်းများကို အရှိန်သတ်၍ ရပ်လိုက်ကြသည်။

သူတို့၏အကြည့်များက သူတို့မျက်နှာမူရာ တောင်ဆင်းလမ်းအား မျက်စိတစ်ဆုံး လှမ်းမျှော်၍ ကြည့်နေပေသည်။

မြင်ကွင်းတစ်ခုလုံးမှာကား စားကျက်ခင်းတွင် လွှတ်ထားသော သိုးအုပ်ကလွဲ၍ လှုပ်ရှားမှု တစ်စုံတစ်ရာ မရှိချေ။

ထင်းဝမ်းသည် ကောင်းကင်ကိုမော့၍ နေအမြင့်အနေ

www.burmeseclassic.com

www.burmeseclassic.com



အထားကို ကြည့်ကာ အချိန်ကို မှန်းလိုက်သည်။

နေထန်းတစ်ဖျား မကျော်မီ မိမိတို့အဖွဲ့က ဤနေရာသို့ ရောက်ရှိရမည် ဖြစ်ပြီး မိမိတို့ လွှတ်ထားသော ရှေးဦးအထောက်တော် ငါးဦးအဖွဲ့နှင့်ဆုံကြမည်။

ထိုအဖွဲ့ကို ဦးဆောင်သွားသူမှာကား ကျွင်းလီ ဖြစ်ပေလေသည်။

ကျွင်းလီသည် မူလအစီအစဉ်အတိုင်း စစ်ကျိုးမြို့သို့ သွားကာ စစ်ကျိုးမြို့မှ သစ္စာအာမခံဌာန ကုန်တင်မြင်းလှည်း ငါးစီး ထွက်မည်ဆိုသောသတင်း ဟုတ်မဟုတ် အတိအကျ သိလို၍ သွားရောက်စုံစမ်းခြင်း ဖြစ်ပေသည်။

ထိုသတင်းမှန်ပါက မိမိတို့ ရွေးခြယ်ဂိုဏ်းသားများက အသူရာချောက်ကမ်းပါးအထက် ဖြတ်လမ်းမှစီး၍ တိုက်ခိုက်ကြမည် ဖြစ်သည်။

♥ ♥ ♥

ကုန်တင်မြင်းလှည်းငါးစီးတွင် ပါရှိသော အဖိုးတန်ပစ္စည်းများကို လုယူကြမည်။

မြင်းလှည်းများနှင့် မလိုအပ်သော ကုန်ပစ္စည်းများကိုမူ အသူရာချောက်ကမ်းပါးအောက် ပစ်ချဖျောက်ဖျက်ကြပေမည်။

ထင်းဝမ်းသည် ဘေးမှယှဉ်လျက်သား ရှိနေသော



နောက်လိုက်တပည့် ကွမ်းကြုံးဆိုသူအား မေးလိုက်လေသည်။

"ဟေ့. . . ကွမ်းကြုံး။ ကျွင်းလီတို့သွားတာ မနက်ကတည်းကပါ။ ဒီအချိန် တောင်ကုန်းကို ရောက်ရမယ် ပြောထားရက်နဲ့ ဒီကောင် ဘယ်ဝင်နေပါလိမ့်"

ကွမ်းကြုံးက. . .

"ဟုတ်တယ် ဆရာထင်း။ ဒီအချိန် ကျွင်းလီ ဒီကို ရောက်သင့်နေပြီ။ ဦးလေးကြီးချီမူဆိုင်မှာ အရက်ဝင်သောက်နေသလား မသိဘူး"

ဟု ပြောလိုက်ရာ ထင်းဝမ်းမှာ ဒေါသခ ရှိနေသဖြင့်. .

"တောက်"

တစ်ချက်ခေါက်လိုက်ကာ. . .

"အရက်သောက်ရမယ့် အချိန်လားကွ"

ဟု ပြော၍ စောစောပိုင်းက လှမ်း၍ ကြည့်နေသော နေရာကို ကြည့်လိုက်ရာ သူ၏မျက်နှာမှာ ချက်ချင်းပင် ဝမ်းမြောက်ရွှင်လန်းသော အသွင်သို့ ပြောင်းလဲ၍ သွားလေတော့၏။

ပြီးမှ သူက နောက်လိုက်တပည့်များကို မကြည့်ဘဲ အဝေးတစ်နေရာသို့ လက်ညှိုးထိုးကာ. . .

"ဟိုမှာ. . . ဟိုမှာ ကျွင်းလီတို့ မဟုတ်လား။ ဒီကို လာနေပြီ"

ပြော၍အပြီး ငါးဦး ရှိမရှိ ကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းကြိုးဆိုသူကပင်. . .

"ဟုတ်တယ်. . . ဆရာထင်း၊ မြင်းစီးသမားလဲ ငါး ယောက်ပဲ၊ ဝတ်စုံတွေကလဲ အနက်တွေ၊ နောက်ပြီး ဝါးခမောက် တွေနဲ့"

ဟု ပြောလိုက်လေသည်။

မြင်းငါးစီးသည် ထင်းဝမ်းတို့ ရှိရာ တောင်ကုန်းထိပ်သို့ ဒုန်းစိုင်း၍ နှင်လာကြ၏။

ဖုန်လုံးကြီးတစ်လုံးမှာ မြင်းစီးသမားငါးဦးတို့နောက်တွင် အလိပ်လိုက်အလိပ်လိုက် တက်ကာ မြင်းစီးသမား ငါးဦးနောက် သို့ ထပ်ကြပ်မကွာ လိုက်၍နေသည်။

"ဟော့ကောင် ကွမ်းကြိုး၊ ကြည့်စမ်းပါဦး၊ တို့လူတွေ ဟုတ်ရဲ့လားလို့"

"ဆရာထင်းဝမ်းကလဲ ကျုပ်တို့လူ မဟုတ်ရင် ဘယ်သူ တွေ ဖြစ်မှာလဲ"

ကွမ်းကြိုးလေသံက ထင်းဝမ်းကို အပြစ်တင်သော အသံ ဖြစ်သည်။

♥ ♥ ♥



ထင်းဝမ်းကမူ သူ့တပည့် ဘာပြောပြော ဂရုမစိုက်ဘဲ မြင်းအုပ်ကိုသာ စူးစိုက်ကြည့်နေသည်။

ထိုသို့ စူးစိုက်ကြည့်နေရင်းကပင် သူ့မျက်နှာ အမူအရာ ပြောင်း၍သွား၏။

သို့နှင့်. . .

ထင်းဝမ်းသည် မြင်းပေါ်မှ ဝုန်းခနဲ အောက်သို့ ခုန်ဆင်း လိုက်၏။

နောက်လိုက်တပည့်များကလည်း မနေသာတော့ချေ။ မြင်းပေါ်မှ အသီးသီး ခုန်ဆင်းကြရသည်။

"ရော့. . . ယူထားစမ်း"

သူသည် မြင်းဇက်ကြိုးကို သူ့တပည့် ကွမ်းကြိုး လက် သို့ လှမ်းပစ်ပေးပြီးလျှင်ပြီးချင်း ရှေ့လျှောက်သွားလေတော့ သည်။

တောင်ကုန်းထိပ်ရှိ ကျောက်တုံးတစ်တုံးပေါ်သို့ ခုန်၍ တက်လိုက်လေသည်။

လေသည် တဟူးဟူး တဖြူးဖြူး တိုက်ခတ်၍နေသည်။

တောင်ကုန်းထိပ်ရှိ သစ်ပင်များအနက် အချို့သော သစ် ပင်များမှာ အရွက်တွေ ချွေချသလို ဖြစ်ပြီး ရိုးတံပြိုင်းပြိုင်း ဖြစ် ၍နေလေပြီ။

သစ်ရွက်များ ကျန်နေသော သစ်ပင်များမှာလည်း သစ် ရွက်များ နီကျင်ကျင်ဖြစ်ကာ တချို့တဖြုတ်ဖြုတ်ကြွေကာ

www.burmeseclassic.com

www.burmeseclassic.com



လေဖြင့် အဝေးသို့ လွင့်ပျံနေသည်။

ဆံနီခြသေ့်ထင်းဝမ်းက. . .

"ကွမ်းကြုံး"

ဟု ခေါ်လိုက်သည်။

"ဗျာ"

"ဗျာလုပ်မနေနဲ့၊ မြင်းက ငါးကောင် မဟုတ်ဘူး၊ ခြောက်ကောင်၊ ဘယ်လို ဖြစ်တာလဲ"

ဟု မေးလိုက်လေတော့၏။

♥ ♥ ♥

သိမ်းငှက်. . .။

သိမ်းငှက်တစ်ကောင်လို လျင်မြန်သည်။

သွက်လက်သည်။

သည်လို အရည်အချင်းတွေနဲ့ ပြည့်စုံနေသောကြောင့် သူ့ကို သိမ်းငှက်ဟု ခေါ်ကြသည်။

ကျိုက်ဖန်းသည် သိမ်းငှက်၏ဖခင်တစ်ဦး ဖြစ်သည်။

သိမ်းငှက်၏ဆရာဆိုလည်း မမှားချေ။

အရှေ့မြောက်ပိုင်း အရပ်ဒေသတွင် စားနပ်ရိက္ခာများ သွားရောက်ပို့ဆောင်ပြီးအပြန် သိမ်းငှက်ကို ကောက်ရလာခဲ့ခြင်း ဖြစ်သည်။



နန်းတွင်းဘုရင်မင်းမြတ်၏ အမိန့်ဖြင့် အရှေ့မြောက်ပိုင်းဒေသသို့ စားနပ်ရိက္ခာများ သွားရောက်ပို့ဆောင်ခြင်းဖြင့် သိမ်းငှက်ကို ကောက်ရလာခဲ့ခြင်း ဖြစ်သည်။

ကောက်ရသည်ဆိုသော်လည်း သိမ်းငှက်ကို သူ့အဖေသော်လည်းကောင်း၊ သူ့အမေသော်လည်းကောင်း ဖြစ်နိုင်သူတစ်ဦးဦးက ကျိုက်ဖန်း၏မြင်းလှည်းပေါ် တင်ထားခဲ့ခြင်း ဖြစ်သည်။

သည်စဉ်က သိမ်းငှက်သည် အခါလည်သားအရွယ်သာ ရှိပေမည်။

ဖြူဖြူဖွေးဖွေး ချစ်မွေးပါသော ကလေးဖြစ်သည်နှင့် ကျိုက်ဖန်းသည် ကလေး၏အမိအဖ ဘယ်သူဘယ်ဝါဖြစ်ကြောင်းသာမန်မျှသာ မေးမြန်းစုံစမ်းပြီး ဆက်မမေးတော့ဘဲ နန်းတွင်းသို့ ခေါ်ယူကာ ကျွေးမွေးခဲ့ရပေသည်။

အရွယ်ရောက်လျှင် သူကြိုတင်စီစဉ်ထားသည့်အတိုင်း ရှောင်လင်ကျောင်းသို့ပို့ကာ သိုင်းပညာကို သင်ကြားစေခဲ့ရသည်။

ထို့နောက် နန်းတွင်း သိုင်းပညာရပ်များ ဆက်လက်သင်ကြားစေလေသည်။

သဘောတရားအပိုင်းကို ကျိုက်ဖန်းက သူကိုယ်တိုင်သင်ကြားပေးခဲ့ရသည်။

သည်လိုနှင့်ပင်. . .

www.burmeseclassic.com

www.burmeseclassic.com



သိမ်းငှက်သည် နာမည်ကြီး တာဝန်ကျေပွန်သူ တရားရေးဌာန၏ မရှိမဖြစ် လိုအပ်သော အထောက်တော်တစ်ဦး ဖြစ်လာသည်။

အရှေ့မြောက်ပိုင်း ရွှေခြသေ့ဂိုဏ်း၏ သောင်းကျန်းသော အခြေအနေကို တိုက်ခိုက်နှိမ်နင်းရန်မှာ အထောက်တော်သိမ်းငှက်ကို လွှတ်လိုက်ရုံနှင့် ပြေလည်သွားနိုင်ကြောင်း ကျိုက်ဖန်းသိသည်။

ထိုအကြောင်း ဘုရင်မင်းမြတ်ကို တင်ပြလိုက်သောအခါ ဘုရင်မင်းမြတ်က အမတ်ချုပ်ကြီးဘက်လှည့်ကာ. . .

"အမတ်ချုပ်ကြီး ဘယ်လိုသဘောရသလဲ၊ ခုံတော်သမာဓိကြီးကျိုက်ဖန်း တင်ပြထားတဲ့အတိုင်း အထောက်တော်သိမ်းငှက်ကို တစ်ယောက်တည်း လွှတ်သင့် မလွှတ်သင့် ချိန်ဆတွက်ချက်ပြီး ပြောပါဦး"

ဟု အမိန့်ပေးလိုက်သည်။

အမတ်ချုပ်ကြီးသည်လည်း ဘုရင်မင်းမြတ်ကိုယ်တိုင်က အလေးထား၍ ပြောလာသောကြောင့် မိမိသည် နေရာတိုင်းခေါင်းမာနေ၍ သင့်မည် မဟုတ်မှန်း သတိပြုမိသည်နှင့် ခုံတော်သမာဓိကြီး တင်ပြသော အကြံမှာ မှန်ကန်သင့်မြတ်မှန်း သိထားပါလျက်. . .

"မှန်လှပါ အရှင်မင်းမြတ်၊ ရွှေခြသေ့ဂိုဏ်းဟာ နယ်နယ်ရရဂိုဏ်း မဟုတ်ပါဘူး၊ သူတို့ဟာ သိုင်းအကျော်အမော်တွေနဲ့



ဖွဲ့စည်းပြီး ရမ်းကားချင်တိုင်း ရမ်းကားနေတဲ့ ဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်ပါတယ်"

"ဒီတော့ အထောက်တော် သိမ်းငှက်တစ်ယောက်တည်း လွှတ်ရင် ကောက်ရိုးကြား မြွှားဝင်သလို ရေထဲခဲကျသလို ဘာမှ အရာထင်လာမှာ မဟုတ်ပါဘူး၊ သူပုန်ကို တိုက်ခိုက်နှိမ်နင်းတယ်ဆိုတာ နန်းတွင်းတပ်ဖွဲ့နဲ့ပဲ သွားရောက်တိုက်ခိုက်နှိမ်နင်းသင့်ပါတယ်"

ဟု လျှောက်တင်လေသည်။

ဘုရင်မင်းမြတ်သည် ခုံတော်သမာဓိ ကျိုက်ဖန်းဘက်သို့လှည့်ကြည့်လိုက်၏။

"ကဲ. . . ဘယ်လိုလဲ"

ဟူသော သဘောမျိုး ဘုရင်မင်းမြတ်၏အကြည့်က ဆောင်နေသည်။

သည်တော့ ခုံတော်သမာဓိကြီးကျိုက်ဖန်းက. . .

"အရှင်မင်းမြတ်၊ နန်းတွင်းတပ်ဖွဲ့တွေကို သွားရောက်နှိမ်နင်းဖို့ စေလွှတ်တယ်ဆိုတာ တကယ့် သူပုန်သူကန် အစစ်တွေဆိုရင် မှန်ကန်သင့်မြတ်ပါတယ်"

"ရွှေခြသေ့ဂိုဏ်းသားတွေက သူပုန်သူကန်တွေ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး၊ သူတို့ဟာ ဒုစရိုက်ဂိုဏ်းတစ်ဂိုဏ်းပါ"

ရွှေခြသေ့ဂိုဏ်းသည် သိုင်းပညာအားကိုးပြီး သင်ရာစိုင်း

www.burmeseclassic.com

www.burmeseclassic.com



နေသူများ ဖြစ်ကြောင်းကို အကျိုးသင့် အကြောင်းသင့် တင်ပြလိုက်လေသည်။

ထိုအခါ ဘုရင်မင်းမြတ်သည် အမတ်ချုပ်ကြီးလျှိုလောင်ဘက်လှည့်ကာ. . .

"ခုံတော်သမားကြီး ပြောတာတွေဟာ ပိုလို့ မကောင်းဘူးလား"

ဟု ပြောလာသောအခါတွင်ကား အမတ်ချုပ်ကြီးလျှိုလောင် ခေါင်းတညိတ်ညိတ်လုပ်ကာ. . .

"ခုံတော်သမားကြီး အကြံပြုတင်ပြတာကို ဒီကိစ္စမှာ ရှေ့ပြေးသဘော ဆောင်ရွက်သင့်ပါတယ် အရှင်မင်းကြီး"

စကားများ ပြန်လည်ပြုပြင်၍ လျှောက်ထားရလေသည်။

ခုံတော်သမားကြီးကျိုက်ဖန်းသည် နယ်သို့ရောက်ရှိနေသော အထောက်တော်သိမ်းငှက်ကို အမြန်ဆုံး ခေါ်လိုက်လေသည်။

သိမ်းငှက်မှာ လူသတ်မှုတစ်ခု နောက်သို့ လိုက်လံစုံစမ်းနေလေသည်။

တူမအရင်းကို ဦးလေးက လူသတ်သမားငှား၍ သတ်စေခဲ့သည့် လူသတ်မှု ဖြစ်သည်။

လူသတ်သမားက ဤအမှု ခြေရာဖျောက်စေလိုပါက အဖိုးအခ နောက်တစ်ဆ လိုချင်ကြောင်း သေဆုံးသူမိန်းကလေး



၏ဦးလေးထံတွင် တောင်းခံနေသည့် အချိန်တွင် သိမ်းငှက်က သူတို့အားလုံးကို အမိအရ ဖမ်းလိုက်ခြင်း ဖြစ်သည်။

ခုံတော်သမားကြီးက. . .

"အေး. . . ဒီအမှုမျိုးကို မင်းအနေနဲ့ အခက်အခဲမရှိ အမှုမှန်ကို ဖော်ထုတ်နိုင်ပေမယ့် ရွှေခြသေ့ဂိုဏ်းကို တိုက်ရိုက်နှိမ်နင်းဖို့ မလွယ်ဘူးထင်တယ်"

ဟု ပြောသောအခါ သိမ်းငှက်က. . .

"ကျွန်တော် နှိမ်နင်းဖြိုခွဲပစ်မယ်လို့ ကတိပေးပါတယ် အရှင်"

ခုံတော်သမားကြီးကျိုက်ဖန်းမှာ အလွန်အမင်း ကျေနပ်သွားလေတော့သည်။

"ဟုတ်ပြီ၊ မှန်တယ်၊ ဒီနည်းဗျူဟာကို မင်းအသုံးပြုတာမှန်တယ်၊ အခုလောလောဆယ် အဲဒီနယ်က စန်းကျိုးမြို့ကို အရင်ဆုံးသွား၊ မြို့စားကြီးဟွေ့ထိုက်နဲ့ အရင်ဆုံးဆက်သွယ်၊ သူက မင်း ဘာတွေလုပ်ရမယ်ဆိုတာကို ပြောပြလိမ့်မယ်"

ခုံတော်သမားကြီးသည် အလွန်စေ့စပ်သေချာသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။

သို့ဖြင့် သိမ်းငှက်သည် စန်းကျိုးမြို့သို့ ရောက်ရှိလာခဲ့ရလေတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



စန်းကျိုးမြို့သို့ ရောက်သောအခါ သိမ်းငှက်သည် မြို့စားကြီးဟွေထိုက်ထံ သွားရောက်ရမည် ဖြစ်သော်လည်း မသွားခဲ့ပါချေ။

မြို့အစွန်အဖျားရှိ ဆောင်းခရေစားသောက်ဆိုင်ကိုသာ ရောက်လာခဲ့လေသည်။

ဆောင်းခရေစားသောက်ဆိုင်တွင် ရွှေခြသေ့်ကိုဏ်းသားများက အဝင်အထွက်များသည်ဆိုသော သတင်းစကားကို သိမ်းငှက် လမ်းမှာကတည်းက ကြားထားလေသည်။

"ခွပ်ခွပ်. . . ခွပ်ခွပ်"

မြင်းကို ဒုန်းစိုင်းရာမှ အရှိန်သတ်ပြီး ဆောင်းခရေစားသောက်ဆိုင်ရှေ့ အရောက်တွင် ဇတ်သတ်၍ ရပ်လိုက်သည်။

ဆံကျစ်ကြိုကောင်လေးနှစ်ယောက် ပြေးလာသည်။

အမှန်မှာ ဆံကျစ်ကြိုကောင်လေးမှာ တစ်ယောက်သာ ဖြစ်ပေသည်။ ကျန်တစ်ယောက်မှာ မြင်းထိန်း ဖြစ်သည်။

မြင်းထိန်းကောင်ကလေး ဘာမှမမေးချေ။

ပြောစရာလည်း မလိုဟန် ရှိသည်။

မြင်းဇက်ကြိုးကိုပဲ လှမ်းယူ၍ မြင်းကို မြင်းဇောင်းရှိရာ စားသောက်ဆိုင်တောင်ဘက်ရှိရာ သစ်ပင်ရိပ်တန်းအောက်မှ အနောက်ဘက်အနိမ့်ပိုင်းသို့ ဆွဲခေါ်သွားလေသည်။

ဆံကျစ်ကြိုကောင်လေးက သိမ်းငှက်အား. . .

"လာ. . . လာ အစ်ကို"



ပြော၍ စားသောက်ဆိုင်အတွင်းသို့ ဦးဆောင်ခေါ်သွားလေသည်။

"ဘယ်က လာတာလဲ"

ဆံကျစ်ကြိုကောင်လေးက မေးသည်။

"မြောက်ပိုင်းကပါ"

ဆံကျစ်ကြိုကောင်လေးက သိမ်းငှက်ကို တစ်ချက်ပြန်ကြည့်လိုက်သည်။

အကဲခတ်သည့်သဘော ဖြစ်လေသည်။

♥ ♥ ♥

သိမ်းငှက်က မြောက်ပိုင်းသား ပြောလိုက်ပေမယ့် မြောက်ပိုင်းသားနှင့် မတူပေ။

မြောက်ပိုင်းသားတွေက တိဘက်အနွယ်တွေ များလေသည်။

ရိုင်းသည်၊ မိုက်ရိုင်းသည်။

အနေအထိုင် အပြောအဆို ကြမ်းကြမ်းတမ်းတမ်းကိုမှ ပို၍ သဘောကျသည်။

မြောက်ပိုင်းသား ဖြစ်ကြောင်း သိမ်းငှက်က ပြောသော်လည်း မယုံသောကြောင့် သိမ်းငှက်က. . .

"မင်းနာမည်က ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းယူပါ"

"ခုနကောင်လေးကရော"

"သူက ကြိုင်ဟုတ်၊ သူ့အဖေက တစ်နေ့က အသတ်ခံလိုက်ရလို့ စိတ်မကောင်း ဖြစ်နေတာ"

"ဪ. . . ဟုတ်လား၊ သနားစရာပဲ၊ ငါ့နာမည်က သိမ်းငှက်တဲ့၊ ဒါထက် နေပါဦး၊ ကြိုင်ဟုတ်အဖေကို ဘယ်သူက သတ်လိုက်တာလဲ"

ဆောင်းခရေစားသောက်ဆိုင်အတွင်းသို့ မဝင်သေးပါချေ။

သိမ်းငှက်နှင့် ကြိုင်ဟုတ် စကားမပြတ်သေးချေ။

"ဘယ်သူတွေက သတ်လိုက်တာလဲ မသိပါဘူး၊ ကျွန်တော်တို့ဆီမှာ ဘယ်သူသတ်လို့ သတ်မှန်းမသိတဲ့ အဖြစ်မျိုးတွေဟာ မဆန်းတော့ပါဘူး အစ်ကိုရာ"

"ဘာလဲ ရွှေခြသေ့်ဂိုဏ်းသားတွေ လက်ချက်ပဲလား"

ထိုသို့ သိမ်းငှက် မေးလိုက်လျှင် ဧည့်ကြိုကောင်လေးက

"အစ်ကို. . တိုးတိုး"

ဟု သတိပေးလိုက်သည်။

ရှေ့နောက် ဝဲယာ ကြည့်လိုက်သည်။

ရွှေခြသေ့်ဂိုဏ်းသားတွေကို အတော်ကြောက်ရွံ့နေပုံရလေသည်။

သိမ်းငှက်သည် ဧည့်ကြိုကောင်လေးနှင့် ဆက်လက်



စကားမပြောတော့ဘဲ စားသောက်ခန်းထဲ ဆက်လျှောက်လာလေသည်။

ဆောင်းခရေစားသောက်ဆိုင်မှာ လက်ညှိုးထိုးပြသူကသာ ဆောင်းခရေစားသောက်ဆိုင်နာမည်ကို ထည့်ပြောလိုက်ခြင်း ဖြစ်သည်။

ဆောင်းခရေစားသောက်ဆိုင်မှာကား ဆိုင်းဘုတ်မတွေ့ရချေ။ စားသောက်ဆိုင်မှာမူ အလွန်ညစ်ပတ်နေသည်။

အမှိုက်သရိုက်တွေ ပြန့်ကျဲနေသည်။

ရေတွေလား၊ အရက်တွေလား မသိချေ။

မြေကြီးပေါ်တွင် ပက်ထားသည်မှာ ဗွက်ထနေသည်။

အကာအရံတွေမှာ အပေါက်အပြဲတွေနှင့် ရှိနေ၏။

ဤဆိုင်ရောက်လာသူတွေကလည်း ကြမ်းကြမ်းရမ်းရမ်းအဝတ်အစားတွေမှာလည်း အရောင်အဆင်း မရှိပေ။

မုတ်ဆိတ်နှင့် နှုတ်ခမ်းမွေးကားကား၊ ပါးမြိုင်းမွေးထူလပျစ်နှင့် လူ အတော်စုံသည်။

သိမ်းငှက် စားသောက်ခန်းထဲ ဝင်လာသည်ကို အသေအချာလှေလာအကဲခတ်သည်။

သိမ်းငှက်ကမူ ဘယ်သူ့ကိုမှ မကြည့်ဘဲ ကိုယ့်အလုပ်ကိုယ်လုပ်နေသည်။

စားပွဲလွတ်ရှာပြီး ထိုစားပွဲရှိ ထိုင်ခုံတွင် ဝင်ထိုင်ရန်ကြည့်ရှုနေခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲအလွတ်တစ်လုံးကို သိမ်းငှက် တွေ့သွားသည်။

ထိုင်ခုံကတော့ မရှိပေ။

သိမ်းငှက်ကမူ ထိုင်ခုံမရှိသော စားပွဲသို့ လျှောက်၍ သွားပြီး စားပွဲအနီးရောက်လျှင် ထိုင်ခုံကို လှည့်ပတ်ရှာဖွေကြည့်လိုက်သည်။

ထိုင်ခုံတစ်လုံး တွေ့ရသည်။

သို့သော် ထိုင်ခုံကို အရက်ထိုင်သောက်နေသော လူတစ်ယောက်က ခြေထောက်နှစ်ချောင်းကို တင်၍ထားသည်။

သိမ်းငှက်က. . .

"မိတ်ဆွေ ထိုင်ခုံပိုနေတယ် မဟုတ်လား၊ ကျုပ်ထိုင်ချင်လို့"

ဟု ပြောလိုက်သည်။

ထိုလူသည် နှုတ်ခမ်းမွေးကားကားနှင့် ကြောင်တစ်ကောင်နှင့်တူသည်။

ထိုလူက သိမ်းငှက် မျက်နှာကို မျက်လုံးလှန်၍ ကြည့်လိုက်လေသည်။

ထို့နောက် ဘာမှမပြောဘဲ အရက်ကို သောက်မြဲသောက်နေသည်။ အမြည်းကိုပင် လှမ်းယူ၍ စားလိုက်သည်။

သူသည် သိမ်းငှက်ကို လုံးဝဂရုမစိုက်။

သူ့ဘေးရှိ အဖော်ဖြစ်ဟန်တူသူ သုံးယောက်ကလည်း တစ်ပုံစံတည်း ရှိနေ၏။



သိမ်းငှက်က. . .

"ထိုင်ခုံ ကျုပ်ယူချင်လို့ ရမလား"

ဟု ထပ်မေးသည်။

ဒါလည်း ထိုလူက ထိုင်ခုံပေါ် တင်ထားသော သူ့ခြေထောက် နှစ်ချောင်းကို ဖယ်ပေးဖို့ နေနေသာသာ လှုပ်ပင် မလှုပ်ရဲချေ။

သိမ်းငှက်က. . .

"ကျုပ် ခုံကို ယူတော့မယ်နော်"

ပြောလိုက်သည်။

ပြောပြီးသည်နှင့် ထိုင်ခုံကို ဆွဲထုတ်ယူလိုက်သည်။

ထိုလူသည် သူ့ခြေထောက်နှစ်ချောင်းကို မူလပကတိအတိုင်း မြှောက်လျက်သားထားရာမှ. . .

"ထိုင်ခုံကို ငါ့ခြေထောက်အောက်မှာ အခု ပြန်ထားလိုက်စမ်း"

ဟု ပြောလိုက်သည်။

"မင်းက ငါ ဘာကောင်လဲဆိုတာ သိချင်လို့လား"

ထိုလူသည် ပြောပြောဆိုဆို ဝုန်းခနဲ ထလိုက်ပြီး ညာလက်ဝါးတစ်ချက် သိမ်းငှက်ကို လှမ်းအရိုက်. . .

"ဝုန်း"

"ဖြောင်း"

သိမ်းငှက်က လက်ထဲကိုင်ထားသော ထိုင်ခုံနှင့် ခုံခံကာ

www.burmeseclassic.com

www.burmeseclassic.com



ကွယ်လိုက်လေရကား ထိုင်ခုံမှာ ထိုလူ၏ညာဘက် လက်ဝါးရိုက်ချက်ဒဏ်ဖြင့် ကြေမွလွင့်စဉ်သွားပါတော့သည်။

"ဟာ"

"ဟင်"

အားလုံး မင်တက်မိသွားလေတော့သည်။

"တောင်ခွဲလက်ဝါးချီစန်းကိုမှ သွားပတ်သက်ရသတဲ့လား"

ဟု တစ်စုံတစ်ယောက်က ပြောလိုက်၏။

တိုက်ပွဲက ယခုမှ စတင်လေသည်။

"ဝှစ်"

"ဟူး"

တောင်ခွဲလက်ဝါးသည် လက်နှစ်ဖက်စလုံးကို ဘယ်ညာဝှေ့ယမ်းလိုက်သည်။ လက်ရိပ်များ ပြိုးပျက်၍ သွား၏။

ပြီးမှ သူက ခြသေ့်မျက်စောင်းသိုင်းကွက်ကို တည်ခင်းလိုက်သည်။ သိမ်းငှက်သည် မည်သည့်သိုင်းကွက်ကိုမျှ မတည်ခင်းချေ။

ရန်သူချီစန်း၏ တိုက်ကွက် အနေအထားကိုသာ အလစ်မပေးဘဲ ကြည့်နေသည်။

ရန်သူမှန်လျှင် မိမိထက် သာသူလည်း ဖြစ်နိုင်သလို မိမိအောက် နိမ့်ကျသူမျိုးလည်း ရှိသည်။ သို့သော် တိုက်ပွဲ မပြီးဆုံးမီထိုရန်သူသည် မိမိအောက် နိမ့်ကျသူဟု မထင်မိရန်



အထူးလိုအပ်၏။

"ဝှစ်"

"ဖြောင်း"

"ယား"

တိုက်ကွက်ငါးကွက် အပြန်အလှန် တိုက်ခိုက်ကြသောအခါ ဘေးက ကြည့်ရှုနေသူများသည် သိမ်းငှက်ကို အထင်အမြင် မသေးရဲတော့ချေ။

နှစ်ယောက်စလုံး စားသောက်ဆိုင်အရှေ့ ကွက်လပ်ထဲတွင် တိုက်ကွက်အဖြစ် သတ်မှတ်လိုက်သည်။

ထိုတိုက်ကွက် ငါးကွက် ခြေသိမ်းလက်သိမ်းတွင် ချီစန်းက သူ၏ညာခြေကို ဝိုက်၍ ကန်ချလိုက်သည်။

♥ ♥ ♥

"ဒိုး"

"ဟူး"

"ဝှစ်"

ချီစန်းသည် သိမ်းငှက်၏ လည်မျိုကို အမိအရ ကန်သွင်း လိုက်သည်မှာ မှန်သော်လည်း သိမ်းငှက်၏သွက်လက်လျှင်မြန်ခြင်းကြောင့် လိုရာလည်မျိုသို့ မရောက်ပါချေ။

သိမ်းငှက်၏ဘယ်ဘက် လက်ကောက်ဝတ်ကိုသာ ပွတ်

www.burmeseclassic.com

www.burmeseclassic.com



ရှိထိသွား၏။

သိမ်းငှက်၏ ဘယ်ဘက်လက်သည်းမှာ ချီစန်း၏ရင်ဘတ်သို့ ရှေးရှူသွားသော်လည်း ချီစန်းထံသို့ မရောက်နိုင်ချေ။

လွဲချော်၍သာ သွားလေသည်။

သို့သော် . . .

ချီစန်းသည် သိမ်းငှက်ကို ခပ်လွယ်လွယ်နှင့် ရိုက်လှဲသိပ်ထား၍ရတော့မည် မဟုတ်ကြောင်း ကောင်းကောင်းသိ၏။

သည်တော့ မိမိနောက်လိုက်များရှေ့တွင် ဆက်လက်တိုက်ရန် အခက်တွေ့သည်။

ယခုတော့ . . .

ချီစန်းသည် တောင်ခွဲလက်ဝါးဆိုသော နာမည်ကို ဆက်လက်ခံယူရန် အခက်တွေ့နေသည်။

"တောင်ခွဲလက်ဝါးပဲကွာ၊ နိုင်မှာပါ"

"တို့ . . . တောင်ခွဲလက်ဝါး ဘာကယ် မတိုက်သေးလို့ပါ"

မိမိတို့ သင့်တော်ရာ နေရာများမှ တိုက်ပွဲကို ကြည့်ရှုအားပေးနေကြသူများက မကောင်းတတ်၍ တောင်ခွဲလက်ဝါးချီစန်းဘက်ထံ အားပေးနေကြလေသည်။

သူတို့ အားမပေး၍ မရပါချေ။

ချီစန်းသည် ရွှေခြသေ့ဂိုဏ်းတွင် လက်ရွေးစင်တန်းတိုက်ခိုက်ရေးသမားတစ်ဦး ဖြစ်သည်။

မည်သို့ဆိုစေ . . .



သိမ်းငှက်၏သိုင်းပညာစွမ်းရည်ကို တောင်ခွဲလက်ဝါးကောင်းကောင်းသိသည်။

သူ၏တိုက်ကွက်တွေက သာမန်မိမိ တွေ့ဖူးမြင်ဖူးသောသိုင်းကွက်တွေ မဟုတ်ချေ။

ဆရာကောင်းတပည့် ဖြစ်သည်။

သို့နှင့် ချီစန်းသည် သိမ်းငှက်အပေါ်သို့ ခုန်အုပ်၍ လက်ဝါးတစ်ချက် ရိုက်လိုက်သည်။

♥ ♥ ♥

သိမ်းငှက်သည် ဘယ်ခြေကို ညွှတ်ကာ ခန္ဓာကိုယ်ကို လှည့်လိုက်ကာ အတွင်းအားသုံး ညာခြေကန်ချက်တစ်ချက် ပစ်သွင်းလိုက်သည်။

"ဖြောင်း"

"အင့်"

ချီစန်းသည် သိမ်းငှက်၏ကန်ချက်ကို ရှောင်တော့ရှောင်လိုက်ပေသည်။ သို့သော် မလွတ်ချေ။

မိမိခန္ဓာကိုယ် မြောက်တက်ကာ လွင့်စဉ်သွားပါလေတော့၏။

အားလုံးက မျက်လုံးပြူးကာ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဘယ်လိုလဲ၊ ဒီလူက ဘောင်ခွဲလက်ဝါးချိုစန်းကို အပြတ်အသတ် ချလိုက်ပါလား"

ချိုစန်းသည် ထိုစကားများကို ကြားသည်နှင့် ကြာကြာလဲ တမနေလို၍ ကုန်းရုန်းထလိုက်၏။

ထိုင်ရာမှထမည်အပြု သိမ်းငှက်က ကျွမ်းပစ်၍ မြေကြီးပေါ် ခြေနှစ်ဖက်ပြန်၍အကျ. . .

"ဝှစ်"

"ဟူး"

သိမ်းငှက်သည် ချိုစန်း၏ယယ်ထိပ်ပေါ်သို့ လက်ဝါးရိုက်ချက်တစ်ချက် ရိုက်ချမည်အပြု ချိုစန်း၏တပည့်တစ်ယောက်က

"မလုပ်ပါနဲ့"

ဟု အော်၍ တားလေသည်။

သိမ်းငှက်က ဆက်လက်မရိုက်ချတော့ချေ။

အမှန်တကယ် မိမိသည် ချိုစန်းအား အသေရိုက်သတ်ရန် မရည်ရွယ်ပါချေ။

ခြောက်ရုံခြောက်လိုက်ခြင်းသာ ဖြစ်ပေသည်။

♥ ♥ ♥



မြှောက်ထားသော လက်ကို ပြန်ချလိုက်သော်လည်း ချိုစန်း၏လူများဘက်လှည့်ကာ. . .

"ခင်ဗျားတို့ကရော မကျေနပ်ပွဲ မန္တချင်ဘူးလား၊ န္တဲချင်ရင်ရတယ်၊ ကျုပ်. . ဒီမှာ အဆင်သင့်ပဲ"

ဟု ပြောလိုက်၏။

သို့သော် ချိုစန်း၏ လူသုံးယောက်သည် သိမ်းငှက်ကို ဘာမှ ပြန်မပြောဘဲ ချိုစန်းကိုသာ ချိုင်းတစ်ဖက် ကိုင်မြှောက်ကာ ဆွဲခေါ်ထွက်ခွာသွားပါလေတော့သည်။

တိုက်ပွဲ အစမှအဆုံး လိုက်ကြည့်သူများသည် သိမ်းငှက်၏တိုက်ကွက်များက မည်ကဲ့သို့ သာလွန်ကြောင်း ပြောရင်း ပြန်သူပြန်၍ စားသောက်ဆိုင်အတွင်းသို့ ဒုတိယအကြိမ် ပြန်ဝင်ကြသူများလည်း ရှိသည်။

ထိုသို့ စားသောက်ဆိုင်ခန်း အတွင်းသို့ ပြန်လည်ဝင်ရောက်သူများအနက် လူတစ်ယောက်လည်းပါ၏။

သူသည် သိမ်းငှက်၏စားပွဲကို ကူးလာကာ. . .

"ညီလေး. . ကျုပ်ကတော့ ကိုယ့်အရက်နဲ့ကိုယ်လာတာပါ"

ဟုပြောပြီး သိမ်းငှက်အားကြည့်ကာ. . .

"ဩော်. . . ထိုင်မယ်နော်"

ဟု ပြောလိုက်သည်။

သိမ်းငှက်က ခေါင်းညိတ်၍. . .

www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါ. . . ထိုင်ပါ၊ ကျုပ်ကလည်း စကားပြောဖော် မရှိလို့အတော်ပဲ"

ဟု ပြောလိုက်သည်။

"ငါ့ညီက ဘယ်သူလဲ"

"သိမ်းငှက်လို့ ခေါ်ပါတယ်"

"သိမ်းငှက်. . . အင်း ဒီနာမည်ကြားဖူးပါတယ်၊ သိမ်းငှက် ဩြော်သိပြီ၊ ကျုပ်ကတော့ ဒီတဝိုက်မှာ ကျက်စားနေတဲ့ စောရကျောင်းဟိုပါ"

စောရကျောင်းဟိုနာမည်ကို ကြားလိုက်ရလျှင် သိမ်းငှက်သည် ကျောင်းဟိုကို အငေးသားကြည့်နေမိပါတော့သည်။

သူလည်း သူ့ပညာနှင့်သူ လူတော်တစ်ယောက်ပင်ဖြစ်ပေသည်။

♥ ♥ ♥

"ငါ့ညီကို သတိပေးရဦးမယ်၊ မင်း အခုတိုက်ခိုက်လို့ အနိုင်ရလိုက်တဲ့ တောင်ခွဲလက်ဝါးချီစန်းဟာ တခြားလူမဟုတ်ဘူး၊ ရွှေခြသေ့်ဂိုဏ်းက လက်ရွေးစင်တန်းထဲက လူတစ်ယောက်ပဲ"

ပြောပြီး ကျောင်းဟိုက အရက်တစ်ကျိုက်မော့၍ သောက်လိုက်သည်။



သိမ်းငှက်သည် အရက်သောက်ချိန်မရတော့သည့်အတွက် ညစာထမင်းကိုပင် တစ်ခါတည်းမှာယူစားလေသည်။

သူသည် ထမင်းစားရင်းမှ ကျောင်းဟိုအား. . .

"အဲဒါ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ"

ဟု မေးလိုက်သည်။

ကျောင်းဟိုက. . .

"ဆိုင်တာပေါ့၊ ခုကိစ္စကို သူက ကျေနပ်မှာတဲ့လား၊ ဆံနီခြသေ့်ထင်းဝမ်းသိရင် နေမှာမဟုတ်ဘူး၊ သူက မင်းကို လူအင်အားနဲ့ အမှုန့်လုပ်ပစ်လိမ့်မယ်"

သိမ်းငှက်က. . .

"ဆံနီခြသေ့်ထင်းဝမ်းက ဘယ်သူလဲ"

"ဒီနယ်ထဲကို ရောက်လာတဲ့လူမှန်ရင် ဆံနီခြသေ့်ထင်းဝမ်းကို မသိတဲ့လူ မရှိဘူးလေ၊ သူ့ကိုမင်းက ဘာဖြစ်လို့ မသိရတာလဲ"

"ကျုပ်က ဒီနယ်ထဲရောက်တာ မကြာသေးဘူး၊ ကျုပ်ကဒီနယ်သားမှမဟုတ်တာ၊ ပြောစမ်းပါဦး သူက ဘယ်သူလဲ"

"မင်း တကယ်မသိဘူးလား"

"တကယ်မသိပါဘူး"

"တကယ်မသိရင် လိုက်ခဲ့"

"ဘယ်ကိုလဲ"

"ငါနေတဲ့အိမ်ကို"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာပြောတော့ ဘာဖြစ်သွားမှာမို့လဲ"

"မင်းက လူစိမ်း၊ ဒီနယ်အကြောင်း မသိသေးပါဘူး၊ ဘာပဲပြောပြော ငါ့အိမ်မှာ လွတ်လပ်တယ်၊ လိုက်သာလိုက်ခဲ့"

"အေးပေါ့ဗျာ၊ အဲဒီအစီအစဉ်ကလည်း ကောင်းပါတယ်၊ ကျုပ် တည်းခိုခန်းရှာစရာ မလိုတော့ဘူးပေါ့"

"ငါ့အိမ်ဆိုလို့လည်း အထင်မကြီးနဲ့ဦး၊ သူများခြံဝင်းထဲ ကိုယ်တတ်နိုင်သလောက် ဆောက်နေရတာကွ"

"ရပါတယ်ဗျာ၊ ကျုပ်က သွားချင်ရာသွားနေတဲ့သူပဲ၊ ကျုပ်နေတတ်ပါတယ်"

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာကြလေသည်။

ထိုအခိုက် နောက်မှ မြင်းခွာသံများ ကြားလိုက်ရသည်။

"ခွပ်. . . ခွပ်"

"ခွပ်. . . ခွပ်"

မြင်းခွာသံများ ချက်ချင်း နီးသထက်နီးလာသည်။

ကျင်းဟိုက. . .

"မပူနဲ့၊ ဒါမြို့စောင့် အာဏာသားအဖွဲ့ဖြစ်မယ်၊ မြို့လုံခြုံရေးအတွက်ပေါ့"

သူတို့သည် ရောက်သည့်နေရာတွင် ရပ်လိုက်သည်။

မြို့စောင့်အာဏာသားအဖွဲ့မှာ စုစုပေါင်း နှစ်ဆယ်ခန့်ရှိပေမည်။



"ခွပ်. . . ခွပ်"

မြို့စောင့်အာဏာသားအဖွဲ့သည် ချက်ချင်းလက်ငင်းပင် သိမ်းငှက်တို့အနီးသို့ ရောက်လာခဲ့လေသည်။

မြို့စောင့်အာဏာသားအဖွဲ့သည် သိမ်းငှက်ရှေ့ရောက်လျှင် ရပ်လိုက်သည်။

ထို့နောက် မြို့စောင့်အာဏာသားအဖွဲ့၏ အာဏာသားမှူး ထိချောင်းက. . . .

"မင်းတို့နှစ်ယောက် အခု ဘယ်ကလာတာလဲ"

ကျင်းဟိုက. . .

"ကျုပ်တို့ ဆောင်းခရေဆိုင်မှာ အရက်သောက်ပြီးပြန်လာတာပါ၊ ဘာကိစ္စရှိလို့လဲ"

ဟု မေးလိုက်သည်။

ထိုအခါ ထိချောင်းက. . .

"ဟုတ်ပြီ. . . လူစိမ်းကရော ဘယ်သူလဲ"

သိမ်းငှက်က. . .

"ဘာလုပ်မလို့လဲ"

ဟု မေးလိုက်ပြန်သည်။

ထိချောင်းက. . .

"မင်းထင်တယ်၊ ဟုတ်ပြီ. . မင်းတို့နှစ်ယောက်လုံး ငါ့နောက်လိုက်ခဲ့ပေတော့"

ဟုပြောပြီး သူ့လူများဘက်လှည့်ကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . . သူတို့ကို ခေါ်လာခဲ့စမ်း"

ဟုပြောပြီး မြင်းပေါ်တက်မည်အပြု သိမ်းငှက်က. . .

"ဒါက ဘာသဘောလဲ"

ဟုမေးလိုက်တော့မှ ထိချောင်းက နောက်သို့ပြန်လှည့်ကြည့်ကာ. . .

"မင်းတို့မှာ အပြစ်မရှိဘဲ ငါကဖမ်းလို့ရမလားကွ"

ဟု ပြောလိုက်လေသည်။

မကြာပါချေ။

သိမ်းငှက်နှင့်ကျင်းဟိုသည် အချုပ်ခန်းတစ်ခန်းအတွင်းသို့ ရောက်ရှိလာလေသည်။

သိမ်းငှက်ရောကျင်းဟိုပါ မကျေမနပ်ဖြစ်သွားလေတော့သည်။

အကြောင်းမှုကား စန်းကျိုးမြို့ ခုံရုံးတော်တွင် ခုံတော်သမာဓိကြီးက. . .

"သိမ်းငှက်. . . မင်းဟာ စောစောက ဆောင်းခရေစားသောက်ဆိုင်မှာ ချီစန်းကို ရိုက်ခဲ့တယ်မဟုတ်လား။ ဟောဒီမှာ အဖျက်အစီးစာရင်း။ မင်းက ချီစန်းကို အကြောင်းမရှိအကြောင်းရှာပြီး တိုက်ခိုက်ခဲ့တယ်၊ ဆောင်းခရေစားသောက်ဆိုင်ပိုင်ရှင်က တိုင်ချက်ဖွင့်ထားတယ်၊ ကဲ ဘာပြောမလဲ"

ဟုပြောပြီး အချုပ်ခန်းထဲပို့လိုက်သည်။

ကျင်းဟိုကိုလည်း သိမ်းငှက် အပေါင်းပါဟု သတ်မှတ်



ကာ သိမ်းငှက်နှင့်အတူ အချုပ်ခန်းထဲပို့လိုက်ခြင်း ဖြစ်ပေတော့သည်။

သိမ်းငှက်သည် ဤအမှု၌ မိမိမတရားခံလိုက်ရသည်ကို သိလိုက်ရသည်။

ဤသည်ကို အမှန်အတိုင်းဖြစ်ရန်မှာ မိမိသည် မြို့စားကြီးဟွေ့ထိုက်ထံ အကြောင်းကြားပါက ဖြေရှင်းပြီးဖြစ်သွားနိုင်သည်။

သို့သော် မြို့စားကြီးဟွေ့ထိုက်နှင့် ဆက်သွယ်ပေါင်းစည်းလိုက်သည်နှင့် မိမိအား နန်းတွင်းအမှုထမ်းမှန်း သိရှိသွားနိုင်သဖြင့် မြို့စားကြီးကို အသိမပေးဘဲ မတရားဖိုင်းလုပ်ကြံလိုက်သည်ကို ဘာမှမပြောဘဲ ချော်လဲရော်ထိုင်နေလိုက်လေသည်။

♥ ♥ ♥

သည်လိုနှင့် မိမိအား ခုံရုံးတော်က အပြစ်ချလိုက်သည်ကိုပင် သိမ်းငှက် အကျေနပ်ကြီးကျေနပ်နေလေသည်။

သိမ်းငှက် ဘဝအမှန်ကို မသိသော စောရကျင်းဟိုက တော့ပဲခတ်ကာ ထိုင်မရထမရ ဖြစ်နေလေတော့သည်။

"ဒါကတော့ ဆံနီခြံသော့ထင်းဝမ်းလက်ချက်ပဲ တွေ့တယ်မဟုတ်လား။ ကျုပ်တို့ကိုလာပြီးတော့ ဒုက္ခပေးရော မလိုဘူး

www.burmeseclassic.com

www.burmeseclassic.com



လွှတ်လိုက်ရုံပဲ၊ ဒီလူငါနဲ့ တွေ့ဦးမယ်"

ဟုပြောရင်း တရှုံ့ရှုံ့တရှဲရှဲ ဖြစ်နေသည်။

သိမ်းငှက်က အချုပ်ခန်းထဲ၌ အခြားအကျဉ်းသားတွေနှင့်အတူ ရောရှ်အကျဉ်းချခံလျက် စကားပြောရယ်မောကာဖြင့်. . .

"အတွေ့အကြုံ ရတာပေါ့"

ဟုပြောကာ ရယ်ပြန်သည်။

ကျင်းဟိုက. . .

"ဘာအတွေ့အကြုံလဲ"

ဟု အော်ပြောလေသည်။ သိမ်းငှက်က. . .

"ဒီမှာနေရတဲ့ အတွေ့အကြုံလေဗျာ"

ဟုပြောလျှင် ကျင်းဟိုက. . .

"တော်စမ်းဗျာ၊ ဒါခံလိုက်ရတာ အမှန်ပဲ"

သိမ်းငှက်က. . .

"ခင်ဗျားဟာ လူကြည့်တော့လည်လည်ဝယ်ဝယ် ရှိမယ့်ပုံနဲ့ အ,လိုက်တာလွန်ရောဗျာ"

ကျင်းဟိုက. . .

"တော်ပြီ၊ မင်းနဲ့စကားမပြောတော့ဘူး"

သိမ်းငှက်သည် ကျင်းဟိုအားကြည့်ကာ ပြုံးနေလေသည်။

♥ ♥ ♥



"ကျင်းဟို. . . ကျင်းဟို"

သိမ်းငှက်က အသံအုပ်၍ခေါ်သောအခါ ကျင်းဟိုက အိပ်ငိုက်ရာမှ လန့်နိုးကာ. . .

"ဘာဖြစ်တာလဲကွ"

သိမ်းငှက်က. . .

"အိပ်တော့မလို့လား"

ကျင်းဟိုက. .

"အေး"

အိပ်သင့်သောအချိန် ရောက်နေပြီ ဖြစ်သည်။

အချုပ်ထဲမှာကား အိပ်စင်မရှိပေ။

ဖုန်အလူးလူး ကြမ်းခင်းပေါ်တွင်ထိုင်လျှက်ဖြစ်စေ လဲလျောင်း၍ဖြစ်စေ အိပ်ရမည်သာဖြစ်သည်။

ယခုလည်း အချုပ်ခန်းထဲတွင် သိမ်းငှက်တို့နှစ်ယောက်ထက်အရင် အချုပ်ခံနေရသူ သုံးယောက်ရှိသည်။

လူလတ်ပိုင်းက နှစ်ယောက်၊ လူကြီးပိုင်းက တစ်ယောက်ဖြစ်သည်။

သူတို့သုံးဦးသည် စန်းကျိုးမြို့ ဈေးအနီးရှိ အရက်ဆိုင်တွင် စကားများခဲ့သောကြောင့် အဖမ်းခံရခြင်းဖြစ်သည်။

သိမ်းငှက်က. . .

"ခင်ဗျား အတော်အအိပ်ကြီးတဲ့လူပဲ"

ကျင်းဟို မျက်လုံးမှိတ်နေရာမှ ပြန်ပွင့်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်နှာပေါ်တွင် ချိတ်ဆွဲထားသော မီးပုံး၏အလင်းရောင် ကျရောက်လျက်ရှိသည်။

"မင်းလုပ်တာနဲ့ အိပ်လို့မရတော့ဘူး"

ကျင်းဟိုသည် ပြောပြောဆိုဆို ပြင်၍ထိုင်လိုက်သည်။

ထိုအချိန်တွင် အချုပ်သားသုံးဦးတို့သည် လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

သို့သော်. . .

သိမ်းငှက်က ဂရုမစိုက်ပါချေ။

သူတို့အကြောင်းနှင့်သူတို့ ကိုယ့်အကြောင်းနှင့်ကိုယ်ဟု သဘောထားလေသည်။

♥ ♥ ♥



## အပြောင်းအလဲ

"ခင်ဗျား ကျုပ်ကို ဆံနီခြသေ့အကြောင်း ပြောပြမယ်လို့ပြောထားတာလေ"

သိမ်းငှက်က အစပေါင်းကို ပြန်ဆွဲလိုက်သည်။

ကျင်းဟိုက. . .

"မပြောချင်တော့ဘူး"

ဟု ပြောလိုက်သည်။

သိမ်းငှက်က ချက်ချင်းပင်. . .

"ဘာလို့ မပြောချင်ရပြန်တာလဲ"

ဟု မေးလိုက်သည်။

ကျင်းဟိုက. . .

"ဒါ အိပ်ချိန်လေကွာ"

www.burmeseclassic.com

www.burmeseclassic.com



သိမ်းငှက်က. . .

"အိပ်မှ မအိပ်သေးတာဘဲ"

ကျင်းဟိုမှာ မနေသာတော့ဘဲ. . .

"ကဲကွာ. . . ဒါဖြင့်လည်း ငါပြောပြမယ်၊ အဲသည် ဆံနီခြသေ့်ထင်းဝမ်းဆိုတာ ရွှေခြသေ့်ဂိုဏ်းမှာ အတော်အရေးပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဂိုဏ်းချုပ်ရွှေခြသေ့်ထင်းရိုဖုံးရဲ့ညီဖြစ်နေလို့ပဲ၊ သူ့မှာ မိန်းမရှိဘူး"

"သူက ဘယ်လိုလူမျိုးလဲ"

"ရှင်းပါတယ်၊ သည်လူကြီးက ဆိုးလည်းဆိုးတယ်၊ ဒါကြောင့် မင်းကို သတိပေးတာ၊ ဟိုကောင်ချီစန်းက ထင်းဝမ်းကို သွားပြောလို့ ထင်းဝမ်းသိသွားရင် မင်းကိုလာဆုံးမဦးမှာပဲလို့ ငါပြောတာပေါ့"

"အခုလည်း ထိချောင်းကို ထင်းဝမ်းပြောလိုက်လို့ ထိချောင်းက တို့ကိုလာဖမ်းပြီး အချုပ်ထဲထည့်ထားလိုက်တာ ဖြစ်မယ်"

သိမ်းငှက် ကြားဖြတ်၍. . .

"ဂိုဏ်းချုပ်က ဘယ်သူလဲ"

ဟု မေးလိုက်သည်။

"ဂိုဏ်းချုပ်က ရွှေခြသေ့်ထင်းရိုဖုံးပဲ"

"သူကရော ဆံနီခြသေ့်ထင်းဝမ်းလိုပဲလား"

"သူက မိုက်တိမိုက်ကန်း မဟုတ်ဘူး၊ ဉာဏ်ကောင်း



တယ်၊ ရွှေခြသေ့်ဂိုဏ်းကြီးကို အခုလိုဖြစ်လာအောင် သူလုပ်ခဲ့တာပဲ"

"ရွှေခြသေ့်ဂိုဏ်းမှာ ထင်းရိုဖုံးရဲ့ဇနီး ရှမ်းအင်းရယ်၊ ထင်းစွမ်းနဲ့ထင်းဟွားဆိုတဲ့ သားသမီးလည်းရှိသေးတယ်၊ ရှမ်းအင်းဆိုတဲ့ အမျိုးသမီးကလည်း သိုင်းပညာတော်တယ်"

"သားထင်းစွမ်းက အဖေမတူဘူး၊ သူ့ဦးလေးထင်းဝမ်းနဲ့ သွားတူနေတယ်၊ အလွန်ဆိုး အလွန်မိုက်တာ၊ ဪ ထင်းဟွားဆိုတဲ့ မိန်းကလေးကတော့ သဘောကောင်းတယ်၊ ရုပ်လည်း အတော်ချော အတော်လှတယ်"

"သည်လောက်ပဲလားဗျာ"

"ငါတွေ့ဖူးမြင်ဖူးတဲ့ မိန်းကလေးတွေထဲမှာတော့ သည်မိန်းကလေးဟာ အတော်လှတယ်လို့ ပြောချင်တာပဲ"

ထိုအခါ. . .

သိမ်းငှက်က ကျင်းဟိုကိုကြည့်ကာ ရယ်မောရင်း. . .

"ခင်ဗျား တွေ့ဖူးမြင်ဖူးတဲ့ မိန်းမတွေက အရုပ်ဆိုးအကျည်းတန်တွေဖြစ်နေလို့ ဖြစ်မှာပါဗျာ၊ သည်မှာ ကျင်းဟို တောထဲကပန်းဟာ တောပန်းပဲဗျ"

"တောပန်းတိုင်း ပန်းရိုင်းတွေလို့ မင်းပြောချင်လို့လား၊ တောပန်းတွေထဲမှာ အဖိုးတန်တဲ့ပန်းတွေက များတယ်၊ မင်းက တောထဲတောင်ထဲ ရောက်ဖူးလို့လား"

ဤနေရာတွင် သိမ်းငှက်သည် ကျင်းဟိုကို ဘာပြန်ပြော

www.burmeseclassic.com

www.burmeseclassic.com



ရမှန်းမသိ ဖြစ်သွားသည်။

ထိုအခိုက် ခြေသံကြားလိုက်ရသည်။

"ရှပ် . . . ရှပ်"

"ရှပ်"

အချုပ်ခန်းစောင့်တစ်ယောက် အချုပ်ခန်းအနီးသို့ လျှောက်လာခြင်းဖြစ်သည်။

ထိုအချုပ်ခန်းစောင့်သည် သိမ်းငှက်တို့နှစ်ယောက် စကားထိုင်ပြောနေသည်ကို တွေ့၍ . . .

"ဟေ့ . . . ဟိုနှစ်ယောက်၊ ဘာဖြစ်လို့ မအိပ်သေးတာလဲ"

"မအိပ်ချင်သေးလို့ပါ"

"မအိပ်ချင်လို့ မရဘူး၊ အိပ်ကိုအိပ်ရမယ်"

"အိပ်လို့မရပါဘူးလို့ ပြောနေရက်နဲ့ အိပ်ရမယ်ဆိုပါလား၊ အချုပ်ခန်းထဲရောက်နေလို့သာ အပြင်မှာ တွေ့လိုက်ချင်တယ်"

သည်စကားကိုကား အချုပ်ခန်းစောင့် သိသွားဟန်မတူပါချေ။ ပြန်လည် လျှောက်လှမ်းသွားလေသည်။

ကျင်းဟိုက သိမ်းငှက်၏လက်မောင်းကို လှမ်းကိုင်လိုက်သည်။ မျက်ရိပ်လည်း ပြလိုက်သည်။

ပြီးမှ သူက . . .

"အိပ်ပါတော့ကွာ"



ဟု ပြောလိုက်သည်။

သိမ်းငှက် ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။

ညသည် ပို၍အေးလာသည်။

အပြင်ဘက်တွင် မည်းမှောင်နေသည်။

အချိန်ရာသီမှာ မိုးအကုန် ဆောင်းအကူးကာလဖြစ်ပေသည်။ မိုးသည်ကား ပြတ်သေးသည် မဟုတ်ချေ။

သို့သော်ဆောင်းရိပ်ဆောင်းငွေ့များက အရာရာကို ဖုံးလွှမ်းစပြုလာသည်။

သိမ်းငှက်သည် အမှန်တကယ် အိပ်၍မရသေးချေ။

ကျင်းဟိုပြောသော ထင်းဟွားဆိုသည့် မိန်းကလေးအကြောင်း တွေးနေမိသည်။

♥ ♥ ♥

"သည်မိန်းကလေးက ဘယ်လောက်ချော ဘယ်လောက်လှလို့ ကျင်းဟိုက သည်လောက်တောင် ချီးမွမ်းနေရတာလဲ"

"မိန်းကလေးတစ်ယောက်ကို လူတစ်ယောက်က လှတယ် ချောတယ်ဆိုတဲ့စကားကို အကြောင်းမဲ့ပြောချင်မှ ပြောတာမဟုတ်ဘူး"

မှန်ပေသည်။

www.burmeseclassic.com



သိမ်းငှက်သည် မြို့တွင်ကြီးပြင်းလာခဲ့သူဖြစ်သည်။

မြို့အကြောင်း မြို့စရိုက်အကြောင်းတွေကို နားလည်၏။

သိမ်းငှက်သည် အိပ်ချင်တော့လည်း ဘယ်အချိန်က အိပ်ပျော်သွားသည် မသိချေ။

အိပ်ပျော်သွားတော့သည်။

မည်မျှကြာသွားသည်ပင် မသိလိုက်ချေ။

ဖျပ်ခနဲ နိုးလာသောအခါ ဘေးတွင် ကျင်းဟိုမှာ တခေါခေါအိပ်ပျော်နေ၏။

ထိုအချိန် တစ်ဘက်ထောင့်၌ရှိနေသော အချုပ်သားသုံးယောက် လှုပ်လှုပ်ရွရွ ဖြစ်နေသည်။

၎င်းသည်ကို သိမ်းငှက် သိလိုက်သည်။

အမှန်တော့ သည်အချုပ်သား သုံးဦးအပေါ် စိတ်ဝင်စားမိသည်။

"သူတို့သုံးယောက် ကြည့်ရတာ တစ်မျိုးပဲ"

ထိုအခိုက်. . .

"ဗိုး"

"ဝုစ်"

အသံဗလံများကို သိမ်းငှက် ကြားလိုက်ရသည်။

လှည့်၍ကြည့်လိုက်ရာ. . .

"ဟိတ်"

"အင့်"



မီးပုံမီးမှာ မှိန်းများတက်ပြီး ပို၍နီကျင်ကျင်ဖြစ်သွားသဖြင့် တစ်ယောက်ကိုတစ်ယောက် ပြတ်ပြတ်သားသား မမြင်ရချေ။

"ဟေ့"

"မလှုပ်နဲ့ သေသွားမယ်"

"ပေးစမ်းသော့"

သိမ်းငှက်သည် တခေါခါ အိပ်နေသော ကျင်းဟိုကို လှုပ်နှိုးလိုက်သည်။

ခပ်ဆတ်ဆတ် ခပ်ခါခါ လှုပ်နှိုးလိုက်လေရကား ကျင်းဟိုမှာ အထိတ်တလန့်ဖြင့် နိုးလာသည်။

"ဘာဖြစ်လို့လဲ"

"မြို့စောင့်တပ်သားတွေလား"

အမှန်တော့ ကျင်းဟိုသည် အိပ်မှုံစုံမွှားနှင့် ပါးစပ်မှ ယောင်ယမ်းထွက်နေခြင်းပင်။

သိမ်းငှက် စိတ်မရှည်တော့ဘဲ ကျင်းဟို၏ခန္ဓာကိုယ်ကို ဆွဲခါမတတ် လှုပ်ယမ်းလိုက်တော့မှ. . .

"သိမ်းငှက်ရာ ဖြည်းဖြည်းပေါ့ ဘာဖြစ်လို့လဲ"

လေသံအေးအေးဖြင့် ပြောလာသည်။

ကျင်းဟိုမှာ ခုမှ ပုံမှန်အနေအထားဖြစ်သည်။

"ဟိုမှာ"

နှစ်ယောက်စလုံး လှည့်ကြည့်လိုက်သောအခါ မြင်

www.burmeseclassic.com

www.burmeseclassic.com



တွင်းမှာ အမှန်ပင်ထူးခြားနေသည်။

အကြောင်းမူကား စောစောက အချုပ်သားသုံးယောက်ရှိသည့်အနက် အချုပ်သားကြီးက အပြင်ဘက်ရှိ အချုပ်ခန်းစောင့် တစ်ယောက်၏လည်မြိုကို အတွင်းဘက်မှ လက်တစ်ဘက်ထုတ်ပြီး ဆွဲညှစ်ထားသည်။

"အား"

"အင့်"

အချုပ်ခန်းစောင့်မှာ လုံးဝလှုပ်၍မရချေ။

လှုပ်လိုက်တိုင်း ညည်းတွားသံတွေ မချိမဆန့်ပေါ်ထွက်နေသည်။

ထိုအခိုက်. . .

"ရှပ်"

"ရှပ်"

ကျန်အချုပ်ခန်းစောင့် ပြေးလာသည်။

သူသည် သူ့လူ၏အခြေအနေကိုသိ၍ ပြေးလာဟန်တူသည်။

သို့သော်. . .

ထိုအချုပ်ခန်းစောင့်သည် အချုပ်ခန်းရှေ့သို့ပင် ရောက်မလာပါ။

"ဗြိုး"

"ဗွစ်"



"အား"

လမ်းခုလတ် တစ်နေရာအရောက်တွင် လဲကျသွားသည်။

"ဟာ. . . ဘာဖြစ်တာလဲ"

ကျင်းဟို အံ့ဩနေသည်။

သိမ်းငှက်ကမူ ထိုအဖြစ်အပျက်ကို တွေ့လိုက်မြင်လိုက်ရ၏။

အချုပ်ခန်းစောင့်တစ်ယောက်က ပြေးအလာ အချုပ်ခန်းထဲရှိ လူငယ်တစ်ယောက်၏ လက်တစ်ဘက် လှုပ်လိုက်သည်။

"ဗွစ်"

ဓားပျံတစ်လက် ပစ်သွင်းလိုက်ခြင်းပင် ဖြစ်သည်။

ထိုအခါ. . .

တစ်ဘက်မှ ပြေးလာသော အချုပ်ခန်းစောင့်က အချုပ်ခန်းရှေ့ သူ့လူထံသို့ပင် ရောက်မလာဘဲ ခွေကျသွားလေတော့သည်။

သည်အချိန် လူကြီး ဖမ်းချုပ်ထားသူမှာ အတွင်းအားသုံး၍ လွတ်ထွက်သွားတော့မည့် အနေအထားသို့ ရောက်နေလေသည်။

လူကြီးမှာ ထိုအချုပ်ခန်းစောင့်ကို လက်လွှတ်လိုက်ရတော့မလို ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်လူနှစ်ယောက်မှာ လူကြီးကိုဝင်မကူဘဲ ကြောင်ပြီး ကြည့်နေကြသည်။

အဖြစ်အပျက်ပေါ် သွေးလန့်သွားပုံရသည်။

ဤတွင် သိမ်းငှက်က နေရာမှထကာ လှစ်ခနဲပြေးသွားသည်။

အပြင်ဘက်ကို လက်တစ်ဘက်ထုတ်ပြီး အချုပ်ခန်းစောင့်၏ နောက်ကျောတစ်နေရာသို့ လက်ညှိုးနှင့်လက်မကို အသုံးပြု၍ အကြောပိတ်လိုက်သည်။

အချုပ်ခန်းစောင့်မှာ မရှုန်းကန်တော့။

ပျော့ခွေကျသွားသည်လည်း မဟုတ်၊ မူလ ပကတိပုံစံအတိုင်းပင်။

အရုပ်တစ်ရုပ် အချုပ်ခန်းဘေးတွင် မှေး၍ထောင်ထားသကဲ့သို့ ရှိသည်။

သည်တော့မှ လူငယ်နှစ်ယောက် ဆက်လက်လှုပ်ရှားသည်။

"သော့ယူ. . . ရော့"

ဟုပြောကာ လူငယ်တစ်ယောက်ထံ ပစ်ပေးလိုက်သည်။

♥ ♥ ♥



"ဖွင့်"

"ဟူး"

သော့တွဲရသူက အချုပ်ခန်းတံခါးရှိ သော့ခလောက်ကို ဆွဲလှန်ပြီး ဖွင့်လိုက်သည်။

"ချောက်"

သော့ခလောက် ပွင့်သွားချေပြီ။

"ဖွင့်. . . ဖွင့်"

"တံခါးကို မြန်မြန်ဖွင့်"

လူကြီးက နောက်မှပြောသည်။

လူရွယ်နှစ်ယောက်က အချုပ်ခန်းကို ဖွင့်နေသည်။

သော့ခလောက်ကို ဆွဲဖြုတ်လိုက်သော်လည်း ချက်တစ်ချက်ဖြုတ်ရန် ကျန်သေးသည်။

ထိုချက်ကို ဆွဲလှန်၍ဖွင့်ရာ၌လည်း လူရွယ်နှစ်ယောက်အတွင်းဘက်က မမှီမကမ်းလုပ်နေရ၍ အခက်အခဲဖြစ်နေသည်။

ထိုအခိုက်. . .

"ရှပ်"

"ရှပ်"

ခြေသံများကို ကြားနေရသည်။

လူကြီးက စိတ်မရှည်တော့ချေ။

"ဟိုမှာ မင်းတို့သေမင်းတွေ လာနေပြီ၊ မြန်မြန်တံခါး

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်တော့လေကွာ"

ဟုပြောလိုက်သည်။

တံခါးကို ရုတ်တရက် ဖွင့်မရချေ။

ထိုအခါ လူကြီးက လူရွယ်နှစ်ယောက်ကို တွန်းဖယ်ပြီး သူကိုယ်တိုင် တံခါးဖွင့်သည်။

သို့သော်. . .

အပေါက်ကကျဉ်းပြီး သူ့လက်က ကြီးနေသည်။

"တောက်"

တောက်တစ်ချက် ခေါက်လိုက်စဉ် သိမ်းငှက်က. . .

"ဖယ်. . ဖယ်. . ကျွန်တော်ဖွင့်မယ်"

ဟုပြော၍ အပေါက်မှ လက်တစ်ဘက်လျှိုသွင်းပြီး သံချက်ကို ဆွဲဖွင့်လိုက်သည်။

"ဒေါက်"

"ကျွီ"

"ဂျိမ်း"

အချုပ်တံခါး ပွင့်သွားချေပြီ။

သူတို့ အချုပ်ခန်းအပြင်သို့ အရောက်တွင်. . .

"ရှပ်. . . ရှပ်"

အပြင်စည်း၌ စောင့်နေသော အစောင့်အကြပ်နှစ်ယောက်ခေါင်းကိုယ်စီကိုင်စွဲ၍ လွှားခနဲဝင်၍တိုက်ခိုက်သည်။

သိမ်းငှက်သည် အရင်ဝင်လာသူ၏ခေါင်းကို အမိအရ



ယူ၍ ထိုသူအား ကျန်လက်တစ်ဘက်ဖြင့် ဖြတ်ရိုက်ချလိုက်သည်။

"ဝှစ်"

"အား"

နောက်ဝင်လာသူ၏ခေါင်းချက်ကိုရှောင်ပြီး သိုင်းကွက်သုံးကွက်ခုတ်သည်။

"ချွင်. . . ချွင်"

"ထန်း"

"အား"

ထို့နောက်. . .

တိုက်ပွဲကို သိမ်းပစ်လိုက်သည်။

♥ ♥ ♥

"ဆံနီခြသေ့်ထင်းဝမ်း"

သူသည် ဤကဲ့သို့ နာမည်တစ်လုံးနှင့် ကျော်ကြားနေသည်မှာ သူ့ကိုမြင်လိုက်ရသည်နှင့် ကြောက်လန့်သွားလေသည်။

ဆံပင်ရှည်ကို ပဝါတစ်ထည်နှင့် စည်းနှောင်ထားလင့်ကစားအဖျားပိုင်းတို့မှာ ဖွာလန်ကြဲနေသည်။

မျက်လုံးမွှေးကား ထူ၏။

ခန္ဓာကိုယ် အချိုးအဆစ်မှာလည်း တုတ်တုတ်ခိုင်ခိုင်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ထင်းဝမ်း၏ သိုင်းသမားတစ်ဦးအဖို့ အသက်ငါးဆယ်ကျော်သည် အကောင်းဆုံးအချိန်ဖြစ်သည်။

သူသည် ခပ်မှန်မှန် လျှောက်လှမ်းလာရာမှ ကွမ်းကြိုးနှင့်ကျွင်းလီတို့ရှေ့သို့ရောက်လျှင် ရပ်လိုက်ကာ. . .

"ဘယ်လိုလဲ ကျွင်းလီ. . . မင်းကိုငါ လာစောင့်နေတာ အတော်ကိုကြာသွားပြီ၊ အခုပဲ လိုက်တော့မလို့ မင်းတို့ငါး ယောက်က တစ်ယောက်လျော့နေပြီး နှစ်ယောက်က ဘယ်လို ပုံစံနဲ့ ပါလာရတာလဲ"

ဟု မေးလိုက်သည်။

မှန်ပေသည်။

ကျွင်းလီ ဦးဆောင်သော ရွှေခြသေ့်ဂိုဏ်းသား ငါးဦးမှာ တစ်ဦးလျော့နေပြီး သိမ်းငှက်နှင့်စောရကျင်းဟိုတို့နှစ်ယောက် လိုက်ပါလာကြခြင်းဖြစ်သည်။

ထို့ကြောင့်. . .

ထင်းဝမ်း စပြီးတွေ့မြင်လိုက်ရာ ခြောက်ဦးဖြစ်နေ၍ မိမိလွှတ်လိုက်သူ ငါးဦးက အဘယ်ကြောင့် ခြောက်ယောက် ဖြစ်လာရကြောင်း တွေးလိုက်မိခြင်းပင်။

ကျွင်းလီက ထင်းဝမ်းအား လက်နှစ်ဘက်ကိုယှက်၍ ဆုပ်ကိုင်လျှက် ခါးကိုညွှတ်ပြီး အရိုအသေပေးလိုက်ကာ. . .

"ကျွန်တော်တို့ ဆရာထင်းဝမ်းပြောတဲ့အတိုင်း အသူရာ ချောက်ကမ်းပါးကို ရောက်ရောက်ချင်းပဲ သစ္စာအာမခံဌာနက



မြင်းလှည်းငါးစီး ရောက်လာလို့ ကျွန်တော်တို့ ဆီးကြိုတိုက် ခိုက်ကြပါတယ်"

"တိုတိုပဲပြော၊ ရှုံးခဲ့သလား၊ နိုင်ခဲ့သလား"

ထင်းဝမ်းက ကျွင်းလီ စကားရှည်နေမည်စိုး၍ အစ ဖြတ်ချလိုက်ခြင်းပင် ဖြစ်သည်။

"အနိုင်ရခဲ့ပါတယ်၊ အဲသည်အချိန်မှာ ဝမ်းဟုံ၊ ဖိန်းလီနဲ့ ရှောင်အောတို့ဟာ သည်က သိမ်းငှက်၊ ကျင်းဟိုတို့နဲ့အတူ ကျွန် တော်တို့ဆီရောက်လာလို့ နည်းနည်းကြာသွားရတာပါ"

"သည်ကောင်သုံးယောက် စန်းကျိုးမြို့အချုပ်ခန်းထဲက ထွက်ပြေးလာတာလား"

"ဟုတ်ပါတယ်"

"သည်နှစ်ယောက်ကရော"

"ဝမ်းဟုံတို့ အချုပ်ခန်းထဲက ထွက်ပြေးလာတုန်းက လိုက်လာတဲ့ အချုပ်သားနှစ်ယောက်လို့ ပြောပါတယ်"

"ဝမ်းဟုံတို့ ဘယ်ကျန်နေခဲ့လဲ"

"သူတို့ မြင်းလှည်းငါးစီးနဲ့ နောက်ကလိုက်လာနေပါပြီ"

ကျွင်းလီက သူတို့တိုက်ခိုက်ခဲ့သော သစ္စာအာမခံ ဌာနက မြင်းလှည်းငါးစီးကို ရည်ညွှန်းပြောလိုက်ခြင်း ဖြစ်သည်။

"နေပါဦး၊ သူတို့သုံးယောက်ရယ် မင်းလူတစ်ယောက် ရယ်ဆိုတော့ လေးယောက်ပဲပေါ့၊ မြင်းလှည်းက ငါးစီးဆို"

"ဪ. . . ကျွန်တော်ပြောတာ လောသွားလို့ပါ၊ မြင်း

www.burmeseclassic.com

www.burmeseclassic.com



လှည်းတစ်စီးက ပျက်စီးသွားလို့ ကုန်ကိုပဲယူလာပြီး မြင်းလှည်းကို အဲသည်မှာပဲ ထားခဲ့ပါတယ်"

"ဒါဆို မြင်းလှည်းလေးစီးပဲပေါ့"

"ဟုတ်ပါတယ်"

ထို့နောက် ထင်းဝမ်းသည် သိမ်းငှက်နှင့်ကျင်းဟိုတို့ကို ကြည့်လိုက်သည်။

ကျင်းဟိုသည် ထင်းဝမ်းကို တွေ့ဖူးမြင်ဖူးသော်လည်း ထင်းဝမ်းကမူ ကျင်းဟိုကို တွေ့ဖူးမြင်ဖူးသူ မဟုတ်ဟု အထင်ရှိသည်။

"သူတို့က ဘယ်သူတွေလဲ"

ထင်းဝမ်းက သိမ်းငှက်နှင့် ကျင်းဟိုကိုကြည့်နေဆဲ၌ပင် ကျွင်းလီအား မေးလိုက်ခြင်းဖြစ်သည်။

ကျွင်းလီက. . .

"ဝမ်းဟုံခေါ်လာတဲ့ အချုပ်ထဲက နှစ်ယောက်ပါ။ သူက သိမ်းငှက်တဲ့၊ သူကတော့ ကျင်းဟိုပါ။ သူ့အကြောင်း ကျွန်တော် သိပါတယ်၊ သိမ်းငှက်အကြောင်းသာ ကျွန်တော်မသိတာပါ"

ကျွင်းလီစကားအရ ဆံနီခြသေ့်ထင်းဝမ်းသည် ကျင်းဟိုကို စိတ်မဝင်စားတော့ဘဲ သိမ်းငှက်ကိုသာ စိတ်ဝင်စားလာလေတော့သည်။

"သိမ်းငှက် ဟုတ်လား"

ဟု သိမ်းငှက်ကို တိုက်ရိုက်မေးလိုက်သည်။



"ဟုတ်ပါတယ်"

"မင်းက သိုင်းသမားတစ်ယောက် ဆိုပါတော့"

"ဟုတ်တယ်၊ ကျုပ်ဟာ သိုင်းသမားတစ်ယောက်ပါပဲ၊ ကျုပ်တတ်ထားတဲ့ပညာကို မလုံလောက်သေးဘူးထင်လို့ သိုင်းလောက အတွေ့အကြုံယူဖို့ ထွက်လာတာပါ"

"ဪ. . . သည်လိုလား"

"ဟုတ်ပါတယ်"

သိမ်းငှက်က ဆံနီခြသေ့်ထင်းဝမ်းကို ရိုရိုသေသေပင် ပြောနေသည်။

သူပြောနေသည်မှာ အမှန်မဟုတ်သော်လည်း သူက မိမိပြောနေသည်မှာ အမှန်ပဲဟု ခံစားပြီးပြောနေခြင်းဖြစ်သည်။

ထိုအခါ. . .

သူပြောသမျှ သရုပ်ပါနေရကား ထင်းဝမ်းသည် ယုံကြည်လာ၏။

"စန်းကျိုးမြို့အချုပ်ထဲကို ဘယ်လိုဘယ်နည်းနဲ့ ရောက်သွားရတာလဲ"

ထင်းဝမ်းက လှမ်းမေးလိုက်သောအခါ သိမ်းငှက်က. .

"ဆောင်းခရေစားသောက်ဆိုင်ထဲမှာ ချီစန်းဆိုတဲ့လူက ကျုပ်ကို ရန်စလာတာနဲ့ ကျုပ်လည်း ကြည့်မရလို့ ဆုံးမလိုက်တယ်"

ထိုစကားကြားလိုက်ရလျှင် ထင်းဝမ်း မျက်လုံးများ တန်း

www.burmeseclassic.com

www.burmeseclassic.com



ယှက်၍မြင့်တက်သွားလေသည်။

တစ်ချိန်တည်းမှာပင် သူက. . .

"ချီစန်းက ငါတို့လူကွ"

ဟု ပြောလိုက်သည်။ သိမ်းငှက်က မျက်နှာတစ်ချက် ပျက်ဟန်ဆောင်ကာ. . .

"ဟာ. . . ဟုတ်လား၊ မသိပါဘူးဗျာ၊ ကျုပ်လည်း ကျုပ်ကိုရန်စလာလို့ မှတ်လောက်သားလောက်ရုံ ရိုက်လိုက်မိတယ်၊ ရိုက်တာကတော့ သူ့ရိုက်ကိုယ်ရိုက်ပါပဲ"

"တောင်ခွဲလက်ဝါးချီစန်းကိုတောင် မင်းက ရိုက်လွှတ်လိုက်တယ် ဟုတ်လား"

ထင်းဝမ်းသည် မိမိလူ အရိုက်ခံရသည့်အတွက် စိတ်မဆိုးချေ။

သိမ်းငှက်ကို ပို၍ပင် စိတ်ဝင်စားသွားသည်။

ဤသို့လူမျိုး ရွှေခြသေ့ဂိုဏ်းတွင် အများအပြားလိုအပ်သည်။

သည်လိုလူမျိုး များလေလေ ရွှေခြသေ့ဂိုဏ်းသည် ပို၍နာမည်ကြီးလေလေ ဖြစ်လာမည်ဟု ထင်းဝမ်း ယုံကြည်ထားသည်။

"သူက တောင်ခွဲလက်ဝါးချီစန်းတဲ့လား၊ ဒါကြောင့်ကိုး ကျုပ် သူ့ကို အတော်တိုက်လိုက်ရတယ်"

သိမ်းငှက်က ရွှေခြသေ့ဂိုဏ်းသား တစ်ယောက်ကို



အလွယ်နှင့် တိုက်ခိုက်ခြင်းမဟုတ်ကြောင်း ပြောလိုက်ခြင်းဖြစ်သည်။

"ချီစန်းကို တိုက်ခိုက်တာနဲ့ပဲ မင်းက အချုပ်ခန်းထဲကို ရောက်သွားရောတဲ့လား၊ မဖြစ်နိုင်တာပဲ"

ထင်းဝမ်းက မကျေမနပ် ပြောလိုက်သည်။

ထိုအခါ ကျင်းဟိုက ကြားဖြတ်၍. . .

"အဲသည်လိုတော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ ဆောင်းခရေစားသောက်ဆိုင်က အပြန်မှာ မြို့စောင့်အာဏာသားတွေ လိုက်လာပြီး ထိချောင်းဆိုတဲ့လူကြီးက မင်းတို့ ဆောင်းခရေစားသောက်ဆိုင်မှာ သောင်းကျန်းခဲ့လို့ ဖမ်းတယ်ဆိုပြီး ဖမ်းသွားတာပါ။ တရားသူကြီးကလည်း ချက်ချင်းစီရင်ချက်ချပြီး အဲသည် အချုပ်ထဲ သွင်းလိုက်တာပါ"

ဟု ပြောနေစဉ် သိမ်းငှက်က. . .

"ထိချောင်းကို တစ်ယောက်ယောက်က သွားတိုင်လို့ပဲဖြစ်မှာပေါ့"

ဟု ဝင်ပြောလိုက်သည်။

ထင်းဝမ်း ခေါင်းတဆတ်ဆတ် ညိတ်ကာ. . .

"နောက်မှကြည့်ရှင်းမယ်၊ ခုတော့ ငါတို့နဲ့လိုက်ခဲ့ဦး"

ဟု ပြောလိုက်လေတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



ခြသေ့်တောင်ပေါ်သို့ သိမ်းငှက်ရောက်ရှိလာခဲ့ချေပြီ။

ဤနေရာသို့ ပထမဆုံးအကြိမ် ရောက်ရှိလာခြင်းဖြစ်သည်။

ရောက်ရောက်ချင်းမှာပဲ ထင်းဟွားဆိုသော မိန်းကလေးနှင့်တိုက်တိုက်ဆိုင်ဆိုင် ဆုံရလေသည်။

"ဟေး"

"ဟေး"

မြင်းတစ်ကောင်ကို ထင်းဟွား တက်စီးမိရာမှ မမျှော်လင့်သော အခြေအနေမျိုးနှင့် ကြုံဆုံခဲ့ရခြင်း ဖြစ်လေသည်။

သူမ စီးသောမြင်းသည် ပထမပိုင်း တစ်ချိန်လုံး ချောချောမောမောပင်။

ထို့ကြောင့်လည်း ထင်းဟွားသည် မြင်းဇောင်းရှေ့ဘက်ကွင်းပြင်ထဲတွင် သစ်ပင်သုံးပင်ကို ဘဲဥပုံပတ်ချာဝိုင်းကာ ဒုန်းစိုင်းနေလေသည်။

သူမမြင်း ဒုန်းစိုင်းစီးနေသည်ကိုပဲ အားလုံးက လက်ညှိုးထိုးကာ ပြုံးကာရယ်ကာ အော်ဟစ်ကာ ကြည့်နေကြသည်။

သိမ်းငှက်နှင့် ကျင်းဟိုတို့ပါ ရောယောင်၍အော်ဟစ်လိုက်သည်။

"ဟေး. . . တော်တယ်၊ မြင်းစီးတတ်တယ်ဆိုတာ ဒါမျိုးကွ"

သိမ်းငှက် အသံကျယ်သွားသဖြင့် ဘေးတွင် မျှော်ငေး



ကြည့်နေသောအုပ်စုက သိမ်းငှက်ကို လှည့်ကြည့်သည်။

သူတို့အကြည့်မှာ မကျေနပ်သည့် အကြည့်ပင် ဖြစ်ပေသည်။

သို့နှင့် ထိုလူက သူ့လူနှစ်ယောက်ကိုထားခဲ့ပြီး သိမ်းငှက်ထံလျှောက်လာကာ မျက်နှာချင်းဆိုင်လုမတတ် ကပ်လိုက်ပြီး. .

"မင်းက လှောင်တာလား၊ အဲဒါ ဘယ်သူမှတ်လို့လဲ"

ဟု မေးသည်။

သိမ်းငှက်က ပြန်ပြောမည်အပြု ကျင်းဟိုက လက်မောင်းကို ဖမ်းဆွဲကာ. . .

"အေးအေး နေလိုက်စမ်းပါကွာ"

ဟု ကျိတ်၍ပြောလိုက်သည်။

သိမ်းငှက်က. . .

"ငါ သူ့ကိုလှောင်နေတာ မဟုတ်ဘူး၊ အားပေးတာ၊ ဘယ်သူလဲ၊ ငါမသိဘူး"

ဟု ပြောလိုက်သည်။

"သည်လိုဆို မင်းဟာ လူစိမ်းပဲပေါ့"

"လူစိမ်းတော့ မဟုတ်ဘူး၊ ဆံနီခြသေ့်ထင်းဝမ်းကိုမေးကြည့်"

သည်တော့မှ မေးလာသူ အသံပျော့သွားသည်။

ထိုအခိုက် ဘစ်ဘက်မှ. . . .

"ဟာ. . . မြင်းလန့်သွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



"လုပ်ကြပါဦး၊ ကျတော့မယ်၊ မြင်းခါချနေပြီ"

အသံဗလံများကြား၍ သိမ်းငှက်တို့ စကားရန်ပွဲ ငြိမ်းသွားသည်။

တစ်ဘက်သို့ လှည့်အကြည့်. . .

"ခွပ်. . . ခွပ်"

"ခွပ်. . . ခွပ်"

မြင်းသည် ဖွေဖောက်ပြီး သူ့ကျောပေါ်က ထင်းဟွားကို မရမက ခါချနေသည်။

ထင်းဟွားမှာ အောက်သို့ကျမလို နှစ်ခါဖြစ်ပြီး မြင်းပြေးရာနောက်သို့ တွက်ကပ်ပါသွားသည်။

စောစောက ကြည့်နေသူအားလုံး တစ်ယောက်မျှ ထွက်မလိုက်ကြချေ။

အချို့ကမူ အသည်းအသန် အော်နေသည်။

ထိုစဉ်. . .

သိမ်းငှက်သည် မြင်းဖောင်းစည်းရိုးကို လွှားခနဲ ခုန်ပျံကျော်လွှားပြီး မြင်းတစ်ကောင်၏ကျောကုန်းပေါ်သို့ တဆက်တည်း ခုန်ပျံ၍တက်လိုက်လေသည်။

ထို့နောက်. . .

မြင်းကုန်းနှီးမဲ့ ဇက်ကြိုးမပါ မြင်းလည်ဆံမွေးကိုအားပြု၍ မြင်းဖောင်းစည်းရိုးကို မြင်းဖြင့်ခုန်ကျော်ထွက်လိုက်သည်။

"ဝှစ်"



"ဟူး"

မြင်းတစ်ကောင်ကို ယခုလိုပင် ပိုင်ပိုင်နိုင်နိုင် စီးနိုင်သည်မှာ သိမ်းငှက်အဖို့ ဂုဏ်ယူစရာပင်။

ထိုအချိန်တွင် ရွှေခြသေ့်ဂိုဏ်းချုပ် ရောက်ရှိလာတာ

"ဘာဖြစ်တာလဲ"

ဟု မေးလိုက်သည်။

အားလုံး ဂိုဏ်းချုပ်ကို ပြောရမှာခက်နေသည့်အခိုက် စောစော သိမ်းငှက်အား ရန်စသောသူက အဖြစ်အပျက်အားလုံးကို ဂိုဏ်းချုပ်အား ရှင်းလင်းပြောပြလိုက်သည်။

"သည်လိုဆို မင်းတို့က ဘာလုပ်နေကြတာလဲ၊ လိုက်သွားကြလေ"

ဟု ဂိုဏ်းချုပ်ပြော၍ အလျှိုအလျှိုမြင်းဖောင်းဘက်သို့ ပြေးထွက်သွားကြလေသည်။

"ဝှစ်"

"ဟူး"

ထိုအချိန်တွင် မြင်းစီးသမား နှစ်ယောက်နှင့် မြင်းနှစ်ကောင်သည် လူသူမနီး ကွင်းထီးထီးသို့ ရောက်ရှိလာသည်။

ထင်းဟွားမှာ မြင်းကို အင်အားရှိသမျှ တွယ်ကပ်ထားသည်။

"ခွပ်ခွပ်. . ခွပ်ခွပ်"

ရှေ့မြင်းက အကြောက်အကန် ပြေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သိမ်းငှက်က ရှေ့မြင်းနောက်မှ ထပ်ကြပ်မကွာ လိုက်လာသည်။

"ယား"

"ဟိတ်"

သိမ်းငှက် ညာသံပေးလိုက်လျှင် သူ့မြင်းက ပိုရှဲပြေး၏။

သူ့မြင်း လန့်သွားသည်မှာ ရှေ့မြင်းကို အမီလိုက်သလို ဖြစ်သွားသည်။

ထိုအခါ. . .

သိမ်းငှက်က ထင်းဟွားရှိရာသို့ ခန္ဓာကိုယ် ခုန်လွှား၍ကူးလိုက်သည်။

"ဝိုး"

"ခွပ်. . . ခွပ်"

"ဝုန်း"

နှစ်ယောက်သား မြင်းကျောပေါ်မှ အောက်ဘက်မြက်ခင်းပေါ် ရောထွေးကျသွားသည်။

မြင်းနှစ်ကောင်မှာ ရှေ့ဘက် ဆက်လက်ပြေးထွက်သွားသည်။

မြက်ခင်းစိမ်းပေါ်သို့ ရောက်သွားရာ၌ နှစ်ယောက်စလုံး သုံးလေးပတ် လိမ့်သွားသည်။

ရေအိုင်ဘေးသို့ ကျရောက်သွားသည်။

တော်ပေသေးသည်။



သိမ်းငှက်၏ သတိရှိမှုကြောင့် ရေအိုင်ထဲသို့ မရောက်ပါချေ။

လူပ်ရှားမှုများ တုန့်ဆိုင်းရပ်သွားသောအခါ သူသည် ထင်းဟွား၏ခန္ဓာကိုယ်အား ပွေ့ဖက်လျက်သား ဖြစ်နေသည်။

သိမ်းငှက်က လက်ကိုလွှတ်ရင်း. . .

"ကျုပ် တောင်းပန်ပါတယ်၊ မိန်းကလေး"

ဟု ပြောလိုက်၏။

ထင်းဟွား ခေါင်းခါယမ်းလိုက်သည်။

"တောင်းပန်စရာ မလိုပါဘူးရှင်၊ မမျှော်လင့်ဘဲ ဖြစ်ကြရတာပဲ"

မည်သို့ဆိုစေ။

သိမ်းငှက်က သူမကို တစ်ချက်ကြည့်လိုက်မိ၏။

ထင်းဟွားက သူမရင်ဘတ်ပေါ် လန်၍ ကျနေသော အင်္ကျီစကို ပြန်မ,၍ လက်ဖြင့်ကပ်ထားလိုက်သည်။

သိမ်းငှက် မျက်နှာလွှဲပြီး. . .

"မိန်းကလေး သွားကြရအောင်"

ထင်းဟွား ခေါင်းညိတ်လိုက်သည်။

သူတို့နှစ်ယောက် ပြန်လျှောက်လာခဲ့သည်။

ရွှေခြသေ့်ဂိုဏ်းအနီးသို့ ရောက်လုဆဲဆဲတွင်. . .

"ခွပ်. . . ခွပ်"

မြင်းခွာသံများ ကြားလိုက်ရပြီး ရွှေခြသေ့်ဂိုဏ်းချုပ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းသားများ လိုက်ပါလာသည်ကို တွေ့လိုက်ရသည်။

ခြွေခြင်သို့ဂိုဏ်းချုပ်က. . .

"သမီး ဘာဖြစ်သွားသေးလဲ"

ဟု စိုးရိမ်တကြီး မေးသည်။

ထင်းဟွား ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ ဘာမှမဖြစ်ပါဘူးဖေဖေ၊ သူကယ်ပေလို့သာပေါ့"

ဟုပြောကာ ရင်ဘတ်အကျီစအား ဆွဲစေ့လိုက်သည်။

"ကျွန်မ အဝတ်အစား သွားလဲလိုက်ဦးမယ်"

ပြောပြီး ထွက်သွား၏။

"မင်းကို ကျေးဇူးတင်ပါတယ်"

ဂိုဏ်းချုပ်ထင်းရိဖုံးက သိမ်းငှက်ဘာမှမပြောရသေးမီ ပြောလိုက်သည်။

ဘေးတွင် ထင်းဝမ်း၊ ကျှင်းလီတို့ ရှိနေသည်။

နောက်မှ ရောက်လာသူကား ကွမ်းကြုံးဖြစ်သည်။

ကွမ်းကြုံးသည် ထင်းဝမ်း၏တပည့်ရင်း ဖြစ်သည့်အလျှောက် ခပ်ဆိုးဆိုးသမားဖြစ်သည်။

လက်အောက်ငယ်သားများအပေါ်တွင် ယှဉ်ဝံ့သူမရှိ ခေါင်းဖော်နိုင်သူဖြစ်သည်။

ထင်းဟွားမိန်းကလေးကိုပင် သူက စိတ်ဝင်စားနေသူဖြစ်ရုံမက မျှော်လင့်ချက်ထားသူ ဖြစ်သည်။



ထို့ကြောင့်. . .

ခြင်သို့တောင်ပေါ်သို့ ရောက်လာသောလူစိမ်း သိမ်းငှက်ဆိုသူကို ကြည့်မရဖြစ်နေသည်။

ဂိုဏ်းချုပ်က ဆက်လက်၍. . .

"အခု မင်းမှာ ဘယ်လိုရည်ရွယ်ချက်ရှိသလဲ၊ အဲဒါကို မင်းက အရင်ပြောစေချင်တယ်"

ဟု အကဲခတ်ရင်း မေးလိုက်သည်။

သူ ဘာကြောင့် သည်လိုမေးသည်ကို သိမ်းငှက် နားလည်သဘောပေါက်လိုက်သည်။

"ကျုပ် ဆရာထင်းဝမ်းကို ပြောထားပါတယ်၊ ကျုပ်တတ်ထားတဲ့ သိုင်းပညာ မပြည့်စုံဘူးထင်လို့ သိုင်းလောကမှာ သိုင်းသမားဘဝ ခံယူဖို့ ထွက်လာတာပါလို့"

"အေး. . . ထင်းဝမ်းက သည်အကြောင်း ငါ့ကိုပြောပါတယ်"

ထိုအခိုက်. . .

ထင်းဝမ်းက ကြားဖြတ်၍. . .

"သည်လိုဆိုရင် မင်းက ခရီးဆက်မယ်ဆိုပါတော့"

"ဟုတ်ပါတယ်"

"သိုင်းလောကကြီးဟာ သပွတ်အူလို ရှုပ်ထွေးနေတာ အဲသည်သိုင်းလောကထဲကို မင်းက သိုင်းသမားလုပ်ဖို့ ဘာအကျိုးရှိမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အကျိုးရှိတယ် မရှိဘူးဆိုတာကတော့ အဲသည်နေရာကိုလက်တွေ့ရောက်သွားမှ သိရမှာပါ ဆရာထင်းဝမ်း"

၎င်းတွင်. . .

ဂိုဏ်းချုပ်ထင်းရိုဖုံးက. . .

"ဒါနဲ့ နေပါဦး မင်းဆရာက ဘယ်သူလဲ"

ဟု မေးလိုက်သည်။

ဂိုဏ်းချုပ်က ထိုသို့မေးလာလျှင် မိမိဘက်က အသင့်တော်ဆုံးအဖြေကိုဖြေရန် သိမ်းငှက်က ဤနေရာကို မရောက်သေးခင်ကတည်းက တွေးထားပြီးဖြစ်လေသည်။

အကြောင်းမူကား ထင်းရိုဖုံးသည် မြောက်ပိုင်းအေးခဲတောင် ရေခဲမယ်တော် တုလိန်ကူး၏တပည့်၊ ခေါင်းသုံးလုံးခြသေ့ဝမ်းထိန်နှင့် ရွှေခြသေ့ထင်းရိုဖုံးတို့မှာ ဆရာတူတပည့်များဖြစ်ကြောင်း သိထားသောကြောင့် ခေါင်းသုံးလုံးခြသေ့ဝမ်းထိန်၏တပည့်ဟုပြောရန် ရည်ရွယ်ထားပြီးဖြစ်သည်။

♥ ♥ ♥



သိမ်းငှက်က. . .

"ကျုပ်ဆရာက ခုသိုင်းလောကမှာ မရှိတော့ပါဘူး"

ဟု အရင်ဆုံး ပြောလိုက်သည်။

၎င်းတွင် ထင်းရိုဖုံးက. . .

"ဘယ်သူလဲ"

ဟု ထပ်မေးလိုက်သည်။

ထိုသို့မေးပြီးမှ ဖြေရလျှင် ပို၍မှတ်မိလွယ်မည် မဟုတ်ပါလား။

"ခေါင်းသုံးလုံးခြသေ့ ဝမ်းထိန်"

"ဩော်. . . ခေါင်းသုံးလုံးခြသေ့ဝမ်းထိန်လား"

ထင်းရိုဖုံးသည် ဝမ်းသာအားရ မေးလိုက်ခြင်းဖြစ်သည်။

ထင်းဝမ်းက ကျွင်းလီနှင့်ကွမ်းကြူးတို့နှစ်ယောက်တို့ တစ်ပြန် တစ်လှည့် ကြည့်နေသည်။

ကွမ်းကြူးကမူ ယခုလို အခြေအနေမျိုးကို မလိုလားပါချေ။

ထို့ကြောင့်. . .

မျက်မှောင်ကုပ်၍ ကြည့်နေသည်။

သိမ်းငှက်က. . .

"ဟုတ်ပါတယ်၊ ခေါင်းသုံးလုံး ခြသေ့ဝမ်းထိန်ပါ"

ဟု ပြောလိုက်သည်။

ပြီးမှ. . .

www.burmeseclassic.com

www.burmeseclassic.com



"ဂိုဏ်းချုပ်နဲ့သိလို့လား ခင်ဗျာ"

ဟု မေးလိုက်သည်။

ထင်းရှိဖုံးက. . .

"ဝမ်းထိန်နဲ့ငါက ဆရာတူတပည့်တွေလေ၊ တို့တွေ မြောက်ပိုင်းအေးခဲတောင်က ရေခဲမယ်တော်တုလိန်ကူးဆီမှာ အတူ တပည့်ခံခဲ့ကြတာပဲ"

ဟု ပြောသည်။

ကွမ်းကြုံး အလွန်စိတ်ပျက်သွားလေသည်။

ထို့ကြောင့်. . .

သူတို့ ဘာဆက်ပြောမည်ဆိုတာကို သိပြီးနောက်ဘက်မှ မသိမသာ ထွက်လာခဲ့သည်။

တစ်နေရာသို့ရောက်လျှင် ထင်းဟွားအား တွေ့လိုက်ရသည်။

ထင်းဟွားကလည်း ကွမ်းကြုံးလာနေသည်ကို တွေ့မြင်လိုက်ရသည်။

သို့နှင့် ကွမ်းကြုံးကို စကားပြောနေရမည်စိုး၍ ရှောင်ထွက်လာခဲ့သည်။

သို့သော်. . .

ကွမ်းကြုံးကလည်း ခေသူမဟုတ်ချေ။

ထင်းဟွားနောက်သို့ အပြေးတပိုင်းဖြင့် လိုက်လာသည်။

ထင်းဟွားမှာ ပြေးမှ ကွမ်းကြုံး၏စက်ကွင်းမှ လွတ်မည်



ဖြစ်ကြောင်းသိလိုက်သည်။

"ထင်းဟွား"

အနီးသို့ရောက်မှ ကွမ်းကြုံးက ထင်းဟွားကိုခေါ်လိုက်သည်။

ထင်းဟွား ရပ်လိုက်သည်။

ကွမ်းကြုံးက. . .

"နင်က နေတာ သူစိမ်းဆန်လွန်းတယ်"

ဟုပြောရင်း ထင်းဟွားရှေ့သို့ ရောက်ရှိလာလေသည်။

ထင်းဟွား စိတ်ပျက်သွား၏။

"ကျွန်မ အခုလို အမြဲနေတတ်တာပဲ မဟုတ်လား"

"အရင်က သည်လိုမဟုတ်ပါဘူး"

"အခု ကျွန်မက ဘယ်လိုနေလို့လဲ"

"ဟိုတုန်းက သည်လို ရှောင်ထွက်သွားဖူးလို့လား"

"ဒါက ရှင်ထင်တာလေ"

"ထားပါတော့ဟာ ငါကနင်နဲ့ ရန်ဖြစ်ရအောင် လာတာ မဟုတ်ပါဘူး။ သတိပေးစရာတစ်ခုရှိလို့ပါ"

"သတိပေးစရာဟုတ်လား၊ ဘာများလဲရှင်"

"တခြားမဟုတ်ဘူး၊ မြသေ့တောင်ပေါ်ကို လူစိမ်းတွေ ရောက်လာလို့ အဲသည်လူစိမ်းတွေနဲ့ သွားရောမိမှာစိုးလို့ပါ"

ထိုအခါ ထင်းဟွားက သဘောကျစွာ တခစ်ခစ်ရယ်မောလိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ရောတော့ရော ဘာဖြစ်မှာမို့လဲ၊ မိတ်ဆွေပေါ်တာ မကောင်းဘူးလား"

ဟု မေးလိုက်၏။

ကွမ်းကြုံးက. . .

"မိတ်ဆွေပေါ်တာ မကောင်းဘူး"

ထင်းဟွားက ထပ်မံရယ်မောလိုက်ပြန်သည်။

"မိတ်ဆွေပေါ်တာ မကောင်းဘူးလို့ ရှင့်ကျမှ ကျွန်မ ကြားဖူးတယ်"

ကွမ်းကြုံး ဒေါပွသွားသည်။

"အေး. . မကြားဖူးရင်လည်း အခုကြားဖူးပြီလို့ မှတ်ထားလိုက်"

ဟု ပြောလိုက်၏။

ထိုစဉ် ကျွင်းလီ အနီးသို့ရောက်လာသည်။

ကွမ်းကြုံးက. . .

"သိမ်းငှက်ကို ဂိုဏ်းချုပ်က ဘာပြောလိုက်သေးလဲ"

ဟု မေးလိုက်သည်။

ကျွင်းလီက. . .

"ဂိုဏ်းချုပ်က သည်ကောင်ကို အတော်သဘောကျနေတယ်၊ တို့ဂိုဏ်းထဲကိုဝင်ဖို့တောင် ပြောနေပြီ"

ဟု ပြော၏။ သူက ဂိုဏ်းချုပ်၏ အယူအဆကို ကျေနပ်ဟန်မတူပါချေ။



ထိုအခါ ကွမ်းကြုံးက. . .

"ကျုပ်တို့ဂိုဏ်း ဝင်မယ်ဆိုရင် အနည်းဆုံး ကျုပ်တို့ဂိုဏ်းကလက်ရွေးစင် ဂိုဏ်းသားသုံးဦးကို ဖြိုနိုင်ရမယ် မဟုတ်လား"

ကျွင်းလီက. . .

"အဲသည်စည်းကမ်းချက်ကိုတော့ ဘယ်ဖျက်မှာလဲ၊ လုပ်မှာပါ"

ထိုအခိုက် အနီးသို့ လျှောက်လာသော တောင်ခွဲလတ်ဝါးချီစန်းက. . .

"သည်ကောင်ကို ကျုပ်မကျေပွဲနွှဲချင်တယ် ဆရာကျွင်းလီ"

ဟု ပြောလိုက်သည်။

ကျွင်းလီကမူ ချီစန်းအား လှည့်ကြည့်၍. . .

"မင်းဒဏ်ရာ သက်သာလို့လား"

မေးလိုက်သောအခါ ချီစန်းက ခေါင်းညိတ်ပြလိုက်လေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



ကျွင်းလီ၊ ကွမ်းကြူးနှင့်ချိုစန်းတို့ စကားကောင်းနေစဉ်မှာပဲ ထင်းဟွားသည် အသာလစ်ထွက်လာခဲ့သည်။

သူတို့တွေ သိမ်းငှက်ကို အမြီးအတောင်များဖြင့် တိုက်ခိုက်ကြမည်ဆိုသောအခါ ထင်းဟွားသည် စိတ်ထဲမကောင်း ဖြစ်နေရလေသည်။

"သူတို့ကို သိမ်းငှက်က အနိုင်တိုက်ခိုက်နိုင်ပါ့မလား"

ဤအချက်ကို မိမိအံနေဖြင့် မှန်းဆရန် အလွန်ခက်နေသည်။ ထို့ကြောင့် သူမသည် အဖော်များဖြစ်ကြသော မေစင်းနှင့်ချူးဝှားတို့ရှိရာ စိုက်ခင်းထဲသို့ လိုက်လာသည်။

နေ့လယ်ခင်း စားသောက်ပြီး အနားယူနေသည့်အချိန် မေစင်းတို့အိမ်သို့ ရောက်သွားသည်။

မေစင်းနှင့်ချူးဝှားတို့မှာ အိမ်နီးချင်းများဖြစ်ကြသည်။

"စိုက်ခင်းထဲကို ဘာလာလုပ်တာလဲ"

မေစင်းက ထင်းဟွားကို ဆီးမေးလိုက်သောအခါ ချူးဝှားက. . .

"ဘာလုပ်ရမှာလဲ ရှုပ်ချင်လို့နေမှာပေါ့၊ ဟုတ်တယ်မဟုတ်လား ထင်းဟွား"

ဟု ဝင်နောက်လိုက်သည်။

သူတို့မှာ ခြသေ့်တောင်ပေါ်တွင် မွေး၍ ခြသေ့်တောင်ပေါ်တွင် ကြီးပြင်းလာသူများဖြစ်ကြသည်။

သိုင်းပညာသင်ကြားရာတွင်လည်း သူတို့အားလုံး



အတူတကွ သင်ကြားခဲ့ကြသည်။

ထင်းဟွားနှင့်မတူတာဆို၍ ထင်းဟွားက အလုပ်မလုပ်ရဘဲ အေးအေးဆေးဆေး နေရသည့်ဘဝပဲရှိသည်။

ဤသည်ကလည်း ရွှေခြသေ့်ဂိုဏ်းချုပ်ထင်းရှိဖုံး၏သမီးဖြစ်နေသောကြောင့်ပင်။

အခြားခြသေ့်တောင်ပေါ်ရှိ မိန်းကလေးများဖြစ်စေ၊ ယောက်ျားလေးများဖြစ်စေ အလုပ်လုပ်ကြရသည်။

ခြသေ့်တောင်ပေါ်ဒေသ ဟူသော်လည်း တောင်ပေါ်တွင် ကုန်းများ၊ ကမူများ၊ ချောက်ကမ်းပါးများချည်း မဟုတ်ချေ။

မြက်ခင်းစားကျက်တွေ ရှိသည်။ လျှောကားထစ်စိုက်ခင်းတွေရှိသည်။

သည်စိုက်ခင်းတွေမှာပဲ စားသောက်ဖွယ်ရာ သီးနှံများစိုက်ပျိုးလုပ်ကိုင်ကြသည်။

အမြဲလို အစဉ်တစိုက် လုပ်ကိုင်လာတော့လည်း ရိက္ခာတွေ ပိုလျှံလာသည်။

ထို့ကြောင့် ရက်ခြား၍ တောင်ပေါ်သားတို့ စန်းတိုးမြို့သို့ မိမိတို့ထွက်ကုန်ပစ္စည်းများကို သွားပို့သည်လည်းရှိသည်။

ကိုယ်တိုင် ရောင်းချသည်လည်းရှိသည်။

"နင်တို့ကလည်း နောက်ပြောင်ဖို့ပဲ၊ သည်တစ်ခါ ငါတို့ဆီငါလာတာ တိုင်ပင်စရာရှိလို့ လာတာပါ"

ဟုပြောသည်။ ထင်းဟွားကိုယ်တိုင်က တိုင်ပင်စရာရှိ

www.burmeseclassic.com



သည် ပြောလာသောအခါ မေစင်းရောချူးဝှားပါ ထင်းဟွား စကားကို စိတ်ဝင်စားသွား၏။

မေစင်းက. . .

"တိုင်ပင်စရာ ဟုတ်လား"

ဟု အရင်မေးသည်။

"ဟုတ်တယ်"

"ဘာလဲ၊ နင်ယောက်ျားယူတော့မလို့လား"

ဟု ချူးဝှားက မှတ်ချက်ဝင်ပေးသည်။

ထင်းဟွား စိတ်တိုသွားသည်။

"ချူးဝှား ဝင်ရှုပ်တာနဲ့ ငါပြောချင်တဲ့စကားတောင် မေ့သွားပြီ"

ဟုပြောလိုက်သည်။

ချူးဝှား ကပျာကယာဖြင့်. . .

"ပြော. . ပြော၊ ငါဝင်မရှုပ်တော့ပါဘူး"

ဤတွင် မေစင်းက. . .

"တို့ဆီက အကူအညီလိုချင်လို့ဆိုတာက ဘာသဘောလဲ၊ ပြောပါဦး"

ဟု မေစင်းက မေးသည်။

စောစောကလို မနောက်ပြောင်တော့ချေ။

စကားကို အတည်ပြောလာခြင်း ဖြစ်သည်။

ချူးဝှားက. . .



"လာ. . လာ. . သည်မှာပူတယ်၊ ဟိုသစ်ပင်အောက်က ကွပ်ပျစ်မှာ သွားပြောကြမယ်"

ပြော၍ သုံးယောက်သား ထင်းရှူးပင်သုံးပင် အုပ်မိုးလျှက်ရှိသော သစ်ပင်ရိပ်အောက်[illegible]ကွပ်ပျစ်တွင် သွားထိုင်ကြသည်။

အမှန်တော့ ယာထဲတွင် လူတွေ ဝင်လိုက်ထွက်လိုက်နှင့် ရှုပ်နေတတ်သောကြောင့်ဖြစ်သည်။

ယခု ကွပ်ပျစ်မှာကား မည်သူမျှ ကြားသွားစရာမရှိပါချေ။ မေးမြန်းမည့်သူလည်း မရှိချေ။

လေလည်း တဟူးဟူး ဒိုက်ခတ်နေသည်။

"နင်တို့ကြားပြီးပြီလားတော့မသိဘူး၊ တို့ခြံသေ့တောင်ပေါ်ကို လူစိမ်းတစ်ယောက် ရောက်လာတယ်"

ထင်းဟွားပြောလိုက်သည့်အခါ မေစင်းရောချူးဝှားပါ ဘာပြောရမှန်းမသိ ဖြစ်နေသည်။

"အဲသည်လူက သိမ်းငှက်တဲ့၊ သိုင်းပညာတော်တယ်"

သည်တော့မှ မေစင်းနှင့်ချူးဝှားတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

မေစင်းက ပြုံးဖြီးဖြီးလုပ်ကာ ထင်းဟွားအား. . .

"သည်လိုဆိုရင် နောက်ပြီး သည်လူဟာ ထင်းဟွားရဲ့ စိတ်ထဲမှာ ရွှေမင်းသားလေး ဖြစ်သွားသလား မသိဘူး"

ပြောသူကပြော၍ ချူးဝှားက. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ အဲသည် သိမ်းငှက်ဆိုတဲ့လူက ထင်းဟွားရဲ့ စိတ်ဝင်စားတာ ခံနေရတယ် မဟုတ်လား"

ထင်းဟွားက. . .

"လျှောက်ပြောမနေနဲ့ သူက ငါ့ကိုကယ်တင်တာ"

ချူးဗွား စိတ်ဝင်စားသွားပြီး. . .

"ထင်းဟွား မင်းက ဘာဖြစ်လို့လဲ"

"မြင်းဖောင်းထဲက မြင်းတစ်ကောင်ကို ယူစီးတာ၊ မြင်းက ဗွေဖောက်တဲ့မြင်းဖြစ်နေတယ်၊ ငါ့ကို သုံးလေးခါပဲခါချတာ၊ ငါလည်း မြင်းပေါ် ကလန်ကျပြီး ခါးကျိုးပြီမှတ်တာ၊ အဲသည်အချိန်မှာ သိမ်းငှက်က မြင်းဖောင်းထဲက မြင်းတစ်ကောင်ကိုစီးပြီး ငါ့ကိုလိုက်ကယ်ရတော့တာပေါ့"

ထင်းဟွားက သူ့အဖြစ်ကို လုံးစေ့ပတ်စေ့ ရှင်းပြလိုက်သည်။

မေစင်းနှင့်ချူးဗွားတို့ နှစ်ယောက်သည် စိတ်ဝင်တစားနားထောင်နေကြလေသည်။

ပထမပိုင်းပြီး၏။

ဒု-ဇာတ်သိမ်းပိုင်းဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်ဝင်းကြွယ်

# လေလွင့်သွေးတစ်စက်

(ဒုတိယပိုင်း–ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com



## မကျေပွဲ

ချူးဗွာက မေးလိုက်သည်။

"တို့ဆီကလူတွေ ဘာလုပ်နေကြလို့ ထင်းဟွားကိုလိုက်ပြီး မကယ်ကြတာလဲ"

ဟု မေးသည်။

မေစင်းက ကြားဖြတ်၍. . .

"ရှင်းပါတယ်၊ သိမ်းငှက်လို သတ္တိမရှိလို့ပေါ့"

ဟု ပြောလိုက်သည်။

"ထင်းဟွား ပြောသလိုဆိုရင် သည်လူဟာ လူတော်တစ်ယောက်ပါပဲ"

ထင်းဟွား ဤနေရာသို့ လာသည်မှာ သိမ်းငှက်အား ရွေခြသေ့ဂိုဏ်းသားများက မတရားဝိုင်း၍ တိုက်ခိုက်ကြတော့

www.burmeseclassic.com

www.burmeseclassic.com



မည်ထင်၍ ဘယ်လိုကူညီလျှင် ကောင်းမည်နည်းမေးရန်ပင် ဖြစ်သည်။

ထို့ကြောင့်. . .

ထင်းဟွားက လောလောဆယ် သိမ်းငှက်ဖြတ်ကျော်ရမည့် အခြေအနေကို ရှင်းပြလိုက်သည်။

ပြီးမှ. . .

"အဲသည်ကိစ္စ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

ဟု မေးလိုက်သည်။

"သည်လောက်လဲ စိတ်မပူပါနဲ့ ထင်းဟွားရယ်၊ သူက လူတော်တစ်ယောက်ပဲ"

မေစင်းက နှစ်သိမ့်လိုက်သည်။

"ဒါထက် သူ့ကို ယှဉ်ပြိုင်တိုက်ခိုက်မယ့် လူတွေက ဘယ်သူလဲ"

ချူးဝှားက မေးသည်။

"လောလောဆယ် သိထားတာကတော့ တောင်ခွဲလက်ဝါးချီစန်းတဲ့၊ မကျေပွဲနွဲ့မှာတဲ့"

မေစင်း သက်ပြင်းချလိုက်သည်။

"သူ့ကို တွေ့ခဲ့ဖူးလို့လား"

ဟု မေးလိုက်သည်။

ထင်းဟွားက. . .

"ခြသေ့်တောင်ပေါ် ရောက်မလာခင် သူတို့နှစ်ယောက်စန်းကျိုးမှာ တွေ့ခဲ့ကြသေးတယ်တဲ့"



"ချီစန်းခံခဲ့ရလို့ မကျေပွဲ ပြောနေတာ မဟုတ်လား၊ သူပဲ ခံရဦးမှာပါ။ သိမ်းငှက်က သုံးယောက်စလုံးကို နိုင်မနိုင် ဒါပဲ စိုးရိမ်စရာရှိတယ်၊ ထင်းဟွား"

နောက်ဆုံးတော့ ထင်းဟွားသည် သူမတို့ထံမှ နှစ်သိမ့်စကားလောက်သာ ရရှိခဲ့လေသည်။

♥ ♥ ♥

ယခုလို ပွဲမျိုးမှာ အလွန် ကြုံရခဲသောပွဲမျိုး ဖြစ်ပေသည်။

သိုင်းလောကတွင် ရန်သူနှင့် ယှဉ်ပြိုင်တိုက်ခိုက်သော တိုက်ပွဲများရှိသည်။

အများ အများချင်း တိုက်ခိုက်မည်။

လေ့ကျင့်သည့် တိုက်ပွဲ၊ ပြိုင်ပွဲမျိုး၊ ပညာဖလှယ်သည့် ပွဲမျိုး စသည်ဖြင့် တိုက်ပွဲအမျိုးအစား အတော်များများ ရှိသည်။

ယခု ပွဲမှာကား ပညာစမ်းသည့် တိုက်ပွဲမျိုး ဖြစ်ပေ သည်။

ပညာစမ်းသည့် တိုက်ပွဲဆိုလင့်ကစား တိုက်ခိုက်ရင်း သေပွဲဝင်ခဲ့ကြရဖူးသည်။

မသေလျှင်လည်း တစ်သက်တာ မသန်မစွမ်းဘဝသို့ ရောက်ကြသူများမှာ မနည်းတော့ပြီ။

ထို့ကြောင့်. . .

ထင်းဟွားသည် စိုးရိမ်ထိတ်လန့်၍ နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သိမ်းငှက်အပေါ်တွင် သူက တစ်ဖက်သတ် စွဲလန်းနေမိသောကြောင့် ဆိုတာကိုတော့ ထင်းဟွားကိုယ်တိုင် မသိသေးချေ။

သည်ရက်ပိုင်းတွင် အစ်ကိုဖြစ်သူထင်းစွမ်း ခြံသို့တောင်ပေါ်တွင် မရှိချေ။

ခရီးထွက်နေသည်။

အစ်ကိုထင်းစွမ်း ရှိနေလျှင် သိမ်းငှက်သည် ထင်းစွမ်းနှင့် အမှန်ပင် တိုက်ခိုက်ရမည်မှာ သေချာသည်။

ထင်းစွမ်းက သိုင်းပညာစွမ်းရည် မထက်မြက်ပေမယ့် ဘာမဆို မိုက်တီမိုက်ကန်းလုပ်တတ်သည်။

သူ့ကို ဦးကြီးထင်းဝမ်းက. . .

"မင်းဟာ အတော်မိုက်ရူးရဲဆန်တယ်၊ မိုက်ရူးရဲဆန်တာဟာ ဘယ်တော့မှ ကောင်းတာ မဟုတ်ဘူး၊ သည်အပြုအမူမျိုးကိုတော့ ငါ မကြိုက်တာ အမှန်ပဲ"

ဟူသော စကားကို မကြာခဏ ပြောတတ်သည်။

ထင်းစွမ်း ခရီးထွက်နေသည်ကိုပင် ထင်းဟွားက ကျေနပ်နေရသေးသည်။

"နေပါဦး၊ အခု ပညာစွမ်းပွဲမှာ ကျွန်မတို့ရဲ့လက်ရွေးစင်တွေထဲက သိမ်းငှက်နဲ့ ယှဉ်ပြိုင်ဖို့ ရွေးချယ်ထားတာ ဘယ်သူတွေလဲ"

ဟု မေးလိုက်မိ၏။

ဖြေသူက. . .



"သခင်မလေးထင်းဟွား မသိသေးဘူးလား"

ဟု ပြန်မေး၏။

ထင်းဟွား ဒေါပွသွားသည်။

"မသိသေးလို့ မေးတာပေါ့ရှင်"

ဟု ခပ်ဆတ်ဆတ် ပြောလိုက်၏။

ထိုအခါ. . .

ပြန်ဖြေရမည့်သူက ခံရခက်သွား၏။

သို့သော် ဂိုဏ်းချုပ်၏သမီးက မေးသည်ကို ထိုသူက မဖြေဘဲ နေနိုင်မည် မဟုတ်ပေ။

သိမ်းငှက်နှင့် ယှဉ်ပြိုင်မည့် သူများအား ပြောပြလိုက်သည်။

"တောင်ခွဲလက်ဝါးချီစန်း၊ ဘီလူးကွမ်းကြုံးနဲ့ နောက်တစ်ယောက်က. ."

သူသည် နောက်ဆုံးတစ်ယောက်အား စဉ်းစားမရ ဖြစ်နေဟန်တူသည်။

အခြားတစ်ယောက်က. . .

"နောက်တစ်ယောက်က ကျားပွတ်ဝေဖိန်းလေဗျာ"

ဟု ဖြည့်စွက်ပြောလိုက်သည်။

ချီစန်း၊ ကွမ်းကြုံးနှင့် ဝေဖိန်းတို့ သုံးဦးစလုံးမှာ ရွှေခြင်္သေ့ဂိုဏ်း၏ လက်ရွေးစင် သိုင်းသမားများ ဖြစ်သည်။

ဝါရင့်သိုင်းသမားကြီးများတော့ မဟုတ်ချေ။

ရွှေခြင်္သေ့ဂိုဏ်း၏ လူငယ်မျိုးဆက်သစ်များ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်းဟွားမှာ သိမ်းငှက်အတွက် အလွန်ပင် စိုးရိမ်ပူပန်၍နေသည်။

ထို့ကြောင့်. . . .

သူမက မိခင်ဖြစ်သူ ရှမ်းအင်းအား. . .

"မေမေ. . . ကျွန်မတို့ ဂိုဏ်းထဲ မဝင်ချင်ဘူးလို့ ပြောတာမှ မဟုတ်တာဘဲ၊ ပညာစမ်းပွဲကြီးကို ဘာလို့လုပ်နေရတာလဲ၊ သည်ပညာစမ်းပွဲမှာ ဘယ်သူသေသေ၊ ဘယ်သူအတွင်းဒဏ်ရာရရ ဆုံးရှုံးမှုဟာ ကျွန်မတို့ ရွှေခြင်္သေ့ဂိုဏ်းရဲ့ ဆုံးရှုံးမှုပဲ မဟုတ်လား"

ဟု ပြောလိုက်၏။

ရှမ်းအင်းက. . .

"ထင်းဟွား. . သမီး အရင်က သည်လို စကားမျိုးတွေ မပြောခဲ့ပါဘူး၊ အခုမှ ထူးထူးခြားခြား သည်လိုစကားတွေကို ပြောလို့ပါလား"

ဟုပင် ပြောလာသည်။

ထင်းဟွားက. . .

"မေမေ. . . သည်စကားကို ကျွန်မ အလေးအနက်ထားပြီး ပြောတာပါ၊ ဒါကို ခပ်ပေါ့ပေါ့ မတွေးစေချင်ဘူး"

"သမီးပေးတဲ့အကြံ မဆိုးပါဘူး၊ ဒါပေမယ့် ဒါတွေဟာ အစဉ်အလာ ဖြစ်နေပြီလေ၊ ဒါကို ပြင်ဆင်ပေးဖို့ လွယ်တော့တာမှ မဟုတ်တာဘဲ၊ ခေါင်းအရှုပ်ခံပြီး သည်အကြောင်းတွေ မစဉ်းစားပါနဲ့ သမီးရယ်"



ဟု ပြောလေသည်။

မည်သို့ဆိုစေ သိုင်းပညာစွမ်း စမ်းသပ်ပွဲတစ်ပွဲသည် ကား ခြင်္သေ့တောင်ပေါ်တွင် ပေါ်ပေါက်၍လာလေသည်။

ဤကဲ့သို့ ပွဲမျိုးတွင် ရွှေခြင်္သေ့ဂိုဏ်းချုပ်ထင်းရိဖုံးကိုယ်တိုင် လာရောက်ကြည့်ရှုသည်။

ထင်းဝမ်းလည်း သိုင်းပညာစမ်းပွဲသို့ ရောက်ရှိလာသည်။

ထင်းဟွားက သူမအဖော် မေစင်း၊ ချူးဒွားအတူရောက်ရှိလာသည်။

ထင်းဟွားသည် သူမ၏ဖခင် ဂိုဏ်းချုပ်ထင်းနှင့် မလှမ်းမကမ်းတွင်ရှိသည်။

ထင်းဟွားမှာ စရောက်လာကတည်းက လည်တဟာဆန့် ခေါင်းတမော့မော့ ရှိနေသည်။

မိခင်ရှမ်းအင်းက ဂိုဏ်းချုပ်နှင့်အတူ ရှိနေသည်။

ပရိသတ်များမှာ အခြားလူ မပါချေ။

မိမိတို့ ခြင်္သေ့တောင်ပေါ်ရှိ ရွှေခြင်္သေ့ဂိုဏ်းသားများဖြစ်၏။

ထင်းဝမ်းက ထရပ်ကာ. .

"ကဲ. . အားလုံး တိတ်တိတ်ဆိတ်ဆိတ်နေကြပါ"

ဟု ပြောပြီး တစ်နေရာသို့ လက်ညှိုးထိုးကာ. . .

"ပွဲစတော့လေ"

ဟု အချက်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ. . .

သိမ်းငှက်နှင့် တောင်ခွဲလက်ဝါးချီစန်းတို့ တစ်နေရာစီမှ ထ၍ ပရိသတ်ရှေ့ မြေကွက်လပ်ပေါ်သို့ ရောက်ရှိလာ၏။

သိမ်းငှက်နှင့် ချီစန်းတို့သည် သွေးပူသွားစေရန် ပွဲမဝင်ခင် လှုပ်ရှားကြရသည်။

"ယား"

"ဟိတ်"

သိမ်းငှက်သည် သူ၏ဆံပင်ရှည်ကို ပဝါနီနှင့် စုစည်းချည်နှောင်ထားသည်။

သူက မိမိ၏ယှဉ်ပြိုင်ဘက်ကို အလေးထားစရာ မဟုတ်မှန်း သိသော်လည်း လျှော့တွက်မထားချေ။

တောင်ခွဲလက်ဝါးဘွဲ့ ရထားသည်ဆိုကတည်းက လက်ဝါးရိုက်ချက်ကောင်းမည့်သူဆိုတာ သိမ်းငှက်သိထားသည်။

တိုက်ပွဲကား စချေပြီ။

ချီစန်း၏လက်ဝါးရိုက်ချက်များ လေထဲတွင် ဖြတ်သန်းနေသည်။

လေထုကို ရိုက်ခွဲနေသလို ရှိသည်။

သိမ်းငှက်သည် အလွန်လျင်မြန်သွက်လက်သော လက်ဝါးရိုက်ချက်များ ဖြစ်နေသဖြင့် လုံးဝခုခံခြင်း မပြုဘဲ ပြေးဝင်လာသော ရိုက်ချက်တိုင်းကို နောက်ဘက်ဆုတ်ကာ ဘေးဘက်တိမ်းကာ ရှောင်ပေးနေသည်။

"ဝှစ်"



"ဖြောင်း"

ချီစန်းသည် လက်ဝါးရိုက်ချက်များကို ရပ်လိုက်လေသည်။

ပြီးမှ သူက. . .

"အခုလို ရိုက်ချက်မျိုးကို မြင်ရုံနဲ့ သိလောက်ရောပေါ့"

ဟူသော သဘောမျိုးဖြင့် စိုက်ကြည့်လိုက်သည်။

သိမ်းငှက်က. . .

"မင်းပညာ ဒါအကုန်ပဲလား"

ဟု မေးလိုက်သည်။

သိမ်းငှက်၏စကားမှာ လက်ဝါးရိုက်ချက် ဆယ်ချက်မက ပြင်းထန်သွား၏။

ချီစန်း မျက်နှာပျက်သွားသည်။

သိမ်းငှက်သည် မိမိစကားအဆုံးတွင် သူ၏သိုင်းကွက်များကို ဖော်ထုတ်လိုက်သည်။

"ယား"

"ဝှစ်"

ဤသည်မှာ ရန်သူ၏တိုက်ကွက်ကို လေ့လာပြီးမှ ပြန်လည်တိုက်ခိုက်သော တိုက်ခိုက်နည်း ဖြစ်ပေသည်။

အသုံးပြုသော သိုင်းကွက်မှာ ချီစန်း အသုံးပြုသွားသော သိုင်းကွက်ပင် ဖြစ်သည်။

ထို့ကြောင့်. . .

ချီစန်းမှာ သိမ်းငှက်ကို လန့်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ အကြိတ်အနယ် တိုက်ခိုက်နေချေပြီ။

♥ ♥ ♥

သိမ်းငှက်က. . .

"ကဲ. . . တောင်ခွဲလက်ဝါးချီစန်း၊ ခင်ဗျား အခုလို လက်တွေ့ကျကျ အခဲမကျေပွဲနွှဲရတော့ ဘယ်လိုလဲ ကျေနပ်လား"

ဟု လှမ်းမေးလိုက်သည်။

ချီစန်းက. . .

"ဟေ့. . . မင်းကိုယ်မင်း သိပ်အထင်ကြီးမနေနဲ့၊ တိုက်ပွဲဆိုတာ သိုင်းကွက်တစ်ကွက် နှစ်ကွက်လောက်နဲ့ အရှုံးအနိုင် တွက်ချက်လို့ရတာ မဟုတ်ဘူး"

ဟု ပြန်ပြောလိုက်သဖြင့် သိမ်းငှက်က တစ်ချက်မဲ့ပြုံးပြုံးလိုက်ကာ. . .

"လာပြန်ပြီ၊ ခင်ဗျားက အတော်အပြောကောင်းတာပဲ"

ဟု ခနဲ့လိုက်သည်။

"အပြောကောင်းတာက ငါ မဟုတ်ဘူး၊ မင်းကွ၊ သိရဲ့လား"

"ဟား. . . ဟား. . . ဟား"

ချီစန်းက သူ့စကားအဆုံးတွင် အရှက်ပြေ ရယ်မောလိုက်လေသည်။



ထိုအချိန်အထိ ပရိသတ်သည် ထင်းဟွား၊ မေစင်းနှင့် ချူးဝှားတို့ သုံးယောက်က လွဲ၍ တောင်ခွဲလက်ဝါးချီစန်းကိုပဲ အားပေးနေကြသည်။

ချီစန်း တစ်ကွက်လောက် အပေါ်စီးရသွားသည်နှင့်. .

"ဟေး. . ချီစန်းကွ"

ဟု အော်ဟစ် အားပေးနေကြသည်။

"ဝှစ်"

"ဟူး"

"ဖြောင်း"

ချီစန်းသည် သိုင်းကွက်သုံးကွက် တိုက်ခိုက်ပြီး နောက်ဘက်သို့ ကျွမ်းတစ်ပတ်ထိုး၍ ရှောင်လိုက်ပြီး. . .

"စန်းကျိုးမှာလို အနိုင်ရမယ်တော့ မထင်နဲ့"

"ကောင်းပါတယ်၊ ကျုပ်ကလဲ အဲသည်လို ပြိုင်ဘက်မျိုးကို ရှာနေတာ"

ချီစန်းမှာ ဒေါသထွက်လွန်း၍ မျက်နှာကြီးပင် နီမြန်း၍ လာ၏။

အသားများလည်း တဆတ်ဆတ်တုန်နေ၏။

ဤသည်မှာ သိုင်းသမားကောင်းတစ်ယောက်၏ အမူအကျင့်မျိုး မဟုတ်ချေ။

"ဝှစ်"

"ဖြောက်"

သိမ်းငှက်သည် ကန်ချက်တစ်ချက် ပစ်သွင်းပြီး နောက်

www.burmeseclassic.com

www.burmeseclassic.com



ဘက် တစ်ပတ်ကျွမ်းပစ်၍ ထွက်လိုက်သည်။

ဟန်ချက်ထိန်းမိသည်နှင့်. . .

"သိပ်လဲ ဒေါသမကြီးပါနဲ့ဦး၊ ခင်ဗျား နောက်ကျောပွင့်နေတာ တွေ့လား၊ ကျုပ်လက်ဝါးက ခင်ဗျားအဆုတ်ကို ခွာချပြီး သတ်ပစ်လို့ ရတယ်"

ဟု အော်ပြောလိုက်သည်။

သိမ်းငှက် ထုတ်ပြောလိုက်မှ ချီစန်းသည်လည်း မိမိအမှားကို မိမိသတိပြုလိုက်မိသည်။

ထင်းဝမ်းသည် သူ့အစ်ကိုထင်းရှီဖုံးအား လှည့်၍ ကြည့်လိုက်သည်။

သိမ်းငှက်၏သိုင်းပညာစွမ်းရည်ကို လျှော့တွက်၍ မရမှန်း သိလိုက်ကြသည်။

သို့သော်. . .

ချီစန်းဘက်တွင် ပျော့ကွက်များ ရှိနေသဖြင့် သိမ်းငှက်၏သိုင်းပညာစွမ်းကို အမှန်တွက်ဆရန် ခက်နေပေသည်။

ချီစန်းမှာ အတွင်းဒဏ်ရာ ရရှိထားသည်။

ထိုအတွင်းဒဏ်ရာ လုံးဝမကျက်သေးဘဲ ယခုပွဲသို့ ဝင်ရောက်တိုက်ခိုက်ခြင်းသာ ဖြစ်သည်။

သိမ်းငှက်မှာကား သိုင်းပညာနှင့်ပတ်သက်၍ နန်းတွင်းသိုင်းပညာများကို သင်ကြားတတ်မြောက်ထားသူ ဖြစ်သည်။

သူ့ကိုယ်သူ ယုံကြည်သည်။

သူ၏တိုက်ကွက်များမှာ ယခုအထိ လုံးဝမှားယွင်းသွား



ခြင်း မရှိသေးဟုလည်း မှတ်ယူထားသည်။

ပရိသတ်သည် တိုက်ပွဲအစပိုင်းကသာ တက်တက်ကြွကြွဖြင့် မိမိတို့လူကို အားပေးနေကြခြင်း ဖြစ်သည်။

နောက်ပိုင်း သိုင်းကွက်တစ်ရာကျော်လာသောအခါ မိမိတို့လူ ချီစန်း၏အခြေအနေကို မယုံစားလိုတော့၍ အားပေးရန် စိတ်မပါတော့ချေ။

"ဟေ့. . . သိမ်းငှက်၊ မင်းလို သိုင်းသမားမျိုးကို ငါ အနိုင်မတိုက်ခိုက်ဘူးဆိုရင် တောင်ခွဲလက်ဝါးဆိုတဲ့နာမည်ကို ငါ မခံယူတော့ဘူးကွ"

"စကားတွေ လွန်ကုန်မယ်၊ ပြန်စဉ်းစားဦးနော်၊ အချိန်တွေ ရှိပါသေးတယ်"

သိမ်းငှက်က ပြန်ပြောလိုက်သည်။

စကားဆုံးလျှင် စတင်တိုက်ခိုက်လိုက်သည်။

"ဝှစ်"

"ဟိတ်"

တိုက်ကွက်သုံးကွက်ကို ဆင့်ကာဆင့်ကာ တိုက်၏။

ချီစန်းမှာ သိမ်းငှက်၏တိုက်ကွက်နှစ်ကွက်ကိုသာ လွတ်အောင် ရှောင်နိုင်သည်။

နောက်ဆုံး တိုက်ကွက်ကိုကား ရှောင်၍ မလွတ်တော့ချေ။

"အွန့်"

ချီစန်းမှာ သိမ်းငှက်၏ လက်ဝါးရိုက်ချက်ဖြင့် တစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



သို့ လိမ့်သွားကာ တိုက်ကွင်းအစပ်သို့ ရောက်သောအခါ မတ်တပ်ရပ်ရန်ပင် မဟန်နိုင်တော့ဘဲ ဒူးညွတ်၍ လဲကျသွားလေသည်။

ချိန်နီးမှာ လုံးဝ မထနိုင်တော့ချေ။

ဒုတိယအကြိမ် အတွင်းဒဏ်ရာ ရရှိသွားလေသည်။

ထိုအခါ. . .

တိုက်ပွဲကို ကြပ်မတ်ပေးနေသော ထင်းဝမ်းသည် တိုက်တွင်းအတွင်းသို့ လျှောက်လှမ်း၍လာကာ. . .

"သည်ပွဲမှာ သိမ်းငှက် အနိုင်ရပါတယ်"

ဟု ကြေငြာလိုက်သည်။

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

လက်ခုပ်သံမှာ ထင်းဟွားတို့ အုပ်စုထံမှသာ ပေါ်ထွက်၍ လာသည်။

အခြားဘယ်သူတွေကမှ လက်ခုပ်မတီးဝံ့ကြပေ။

ကွမ်းကြုံးသည် ထင်းဟွားတို့ဘက်သို့ လှည့်၍ ကြည့်လိုက်သည်။

ထင်းဟွားက သိမ်းငှက်ကို ဩဘာပေးရကောင်းလားဟူသော အကြည့်ဖြင့် ကြည့်လိုက်ခြင်းပင်။

ဤသည်ကို ထင်းဟွားက သိသည်။

သို့သော် သူမသည် လက်ခုပ်တီးခြင်းကို မရပ်ဘဲ ဆက်၍တီးနေသည်။

မေစင်းနှင့် ချူးဝှားတို့နှစ်ယောက်သည် အခြားသူများ



လက်ခုပ်မတီး၍ မိမိတို့လည်း လက်ခုပ်မတီးဘဲ ရပ်နေလိုက်သည်။

သို့သော် ထင်းဟွားက လက်ခုပ်တီး မရပ်သေး၍ သူတို့လည်း လက်ခုပ်ပြန်တီးကြပြန်သည်။

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

ဤတွင် ထင်းဝမ်းက တူမဖြစ်သူ ထင်းဟွားဘက်သို့ သတိပြုသည့်အနေနှင့် လှည့်၍ကြည့်လိုက်သည်။

ထင်းဟွား လက်ခုပ်တီးရပ်လိုက်၏။

မေစင်းနှင့် ချူးဝှားတို့လည်း လက်ခုပ်တီးရပ်လိုက်ကြလေသည်။

"သိမ်းငှက် ဒုတိယပွဲမှာ ကျားပွတ်ဇေဖိန်းနဲ့ တိုက်ခိုက်ရလိမ့်မယ်"

ထင်းဝမ်းက သိမ်းငှက်ဘက်သို့ လှည့်ပြောလိုက်သည်။

သိမ်းငှက်က. . .

"ဟုတ်ကဲ့ ပြောပါ"

ဟု မောဟိုက်နေသည့်ကြားက ပြောလိုက်သည်။

ဤအရပ်တွင် မိမိလူဆို၍ စောရကျောင်းဟိုတစ်ယောက်သာရှိရာ သူကလည်း ထင်းဟွားကို ခွင့်တောင်းပြီး ခြသေ့တောင်ပေါ်က ဆင်းသွားပြီဖြစ်သည်။

ထို့ကြောင့်. . .

သိမ်းငှက်မှာ မိမိချွေးကို မိမိသုတ်နေရသော အခြေအနေတွင် ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်ကို တွေ့မြင်နေရသော ထင်းဟွားမှာ သွား၍ ကူညီပေးချင်သော်လည်း မတတ်နိုင်ချေ။

ထင်းဝမ်းက. . .

"အနားယူဦးမှာလား၊ ဆက်တိုက်မှာလား"

ဟု မေး၏။

သိမ်းငှက်က. . .

"ကျုပ်ကို သောက်ရေတစ်ခွက်သာပေးပါ၊ ဆက်တိုက်ဖို့အသင့်ပဲ"

ဟု ပြောလိုက်သည်။

သို့နှင့် ထင်းဝမ်းသည် သိမ်းငှက်ကို ရေတစ်ခွက်တိုက်ပြီး ဒုတိယတိုက်ပွဲကို စတိုက်တော့၏။

"ပွဲစပြီဟေ့"

ထင်းဝမ်းသည် ပြောပြောဆိုဆို တိုက်ကွင်းအတွင်းမှ ထွက်လာသည်။

ထိုစဉ်. . .

"ဝှစ်"

"ဟူး"

အရိပ်တစ်ရိပ်သည် တိုက်ကွင်းအတွင်းသို့ ခုန်ပျံ၍ ကျရောက်လာသည်။

အနက်ရောင်ဝတ်စုံကို အကျအန ဝတ်ဆင်ထားသော လူတစ်ယောက် ဖြစ်သည်။

လူတစ်ယောက်ဟု ဆိုလင့်ကစား ထိုသူသည်



ယောက်ျားစင်စစ် မဟုတ်ချေ။

မိန်းမလျာတစ်ယောက် ဖြစ်နေသည်။

သူသည် လက်နက်မဲ့ တိုက်ခိုက်မည့်သူ မဟုတ်ချေ။

သူ၏ ညာဖက်လက်ထဲတွင် ကျာပွတ်တစ်ချောင်းကို ဆုပ်ကိုင်ထားသည်။

ကျာပွတ်ထိပ်ဖျားတွင် ဆူးတောင်ခဲသီးတစ်လုံး ရှိနေသည်။

မှန်ပေသည်။

သူသည် ကျာပွတ်ဝေဖိန်းပင် မဟုတ်ပါလား။

သူသည် တိုက်ကွင်းအတွင်း ခြေချမိသည်နှင့် ကျာပွတ်ကို လေတွင် ဝေ့ဝိုက်လိုက်သည်။

"ဝှီး"

"ဝှစ်"

ထို့နောက်. . .

ကျာပွတ်ကို ဆွဲထုတ်လိုက်ကာ ခပ်ဆတ်ဆတ် သုံးချက်ဆက်တိုက် ရိုက်ချလိုက်၏။

"ဖြောင်း. . ဖြောင်း"

ကျာပွတ်ရိုက်ချက်မှာ ပြင်းသည်ထက် ပိုပြင်းထန်လာသည်။

သိမ်းငှက်သည် ဝေဖိန်း ပြုမူလှုပ်ရှားနေသမျှ ရပ်၍ ကြည့်နေသည်။

မိမိနှင့် ယှဉ်ပြိုင်မည့်သူကို လေ့လာအကဲခတ်ရင်း

www.burmeseclassic.com

www.burmeseclassic.com



အမောဖြေနေခြင်း ဖြစ်သည်။

ခြသေ့်ဂိုဏ်းသားများက လက်ခုပ်လက်ဝါးတီး၍ ဩဘာပေးလိုက်ကြသည်။

"ဖြောင်း. . ဖြောင်း"

လက်ခုပ်တီးရုံမက နှုတ်မှလည်း အားပေး၏။

"သည်ကောင် ကျားပွတ်ဝေဖိန်း လက်ချက်နဲ့ အသက်သေမှာ သေချာတယ်"

ဟု ဝေဖန်၏။

ထိုစကားသံများကို ကြားလိုက်ရသော ထင်းဟွားမှာ ရင်တထိတ်ထိတ် ဖြစ်လာရပြန်သည်။

စိတ်ထဲမှ. . .

"သိမ်းငှက် ဘာမှမဖြစ်ပါစေနဲ့၊ အနိုင်ရပါစေ"

ဟု ကျိတ်၍ ဆုတောင်းပေးနေသည်။

ကျားပွတ်ဝေဖိန်းက. . .

"ဟေ့. . . သိမ်းငှက်၊ မင်းက ငါ့လက်ထဲက ကျားပွတ်ကို မြည်းကြည့်စမ်း"

ဟု သိမ်းငှက်၏ဒေါသကို ဆွပေးလိုက်သည်။

သိမ်းငှက်သည် ဒေါသကို ထိန်းလိုက်သည်။

ဝေဖိန်းက ဝှေ့ယမ်းနေသော ကျားပွတ်ကို သိမ်းငှက်ရှိနေရာသို့ ရိုက်ချလိုက်ချေပြီ။

"ဝှစ်"

"ဝှီး"



"ဖြောင်း"

ကျားပွတ်ကျရောက်မလာမီ သိမ်းငှက်၏ကိုယ်ခန္ဓာသည် လေထဲတွင် လွင့်ပျံ၍ တက်သွား၏။

ထို့နောက်. . .

ဝေဖိန်း၏နောက်ကျောတစ်နေရာတွင် ကျရောက်လာသည်။

♥ ♥ ♥

သိမ်းငှက် ချောင်တိမ်းလိုက်၏။

နှုတ်မှလည်း. . .

"ဟေ့. . . ဝေဖိန်း၊ မင်းအသုံးပြုလိုက်တဲ့ သိုင်းကွက်ဟာ သည်လို ခပ်ညံ့ညံ့ သိုင်းကွက်မျိုးနဲ့ သိုင်းလောကမှာ အရာမရောက်သေးဘူး"

ဟု သိမ်းငှက်က ပြောလိုက်သည်။

ထို့နောက်. . .

သိမ်းငှက်သည် ဝေဖိန်း၏ကျားပွတ်ကို အစသိမ်းနေဆဲ ဝင်ရောက်တိုက်ခိုက်၏။

ပြင်းထန်သော တိုက်ကွက်များ ဖြစ်သည်။

တရကြမ်း ထိုးနှက်တိုက်ခိုက်ခြင်းပင်။

"ဝှစ်"

"ဖြောင်း"

www.burmeseclassic.com

www.burmeseclassic.com



ဝေဖိန်းမှာ ကျာပွတ်အသုံးပြုချိန် မရပေ။

သိမ်းငှက်၏လက်ဝါးရိုက်ချက် ခြေကန်ချက်တွေကို ခုခံကာကွယ်နေရသည်။

ပရိသတ်မှာ ငြိမ်လျက်ရှိ၏။

ဂိုဏ်းချုပ်ထင်းရိုဖုံးမှာ မျက်လုံးအပြူးသား ကြည့်၍ နေလေသည်။

သူ၏ဆရာတူ တပည့် ခေါင်းသုံးလုံးခြင်္သေ့ ဝမ်းထိန်ကို သတိရနေသည်။

အမှန်တော့ သိမ်းငှက်သည် သူ အခုအသုံးပြုသော သိုင်းကွက်များမှာ ခေါင်းသုံးလုံးခြင်္သေ့ ဝမ်းထိန်ထံတွင် သင်ကြား၍ တတ်မြောက်ခဲ့သည်မဟုတ်။

နန်းတွင်းသိုင်းဆရာကြီးများထံတွင် သင်ကြားခဲ့ခြင်းပင်။

ထိုဆရာကြီးများက ဤတိုက်ကွက်တွေ၊ ဤရိုက်ချက်တွေကို သိုင်းလောကတွင် ဘယ်သူတွေ ဘယ်အရပ်တွင် အသုံးပြု တိုက်ခိုက်ဖူးသည်စသော မှတ်တမ်းများကိုပါ ထုတ်ပြောဖူးသည်။

ထိုမှတ်တမ်းများကို နှိုင်းနွှယ်၍ သိမ်းငှက်က ယခုလို ခေါင်းသုံးလုံးခြင်္သေ့ ဝမ်းထိန်၏တပည့်ဖြစ် ဟန်ဆောင်လိုက်ခြင်းပင်။

"ဟူး"

"ဝှစ်"

သိမ်းငှက်သည် စောစောကလို စကားများများ မပြော



ချေ။ တိုက်ကွက်ကို မြှင့်တင်လိုက်သည်။

ရိုက်ချက်များက မုန်တိုင်းလို အတွင်းအားရှိ၏။

"ဖြောင်း"

"ဖောင်း"

ကျာပွတ်ရိုက်ချက်များက မြေကို တူးဆွနေသလို ရှိ၏။

မည်သို့ဆိုစေ. . .

ကျာပွတ်ရိုက်ချက်များက သိမ်းငှက်ခန္ဓာကိုယ်ပေါ်သို့ မရောက်ချေ။

သိမ်းငှက်၏ရိုက်ချက်တွေကသာ ဝေဖိန်း၏ခန္ဓာကိုယ်ပေါ်သို့ အဆက်မပြတ် ကျရောက်ကာ တိုက်ကွက်သုံးဆယ်အရောက်တွင် ဝေဖိန်း၏လက်ထဲက ကျာပွတ်သည် သိမ်းငှက်၏လက်ထဲသို့ ရောက်ရှိသွား၏။ ဤတော့မှ. . .

"ဝှစ်"

"ဖြောင်း"

သိမ်းငှက်က ကျာပွတ်ကို ကိုင်၍ ရိုက်သောအခါတွင်ကား ကျာပွတ်သည် ဝေဖိန်း၏မျက်နှာ၊ ရင်ဘတ်၊ လက်မောင်းပေါင်၊ နောက်ကြောများကို ထိခတ်ကာ တစ်ကိုယ်လုံး မြင်မကောင်းအောင် သွေးချင်းချင်း နီရဲသွားလေသည်။

"ဟင်"

"ဟာ"

ပရိသတ်မှာ အံ့အားသင့်ကုန်၏။

အချို့ထ၍ပင် ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် သိမ်းငှက်၏ကျားပွတ်ရိုက်ချက်ဖြင့် ဝေ့ဖိန်းမှာ တစ်ဖက်သို့ မြောက်၍ မြေကြီးပေါ်သို့ ပြန်အကျ သတိလစ်သွားလေတော့သည်။

ဤတစ်ကြိမ် ဝေဖိန်းကို ထမ်းပိုးသယ်ထုတ်သွားရပြန်သည်။

ဤသို့ဖြင့် သိမ်းငှက်သည် ဒုတိယ ပညာစမ်းပွဲကို ဖြတ်ကျော်လာနိုင်ခဲ့လေသည်။

ကွမ်းကြုံးနှင့် တိုက်ခိုက်ရာတွင်ကား ဓားလက်နက်ကို တိုင်စွဲတိုက်ခိုက်ရ၏။

"မင်းကိုယ်မင်း အထင်မကြီးနဲ့ သိမ်းငှက်၊ မင်းကို ငါက သိုင်းကွက်ဆယ်ကွက်ပဲ တိုက်ခွင့်ပေးမယ်၊ မင်းတိုက်ကွက်၊ မင်းရဲ့ဟာကွက်ပျော့ကွက်တွေ ငါအကုန်သိနေလို့ပဲ"

ဟု ကွမ်းကြုံးက အော်ပြောလိုက်သည်။

ကွမ်းကြုံးမှာ ရွှေခြည်သီးကိုဏ်းတွင် လက်ရွေးစင်အဆင့်ထက်ကျော်သည်။

လက်ရှိအနေအထားမှာလည်း ဆံနီခြသေ့ထင်းဝမ်း၏ လက်ရုံးတစ်ယောက် ဖြစ်သည်။

သိမ်းငှက်၏တစ်ကိုယ်လုံး ချွေးများ စိုရွှဲနေသည်။

မောဟိုက်လွန်း၍ စကားကောင်းကောင်း မပြောနိုင်ချေ။

"လေလုံးမထွားနဲ့"

ဟုသာ ပြောလိုက်သည်။



ထိုအချိန် ထင်းဟွားမှာ မျက်စိမျက်နှာပျက်နေသည်။

အကြောင်းမှုကား ကွမ်းကြုံး၏သိုင်းပညာစွမ်းရည်ကို သူမ ကောင်းကောင်းသိထားသည်။

ထို့အပြင်. . .

ကွမ်းကြုံးသည် သူက အနိုင်ရလျှင် သိမ်းငှက်ကို အသက်ချမ်းသာပေးလိမ့်မည် မဟုတ်ချေ။

အသေသတ်မည်မှာ သေချာသည်။

ထို့ကြောင့်. . .

ထင်းဟွားသည် မေစင်း၏လက်မောင်းကို တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ရင်း. . .

"သိမ်းငှက် သေရတော့မယ် ထင်တယ်၊ မေစင်း"

ချူဝှားက ထင်းဟွား၏လက်မောင်းကို ဆုပ်ကိုင်ကာ. .

"စိတ်ပူမနေပါနဲ့ ထင်းဟွားရယ်၊ သူနိုင်မှာပါ"

ဟု တိုးတိုးတိတ်တိတ်ဖြင့်သာ ပြောလိုက်သည်။

သိုင်းသမားနှစ်ယောက်တို့ကား တစ်ယောက်ကိုတစ်ယောက် အလစ်မပေးကြတော့ချေ။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



"ဝှစ်"

"ထန်း"

တိုက်ပွဲတိုင်းကို သိမ်းငှက်က စတင်တိုက်ခိုက်သည် မဟုတ်။

ယခုလည်း ကွမ်းကြုံးကပင် စတင်တိုက်ခိုက်ခြင်း ဖြစ်သည်။

"ချွင်"

ဓားဓားချင်း ထိတွေ့၍ မီးပွင့်များ တဖွားဖွား ထွက်နေသည်။

တိုက်ပွဲကား ဓားနှင့်ယှဉ်ပြိုင်သော တိုက်ပွဲ ဖြစ်သည်။

ဓားရိပ်များကား သိုင်းသမားနှစ်ယောက် တစ်ယောက် တစ်ပြန် လွှမ်းခြုံ၍နေ၏။

သိုင်းသမားနှစ်ယောက်၏အရိပ်မှာ ပူးလိုက်ခွာလိုက် ဖြစ်နေသည်။

"ဟိတ်"

"ယား"

တိုက်ပွဲတိုင်းကတော့ သူနိုင်ကိုယ်နိုင် တိုက်ခိုက်ကြရသော တိုက်ပွဲများပင် ဖြစ်သည်။

သို့သော်. . .

ဤတိုက်ပွဲကား အလွန်ပြင်း၏။

သွက်လက်လျင်မြန်၏။

မည်သို့ဆိုစေ ကွမ်းကြုံးမှာကား တိုက်ပွဲသုံးပွဲ ဆက်တိုက်



တိုက်ခိုက်လာရသော သိုင်းသမားမှန်း ရွှေခြသေ့ဂိုဏ်းသား အားလုံး သိနေကြသည်။

ကွမ်းကြုံး အနိုင်ရရှိသည်ယား၊ ထိုက်သင့်သော အနိုင် ရရှိမှုမျိုး မဟုတ်တော့ချေ။

သည်တော့လည်း ပရိသတ်သည် တရားမျှတစွာပင် ထင်းဟွားတို့ဘက်မှ အားပေးလာသည်။

ကွမ်းကြုံးက သိမ်းငှက်အား ခုတ်ပိုင်းချလိုက်သော ဓားချက်ကြောင့် သိမ်းငှက်၏ဘယ်ဘက်လက်မောင်း သွေးချင်းချင်း နီရဲသွားသည်ကို မြင်ပါလျက် ကွမ်းကြုံးကို အားပေးရကောင်းမှန်းမသိ ကြောင်အမ်းအမ်း ဖြစ်နေကြသည်။

ဂိုဏ်းချုပ်ထင်းရိဖုံးနှင့် ဆံနီခြသေ့ထင်းဝမ်းတို့ကိုယ်တိုင်သိမ်းငှက်အပေါ် အမျှော်လင့်ကြီး မျှော်လင့်ထားပါလျက် ခုလို တတိယပွဲတွင် အရှုံးရခဲ့လျှင် အချည်းနှီး ဖြစ်ရတော့မည်ဟု တွေးမိလာသည်။

"ယား"

"ချွမ်း"

ဓားသွားနှစ်ခု ထိခတ်ရာမှ ပေါ် ထွက်လာသော ဓားခတ်သံများကား ဆူညံနေ၏။

သိမ်းငှက်သည် ဘယ်ဘက်လက်မောင်းက သွေးစက်ကျလျက်ကပင် ဓားကို တစ်ချက်ခုတ်လိုက်ပြီး တစ်ပတ်ကျွမ်းပစ်၍ ခုန်ပျံထွက်လိုက်သည်။

ပြီးလျှင် ကွမ်းကြုံးကို ဘယ်ဘက်မှ ဝင်ရောက်တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

ကွမ်းကြိုး ရှောင်၏။

"ဟား. . ဟား. . ဟား"

ကွမ်းကြိုးက အသာစီးရပြီဟု ယူဆကာ ရယ်မော၍ နေသည်။

"ဝှစ်"

"ထန်း"

အခြေအနေက တဖြည်းဖြည်း ပြင်းထန်လာ၏။

ဓားရိပ်များ ရှုပ်ထွေးလာ၏။

ပရိသတ်မှာ ယခုမှ တကယ့်ကို ရင်သပ်ရှုမော ဖြစ်နေကြသည်။

ယခုအခါ ပရိသတ်သည် တစ်ဖက်သတ် အားပေးမှုမျိုးမဟုတ်တော့ချေ။

နှစ်ဖက်စလုံးအပေါ် အားပေးလာ၏။

သိမ်းငှက်က တိုက်ခိုက်ရင်းမှ. . .

"မိတ်ဆွေကွမ်းကြိုး သိုင်းကွက်ဆယ်ကွက်တည်းဆို၊ အခု သိုင်းကွက်နှစ်ဆယ် ရှိပြီ"

ဟု သတိပေးလိုက်သည်။

ထိုအခါ. . .

ကွမ်းကြိုးက. . .

"သိုင်းကွက်နှစ်ဆယ်ရှိပြီ၊ ဟုတ်လား၊ ကောင်းပြီ၊ နောက်ထပ် သိုင်းကွက်ဆယ်ကွက် မကျော်စေရဘူး"



ဟု ပြောလိုက်ရာ. . .

သိမ်းငှက်က. . .

"သိုင်းသမားတစ်ယောက်က အခုလိုပဲ ပြင်ဆင်ချက်တွေ များရသလား"

ဟု မေးလိုက်သည်။

ကွမ်းကြိုးက. . .

"စကားမများနဲ့၊ မင်းလက်မောင်းက ဓားဒဏ်ရာ သွေးထွက်လွန်နေပြီနော်"

ဟု ခနဲ့လိုက်၏။

"ယား"

ဤတွင် သိမ်းငှက်သည် ရုတ်ခြည်းခုန်ပျံ၍ ဓားချက်သုံးချက်ဆင့်၍ ခုတ်ပိုင်းလိုက်၏။

"ဝှစ်"

"ဝှစ်"

ဓားချက်များသည် ကွမ်းကြိုး၏အထက်ပိုင်း၊ အလယ်ပိုင်းနှင့် အောက်ပိုင်း သုံးပိုင်းစလုံးကို ခုတ်ပိုင်းချလိုက်လေတော့သည်။

"ဟင်"

"ဟာ"

မမျှော်လင့်သော ပွဲသိမ်းတိုက်ကွက် ဖြစ်သည်။

အမှန်တော့ သည်လို တိုက်ကွက်အတွက် သိမ်းငှက် စောင့်နေခဲ့ခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



"အား"

ကွမ်းကြိုးမှာ မေးရိုးတွင် ဓားချက်တစ်ချက်၊ ရင်ဘတ်မှာ ဓားချက်တစ်ချက်၊ ပြီးတော့ ပေါင်တစ်ဖက်မှာ ဓားချက်တစ်ချက်။

ထိုဓားချက်သုံးချက် အထိခံလိုက်ရသည့်နောက် ကွမ်းကြိုးမှာ မြေပေါ်လဲကျသွားလေ၏။

"သိမ်းငှက်နိုင်ပြီ"

ဟု ပရိသတ်များ ဟစ်ကြွေးလိုက်ကြလေသည်။

ထင်းဟွား၏ညှိုးငယ်နေသော မျက်နှာလေးမှာလည်း လန်းဆန်းလာလေသည်။

♥ ♥ ♥



ခြသေ့်တောင်ပေါ်သို့ ရွှေခြသေ့်ဂိုဏ်းသားတစ်ယောက် ခရီးထွက်ရာမှ ပြန်လည်ရောက်ရှိလာသည်။

ထိုသူကား အခြားသူ မဟုတ်ချေ။

ရွှေခြသေ့်ဂိုဏ်းချုပ်ကြီး ထင်းရိဖုံး၏သားကြီး ထင်းစွမ်းပင် ဖြစ်သည်။

မီးခြသေ့်ထင်းစွမ်း. . . ။

မီးခြသေ့်သိုင်းကွက်ကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားသောကြောင့် ခြသေ့်တောင် ရွှေခြသေ့်ဂိုဏ်းသားများက ထင်းစွမ်းကို မီးခြသေ့်ဟု နာမည်ပေးထားသည်။

သိုင်းလောကသားများက သူ့နာမည်ကို သိကြသေးသည် မဟုတ်ပါ။

သိုင်းလောကသားများသိရန် သိုင်းလောက အတွေ့အကြုံလိုသည်။

ဂိုဏ်းချုပ်ထင်းရိဖုံးသည် ထင်းစွမ်းအပေါ်တွင် အလွန်မျှော်လင့်ချက်ထားသည်။

ရွှေခြသေ့်ဂိုဏ်းချုပ်၏ အရိုက်အရာကို ထင်းစွမ်းကို လွှဲအပ်ပေးလိုသည့် အတွေးမျိုး ရှိသည်။

ထင်းရိဖုံး၏ညီ ထင်းဝမ်းကမူ ဂိုဏ်းချုပ်အရိုက်အရာကို ပါးစပ်မှ ထုတ်ဖော်မပြောသော်လည်း စိတ်ထဲမှာကား ထိုအခွင့်အလမ်းကို မျှော်လင့်ချက်ထားနေသူ ဖြစ်သည်။

သို့သော်. . .

ထင်းဝမ်းက ဟန်ဆောင်ကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမျှော်လင့်ချက်မျိုးကို သူ့စိတ်ထဲ ရှိပင် မရှိလေဟန် နေသည်။

မီးခြသေ့်သိုင်းကွက်ကို ဂိုဏ်းချုပ်က သားထင်းစွမ်းကို ထုတ်ပေးစဉ်က. . .

"အစ်ကိုကြီးသား ထင်းစွမ်းကို မီးခြသေ့်သိုင်းကွက်တွေ သင်ပေးတာ ရေခြသေ့်သိုင်းကွက်နဲ့ လေခြသေ့်သိုင်းကွက်ကို ကျော်မနေဘူးလား"

ဟု ပြောခဲ့သည်။

သူ့အနေမှာတော့ မြေခြသေ့်သိုင်းကွက် သင်ကြားတတ်မြောက်ပြီးလျှင် ရေခြသေ့်သိုင်းကွက်ကို ဆက်သင်ရမည်။

ထို့နောက်. . .

လေခြသေ့်သိုင်းကွက်ကို ဆက်လက်သင်ကြားရန် လိုပေသည်။

နောက်ဆုံးကျကာမှ ထိုမီးခြသေ့်သိုင်းကွက်ကို သင်ကြားသင့်သည့်သဘော ဖြစ်သည်။

ရွှေခြသေ့်ဂိုဏ်းတွင် မူလက သတ်မှတ်ထားသောမူ ဖြစ်သည်။

ထိုသို့ ထင်းဝမ်း ပြောသည်မှာ ရိုးသား၍လား ဂိုဏ်းချုပ် မစဉ်းစားခဲ့။

သို့သော်. . .

သူ့ဘက်ကတော့ သားကို အဆင်မြင့်သိုင်းကွက်တွေ အမြန်ဆုံး တတ်မြောက်စေချင်သည်။



တတ်မြောက်ထားရမည်ဟုလည်း ယူဆသည်။

ဂိုဏ်းချုပ်က ထင်းဝမ်းအား. . .

"မင်းပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ငါက အချိန်ကြာမှာ စိုးလို့ ထင်းစွမ်းနဲ့ ပတ်သက်လို့ ဖြတ်လမ်းနည်းကိုပဲ အသုံးပြုလိုက်တာပါ၊ သည်မီးခြသေ့်သိုင်းကွက်တွေကို ထင်းစွမ်းတတ်သွားပြီးမှ ရေခြသေ့်သိုင်းကွက်နဲ့ လေခြသေ့်သိုင်းကွက်တွေကို သင်ပေးမယ်လို့ ငါရည်ရွယ်ထားပါတယ်"

ဟု ပြောသည်။

ဤတော့လဲ ထင်းဝမ်း ဘာမှမပြောဘဲ ဆိတ်ဆိတ်နေလိုက်သည်။

သည်လိုနှင့် ယခုတော့ မီးခြသေ့်သည် ရွှေခြသေ့်ဂိုဏ်းတွင် လက်ရွေးစင်တန်း သိုင်းသမားများထက်ပင် အဆင့်မြင့်နေသူ ဖြစ်သည်။

ထင်းစွမ်း ခြသေ့်တောင်ကုန်းမှ ခရီးထွက်ရသည့် အကြောင်းမှာ နန်းတွင်းသို့သွားကာ မိမိတို့ဂိုဏ်းအပေါ် နန်းတွင်းပိုင်းက မည်သို့ သဘောထားကြောင်း သိလို၍ သွားရောက်စုံစမ်းခိုင်းလိုက်ခြင်းပင် ဖြစ်သည်။

ထင်းစွမ်းသည် ခြသေ့်တောင်ကုန်းပေါ်သို့ မတက်မီ တောင်ခြေရှိ ဦးလေးကြီးချီမု၏ ထမင်းဆိုင်ကလေးတွင် ယခင်တစ်ကြိမ်များကလို တစ်ထောက်နားသည်။

ဦးလေးကြီးချီမုသည် ဆိုင်ရှေ့ရှိ ခုံတန်းလျားပေါ်တွင် ထိုင်လျက် ညှော်မျှော်နေခိုက် ထင်းစွမ်း ရောက်လာခြင်း ဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



ရုတ်ခြည်းထကာ. . .

"သခင်လေးထင်းစွမ်းပါလား၊ မတွေ့တာ ကြာပြီ၊ ဘယ်သွားနေလို့လဲ"

ဟု ဆီးကြိုနှုတ်ဆက်ရင်း မေးလိုက်သည်။

ပြီး သူသည် ထင်းစွမ်း လက်ထဲမှ မြင်းဇက်ကြိုးကို လှမ်းယူပြီး မြင်းစား၊ မြင်းရေသောက်ရန် ရေအသင့်ပြုလုပ်ထားသော နေရာတွင် ထိုမြင်းဇက်ကြိုးကို ချည်နှောင်ထားလိုက်သည်။

ထင်းစွမ်းသည် အဘိုးကြီး တုံ့နှေးတုံ့နှေး လျှောက်သွားပြီး မြင်းဇက်ကြိုး ချည်နှောင်၍ ပြန်လှည့်လာသည်အထိ ရပ်၍ စောင့်နေသည်။

ဦးလေးကြီးချိုမှု ပြန်လျှောက်လာတော့မှ နှစ်ယောက်အတူ ထမင်းဆိုင်ကလေးထဲ ခေါင်းငုံ့၍ ဝင်သည်။

♥ ♥ ♥



ထင်းစွမ်းက ချိုမှုအား. . .

"ကျွန်တော် ခရီးထွက်နေလို့ သည်ဆိုင်ကို မရောက်တာပါ"

ထင်းစွမ်းက စကားအဆုံးတွင် ပြုံးပြနေသော ချိုမှု၏ ဇနီး ကူးဝေအား ပြန်လည်ပြုံးပြလိုက်လေသည်။

ကူးဝေက. . .

"ညစာ ထမင်းစားသွားမှာလား"

ဟု မေးသည်။

"ကျွန်တော် မစားတော့ဘူး၊ ခြသေ့်တောင်ပေါ် ရောက်မှပဲ စားတော့မယ်၊ ဒါပေမယ့် အရက်နည်းနည်း သောက်သွားမယ်"

ဦးလေးကြီးချိုမှုက. . .

"သခင်လေး ဆိုင်ထဲ ဝင်လာကတည်းက သခင်လေး အရက် တစ်ခွက် တစ်ဖလား သောက်ချင်လို့ဆိုတာ ကျုပ်သိပြီးသားပါ"

ဦးလေးကြီးချိုမှုသည် ပြောပြောဆိုဆို အရက်ဖန်ခွက်ထဲ အရက်အနည်းငယ်ထည့်၍ ယူလာချပေး၏။

နေ့လယ်နေ့ခင်း ဖြစ်၍ ဆိုင်ထဲတွင် မည်သူမျှ မရှိချေ။

ချိုမှု၏သားကြီး ချုံဖိန်မှာ ထမင်းဆိုင်လေး ခေါင်းရင်းဘက်တွင် ထင်းများ ခွဲနေသည်။

ရဲဒင်းကို အသုံးပြု၍ ပေါက်ခွဲနေသည်။

ထိုမြင်ကွင်းကို ထင်းစွမ်း တွေ့လိုက်သဖြင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးချိုမှ သားက အားကိုးရတယ်နော်"

ဟု ပြောလိုက်သည်။

ချိုမှုက သဘောကျစွာ ပြုံးလိုက်သည်။

တဆက်တည်းမှာပင်. . .

"ဒါထက် ခြသေ့်တောင်ပေါ်မှာ လူသစ်တစ်ယောက် ရောက်နေတယ်နော်"

ဟု မေးလိုက်သည်။

ထင်းစွမ်းက. . .

"ကျွန်တော် ခြသေ့်တောင်ပေါ် လုံးဝမရောက်သေးဘူး။ ဘယ်သူများပါလိမ့်"

ဟု ပြန်မေးလိုက်သည်။

ချိုမှုက. . .

"ဪ. . . တောင်ပေါ် မရောက်သေးဘဲကိုး"

ဟု ပြောပြီး ဇနီးလုမ်းပေးသော ဆတ်သားခြောက် မီးကင်ပန်းကန်ကို လှမ်းယူရင်း. . .

"ဟဲ့. . . ကူးဝေ၊ တောင်ပေါ်ရောက်နေတဲ့လူက ဘယ်သူလဲ"

ဟု မေးလိုက်သည်။

ကူးဝေက. . .

"သိမ်းငှက်လို့ ပြောနေကြတာပဲ"

ဟု ဖြေလိုက်သည်။

ချိုမှုက. . .



"ဟုတ်တယ်၊ သိမ်းငှက်တဲ့၊ သူက ချိစန်း၊ ဝေဖိန်းနဲ့ ကွမ်းကြုံးတို့ကို အနိုင်တိုက်နိုင်တယ်တဲ့"

ဟု သတင်းပေးလေသည်။

ထင်းစွမ်း တစ်ချက်တွေဝေသွား၏။

♥ ♥ ♥

ခြသေ့်တောင်ပေါ်တွင် ဆီးနှင်းကြွေစ အချိန်ကာလ ဖြစ်သည်။

နေညှိုချမ်းသို့ ရောက်လာသည်နှင့် မြူတွေက ဝေပြီး မြင်ကွင်းသည် မှောင်သလိုလို ပြာသလိုလို။

လေညင်းသုန်သုန် တိုက်ခတ်လာသည်နှင့် ကြုံသော အခါ နှင်းပွင့်နှင်းခဲတွေမှာ မည်သည့်အရပ်က ရောက်လာသည် မသိချေ။

လွင့်မျော၍ ပါလာတတ်သည်။

နှင်းမြူမှုန်တွေ ကြားမှ မြင်းစီးသမားတစ်ဦးသည် မြင်းကို ခပ်မှန်မှန်လေး စီး၍လာ၏။

ထိုသူကား ထင်းစွမ်း ဖြစ်သည်။

သူသည် သူ့ဖခင် ဂိုဏ်းချုပ်ထင်းရိုဖုံးထံသို့ တိုက်ရိုက် လာခဲ့ခြင်း ဖြစ်သည်။

လမ်းတစ်လျှောက်လုံး ဂိုဏ်းသားတွေက ကြိုဆိုနှုတ် ဆက်နေကြသဖြင့် စောစောရောက်သော်လည်း ဖခင်အထံသို့ လာ

www.burmeseclassic.com

www.burmeseclassic.com



ရောက်တွေ့ဆုံရာတွင် ယခုလို နောက်ကျခဲ့ရခြင်းပင်။

အိမ်ဂေဟာ အစောင့်အကြပ်အားလုံးက. . .

"ဟင်. . . သခင်လေးထင်းစွမ်းပါလား၊ သခင်လေး ထင်းစွမ်း ပြန်လာပြီဟေ့"

စသည်ဖြင့် ပြောကြ၊ ဆိုကြ၊ အသံပြုကြဖြင့် ဆူညံ၍ သွားလေသည်။

ဤသို့ဖြင့် ထင်းစွမ်းသည် ဂိုဏ်းချုပ်ဂေဟာအတွင်းသို့ ရောက်ရှိခဲ့ခြင်းပင်။

အရင်ဆုံး ဆရာကျွင်းလီနှင့် တွေ့သည်။

ဦးလေးထင်းဝမ်းမှာ စန်းကျုံးမြို့သို့ သွားနေကြောင်း ဂိုဏ်းချုပ်မှာကား စာကြည့်ခန်းဆောင်တွင် ရှိကြောင်း ပြော၏။

"ဂိုဏ်းချုပ်က မင်းကို တွေ့ချင်နေပုံရတယ်၊ သွားတွေ့လိုက်ဦး"

ဟု ကျွင်းလီက ပြောသည်။

"ဆရာကျွင်းလီရော လာလေ"

"သွားပါ၊ သားအဖချင်း တွေ့တာ ပိုကောင်းပါတယ်"

ထင်းစွမ်းသည် ကျွင်းလီထံမှ ကြားရသော စကားကို ဘဝင်မကျလှချေ။

သို့သော်. . .

မသိဟန်ဆောင်နေလိုက်ပြီး ခေါင်းညိတ်ပြကာ ဖခင် ဂိုဏ်းချုပ်ကြီး ရှိရာ စာကြည့်ခန်းဆောင်သို့ တက်လာခဲ့သည်။

ထိုစာကြည့်ခန်းဆောင်မှာ ဤဂေဟာ၏အရေးကြီး



သော နေရာများတွင် တစ်ခုအပါအဝင် ဖြစ်သည်။

ဆင်ခြေလျှော တောင်ကုန်းမြင့်လွင်ပြင်ကို မျက်နှာမူ လျက်ရှိသည်။

မြောက်လေအေးများ တိုက်ရိုက်တိုက်ခတ်သော ခန်း ဆောင် ဖြစ်သည်။

မြင်ကွင်းကိုလည်း ကျယ်ကျယ်ပြန့်ပြန့် မြင်နေရလေ သည်။

♥ ♥ ♥

ဤကနေ့တွင်ကား ဆီးနှင်းမြူမှုန်တွေ သိပ်သည်းစွာ ကျရောက်နေပြီ ဖြစ်၍ မြင်ကွင်းရှိ ပုံရိပ်သဏ္ဍာန်အားလုံးတို့မှာ ဝါးတားတား မပြတ်မသား ဖြစ်၍နေသည်။

ထင်းစွမ်းသည် မြေညီထပ်မှ တစ်ဆစ်ချိုး လှေကားကို တက်လာပြီး အပေါ်ထပ်သို့ ရောက်လျှင် ခြေလှမ်းများများ မလျှောက်ရပါချေ။

စာကြည့်ဆောင်သို့ ရောက်လာခဲ့သည်။

"ရှပ်. . . ရှပ်"

"ရှပ်. . . ရှပ်"

မိမိ ခြေသံကို ကြားသည်နှင့် ဂိုဏ်းချုပ်က. . .

"ထင်းစွမ်းလား"

ဟု ဆီး၍မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြသေ့်တောင်ပေါ် သို့ မိမိရောက်ရှိနေကြောင်း သူသိပြီး ဖြစ်နေသည်။

သည်နေရာမှ ကြည့်ရှု၍ ထင်းစွမ်းကို သူတွေ့မြင်လိုက် ဟန်တူသည်။

ထင်းစွမ်းသည် ထူထဲသော ခန်းမဆောင် တံခါးကြီးကို တွန်း၍ ဖွင့်လိုက်သည်။

"ကျွီ"

တံခါးကြီး၏ပတ္တာကြိတ်သံသည် ပတ်ဝန်းကျင်၏တိတ်ဆိတ်ခြင်းကို လွှမ်းခြုံသွားလေသည်။

ထင်းရှိဖုံးက သိုင်းကျမ်းတစ်စောင်ကို ဖတ်ရှုနေခြင်း ဖြစ်သည်။

"ထိုင်"

သူသည် သားဖြစ်သူအား ပြောလိုက်ပြီးနောက် သူ့လက်ထဲရှိ သိုင်းကျမ်းစာအုပ်ကို ဖတ်နေသည့် နေရာစာမျက်နှာကို မှတ်သား၍ စားပွဲပေါ်တွင် ပြန်လည်ချထားလိုက်သည်။

သူသည် လျှောက်လာသောအခါ ထင်းစွမ်းသည် ကျောက်စားပွဲရှိ ထိုင်ခုံတစ်လုံးတွင် အကျအနထိုင်လျက်သား ရှိနေ၏။

"ဘာထူးသလဲ"

ဟု မေးလိုက်သည်။

သူတို့သားအဖမှာ မိသားစုအရေး၌သာ သားအဖ ဆောင်၍ စကားပြောသည်။



ဂိုဏ်းချုပ်နှင့် ဂိုဏ်းသား ဆက်ဆံရေးအတိုင်း ဆက်ဆံသည်။

ထင်းရှိဖုံးမှာ စင်စစ် အလွန်ရက်စက်သော လူကြီးတစ်ယောက် ဖြစ်သည်။

ထင်းစွမ်းက ဖခင်ဖြစ်သူ ဂိုဏ်းချုပ်အား ထပ်မံ၍ ဦးညွှတ်လိုက်ကာ. . .

"နန်းတွင်းမှာ ဖြစ်ရိုးဖြစ်စဉ်အတိုင်းပဲ ရှိပါတယ်၊ ခုံသမာဓိကြီးကတော့ ကျွန်တော်တို့ရဲ့ ရွှေခြသေ့်ဂိုဏ်းကို စိတ်ဝင်စားနေတယ်လို့ သိခဲ့ရပါတယ်၊ သူက အေးအေးဆေးဆေး မနေခဲ့ရင် သည်သတင်းစကားက ဘုရင်မင်းမြတ်ဆီ ရောက်ရှိသွားနိုင်ပါတယ်"

ဟု ပြောလိုက်သည်။

ထင်းရှိဖုံးက. . .

"ခုံသမာဓိကြီး ဟုတ်လား"

"ဟုတ်ပါတယ်"

"သူက ဘယ်သူလဲ"

"ကျိုက်ဖန်းပါ"

"သြော်. . ကျိုက်ဖန်းက ခုံသမာဓိကြီးတောင် ဖြစ်နေမှကိုး"

ထင်းစွမ်းသည် ထင်းရှိဖုံး၏စကားကို စိတ်ဝင်စားသွားလေသည်။

သို့နှင့် ထင်းစွမ်းက. . .

www.burmeseclassic.com

www.burmeseclassic.com



"ခိုသမားခါကြီးကျိုက်ဖန်းကို အဖေသိလား"

ဟု မေးလိုက်သည်။

ထင်းရှိဖုံးက. . .

"သိတာပေါ့၊ သူက တို့နယ်က ပညာရှိကျိုက်ဟုရဲ့သား လေ"

"သူက ကျွန်တော်တို့ဂိုဏ်းကို ရှင်းလင်းချင်ပုံရတယ် အဖေ"

"ကြောက်စရာ မဟုတ်ဘူး၊ သူက လုပ်စရာရှိတာ ဆက်လုပ်တော့ ကိုယ်ကလဲ လုပ်စရာရှိတာ ဆက်လုပ်ရုံပဲပေါ့ကွာ"

ထိုစကားပြောပြီးတော့မှ ဂိုဏ်းချုပ်သည် ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

"မင်းကရော ဘယ်လိုသဘောရသလဲ"

"လုပ်စရာရှိတာ ဆက်လုပ်မယ် အဖေ"

"ဟုတ်တယ် ငါ့သား၊ သူတို့က သူတို့အလုပ် သူတို့ဆက်လုပ်၊ ကိုယ်ကလဲ ကိုယ့်အလုပ်ကို ဆက်လုပ်၊ ဒါအကောင်းဆုံးပဲ"

ပြောနေရင်း ဂိုဏ်းချုပ်သည် တစ်စုံတစ်ခုကို သတိရလာဟန်ဖြင့်. . .

"ဒါထက် ငါ မင်းကို ပြောစရာရှိတယ်၊ သိမ်းငှက်ဆိုတဲ့ သိုင်းသမားတစ်ယောက် ရထားတယ်"

ဟု ပြောလိုက်သည်။

ထင်းစွမ်းက. . .



"ကျွန်တော်လဲ သည်သတင်း ရောက်ရောက်ချင်း ကြားလို့ အခုပဲ မေးမလို့ပါ"

ဟု ပြော၏။

ဂိုဏ်းချုပ်က. . .

"မေးစရာ မလိုတော့ပါဘူးကွာ"

"စိတ်ချရလား အဖေ"

"သူဟာ ငါနဲ့ ဆရာတူတပည့်ပဲကွ၊ သိုင်းပညာမှာရော နှလုံးရည်မှာပါ တော်တော်ထက်တယ်"

"ချီစန်း၊ ဝေ့ဖိန်းနဲ့ ကွမ်းကြုံးတို့ကို အနိုင်တိုက်ခိုက်နိုင်တဲ့ အရည်အချင်းဟာ အဆင့်မနိမ့်လှပါဘူး၊ စိတ်ချရမယ်ဆိုရင်တော့ ရွှေခြသေ့ဂိုဏ်းဟာ သိုင်းလောကမှာ ထိပ်ထိပ်ကြဲ ဂိုဏ်းတစ်ဂိုဏ်း ဖြစ်ပြီပေါ့ အဖေ"

"ဒါပေါ့ မင်းလဲ သိုင်းပညာတိုးတက်မှု ရှိရဲ့လား"

"ရှိပါတယ် အဖေ"

"အေး. . . ငါက မင်းကို ရွှေခြသေ့ဂိုဏ်းရဲ့ အရှင်သခင်ဖြစ်ဖို့ ရည်ရွယ်ထားတာနော်"

"ဟုတ်ကဲ့ပါ အဖေ၊ သိမ်းငှက်ကို ဆရာကျွင်းလီတို့က ကျေနပ်ပုံမပေါ်ဘူး အဖေ"

"သူတို့က ပညာကို မလေးစားဘဲ ကိုယ့်လူကိုယ်ယုံစားနေကြတာ မဟုတ်လား၊ သူတို့ တစ်နေ့ အမြင်မှန်ရလာကြမှာပါ"

ထို့နောက်. . .

သားအဖနှစ်ယောက် သူ့အကြောင်း ကိုယ့်အကြောင်း

www.burmeseclassic.com



အတောင်းအသစ် ပြော၍အပြီး ထင်းစွမ်းက စတင်၍...

"တွန်တော် ပြန်ဦးမယ် အဖေ"

ဟု ပြောပြီးလျှင် ထိုင်နေရာမှ ထရပ်လိုက်လေသည်။

♥ ♥ ♥

မိမိ ဂိုဏ်းသားတွေ ရှေ့တွင် ရှုံးနိမ့်ခဲ့ရသည်မှာ အမှန်တော့ အသည်းနာစရာကောင်းသည်။

ရှက်စရာလည်း ကောင်းသည်။

မည်သူမဆို မိမိ၏အောင်မြင်မှုကို မိမိပတ်ဝန်းကျင် အသိုင်းအဝိုင်းရှေ့တွင် ပြလိုက်ချင်သည်မှာ အမှန်ပင်။

ယခုတော့ ထိုသို့ မဟုတ်ချေ။

ထိုသို့သော အဖြစ်နှင့် ဆန့်ကျင်နေသည်။

ဂိုဏ်းအနေနှင့်လည်း နာမည်ပျက်စရာပင်။

ဤလို သိုင်းသမားမျိုးလောက်ကို ရွေးခြယ်သော့ဂိုဏ်းက လက်ရှိ အနေအထားတွင် လက်ရွေးစင်ဂိုဏ်းသားများက မနိုင်သည်မှာ ကြား၍ ကောင်းသေးသည်။

နောင်ဂိုဏ်းချုပ်များပင်လျှင် မနိုင်မနင်း ဖြစ်လာခဲ့သော်မခက်ပါလား။

ဤသို့သော အတွေးမျိုး ကွမ်းကြုံး လက်ခံယုံကြည်ထားသည်။

ထို့ကြောင့်...



ကွမ်းကြုံးသည် သမားတော်ထံမှအပြန် မိမိအိမ်သို့ တိုက်ရိုက်မပြန်ဘဲ တောင်ခွဲလက်ဝါးချီစန်း ရှိရာသို့ လာခဲ့သည်။

ချီစန်းထံသို့ သွားရာတွင် ဝေးကွာလှသည် မဟုတ်ချေ။

သို့သော်...

လမ်းခုလတ်တွင် ထင်းဟွားနှင့် ဆုံသည်။

ထင်းဟွားသည် ယာတောစိုက်ခင်းထဲမှ ပြန်လာခြင်း ဖြစ်သည်။

မြင်းကို ခပ်မှန်မှန် စိုင်းနှင်၍လာသည်။

"ခွပ်... ခွပ်... ခွပ်"

"ခွပ်... ခွပ်... ခွပ်"

ထင်းဟွားသည် မိမိနောက်မှ လိုက်လာသူကို သိမ်းငှက်ဟု ထင်မှတ်ကာ စိတ်ထဲတွင် ပျော်သွားမိ၏။

သိုင်းပညာစမ်းပွဲ ပြုလုပ်ပြီးကတည်းက သိမ်းငှက်နဲ့ မတွေ့ရသည်မှာ ယခု သုံးရက်ပင် ရှိချေပြီ။

သူနှင့်တွေ့လျှင် ပြောစရာစကား ထွေထွေထူးထူး ရှိသည်တော့ မဟုတ်ချေ။

သူ့သိုင်းစွမ်းရည်ကို ချီးကျူးဂုဏ်ပြု စကားမျိုးလောက် ပြောရန်သာ ရှိသည်။

ဒါလည်း အရေးကြီးလှသည် မဟုတ်ချေ။

ပြောရိုးပြောစဉ် စကားပင် ဖြစ်သည်။

မည်သို့ဆိုစေ...

ထင်းဟွားသည် သိမ်းငှက်ကို တွေ့ချင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူမသည် နောက်သို့ သိမ်းငှက်အမှတ်နှင့် လှည့်ကြည့်လိုက်ရာ ကွမ်းကြုံးကို တွေ့လိုက်ရ၍ စိတ်ပျက်သွားလေသည်။

ကွမ်းကြုံးသည် ထင်းဟွားအနီးသို့ ရောက်လာကာ ခေါ်လိုက်၏။

"ထင်းဟွား"

"ဘာလဲ"

"မင်းနဲ့ ကျုပ်တို့ ဘဝတွေဟာ အခုလောက် စိမ်းကားသွားစရာ မဟုတ်ပါဘူး။ ဘာလဲ မင်းက သိမ်းငှက်ဆိုတဲ့လူနဲ့ ပတ်သက်လို့ ကျုပ်ကို မကျေမနပ် ဖြစ်နေတာလား"

ထင်းဟွားက မြင်းကို လမ်းဘေး သစ်ပင်တစ်ပင် အရိပ်အောက်သို့ သွားရပ်လိုက်ပြီး မြင်းပေါ်က ဆင်းလိုက်၏။

တောင်ကုန်းအတက် တောင်ပတ်လမ်း တစ်နေရာ ဖြစ်၍ လေသည် တဟူးဟူး တိုက်ခတ်၍နေသည်။

ကွမ်းကြုံးသည်လည်း မြင်းပေါ်က ဆင်းသည်။

ထင်းဟွား အနီးတွင် လာ၍ရပ်လိုက်သည်။

ထိုမြင်ကွင်းကို အစောပိုင်းကတည်းက တွေ့မြင်နေရသူမှာ သိမ်းငှက် ဖြစ်သည်။

သိမ်းငှက်သည် ထင်းဟွားကို တွေ့ချင်နေသည်မှာ သိုင်းပညာစမ်းပွဲကြီး ပြီးကတည်းက ဖြစ်သည်။

သို့သော်. . .

တွေ့ဆုံရန် အကြောင်းမတိုက်ဆိုင်ဘဲ ဖြစ်နေသည်။



သည်နေ့တော့ ထင်းဟွား စိုက်ခင်းထဲတွင် သူ့အဖော်များနှင့် ရှိနေကြောင်း တစ်စုံတစ်ယောက်က ပြောထား၍ မြင်းဖြင့် ယခုလို ဒုန်းစိုင်းလာခဲ့ခြင်းပင် ဖြစ်သည်။

ဤနေရာသို့ ရောက်လာသောအခါတွင်ကား ထင်းဟွားကို တစ်ယောက်တည်း တွေ့နေရပါလျက် ကွမ်းကြုံးက ထင်းဟွားတစ်ယောက်တည်း ရှိနေသော မြင်ကွင်းထဲ ဇွတ်အတင်းဝင်၍လာသည်။

အစပိုင်းတွင် ထင်းဟွားသည် ကွမ်းကြုံးအပေါ် အလေးထားသည် မဟုတ်ချေ။

သို့သော်. . .

ကွမ်းကြုံးက ဘာပြောလိုက်သည်မသိ။

ထင်းဟွားသည် ကွမ်းကြုံးကို စကားလက်ခံပြောရသည့် အခြေအနေသို့ ရောက်လာသည်။

ထိုအခြေအနေမှ တစ်ဖန် ကွမ်းကြုံးသည် ထင်းဟွား၏ လက်များကို ဆွဲလားရမ်းလား ဖြစ်လာသောအခါ သိမ်းငှက် မနေသာတော့ချေ။

မြင်းပေါ်မှ ခုန်လွှား၍ ဆင်းလိုက်သည်။

ပြီးလျှင် ကိုယ်ဖော့ပညာ အသုံးပြု၍ ခုန်ပျံဝဲလှည့်၍ ကွမ်းကြုံးနှင့် ထင်းဟွားတို့ ရှေ့သို့ ကျရောက်လာ၏။

"ဝုစ်"

"ဟူး"

သိမ်းငှက်သည် လျှင်မြန်သော အရှိန်ဖြင့် ရောက်ရှိလာ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းပင် ဖြစ်သည်။

ထင်းပွားက သိမ်းငှက်ကို တွေ့မြင်လိုက်ရလျှင် ဝမ်းသာသွားသည်။

ကွမ်းကြုံးသည် ထင်းပွား၏လက်နှစ်ဖက်ကို ဆွဲကိုင်ထားရာမှ ပြောင်းလဲသွားသော ထင်းပွား၏မျက်နှာကို တွေ့လိုက်ရ၍ နောက်ဘက်သို့ လှည့်ကြည့်မည်အပြု မိမိပခုံးတစ်ဖက် အဆုပ်ကိုင်ခံလိုက်ရခြင်းပင်။

နောက်တွင် သိမ်းငှက်က ခန္ဓာကိုယ် နောက်ဘက်သို့ ယိမ်းယိုင်၍ သွားရကား ထင်းပွား၏လက်များကို လွှတ်လိုက်ရလေသည်။

"မင်း ဘာလာရှုပ်တာလဲ"

"သည်မှာ ကွမ်းကြုံး၊ အဲသည်စကားဟာ ငါပြောရမယ့်စကားလေ၊ ငါလာရှုပ်တာ မဟုတ်ဘူး"

"တော်တော် လူပါးဝတဲ့ကောင်ပဲ"

ထိုအခါ. . .

ထင်းပွားက ကွမ်းကြုံးအား. . .

"ရှင် သူ့ကို သည်လိုမပြောသင့်ဘူး ထင်တယ်၊ သူ့ကို အဖေတို့ ဦးကြီးတို့ လက်ခံထားတာပါ"

ကွမ်းကြုံးမှာ ဘာပြောရမည်မသိ ဖြစ်နေသည်။

သိမ်းငှက်က ထင်းပွားဘက်လှည့်ကာ. . .

"ပြောချင်တဲ့ စကားပြောပါစေ၊ သူပြောချင်လို့ ပြောနေတာပဲ"



ဟု ပြောလိုက်သည်။

ကွမ်းကြုံးက သိမ်းငှက်ကို ခပ်စိမ်းစိမ်း တစ်ချက်ကြည့်လိုက်သည်။

"မင်းနဲ့ ငါတွေ့ကြသေးတာပေါ့"

ထို့နောက် သူသည် မြင်းဇက်ကြိုးကို ဖြုတ်၍ မြင်းပေါ်ခုန်တက်ကာ ခုန်းစိုင်းထွက်ခွာသွား၏။

"ခွပ်. . . ခွပ်. . . ခွပ်"

မြင်းခွာသံများ ဝေးကွာသွားတော့မှ ထင်းပွားက. . .

"ကျွန်မ ရှင့်ကို ကျေးဇူးတင်ရထာ၊ ဒါနဲ့ဆို နှစ်ကြိမ် ရှိသွားပါပြီ"

ဟု ပြောလိုက်လေသည်။

"ရပါတယ်ဗျာ"

နှစ်ယောက်သား အကြည့်ချင်း ဆုံသွားမိလေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



ထင်းဟွားသည် သူမမိခင်နှင့်အတူ နေထိုင်လျက် ရှိသည်။

မိခင်ရှမ်းအင်းမှာကား ဂိုဏ်းချုပ်စံအိမ်တွင် အတူနေထိုင်သည် မဟုတ်ချေ။

သူမ၏သမီး ထင်းဟွားနှင့်အတူနေ၏။

သိမ်းငှက်သည် ထင်းဟွားအား မေတ္တာ ရှိနေသည်ကို ဖွင့်ပြောရန် အကြံရှိသော်လည်း မပြောဖြစ်ခဲ့ပါချေ။

"နောက်မှ တွေ့ဦးမယ် ထင်းဟွား"

ဟု ပြောပြီး ပြန်လာခဲ့သည်။

အချိန်မှာ အတော်ပင် ညဥ့်နက်နေပြီ ဖြစ်သည်။

ထင်းဟွားကို နှုတ်ဆက်ပြီး ပြန်သည့်အချိန်မှာကတည်းက တစ်စုံတစ်ယောက် မိမိ နောက်မှာ နောက်ယောင်ခံလိုက်နေသည်ဟု သိမ်းငှက်ထင်လိုက်မိ၏။

ခြေသံလိုလို၊ မသင်္ကာဖွယ်ရာ ငှက်ပျံသန်းမှုမျိုး ခပ်လှမ်းလှမ်းမှ သီချင်းအော်ဆိုသံ စသည်တို့က သိမ်းငှက်ကို သတိပေးနေသလိုလိုရှိသည်။

သူသည် မြင်းကို ဆက်လက်စီးနင်းလာခဲ့ရာ တောင်ပတ်လမ်း တစ်နေရာသို့ ရောက်လာသည်။

အရိပ်က မှောင်သည်။

လမ်းမှာ ကျဉ်း၍ လူသွားလူလာပြတ်သည်။

တစ်ဖက်ဘေးသို့ ချော်ကျလိုက်လျှင် တွေးဝံ့စရာ မရှိပါချေ။



ထိုလမ်းကလေး တစ်နေရာသို့ အရောက်တွင်. . .

"ခွပ်. . . ခွပ်. . . ခွပ်"

"ဝုန်း"

မည်သူ့လက်ချက်မှန်းမသိ။

အမည်းရောင်ကြိုးတစ်ချောင်းက တားဆီးထားသည်။

မြင်းလာလျှင် မြင်းစီးသမားရော မြင်းပါ ရှေ့သို့ ဟပ်ထိုးလဲကာ တစ်ဖက်တောင်ကမ်းပါးယံ၏အောက်သို့ ထိုးကျသွားရန်ပင် ဖြစ်သည်။

တော်ပေသေးသည်။

သိမ်းငှက်မှာ မြင်းကိုအမြန်မစီးဘဲ စိုင်းနှင်လာခဲ့၍ လဲကျရုံသာ လဲကျသွားသည်။

တောင်ကမ်းပါးယံ တစ်ဖက်အောက်သို့ ထိုးကျမသွားပါချေ။

ထိုစဉ်. . .

"ဝိုး"

"ဝှစ်"

ဓားသမားသုံးယောက် အပေါ်ဘက်မှ ပြိုင်တူ ထိုးကျလာ၏။

အားလုံးဝတ်စုံနက်များ ဝတ်ဆင်ထားပြီး မျက်နှာဖုံးစွပ်ထားကြသည်။

သူတို့သည် သိမ်းငှက်အား ဆက်တိုက် ရှေ့ဆင့်နောက်ဆင့် တိုက်ခိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သိမ်းငှက် နောက်ဘက်မှ လျှပ်တစ်ပြက် ဝင်လာသော ဓားဦးချွန်ကို မိမိဓားပြားနှင့် ရိုက်ထုတ်လိုက်သည်။

"ခြွမ်း"

ဓားရော လူရော နောက်ဘက် ဆုတ်သွားသည့်အချိန် ရင်ဆိုင်တိုက်ခိုက်လိုက်သည်။

ထိုစဉ်. . .

"ဝှစ်"

"ဟူး"

အသံနှင့်အတူ မိန်းကလေးတစ်ယောက် ရောက်ရှိကာ ဓားသမားသုံးဦးအား တိုက်ခိုက်လိုက်၏။

ဓားသမားသုံးယောက်သည် အခြေအနေ မဟန်မှန်းသိလျှင် နောက်ဆုတ်ထွက်ပြေးကြလေတော့၏။

သိမ်းငှက်က ကူညီသူအား ကြည့်လိုက်ရာ. . .

"ဟင်. . ထင်းဟွား"

"ဟုတ်ပါတယ်၊ ကျွန်မ ရှင့်ကို စိတ်မချလို့ လိုက်လာတာ၊ ထင်တဲ့အတိုင်းပဲလေ"

"ညီမရယ်"

သူတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်း ဆုံသွား၏။

ဤသို့နှင့် သူတို့နှစ်ယောက် ချစ်သူများ ဖြစ်သွားကြလေသည်။

♥ ♥ ♥



ရွှေခြသေ့်ဂိုဏ်းသည် သတင်းတစ်ခု ရထားလေသည်။

ထိုသတင်းမှာ ဝါးနက်တောင်ဒေသကို ငွေကြယ်အာမခံဌာနမှ ကုန်ပစ္စည်း အပြည့်တင်ဆောင်လာသော မြင်းလှည်းငါးစီးဖြင့် သွားမည်ဆိုသော သတင်း ဖြစ်သည်။

ထိုမြင်းလှည်းငါးစီးတွင် လုံခြုံရေးတာဝန်ယူ၍ လိုက်လာသူမှာ ဓားရာဇာ ဖြစ်သည်။ ဓားရာဇာမှာ ယခင်က ဂူမီးဂိုဏ်းသားတစ်ယောက် ဖြစ်သည်။

ယခုမူ ငွေကြယ်အာမခံဌာန၏ လုံခြုံရေးမှူးအဖြစ် တာဝန်ယူလုပ်ကိုင်ပေးလျက် ရှိသည်။

ရွှေခြသေ့်ဂိုဏ်းသည် ငွေကြယ်အာမခံ ပို့ဆောင်ရေးဌာနမှ မြင်းလှည်းများကို တိုက်ခိုက်ရန် ကိစ္စတွင် ခေါင်းဆောင်အဖြစ် ကျွင်းလီနှင့် ကွမ်းကြုံးတို့ကို ရွေးချယ်ထားသည်။

သိမ်းငှက်ကိုကား အရန်သဘောလိုက်ပါစေသည်။

"ခွပ်. . . ခွပ်. . . ခွပ်"

"ခွပ်. . . ခွပ်. . . ခွပ်"

မြင်းခွာသံများက ည၏တိတ်ဆိတ်ခြင်းကို လွှမ်းမိုးလျက်ရှိသည်။

ကျွင်းလီတို့သည် ဝါးနက်တောင်ဒေသအလွန် ဇရပ်ပျက်သို့ ရောက်ရှိလာ၏။

သူတို့ ရောက်ရှိလာသော အချိန်တွင် ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်နေသည်။

သိမ်းငှက်သည် ငွေကြယ်အာမခံဌာနအား မိမိ သတင်း

www.burmeseclassic.com

www.burmeseclassic.com



ဗွီထားသလို ကုန်ပစ္စည်းတွေ ချထားပြီး မြင်းလှည်းအခွံတွေချည်း ရောက်လာပါ့မလားဟု တွေးပူနေမိ၏။

ထိုစဉ်. . .

"ခွပ်. . . ခွပ်. . . ခွပ်"

ငွေကြယ်အာမခံဌာန မြင်းလှည်းငါးစီးကား ဝါးနက်တောင်သို့ ရောက်ရှိလာချေပြီ။

"တိုက်ကြဟေ့"

ကျွမ်းလီက အရင်ဆုံး အမိန့်ပေး အော်ဟစ်လိုက်၏။

ကွမ်းကြုံးက. . .

"လမ်းကို ကျောက်တုံးတွေနဲ့ ပိတ်လိုက်တော့"

ထိုအသံများ ထွက်ပေါ်လာပြီးနောက် ကျောက်တုံးများ ဆင်ခြေလျှော တောင်ကုန်းတွေပေါ်မှ လျှောကျလာ၏။

"ဝုန်း. . . ဝုန်း"

မြင်းလှည်းတွေအားလုံး ကျောက်တုံးကျောက်ခဲတွေ ပိတ်ဆို့ကာ မြင်းလှည်းတွေအားလုံး ထိုးတိုးထောင်ထောင် ဖြစ်ကုန်၏။

ထူးခြားသည်မှာ မြင်းလှည်းငါးစီးစလုံးတွင် မြင်းလှည်း မောင်းသမားတစ်ယောက်မျှ မတွေ့ရတော့သည့် အဖြစ်ပင်။

ကျွင်းလီရော ကွမ်းကြုံးပါ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"ဆရာကျွင်းလီ မသင်္ကာစရာဘဲ၊ နောက်ပြန်ဆုတ်မှ ထင်တယ်"



"ဟုတ်တယ်"

နှစ်ယောက်သား သတိပေးရုံသာ ရှိသေးသည်။

"ဝုန်း"

"ဟိတ်. . . ယား"

မြင်းလှည်းငါးစီးစလုံး၏ ကုန်ပစ္စည်းများ သယ်ဆောင်လာသည့်ဟန် ပေါင်းမိုးအကာများအတွင်းမှ သိုင်းသမားများက ဖောက်ခွဲထွက်လာကြ၏။

မြင်းလှည်းတစ်စီးလျှင် သိုင်းသမားငါးယောက်ထက် မနည်း ဓားများကိုင်စွဲ၍ ကျွင်းလီတို့ကို တိုက်ခိုက်ကြတော့သည်။

"ချွမ်း"

"ဝှစ်"

တိုက်ပွဲ ပြင်းထန်စွာ ဖြစ်ပေါ်လာ၏။

ရွှေခြင်္သေ့ဂိုဏ်းသားများအနက်မှ အချို့မှာ ရန်သူ၏ ဓားချက်များကို လွတ်အောင် မရှောင်နိုင်ချေ။

အကျအရှုံး များလှသည်။

ကျွင်းလီသည် ပွဲဦးထွက်မှာပင် ဓားရာဇာ၏လက်ချက်ဖြင့် နောက်သို့လန်ကျကာ လဲကျသွား၏။

သို့သော် သိမ်းငှက်၏သိုင်းပညာကိုကား ဓားရာဇာ ထိုးဖောက်၍ မရတော့ချေ။

ကွမ်းကြုံးက. . .

"ဆုတ်ကြဟေ့"

သူ၏လူများကို ဆုတ်ခိုင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သိမ်းငှက်ကလည်း ခေးရာဇာကို အကြောပိတ်လိုက်၏။

ဤတွင် သိမ်းငှက်က လဲကျနေသော ကျွင်းလီကို ချီမ၍ ဆုတ်ခွာလာခဲ့သည်။

ရွှေခြသေ့်ဂိုဏ်း တည်ရှိရာ ခြသေ့်တောင်ပေါ်သို့ ရောက်ရှိလာသောအခါ ကျွင်းလီမှာ သေလုမျောပါး အခြေအနေဖြစ်သည်။

သိမ်းငှက် ယခုလို သယ်ဆောင်လာခြင်း မရှိပါက ကျွင်းလီ အသက်ပြန်ရှင်ရန် မလွယ်ကူချေ။

သိမ်းငှက်နှင့် ကွမ်းကြုံးတို့မှာ ကိုယ်စီဒဏ်ရာများ ရရှိထားကြသည်။

♥ ♥ ♥

ခြသေ့်တောင်ပေါ်တွင် တောင်တက်လမ်းပေါ်၌ မြင်းစီးသမားတစ်ယောက်သည် မြင်းကို ဒုန်းစိုင်း၍ လာနေသည်။

ထိုသူသည် ခြသေ့်ဂိုဏ်း၏အထောက်တော်တစ်ဦး ဖြစ်ပေသည်။

သူသည် နှင်းမှုန်များကြား တိုးဝှေ့ကာ ဂိုဏ်းချုပ်စံဂေဟာရှေ့သို့ ရောက်ရှိလာ၏။

မကြာမီ. . .

သူသည် ဂိုဏ်းချုပ်ထင်းရှိဖုံး၏ရှေ့မှောက်သို့ ရောက်ရှိလာ၏။



အထောက်တော်သည် ဂိုဏ်းချုပ်အား ဦးညွတ်၍. . .

"ဂိုဏ်းချုပ်ကြီးကို ကျွန်တော်အရေးကြီးတဲ့ တင်ပြစရာရှိလို့ပါ"

ဟု ပြော၏။

ဂိုဏ်းချုပ်ကြီးက. . .

"ပြောပါ. . ဟူကျင်း"

ဟု ပြောခွင့်ပြုလိုက်လေသည်။

♥ ♥ ♥

"ဒေါက်. . ဒေါက်"

"ဒေါက်. . ဒေါက်"

ဟူကျင်းသည် ဆောင်းခရေစားသောက်ဆိုင်ထဲသို့ ခြေတစ်လှမ်းချင်းဝင်၍ လာလေသည်။

ဆောင်းခရေစားသောက်ဆိုင်အတွင်းတွင် စားသောက်သူများ စုဝေးရောက်ရှိလာကြပြီ ဖြစ်၍ စည်ကားသိုက်မြိုက်လျက်ရှိနေလေသည်။

ဟူကျင်းသည် စားသောက်ခန်းအတွင်း နေရာအနှံ့ ဝေ့ကြည့်လိုက်သည်။

စားပွဲတစ်လုံး တွေ့လိုက်ရသည်။

ထိုစားပွဲတွင် စားသုံးသူနှစ်ယောက်တော့ ရှိပေသည်။

ဟူကျင်းသည် ထိုစားပွဲသို့ သွားရောက်ကာ လက်ရှိ စား

www.burmeseclassic.com

www.burmeseclassic.com



သောက်နေသူနှစ်ဦးမှ တစ်ဦးအား. . .

"သည်စားပွဲမှာ ကျွန်တော်ထိုင်လို့ ရပါသလား"

ဟု ခွင့်တောင်းလိုက်သည်။

ထိုလူကြီးက ဟူကျင်းကို ကြည့်လိုက်ပြီး သူ့အဖော်ဘက်သို့ လှည့်၍ ကြည့်လိုက်ပြန်သည်။

သဘောတူညီချက်ယူလိုက်ခြင်း ဖြစ်သည်။

လူကြီးနှစ်ယောက်၏ ခွင့်ပြုချက်ဖြင့် ဟူကျင်းသည် ထိုစားပွဲတွင် ထိုင်ခုံတစ်နေရာ ရလေသည်။

အမှန်မှာ ဟူကျင်းသည် အရက်သောက်တတ်သူ မဟုတ်ချေ။

သို့သော်. . .

သည်ကနေ့တော့ သူသည် အရက်ကို မသောက်မဖြစ်သောက်ရပေတော့မည်။

အကြောင်းမူကား သူနှင့်ချိန်းဆိုထားသော ထန်ကပ်မှာ ဤစားသောက်ဆိုင်သို့ အရောက်လာခဲ့မည်ဟု မှာထား၍ ဟူကျင်း အခုလို နေရာမျိုးသို့ လာရောက်စောင့်ဆိုင်းနေရခြင်းပင်ဖြစ်သည်။

စားပွဲထိုးလူရွယ် ရောက်ရှိလာသောအခါ ဟူကျင်းက

"အရက်တစ်အိုးနဲ့ ဝက်ပေါင်ခြောက်ကြော်တစ်ပွဲ အမြန်ဆုံးချပေးကွာ"

ဟု မှာလိုက်သည်။

ထိုအခါ. . .



အရက်သမားကြီးနှစ်ယောက်က ဟူကျင်းကို မော့ကြည့်လိုက်သည်။

ထိုသို့ ကြည့်ရင်း အရက်သမားကြီးတစ်ဦးက. . .

"အရက်တစ်အိုး မှာရအောင် မင်းက အရက်တစ်အိုးကုန်အောင် သောက်နိုင်လို့လား"

ဟု မေး၏။

ဟူကျင်းက. . .

"ကျွန်တော်တစ်ယောက်တည်း အရက်တစ်အိုးလုံး ဘယ်ကုန်မလဲ"

ဟု ဖြေလိုက်သည်။

ဟူကျင်းက ဤသို့ ဖြစ်လာမည့် အခြေအနေကို သိလိုက်သည်။

သို့နှင့်. . .

"ဟဲ. . . ဟဲ. . . ကျွန်တော်က သည်လိုပဲလေ၊ အရက်သောက်ရင် ဘေးက လူတွေကိုလည်း တိုက်ချင်လို့ပါ"

ဟု ပြောလိုက်သည်။

ဤတော့ အရက်သမားကြီးနှစ်ယောက် ဟူကျင်းကို သဘောကျသွားသည်။

"သြော်. . . မင်းက သည်လိုကိုး၊ မင်းက သဘောသိပ်ကောင်းတာပဲ၊ တို့နှစ်ယောက်က အရက်နည်းနည်း လိုနေတာကွ"

ဟု ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်. . .

ဟူကျင်းသည် ထိုအရက်သမားကြီးနှစ်ယောက်နှင့် အဖွဲ့ကျသွားလေသည်။

ဟူကျင်းမှာကား အရက်ကို ဟန်ဆောင်၍ သောက်နေပြီး အပေါက်ဝကိုသာ တစ်မျှော်တည်း မျှော်၍ ကြည့်နေသည်။

ချိန်းဆိုထားသော ထန်ကပ်ကား အရိပ်အယောင်မျှ မတွေ့ရသေးချေ။

အရက်သမားကြီးနှစ်ယောက်နှင့် ဟူကျင်းမှာ စကားလက်ဆုံကျ၍ နာမည်များကိုပင် သိခဲ့ရပြီ ဖြစ်သည်။

ခပ်ပိန်ပိန်လူကြီးက တိဘက်ကြီးတစ်ယောက် ဖြစ်ပြီး ဆားလုဟု ခေါ်သည်။

ခပ်ဝဝလူကြီးကတော့ မြည်မသား ဖြစ်ပြီး ယုံဗိုးဟု ခေါ်သည်။

ယုံဗိုးဟူသောလူကြီးက ဟူကျင်း၏အရိပ်အကဲကို ကြည့်လိုက်ပြီး. . .

"မင်းက ဘယ်သူနဲ့ ချိန်းထားလို့လဲ၊ အပေါက်ဝဘက်ကို ကြည့်လှချည်လား"

အမှန်ကို ထုတ်ဖော်၍ မေးလိုက်ခြင်း ဖြစ်ရကား ဟူကျင်းမှာ အဖြေရခက်သွား၏။

ဤတွင် တိဘက်ကြီးဆားလုက. . .

"မင်းစောင့်နေတာ ထန်ကပ် မဟုတ်လား"

ဟု မေး၏။



ထိုအခါ. . .

ဟူကျင်းမှာ အလွန်အမင်း အံ့အားသင့်သွား၏။

ဤတော့ ဟူကျင်းက. . .

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

ဆားလုက. . .

"ငါတို့က ထန်ကပ်ရဲ့သွေးသောက်ရောင်းရင်းတွေပါ။ မင်း သူ့ကို မျှော်မနေနဲ့၊ သူ သည်ကို လာတော့မှာ မဟုတ်ဘူး"

ဟု ပြော၏။

ဟူကျင်းက. . .

"သူ သည်ကို မလာတော့ဘူး မဟုတ်လား၊ ဘာဖြစ်လို့လဲ၊ သူ ကျုပ်ကို သည်နေရာမှာ သည်အချိန် တွေ့ဖို့ အသေအချာချိန်းထားတာပဲ"

ဟု ပြောလိုက်၏။

ယုံဗိုးက ကြားဝင်၍. . .

"အခြေအနေ မကောင်းဘူး"

"ထန်ကပ် အခု ဘယ်မှာလဲ"

"သူ သေသွားပြီ"

ဟု ယုံဗိုးက ပြောလိုက်သောအခါ ဟူကျင်း ပါးစပ်အဟောင်းသား ဖြစ်သွားရတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



ဟုကျင်းသည် ရွှေခြင်္သေ့ဂိုဏ်းချုပ် ထင်းရိုဖုံး ရှေ့တွင် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြောပြနေ၏။

ဆက်လက်၍. . .

"ထန်ကပ်ရဲ့ သွေးသောက်ရောင်းရင်းတွေက ထန်ကပ် ရေးထားခဲ့တဲ့ စာတစ်စောင်ကို ပေးပါတယ်"

ဟု ပြောရင်း အင်္ကျီအိတ်အတွင်းမှ စာတစ်စောင်ကို နှိုက်ထုတ်ပြီး ဂိုဏ်းချုပ်ထင်းရိုဖုံး လက်သို့ ပေးလိုက်လေသည်။

ထင်းရိုဖုံးက စာကို အနီးရှိ သားဖြစ်သူ ထင်းစွမ်းအား ပေး၍. . .

"ကဲ. . . သည်စာကို ဖတ်ပြစမ်း"

ဟု ပြောလိုက်သည်။

ထင်းစွမ်းက ထင်းရိုဖုံး၏လက်ထဲမှ စာကို လှမ်းဖတ်၏။

ဂိုဏ်းချုပ်ကြီးခင်ဗျား. . .

"ကျွန်တော်သည် ဂိုဏ်းချုပ်ကြီး အမိန့်အတိုင်း သတင်း စုံစမ်းခဲ့ပါသည်။ စန်းကျိုးမြို့သို့ ငွေများ ပို့ဆောင်မည့် နေ့ရက်ကို သိရှိခဲ့ရပါသည်။ ထိုနေ့ရက်မှာ. ."

ထန်ကပ်က နေ့ရက်ကို အတိအကျ ရေးထား၏။

ရန်သူ၏လက်ချက်ဖြင့် ကိုယ်တိုင်လာနိုင်တော့မည် မဟုတ်၍ စာရေးပြီး အတိအကျ သတင်းပေးခဲ့ခြင်း ဖြစ်သည်။

ထင်းစွမ်းက စာကိုဖတ်ပြီး ဖခင်ကြီးအား ပေးလိုက် သည်။

ထင်းရိုဖုံးက စာကိုကိုင်ကာ ဦးခေါင်းတဆတ်ဆတ်



ညိတ်လိုက်လေတော့သည်။

♥ ♥ ♥

ဆားလုနှင့် ယုံဝိုးတို့နှစ်ဦးသည် ထန်ကပ်၏သွေး သောက်ရောင်းရင်းများ ဖြစ်သည်။

ထန်ကပ်မှာကား ရန်သူနှင့် တိုက်ခိုက်ရာမှ ရရှိခဲ့သော ဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်ဟု ဆိုသည်။

ရွှေခြင်္သေ့ဂိုဏ်းချုပ်က. . .

"သည်ကိစ္စ မင်း ဘယ်လိုထင်လဲ"

ဟု မေးလိုက်သည်။

ထိုအခါ ထင်းစွမ်းက. . .

"သည်ကိစ္စဟာ မရိုးသားဘူး ဖေဖေ၊ ထန်ကပ် လှုပ်ရှားမှု အမှန်ကို သူတို့ဘက်က အချိန်မီ သိလိုက်ရလို့ သူတို့ အခုလို ပုံစံမျိုးလုပ်ဖို့ ထန်ကပ်ကို အသုံးပြုပြီးမှ သတ်ပစ်လိုက်ပုံပဲ ဖေဖေ"

ဟု ပြောလိုက်သည်။

ဂိုဏ်းချုပ်က ဂိုဏ်းသားတစ်ဦးကို ခေါ်လိုက်၏။

"ထင်းဝမ်းကို ရှာခေါ်ခဲ့စမ်း"

ဟု အမိန့်ပေးလိုက်သည်။

ဂိုဏ်းသားသည် ဂိုဏ်းချုပ်ကို အရိုအသေပေးပြီး. . .

"ဟုတ်ကဲ့ပါ"

ဟု ပြော၍ ချာခနဲ လှည့်ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာပါချေ။

ထင်းဝမ်း ရောက်ရှိလာလေသည်။

ဂိုဏ်းချုပ်က ထင်းဝမ်းကို စာကိစ္စနှင့် ပတ်သက်၍ ထပ်မံပြောပြသည်။

ပြီးတော့ ထင်းဝမ်း၏ထင်မြင်ယူဆချက်ကို မေးသည်။

ထင်းဝမ်းက. . .

"သည်ကိစ္စမှာ ကျုပ်တို့က သည်စာကို အတည်ပြုပြီး လုပ်လို့ မဖြစ်ဘူး"

ဟု စတင်ပြောပြသည်။

"သည်စာကို ထန်ကပ်က ဟူကျင်း လက်ထဲ တိုက်ရိုက်ရောက်လာမှသာ သည်အတိုင်း လုပ်ခဲ့ရင် မြို့တော်ဝန်ရဲ့ထောင်ချောက်ထဲကို ငါတို့လူတွေ ရောက်သွားနိုင်တယ်"

ထင်းစွမ်းက. . .

"သူပြောလိုက်တဲ့ရက်က မဝေးဘူး၊ သုံးရက်ပဲ လိုတော့တာ၊ ကျုပ်တို့ တစ်ခုခုလုပ်မှ ဖြစ်တော့မယ်"

ဟု ပြောလိုက်သည်။

ထင်းဝမ်းက. . .

"အလျင်လိုလို့ မဖြစ်ဘူး၊ ဟိုနေ့က ကျွင်းလီတို့ ခံရသလို ခံရရင် ခက်မယ်၊ အခု ကျွင်းလီ သေဆုံးသွားပြီ အစ်ကိုကြီး"

ဟု ပြောလိုက်သောအခါ ဂိုဏ်းချုပ်နှင့် သားဖြစ်သူ ထင်းစွမ်း တအံ့တသြ ဖြစ်၍သွားကာ ငေးငိုင်၍သွားလေသည်။

ကျွင်းလီမှာ ရွှေခြင်္သေ့ဂိုဏ်းတွင် အရေးပါအရာရောက်



သော ဂိုဏ်းသားတစ်ယောက် ဖြစ်သည်။

ဂိုဏ်းအပေါ်တွင်လည်း သစ္စာရှိသည်။

ဂိုဏ်း၏အထူးလျှို့ဝှက် ကိစ္စရပ်များကို ဂိုဏ်းချုပ်က ကျွင်းလီကိုပင် တာဝန်ပေးခဲ့ရသည်။

ကျွင်းလီ သေဆုံးသွားပြီဆိုသောအခါ ဂိုဏ်းချုပ်၏လက်မောင်းတစ်ဖက် ပြုတ်ရသည့် သဘောပင် ဖြစ်နေသည်။

ထင်းစွမ်းက. . .

"ဘယ်အချိန်က ကျွင်းလီ သေဆုံးသွားတာလဲ ဦးကြီး"

ဟု မေးလိုက်သည်။

ထင်းဝမ်းက. . .

"ညက. ."

ဟု ဖြေ၏။

ဂိုဏ်းချုပ်က. . .

"အင်းလေ. . . သေပြီဆိုမှတော့ ဘာတတ်နိုင်မှာလဲ၊ သူ့သေရတဲ့အကြောင်း အပေါ်မှာပဲ ငါတို့စဉ်းစားရလိမ့်မယ်"

ဟု ပြော၏။

ထင်းစွမ်းသည် တစ်စုံတစ်ခုကို တွေးလိုက်မိသည်နှင့်. .

"ဟုတ်တယ်၊ ခြင်္သေ့တောင်မှာ သည်လို မဖြစ်ဖူးဘူး၊ အဲသည်ကိစ္စမှာ ကျုပ်တော့ ဟိုလူကို မသင်္ကာဘူး"

ထင်းဝမ်းက. . .

"သိမ်းငှက် မဟုတ်လား"

ထင်းစွမ်းက. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သူ ခြံသို့တောင်ပေါ်ကို ရောက်လာမှ အခုလို ကိစ္စမျိုးတွေ ပေါ်ပေါက်လာတာ မဟုတ်လား"

ဟု ပြော၏။

ထိုအခါ ဂိုဏ်းချုပ်က ကွမ်းကြိုးကို ခေါ်ခိုင်းလိုက်၏။

ကွမ်းကြိုး ရောက်ရှိလာသောအခါ ဂိုဏ်းချုပ်က. . .

"သည်မှာ ကွမ်းကြိုး၊ ငါမေးတာ မှန်မှန်ဖြေစမ်း"

ကွမ်းကြိုးက. . .

"မေးပါ ဂိုဏ်းချုပ်"

"မင်းတို့ ငွေကြယ်အာမခံဌာနက မြင်းလှည်းတွေကို တိုက်တဲ့အချိန် သိမ်းငှက်ကို ကြိုပြီး အသိပေးခဲ့သလား"

ဟု မေးလိုက်သည်။

"ကြိုအသိမပေးခဲ့ပါဘူး၊ လမ်းခရီးရောက်မှ အသိပေးလိုက်တာပါ"

"ဒါဆို အသိပေးပြီးတဲ့ နောက်ပိုင်း သူ ဘယ်သူနဲ့ ဆက်သွယ်ခဲ့သလဲ"

"သူ တစ်ချိန်လုံး ကျုပ်တို့နဲ့ ရှိနေပါတယ်၊ ပြီးတော့ သူ ကျုပ်တို့ကို အများဆုံး ကူညီတိုက်ခိုက်ခဲ့ပါတယ်၊ သူ့မှာလဲ ကျုပ်တို့လို ဒဏ်ရာရခဲ့တာပါပဲ"

ကွမ်းကြိုးက ဆက်လက်ပြောပြလိုက်သောအခါ အားလုံး ဇဝေဇဝါ ဖြစ်သွားရပြန်သည်။

ထင်းစွမ်းတစ်ယောက်သာ ခေါင်းကို ခါယမ်း၍. . .

"ကျုပ်ကတော့ သူ့ကို မသင်္ကာဘူး၊ လေ့လာကြည့်ချင်



သေးတယ်"

ထင်းဝမ်းက. . .

"အဲဒါ ကောင်းတယ်၊ မင်း သိမ်းငှက်ကို လေ့လာကြည့်စမ်း"

ဟု ထောက်ခံပြောကြားလေသည်။

သူက ဆက်လက်၍. . .

"သည်စာကိစ္စအတွက် ကျုပ် သည်ညနေမှာပဲ စန်းကျိုးမြို့ကို သွားပြီး အဲသည် လူနှစ်ယောက်နဲ့ သွားတွေ့မယ်"

ထင်းစွမ်းက. . .

"ကျုပ်လိုက်စရာလိုသေးလား"

"မလိုဘူး၊ မင်း သိမ်းငှက်ကိုပဲ လေ့လာစေချင်တယ်"

"သည်အတွက်ကတော့ စိတ်ချပါ"

ထိုအခါ. . .

ကွမ်းကြိုးက. . .

"ထင်းဟွားက သိမ်းငှက်ကို အခွင့်အရေးပေးလွန်းသလားလို့"

ဟု မဝံ့မရဲ ပြောလိုက်သောအခါတွင်ကား အားလုံး တစ်ချက်တွေ၍ သွားလေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

ခြသေ့်တောင်ပေါ်တွင် သိုင်းလေ့ကျင့်ကွင်း အများအပြားရှိသည်။

ယနေ့တွင် ထင်းဟွား၊ မေစင်းနှင့် ချူးဝှားတို့ သိုင်းလေ့ကျင့်နေကြ၏။

သင်တန်းဆရာများကား ဝမ်းယဲ့၊ ဖိန်းလီနှင့် ရှောင်အော့တို့ ဖြစ်သည်။

ဝမ်းယဲ့က ကွပ်ပျစ်ပေါ်တွင် ထိုင်ကာ. . .

"ကဲ. . . ငါပြောတဲ့အတိုင်း မင်းတို့တိုက်ကြည့်စမ်း"

ဟု ပြောလိုက်သည်။

ဝမ်းယဲ့က ထင်းဟွားတို့သုံးယောက်အား အမှောင်ခြသေ့်သိုင်းကွက် သင်ကြားပေးနေခြင်း ဖြစ်သည်။

ဖိန်းလီက သူ၏ဓားကို ဓားသွေးကျောက်တုံးတွင် သွေးနေသည်။

ရှောင်အော့ကား သူ၏အကျီအပြဲကို ချုပ်နေလေသည်။

သူတို့ကား စန်းကျိုးမြို့ အချုပ်ခန်းမှ ထွက်ပြေးလွတ်မြောက်လာသူများ ဖြစ်သည်။

အချိန်မှာ နေ့လယ်နေ့ခင်း လေပြည်လေနု မစုဝေးဘဲ အကွဲကွဲ အပြားပြား တိုက်ခတ်လွင့်ပါးနေသည့်အချိန် ဖြစ်လေသည်။

ထင်းဟွားနှင့် မေစင်းတို့ နှစ်ယောက်သည် တိုက်ကွင်းပေါ်တွင် ဓါးတစ်ပြန် အကွာအဝေးထား၍ မျက်နှာချင်းဆိုင်ယှဉ်



လျက် ဓားများကိုယ်စီ ကိုင်ဆွဲလျက် ရှိလေသည်။

ချူးဝှားမှာ သစ်တုံးပေါ်တွင် ထိုင်ကာ စိုးရိမ်ထိတ်လန့်နေ၏။

"ကဲ. . . လာပြီဟေ့"

"ဝှိုး"

"ဝှစ်"

ထင်းဟွားက မေစင်းကို စတင်တိုက်ခိုက်လိုက်၏။

"ထန်း"

ဓားချင်း ထိရာမှ မီးပွင့်များ ဖွာခနဲ ထွက်သွားသည်။

လေ့ကျင့်သော တိုက်ပွဲတိုင်း သိုင်းသမားတို့၏ စိတ်လှုပ်ရှားမှုအပြည့် မရှိနိုင်ချေ။

အတွင်းအားကိုလဲ အပြည့်ထုတ်မသုံးကြချေ။

တစ်ယောက်နှင့်တစ်ယောက် အချိန်အဆပို၍ သုံးမိမည်စိုးသောကြောင့် ဖြစ်သည်။

သို့သော်လေ့ကျင့်တိုက်ခိုက်ရာတွင် လှုပ်ရှားမှုနှင့် ရှေ့ကျွမ်း နောက်ကျွမ်း အခုန်အပျံတွေကို ပို၍သုံး၏။

"ဝှစ်"

"ဟူး"

ထင်းဟွားက လွှားဝင်တိုက်ခိုက်ရာတွင် မေစင်းက ဓားတို အပင့်အတင် အကွက်များသုံး၍ ကာကွယ်ရုန်းထွက်သွား၏။

"ယား"

"ချွမ်း"

www.burmeseclassic.com

www.burmeseclassic.com



ခါးသွားများ ထိခတ်ရာမှ ပေါ်ထွက်လာသော အသံများမှာ ဆူညံနေ၏။

ထင်းဟွားရော၊ မေစင်းပါ တစ်ယောက်တိုက်ကွက်ကို တစ်ယောက်က ကောင်းကောင်းသိနေလေသည်။

ထင်းဟွားက တစ်ချက်တစ်ချက် ဓားကို ရှုပ်လိုက်ပြီး ချက်ချင်းကြီးပင် ပြန်လည်ဝင်ရောက်တိုက်ခိုက်တတ်သည်။

ဤသည်ကို မေစင်းက အလွယ်တကူ ရှောင်ထွက်သွားပြီး တစ်ဖန် ချက်ချင်းပြန်လည် တိုက်ခိုက်တတ်လေသည်။

ထိုတိုက်ကွက်များကို ဝမ်းယုံက အသေအချာ ကြည့်ရင်း ခါးသွေးနေသော ဖိန်းလီ ကြားစေနိုင်သည့် လေသံဖြင့်. . .

"သည်ကောင်မလေးတွေ သိုင်းပညာစွမ်းရည် တိုးတက်မှု မရှိဘူးထင်တာ မှားသွားပြီ၊ အတော့်ကို တိုးတက်နေပြီပဲ"

ဟု ပြောလိုက်လေ၏။

ဖိန်းလီသည် ဓားကို အသေအချာ စမ်းသပ်ပြီးသည်နှင့် ဓားအိမ်တွင် ထိုးသွင်း၍ သိမ်းလိုက်ကာ. . .

"ခြသေ့်ဂိုဏ်းရဲ့ မျိုးဆက်သစ်တွေပဲဗျာ၊ အခုလို ဖြစ်နေရမှာပဲပေါ့"

ဟု ပြော၏။

ရှောင်အော့သည် အကျီအချုပ်ရပ်ကာ ဝမ်းယုံတို့ အနီးသို့ လျှောက်လာကာ ရေတစ်ခွက်ခပ်သောက်ရင်း. . .

"ထင်းဟွားနဲ့ သိမ်းငှက်တို့ မေတ္တာမျှနေတယ်လို့ ကြားတယ်"



ဟု လေသံဖြင့် ပြောလိုက်၏။

ဝမ်းယုံက. . .

"သိမ်းငှက်ဆိုတာ ဘယ်သူလဲ"

ဟု မေးလိုက်သည်။

♥ ♥ ♥

ဝမ်းယုံ အတန်ကြာအောင် စဉ်းစားနေ၏။

နှုတ်မှကား စကားတစ်လုံးမျှ ထွက်မလာပါချေ။

ထိုအခါ ဖိန်းလီက ဝမ်းယုံအား သတိမရ ဖြစ်ရကောင်းလား အကြည့်ဖြင့် ကြည့်ကာ. . .

"ကျုပ်တို့ မြို့စားကြီး အချုပ်ခန်းထဲက ထွက်ပြေးခဲ့တုန်းက ပါလာတဲ့ သိမ်းငှက်လေ"

ဟု ပြောလိုက်သည်။

ထိုအခါမှ ဝမ်းယုံ သတိရသွား၏။

ချက်ချင်းပင် ခေါင်းတဆတ်ဆတ်ညိတ်ကာ. . .

"သူ့ကို ပြောတာလား၊ သူက သခင်မလေးထင်းဟွားနဲ့ လိုက်ဖက်သားပဲ"

ထိုစကားကြောင့် ဖိန်းလီ ပခုံးတွန့်လိုက်လေသည်။

အကင်းပါးသော ဝမ်းယုံက သူ့အား စေ့စေ့ကြည့်ကာ

"ဘာဖြစ်လို့လဲ သူ အခုရွှေခြသေ့်ဂိုဏ်းသားတစ်ယောက် ဖြစ်နေပြီ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဖိန်းလီ မကျေမနပ် ဖြစ်သွားကာ တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်သည်။

သို့သော်. . .

သူက မပြောလိုက်ရပါ။

အကြောင်းမှာ ထင်းဟွားတို့ သိုင်းလေ့ကျင့်ပွဲ ပြီးဆုံးသွား၍ သူတို့ထံ လျှောက်လာနေသောကြောင့်ပင် ဖြစ်သည်။

အနီးသို့ ရောက်လာလျှင် ထင်းဟွားတို့က ဝမ်းယုံတို့အား အရိုအသေပြု၍. . .

"ကျွန်မတို့ ပြန်ပါဦးမယ်"

နှုတ်ဆက်ကာ ထွက်သွားကြလေသည်။

ထိုအခါမှ ဝမ်းယုံတို့က ထင်းဟွားနှင့် ပတ်သက်သော ကိစ္စတို့ ပြန်စကြလေသည်။

ဖိန်းလီက ဝမ်းယုံအား မကျေမနပ်ဖြင့် ကြည့်ကာ. . .

"သိမ်းငှက်ဟာ ရွှေခြသေ့်ဂိုဏ်းသား ဖြစ်ပြီလို့ မင်းကို ဘယ်သူပြောသလဲ"

ဟု မေးလိုက်လေသည်။

ဝမ်းယုံက. . .

"ပြောနေကြတာပဲလေ"

ဖိန်းလီက ဟက်ခနဲ တစ်ချက်ရယ်ကာ. . .

"ဂိုဏ်းသားတစ်ယောက် ဖြစ်ဖို့ဆိုတာ လွယ်သလား"

ဟု မေးလိုက်၏။

မှန်ပေသည်။



ဂိုဏ်းသားတစ်ယောက် ဖြစ်ရန် ဂိုဏ်းသားအားလုံးက အာမခံချက်ပေးရသည်။

ထို့အပြင် သစ္စာခံပွဲ ပြုလုပ်ရသေးသည်။

ရှောင်အော့ မျက်မှောင်ကုပ်ကာ. . .

"ဒီလိုဆို သစ္စာခံပွဲ မလုပ်ရသေးဘူးပေါ့"

ဟု ဝင်ပြော၏။

ဖိန်းလီက. . .

"ဒါအရေးပါတဲ့ လူတွေရဲ့အလုပ်ပဲ၊ တို့ဝင်ပြောလဲ အရာထင်မှာ မဟုတ်ဘူး"

ဝမ်းယုံ ခေါင်းညိတ်လိုက်သည်။

"ဒါတော့ ဟုတ်တယ်"

ဖိန်းလီ သက်ပြင်းတစ်ချက်ချကာ. . .

"ခက်တာက သခင်မလေးပဲကွ"

ဟု ညည်းညူလိုက်သည်။

ဝမ်းယုံက တအံ့တဩဖြင့်. . .

"သခင်မလေးက ဘာဖြစ်နေလို့လဲ"

မေးရင်း ထိုင်ရာမှ ထရပ်လိုက်လေသည်။

"သူ သိမ်းငှက်နဲ့ မေတ္တာမျှတဲ့ ကိစ္စလေကွာ"

"မင်းက အတိအကျကြီး ပြောရဲလောက်အောင် တကယ်ဟုတ်လို့လား၊ မဟုတ်ရင် သခင်လေးထင်းစွမ်းက အပြစ်ပေးမှာ"

"သေချာပါတယ်၊ ငါ့ကို ကွမ်းကြုံးက ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



ဘေးမှ နားထောင်နေသော ရှောင်အော့က မနေသာ တော့ဘဲ. . .

"ကွမ်းကြိုး ပြောတာနဲ့ မင်းက ယုံကြည်လိုက်ရောလား၊ ကွမ်းကြိုးအကြောင်း မင်းလဲသိသားနဲ့ သူက လိုရင်တစ်မျိုး မလိုရင်တစ်မျိုး"

ဟု ဝင်ပြောလာသည်။

ထိုစဉ်. . .

ဝမ်းယုံက ဖိန်းလီနှင့် ရှောင်အော့တို့ဘက်လှည့်ကာ. .

"ဘာဖြစ်ဖြစ် ဒီကိစ္စ သေချာဖို့တော့ လိုတယ်၊ သေချာ ရင်တော့ ဂိုဏ်းချုပ်ကို အသိပေးရမှာပဲ"

ဟု လေးနက်စွာ ပြောလိုက်သည်

ထိုအခိုက် ဖိန်းလီက. . .

"ဟိုနေ့က ဆရာကျွင်းလီ ကျဆုံးသွားရတဲ့ ကိစ္စကိုလဲ ငါတော့ ဒီကောင့်အပေါ် သံသယ ဖြစ်မိတယ်"

ဝင်ပြောလာသည်။ ရှောင်အော့က. . .

"အဲဒီ တိုက်ပွဲမှာ သိမ်းငှက်ကို ဆရာကျွင်းလီကရော ကွမ်းကြိုးပါ၊ မျက်စိအောက်က အပျောက်မခံဘူးလို့ ပြောတယ်"

ဖိန်းလီ သက်ပြင်းတစ်ချက်ချလိုက်သည်။

ထို့နောက် တည်ကြည်လေးနက်စွာဖြင့်. . .

"ဘာပဲဖြစ်ဖြစ် ငါကတော့ သူ့ကို မသက်သာဘူး"

ဟု တစ်လုံးချင်း ပြောလိုက်လေတော့သည်။

♥ ♥ ♥



## ရန်လိုသူ

သိမ်းငှက်၏မျက်နှာ တည်ကြည်လေးနက်နေပေသည်။

သူက အရာအားလုံး တွေးတောချိန်ဆနေ၏။

မတွေးတော မဆင်ခြင်၍လည်း မရတော့ပါ။

မိမိအား မသင်္ကာသူ ပေါ်များနေပြီ မဟုတ်ပါလား။

ယခုလောလောဆယ် သူ့အနေဖြင့် သိုသိုသိပ်သိပ်နေမှ ဖြစ်တော့မည်။

ခြေလှမ်းမှား၍ မရတော့ပါ။

သူက ထိုသို့ဆုံးဖြတ်ပြီးကာမှ မေစင်းဆိုသော မိန်း ကလေး ရောက်လာသည်။

သူမက ထွေထွေထူးထူး မပြောပါ။

လိုရင်းကိုသာ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"သခင်မလေးက ဒီည စိုက်ခင်းကို ဆက်ဆက်လာခဲ့ပါလို့ မှာလိုက်တယ်"

ဟု ပြောကာ ပြန်ထွက်သွားသည်။

သိမ်းငှက် ရင်မောသွားသည်။

ခြေလှမ်းမှားရှုံ မရသော အခြေအနေအမျိုး ဆိုက်ရောက်နေမှ ယခုည စိုက်ခင်းသို့ မဖြစ်မနေ သွားရပေတော့မည်။

"ငါ ထင်းပွှားဆီကို မသွားဘဲနေရင် ကောင်းမလား"

ဟု တွေးလိုက်မိသေးသည်။

ယခုလို အားလုံးက မိမိအပေါ် မသင်္ကာ ဖြစ်နေသည့် အခြေအနေ၌ ထင်းပွှားထံ မသွားဖြစ်သည်မှာ အကောင်းဆုံး မဟုတ်ပါလား။

သို့သော်. . .

အတွေးစိတ်မှာ မပြတ်မသား ဖြစ်နေသည်။

"ထင်းပွှားဆီ မသွားဘဲနေရင် သူက စိတ်ဆိုးရုံမကဘူး၊ ငါ့ကို မုန်းသွားမှာ သေချာတယ်၊ တကယ် မေတ္တာမရှိဘဲ ယိမ်ညာဟန်ဆောင်တယ်လို့ ထင်သွားရင် အခက်ပဲ"

အတွေးမျိုးစုံ ခေါင်းထဲဝင်လာသည်။

"ကောင်းပြီ၊ ငါ ထင်းပွှားဆီသွားရင်ကော ဘာတွေဖြစ်လာမလဲ"

ထိုအခါ အဖြေသည် မတိကျ။

သည်တော့ သိမ်းငှက်က. . .



"ဘာပဲဖြစ်ဖြစ် သန်းခေါင်ထက်တော့ ညဥ့်မနက်တော့ပါဘူး ဒီည ထင်းပွှား ချိန်းတဲ့နေရာ သွားတာပဲ ကောင်းတယ်"

ဆုံးဖြတ်ချက်ကို ချလိုက်သည်။

♥ ♥ ♥

ည. . .။

အမှောင်ညက တိတ်ဆိတ်ငြိမ်သက်နေပေသည်။

သိမ်းငှက်က မီးအိမ်မှ မီးစာကို လျှော့ချလိုက်၏။

အခန်းတစ်ခုလုံး မပီဝိုးတဝါး ဖြစ်သွားသည်။

သူက အခန်းတံခါးကို အသာအယာပိတ်ကာ ထွက်လာခဲ့သည်။

ထိုအခိုက်. . .

"ရှပ်. . . ရှပ်"

"ချောက်"

မိမိ ညာဘက် မလှမ်းမကမ်းမှ သစ်ကိုင်းခြောက်နင်းမိသော အသံတစ်သံကို သိမ်းငှက် ကြားလိုက်ရသည်။

သိမ်းငှက် ချက်ချင်းတုန့်ခနဲ ဖြစ်သွားသည်။

ထွက်ပေါ်လာသော အသံသည် အလွန်ပင် တိုးညင်းလှပေသည်။

ထိုအသံအား သာမန်လူ ကြားနိုင်လိမ့်မည် မဟုတ်ချေ။

သို့သော်. . .

www.burmeseclassic.com

www.burmeseclassic.com



သိမ်းငှက်လို ထိပ်တန်းသိုင်းသမားအဖို့တော့ ကောင်းစွာ ကြားရပေသည်။

ထို့ကြောင့်. . .

"ဟို. . . မျက်နှာဖုံးနဲ့ သိုင်းသမားတွေ လာပြန်ပြီ ထင်တယ်"

သိမ်းငှက် တွေးလိုက်သည်။

ထို့နောက်. . .

ညာဘက်သို့ ချာခနဲလှည့်ကာ ဓွေ့ခနဲ ခုန်လိုက်သည်။

သူ၏ခန္ဓာကိုယ်သည် အသံထွက်ပေါ်လာရာဆီသို့ လျင်မြန်စွာ ရောက်ရှိသွားသည်။

ထိုအခါ. . .

ဝတ်စုံနက်တစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုလူသည် ချာခနဲလှည့်ကာ ထွက်ပြေးသွားသည်။

"မပြေးနဲ့"

သိမ်းငှက်က ဟန့်တားလိုက်သည်။

သို့သော်. . .

ဝတ်စုံနက်က မရပ်ဘဲ ဆက်ပြေးသည်။

တစ်နေရာသို့ အရောက်၌ ဝတ်စုံနက်က သိမ်းငှက်လိုက်လာလေသလားဟု လှည့်၍ ကြည့်သည်။

ထိုအခါမှ မျက်နှာဖုံးဝတ်စုံနက်မှန်း သူသိလိုက်ရလေသည်။

တစ်နေ့ကပင် မျက်နှာဖုံးဝတ်စုံနက် သုံးယောက် သူ့



အား ရန်မူခဲ့သေးသည် မဟုတ်ပါလား။

ယနေ့တွင်ကား တစ်ယောက်တည်း တွေ့ရသည်။

ကျန်နှစ်ယောက်မှာ တစ်ခြားနေရာတွင် ပုန်းအောင်းနေနိုင်ကြောင်း ရိပ်စားမိ၍ သတိကြီးစွာ ထားလိုက်မိသည်။

သူက သတိကြီးစွာဖြင့် ဝတ်စုံနက်နောက်မှ လိုက်လာခဲ့သည်။

ဝတ်စုံနက်မျက်နှာဖုံးစွပ်သိုင်းသမားသည် သူ၏နောက်မှ သိမ်းငှက် ထက်ကြပ်မကွာ လိုက်လာမှန်းသိသည်နှင့် ဆက်လက်ပြေးသွား၏။

"ရှိ. ."

ကုန်းတံတားတစ်ခုပေါ်သို့ ရောက်ရှိလာသောအခါ ရန်သူက အချက်ပေးသံပြုလိုက်သည်။

တံတားတစ်ဘက်မှ နေ၍ ဝတ်စုံနက်နှစ်ဦးသည် ကျွမ်းပစ်၍ ထွက်လာသည်။

နှစ်ဦးစလုံး မျက်နှာဖုံးကိုယ်စီ တပ်ဆင်ထားကြပေသည်။

"ဝှစ်"

"ဟူး"

သိမ်းငှက်သည် ရောက်ရှိနေသော အဆောက်အအုံတစ်ခု၏အရိပ်တွင် ဝင်ရပ်၍ ကိုယ်ယောင်ဖျောက်လိုက်ကာ ရန်သူသုံးယောက် ပူးပေါင်းသွားမည့် အခြေအနေကို အကဲခတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် မိမိလိုက်လာလျှင် တိုက်ခိုက်မည်။

မလိုက်လာလျှင်မူ လာရာလမ်းအတိုင်း ပြန်မည့်သဘောတွင် ရှိလေသည်။

ထိုအခိုက်. . .

"ဟူး"

လေတိုးသံနှင့်အတူ အရိပ်တစ်ခု ထိုးကျလာသည်။

ထိုလူရိပ်၏ကိုယ်ဖော့ပညာမှာ အထူးကောင်းမွန်လှ၏။

သိမ်းဝှက်က သေသေချာချာ အကဲခတ်ကြည့်လိုက်သောအခါ ထင်းစွမ်း ဖြစ်နေသည်ကို တွေ့လိုက်ရလေတော့သည်။

♥ ♥ ♥

ထင်းစွမ်း ရောက်ရှိလာသောအခါ ဝတ်စုံနက်သုံးဦး တစ်ဦးကိုတစ်ဦး ကြည့်လိုက်သည်။

သူတို့သုံးဦးစလုံး ထင်းစွမ်းကို တိုက်ခိုက်လိုသည့် လက္ခဏာ မရှိပါချေ။

ထွက်ပြေးရန်သာ တာစူနေကြသည်။

အချင်းချင်း အချက်ပြကာ နောက်ဘက်သို့ ဆုတ်သွားကြ၏။

"ခွမ်း"

ထင်းစွမ်းက ဓားဆွဲထုတ်လိုက်သည်။



ထို့နောက်. . .

ရှေ့သို့ ခြေတစ်လှမ်းတိုးကာ. . .

"မင်းတို့ ဘယ်သူတွေလဲ၊ ခြင်္သေ့တောင်ကို ဘယ်လိုနည်းနဲ့ ရောက်လာတာပဲ"

ဟု မာထန်ထန် မေးလိုက်သည်။

ဝတ်စုံနက်သုံးယောက် အဖြေ မပေးကြပါ။

ထင်းစွမ်း ဒေါပွသွားသည်။

ဓားကို ဝှေ့ယမ်းကာ. . .

"မေးတာ မဖြေဘူး"

ပြောပြောဆိုဆို အနီးဆုံးတွင် ရှိသော ဝတ်စုံနက်အား တိုက်ခိုက်လိုက်လေသည်။

ဓားရိပ်များသည် ဝတ်စုံနက်ထံ ဖြာကျသွားသည်။

ဝတ်စုံနက်သည် ထင်းစွမ်းနှင့် ရင်မဆိုင်လိုပါ။

သို့သော်. . .

ထင်းစွမ်းက တိုက်ခိုက်လာပြီ ဖြစ်၍ ပြန်လည်တိုက်ခိုက်လိုက်ရသည်။

ကျန်ဝတ်စုံနက်နှစ်ဦးကား ဆုတ်ခွာသွားကြ၏။

ထင်းစွမ်းက မလိုက်ပါ။

တစ်ဦးတည်းကိုသာ သဲသဲမဲမဲ တိုက်ခိုက်လိုက်သည်။

"ယား"

"ဝှစ်"

"ချွင်. . ချွင်"

www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်သော အသံများ ထွက်ပေါ်နေ၏။

ဝတ်စုံနက်သည် ထင်းစွမ်း၏တိုက်ခိုက်မှုကို သတိကြီးစွာ ထား၍ ခုခံချေဖျက်နေ၏။

ဝတ်စုံနက်၏သိုင်းပညာမှာလည်း မခေလှပါချေ။

"သူတို့ရဲ့ပညာစွမ်း မဆိုးဘူး"

အကဲခတ်ကြည့်နေသော သိမ်းငှက်က စိတ်ထဲမှနေ၍ ဝတ်စုံနက်၏ သိုင်းပညာကို ချီးကျူးလိုက်သည်။

ထင်းစွမ်း၏တိုက်ခိုက်မှုမှာ အလွန်ပြင်းထန်လှသည်။

သူ့လို အတွင်းအားမကောင်းပါက အခုလို ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်ရန် မသင့်သော အခြေအနေမျိုးပင်။

သူက ဝတ်စုံနက်အား အလွတ်မပေးလိုသောကြောင့် အတွင်းအားအသုံးပြုကာ တိုက်ခိုက်နေခြင်း ဖြစ်သည်။

ဤသည်ကို ရိပ်စားမိဟန် မတူသော ဝတ်စုံနက်က ရှောင်တိမ်းခြင်း မပြုဘဲ ထင်းစွမ်း၏ဓားချက်များကို ထိပ်တိုက်ရင်ဆိုင်နေပေတော့သည်။

♥ ♥ ♥



# ပညာစွမ်း

"ယား"

"ချွင်. . . ချွင်"

ညာသံ၊ ပေးသံ၊ ဓားချင်းထိခတ်သည့်အသံများ ကျယ်လောင်စွာ ထွက်ပေါ်နေ၏။

တိုက်ပွဲမှာ မမျှော်လင့်ပါဘဲ အရှိန်အဟုန် ပြင်းထန်လာလေသည်။

ထင်းစွမ်း၏လှုပ်ရှားမှုမှာ မြန်ဆန်သွက်လက်လှသည်။

ရိပ်ခနဲ ရိပ်ခနဲ ပြေးလွှားလျက် ရှိသည်။

သိမ်းငှက်သည် တိုက်ပွဲကို ကြည့်ရင်း ထင်းစွမ်း၏သိုင်းကွက်များကို အတော်ပင် သဘောကျနေသည်။

ထင်းစွမ်း၏သိုင်းပညာ ဤမျှ ထက်မြက်လိမ့်မည်ဟု ထင်မထားပါချေ။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းလိုက်တဲ့ တိုက်ကွက်တွေပါလား"

သိမ်းငှက်မှာ ဦးခေါင်းတညိတ်ညိတ် ဖြစ်နေ၏။

သူသည် ထင်းစွမ်း၏တိုက်ခိုက်မှုကို အတော်လေး သဘောကျနေပြီ ဖြစ်သည်။

ဝတ်စုံနက်မှာ ထင်းစွမ်း၏တိုက်ခိုက်မှုအောက်ဝယ် မလှုပ်သာ မလွန့်သာ ဖြစ်လာရသည်။

ထိုအခိုက်. . .

ဆုတ်ခွာသွားသော ဝတ်စုံနက်နှစ်ယောက် ပြန်လည် ရောက်ရှိလာပြီး ကူညီပေးသောကြောင့် ဝတ်စုံနက် သက်သာရာ ရသွားသည်။

သို့သော်. . .

ထိုနှစ်ယောက်က အခွင့်သာမှသာ ဝင်တိုက်ခြင်း ဖြစ်သည်။

အခွင့်မသာပါက မတိုက်ခိုက်ပါချေ။

သူတို့ လှုပ်ရှားလေတိုင်း ပတ်ဝန်းကျင်တွင် လေတိုးသံများက တဟူးဟူး မြည်၍နေသည်။

တိုက်ပွဲ အနီးပတ်ဝန်းကျင်တွင် လေပြင်းများ ကျရောက်နေသည်နှင့်တူသည်။

လေကြမ်းများက ရုတ်တရက် တိုက်ခတ်လာသောကြောင့် ပို၍ဆိုးနေပေတော့သည်။

တစ်ကြိမ်တွင် ထင်းစွမ်းက ဓားတစ်ချက်ကို အယောင်ပြလိုက်ပြီး သူအမှန်တကယ် ခုတ်ပိုင်းတော့မည့် ဓားချက်ကို



ဝိုက်၍ ခုတ်ချလိုက်၏။

"ဝှစ်"

"ဟူး"

ဝတ်စုံနက်သည်လည်း ခေသူ မဟုတ်။

အချိန်မီဆုတ်ကာ ခုန်ရှောင်လိုက်သည်။

ထို့ကြောင့်. . .

လေတိုးသံကြီးသာ ထွက်ပေါ်လာသည်။

တိုက်ပွဲကား ယခုထက်တိုင် အဆုံးမသတ်သေးပါချေ။

♥ ♥ ♥

မျက်နှာဖုံးစွပ်၏ တစ်ကိုယ်လုံး ချွေးများ ရွှဲနစ်နေ၏။

သူသည် အထန်ငယ် မောဟိုက်နေပြီဖြစ်သည်။

ယခုပုံအတိုင်း ဆက်လက်တိုက်ခိုက်နေပါက အခက်တွေ့မည်မှန်း သဘောပေါက်ထား၏။

ထို့ကြောင့်. . .

သိုင်းကွက်ပြောင်းလဲကာ တိုက်ခိုက်လိုက်လေသည်။

သူ၏တိုက်ခိုက်မှုသည် ချက်ချင်းပင် အားမာန်ပြည့်ဝကာ သွက်လက်လာလေသည်။

မျက်နှာဖုံးစွပ်၏သိုင်းကွက်ကို တွေ့မြင်လိုက်ရသော အခါ ထင်းစွမ်း တအံ့တဩ ဖြစ်သွားသည်။

"ဟင်. . . ငါတို့ဂိုဏ်းရဲ့ ခြသေ့်သိုင်းကွက်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှလည်း ရေရွတ်လိုက်မိသည်။

မှန်ပေသည်။

မျက်နှာဖုံးစွပ်သည် ခြသေ့်သိုင်းကွက်များကို ထုတ်ဖော်၍ တိုက်ခိုက်နေသည်။

ခြသေ့်သိုင်းကွက်များကို ခြသေ့်ဂိုဏ်းသားများသာလျှင် တတ်မြောက်ထားကြပေသည်။

ထို့အတွက်ကြောင့် ထင်းစွမ်းမှာ မစဉ်းစားတတ်အောင်ပင် ဖြစ်သွားလေသည်။

မျက်နှာဖုံးစွပ်အား ကြည့်ရင်း. . .

"ခင်ဗျား ဘယ်သူလဲ"

အံ့ဩသော လေသံဖြင့် မေးလိုက်သည်။

မျက်နှာဖုံးစွပ်က အဖြေမပေးပါ။

ခြသေ့်သိုင်းကွက်များ အသုံးပြုကာ တုန့်ပြန်တိုက်ခိုက်နေပေသည်။

ယခု မျက်နှာဖုံးစွပ်သည် ခြသေ့်သိုင်းကွက်အား ကျွမ်းကျင်စွာ တတ်မြောက်ထားကြောင်း ထင်းစွမ်း ကောင်းစွာ နားလည်လိုက်သည်။

ထိုသူ၏သိုင်းပညာ အရည်အချင်းအရ သာမန်ဂိုဏ်းသား မဖြစ်နိုင်ပါ။

အဆင့်မြင့်သူတစ်ဦးဦး ဖြစ်ရပေမည်။

မည်သူနည်းဟူသော အချက်ကိုကား ထင်းစွမ်း စဉ်းစား မရဘဲ ဖြစ်နေပေသည်။



ခြသေ့်ဂိုဏ်းမှ လူသည် အဘယ်ကြောင့် မိမိအား ရင်ဆိုင်နေရပါသနည်း။

ထင်းစွမ်းမှာ ထိုအဖြေကို အလွန်သိချင်လာမိသည်။

ထို့ကြောင့် သူက အလွတ်မပေးတော့ပါ။

အထူးသဖြင့် မျက်နှာဖုံးစွပ်ဝတ်စုံများအား လက်ရဖမ်းဆီးရန် ဆုံးဖြတ်လိုက်သည်။

မှန်ပေသည်။

မျက်နှာဖုံးစွပ်များသည် သိုင်းပညာအဆင့်နိမ့်သူများ မဟုတ်ပါ။ အဆင့်မြင့်သိုင်းပညာရှင်များပင် ဖြစ်သည်။

ဤသို့ ထင်းစွမ်းက သုံးသပ်ထား၍ ပေါ့ပေါ့တန်တန် သဘောမထားနိုင်တော့ပါ။

သို့သော် ရန်သူများ၏သိုင်းပညာ မည်မျှပင် အဆင့်မြင့်သော်လည်း ထင်းစွမ်း၏အင်္ကျီစကိုပင် ထိအောင် မတိုက်ခိုက်နိုင်သေးပါချေ။

လတ်တလော သိုင်းကွက်နှစ်ဆယ် အတွင်းမှာကား ထင်းစွမ်းသည်လည်း ပြတ်ပြတ်သားသား အသာစီးမရယူနိုင်သေးပါချေ။

သိမ်းငှက်သည် ထင်းစွမ်းနှင့် မျက်နှာဖုံးစွပ်သုံးယောက်၏ တိုက်ပွဲကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိတော့သည်။

ထင်းဟွားနှင့် ချိန်းဆိုထားသော ကိစ္စအား အခိုက်အတန့်အားဖြင့် မေ့လျော့သွားခဲ့ရလေတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## အပြောင်းအလဲ

"ဟူး. . ဟူး"

လေတိုးသံများ ထွက်ပေါ်နေ၏။

လူရိပ်များ ရှုပ်ထွေးနေပေသည်။

တိုက်ပွဲမှာ လက်စမသတ်သေးပါချေ။

မျက်နှာဖုံးစွပ်သုံးဦးစလုံး ဝတ်စုံနက်များ ဝတ်ဆင်ထားသည်။

မျက်နှာကိုလည်း တူညီသော မျက်နှာဖုံးများ စွပ်ထားသည်။

ထို့ကြောင့်. . .

မျက်နှာဖုံးစွပ်ဝတ်စုံနက်သုံးယောက်မှာ တစ်ယောက်နှင့်တစ်ယောက် ခွဲခြားမရတော့ပေ။



"ဝှီး"

"ချွင်. . ချွင်"

ဓားရောင်များ၊ မီးပွင့်များ ထွက်ပေါ်နေသလို သံ့သံချင်း ထိခတ်သံလည်း ကျယ်လောင်စွာ ထွက်ပေါ်နေ၏။

သူတို့၏တိုက်ခိုက်မှုများကို သိမ်းငှက်မှာ ကြည့်ရင်းနှင့် အတော်လေး သဘောကျနေမိသည်။

သူ့အတွက် အတွေ့အကြုံ ပညာတစ်ခု တိုးလာရသည် မဟုတ်ပါလား။

သူက တိုက်ပွဲအား အလွတ်မပေးတမ်းပင် ကြည့်ရှုနေမိတော့သည်။

သိမ်းငှက် သဘောကျစွာ အကဲခတ်ကြည့်နေဆဲမှာပင်

"ယား"

မျက်နှာဖုံးစွပ်သုံးယောက်က ညာသံပေးကာ ပြိုင်တူပင် လွှားခနဲ ခုန်ဝင်လာကြသည်။

"ဝှီး"

မျက်နှာဖုံးစွပ်ခေါင်းဆောင်က ထင်းစွမ်း၏နောက်ကျောကို လှစ်ခနဲ ခုတ်ချလိုက်သည်။

"ဝှစ်"

"ဟူး"

ထင်းစွမ်း၏လှုပ်ရှားမှုမှာ လျင်မြန်သွက်လက်လွန်းလှသော မျက်နှာဖုံးစွပ်၏တိုက်ခိုက်မှုကို လွတ်အောင် ရှောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုပင်လျှင် ရန်သူ၏ဓားသွားက ထင်းစွမ်း၏အင်္ကျီစကို ပွတ်၍ဖြတ်သွား၏။

အန္တရာယ်များလှသော တိုက်ခိုက်မှုပင်။

"တယ်ကောင်းတဲ့ ဓားကွက်ပါလားဟေ့"

ထင်းစွမ်းကပင် ချီးကျူးလိုက်ရသည်။

တစ်ဆက်တည်းပင် ထင်းစွမ်းက လှုပ်ရှားမှုကို ပြောင်းလဲလိုက်၏။

"ဝှီး"

လေတိုးသံ တစ်ချက် ထွက်ပေါ်လာသည်။

ထိုလေတိုးသံနှင့်အတူ အဝါရောင်စဉ်တန်းတစ်ခုက မျက်နှာဖုံးစွပ်ဝတ်စုံနက် သုံးယောက် ကြားသို့ ကျရောက်လာသည်။

အမှန်တော့. . .

ထိုအဝါရောင်စဉ်တန်းသည် ထင်းစွမ်း၏ဓားမကိုင်သော လက်တစ်ဖက်၏ရိုက်ချက် ဖြစ်သည်။

ထိုရိုက်ချက်သည် မျက်နှာဖုံးစွပ်သိုင်းသမားခေါင်းဆောင်၏နောက်ကျောပေါ်သို့ ကျရောက်သွား၏။

"အင့်"

မျက်နှာဖုံးစွပ်ခေါင်းဆောင် ဖြစ်သူထံမှ ညည်းညူသံ တစ်ချက် ထွက်ပေါ်လာသည်။

ထို့နောက်. . .

အနောက်ဘက်သို့ ခြေလေးငါးလှမ်းမျှ လွင့်စဉ်ကာ လဲ



ကျသွားလေသည်။

လျှပ်ပြက်လိုက်သကဲ့သို့ အလွန်လျင်မြန်လှသော ပြောင်းလဲမှုတစ်ခုပါပေ။

ကျန်မျက်နှာဖုံးစွပ်နှစ်ဦး ကြောင်အမ်းအမ်း ဖြစ်မိသွားကြသည်။

ထိုစဉ်အခိုက်. . .

အဝါရောင်စဉ်တန်းက တစ်ပတ်လည်ကာ ထိုလူနှစ်ယောက်ထံ ကျရောက်သွားသည်။

"ဟင်"

"ဟာ"

မျက်နှာဖုံးစွပ်နှစ်ယောက် အထိတ်တလန့် ဖြစ်သွားကြသည်။

ကမန်းကတန်း ရှောင်တိမ်းရန် ပြင်သော်လည်း မရတော့။

နောက်ကျသွားချေပြီ။

ထိုသူနှစ်ယောက်သည်လည်း သူတို့ခေါင်းဆောင်နည်းတူ. . .

"အင့်"

"အွန့်"

ညည်းတွားသံ ကိုယ်စီပြုကာ လွင့်စဉ်လဲကျသွားကြလေတော့သည်။

လှုပ်ရှားမှုအား မည်သို့ ပြောင်းလဲကာ မည်သည့်သိုင်း

www.burmeseclassic.com

www.burmeseclassic.com

အဆိုပြုလိုက်မှန်း သိမ်းငှက်ပင်လျှင် သတိမထားလိုက်မိ

သိမ်းငှက်သည် ထိုတိုက်ကွက်ကို အသေအချာ စဉ်းစား တွေးတောကြည့်လိုက်သည်။

မကြာလှ။

ခြသေ့ဂိုက်း၏ အစွမ်းထက်မြင်လှသော 'ခြသေ့ကျော့ ကွင်း'သိုင်းကွက် ဖြစ်ကြောင်း သိလိုက်ရသည်။

ထင်းစွမ်းသည် အခြေအနေကို ကြည့်၍ လှုပ်ရှားတိုက် ခိုက်တတ်သော သိုင်းပညာရှင်တစ်ဦးမှန်း သိမ်းငှက် လက်ခံမိ လိုက်လေတော့သည်။

♥ ♥ ♥



တိုက်ပွဲ ပြီးဆုံးသွားချေပြီ။

မျက်နှာဖုံးစွပ်ဝတ်စုံနက်သုံးယောက် တစ်ယောက် တစ် နေရာ လဲကျနေ၏။

ထင်းစွမ်းက ဓားကို ဓားအိမ်ထဲ ပြန်လည်ထိုးသွင်းလိုက် သည်။

မျက်နှာဖုံးစွပ်သုံးယောက်မှာ မြေပေါ်တွင် လူးလိမ့်ကာ ဒယီးဒယိုင်ဖြင့် ထရပ်လာကြသည်။

ထင်းစွမ်းက သူတို့အား အကဲခတ် ကြည့်လိုက်သည်။

ထို့နောက်. . .

ခေါင်းဆောင်ဖြစ်သူအား စေ့စေ့ကြည့်ကာ. . .

"အခုအချိန် ရောက်မှတော့ ခင်ဗျားတို့ ဘယ်သူဘယ် ဝါဆိုတာ ပြောပြသင့်ပြီ ထင်ပါတယ်"

ဟု အေးဆေးစွာ ပြောလိုက်သည်။

မျက်နှာဖုံးစွပ်သုံးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

အတန်ကြာမှ. . .

ခေါင်းဆောင်ဖြစ်သူက သက်ပြင်းတစ်ချက်ချကာ. . .

"ဟုတ်ကဲ့၊ ပြောပြပါ့မယ်၊ ကျုပ်တို့ သခင်လေးအပေါ် လေးစားမိခဲ့တာ ရှိရင် ခွင့်လွှတ်ပါ"

ထင်းစွမ်း မျက်မှောင်ကုပ်သွားသည်။

မျက်နှာဖုံးစွပ်က အဘယ်ကြောင့် သူ့အား သခင်လေး ဟု ခေါ်ရပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . .

သူ ကြာကြာ မတွေးတောလိုက်ရပါ။

မျက်နှာဖုံးစွပ်ထားသူက မျက်နှာဖုံးအား ခွာချလိုက်၏။

ထိုအခါ လူတစ်ယောက်၏မျက်နှာ ပေါ်လွင်လာ၏။

ထိုလူ၏မျက်နှာအား တွေ့မြင်လိုက်ရသောအခါ ထင်းစွမ်း အံ့ဩသွားသည်။

နှုတ်မှလည်း. . .

"ကွမ်းကြုံး"

ဟု လွှတ်ခနဲ ရေရွတ်လိုက်မိသည်။

ကွမ်းကြုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်ကွမ်းကြုံးပါပဲ သခင်လေး"

သူက ကျန်ဝတ်စုံနက်နှစ်ယောက်ဘက်လှည့်ကာ. . .

"ချီစန်းနဲ့ ဝေဖိန်း မျက်နှာဖုံးတွေကို ချွတ်လိုက်ပါတော့"

ဟု ပြောလိုက်သည်။

ထိုလူနှစ်ယောက်က မျက်နှာဖုံးများ ချွတ်လိုက်ရာ ချီစန်း နှင့် ဝေဖိန်းတို့ ဖြစ်နေကြပေတော့သည်။

♥ ♥ ♥



အခြေအနေ အကဲခတ်နေသော သိမ်းငှက်ပင်လျှင် ပြောင်းလဲမှု အခြေအနေကို နားမလည်နိုင်အောင် ဖြစ်သွားရလေသည်။

ကွမ်းကြုံးတို့လူစုသည် အဘယ်ကြောင့် ယခုလို ဟန်ဆောင်နေရပါသနည်း။

သိမ်းငှက်သည် ထိုအဖြေကို လွန်စွာ သိလိုလှပေသည်။

ထို့ကြောင့်. . .

သည်းခံ၍ စောင့်ဆိုင်းကာ အခြေအနေကို အကဲခတ် ကြည့်လိုက်တော့သည်။

♥ ♥ ♥

ကွမ်းကြုံး၏မျက်နှာ တည်ကြည်လေးနက်နေသည်။

ထင်းစွမ်းက သူ့အား မျက်မှောင်ကြီးကုပ်ကာ ကြည့်နေပေသည်။

စိတ်ထဲဝယ် အံ့ဩမှုက ဖြစ်ပေါ်နေရသည်။

ကွမ်းကြုံး သက်ပြင်းချလိုက်သည်။

သူက ထင်းစွမ်းအား ဦးညွှတ်ကာ. . .

"သခင်လေး၊ အမှန်တကယ်တော့ အခု အဖြစ်ဟာ တိုက်ဆိုင်သွားတာပါ"

ဟု ပြောလိုက်၏။

ထင်းစွမ်းက စိုက်ကြည့်ကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"ဘာကို တိုက်ဆိုင်ကာလဲ၊ ငါ့ကို လုပ်ကြံဖို့လား"

အေးတိအေးစက် လေသံဖြင့် မေးလိုက်သည်။

ကွမ်းကြိုး၏မျက်နှာ တည်ကြည်လေးနက်သွား၏။

သူက သက်ပြင်းထပ်မံချကာ. . .

"သခင်လေး အထင်မလွဲပါနဲ့၊ ကျုပ်နားလည်အောင် ရှင်းပြပါရစေ"

ထင်းစွမ်း မဲ့ပြုံးပြုံးလိုက်သည်။

ထို့နောက်. . .

ပခုံးတစ်ချက်တွန့်ကာ. . .

"ကဲ. . . ပြော"

ကွမ်းကြိုးက. . .

"ကျုပ်တို့ ခြသေ့ဂိုဏ်းထဲ သိမ်းဒုက် ဝင်ရောက်လာမှ ပြဿနာတွေ ဖြစ်ရတယ်ဆိုတာ အားလုံးက လက်မခံကြဘူး။ ဒါကြောင့် ကျုပ်တို့က သိမ်းဒုက်ရဲ့ လှုပ်ရှားမှုတွေကို လျှို့ဝှက်စုံစမ်းနေကြတာ"

ထိုစကားကြောင့် ထင်းစွမ်း အံ့အားသင့်သွားသည်။

ကွမ်းကြိုးအား မျက်မှောင်ကုတ်ကြည့်ကာ. . .

"မင်းတို့က သူ့ကို လာပြီး စောင့်ကြည့်တာပေါ့"

ဟု မေးလိုက်သည်။

ကွမ်းကြိုးက. . .

"သူ့ကိုလဲ တပ်အပ်စွပ်စွဲလို့ မရဘူး၊ ဒါကြောင့် ကျုပ်တို့က ကိုယ့်နည်းကိုယ့်ဟန်နဲ့ သူ့ရဲ့လှုပ်ရှားမှု အခြေအနေကို လေ့



လာနေတာပါ"

ထိုအခါ ချီစန်းက ဝင်ရောက်ပြောလာသည်။

"ကျုပ်တို့က သူ့ရဲ့လှုပ်ရှားမှုတွေကို စောင့်ကြည့်ဖို့ ကြိုးစားတုန်း သခင်လေးနဲ့တွေ့တာ"

ဝေဖိန်းကလည်း ဝင်ပြောလာသည်။

"သခင်လေးက ကျုပ်တို့ကို အထင်လွဲပြီး တိုက်ခိုက်မိတာ"

ကွမ်းကြိုး လက်ကာပြလိုက်၏။

ဝေဖိန်းနှင့် ချီစန်း ပါးစပ်ပိတ်သွားကြသည်။

ကွမ်းကြိုးက. . .

"ကျုပ်တို့ သူ့အခြေအနေကို အကဲခတ်မလို့၊ ဒါကို သခင်လေးက ကြားဝင်တိုက်ခိုက်တာ ကျုပ်တို့လဲ ဆုတ်ခွာမလို့ ဘဲ၊ ဒါပေမယ့် သခင်လေးက အလွတ်မပေးဘဲ တိုက်ခိုက်လေတော့ ကျုပ်တို့က အသက်အန္တရာယ်ကာကွယ်တဲ့ အနေနဲ့ သခင်လေးကို ပြန်လည်တိုက်ခိုက်ရတာပါ၊ ကျုပ်အပြစ်ရှိရင် ခွင့်လွှတ်ပါ"

ပြောရင်း ဒူးထောက်ချလိုက်သည်။

ထင်းစွမ်း ပင့်သက်ရှိုက်လိုက်သည်။

မိမိ မဆင်မခြင် တိုက်ခိုက်မိသည့်အတွက်လည်း စိတ်မကောင်း ဖြစ်သွားလေသည်။

သူက ကွမ်းကြိုး၏ပခုံးအား အသာအယာပုတ်ကာ. .

"ငါ့စိတ်ခတ်ကိုလဲ မင်းတို့နားလည်ပါတယ်၊ ရန်သူပို

www.burmeseclassic.com

www.burmeseclassic.com



တုံးတိုက်တိုက် ကျားကိုက်ကိုက်ပဲ၊ ဒီတော့ ခြင်္သေ့ဂိုဏ်းမှာ ရန်သူဝင်လာတယ် အထင်နဲ့ မင်းတို့ကို အထင်မှား တိုက်ခိုက်မိတာပါ။ ဒီအတွက် ငါစိတ်မကောင်းပါဘူး။ ကဲ. . တဲ. . ထပါတော့"

ကွမ်းကြိုး ထရပ်လိုက်သည်။ သူက ဦးညွှတ်ကာ. . .

"သခင်လေး စိတ်မကောင်း မဖြစ်ပါနဲ့၊ မမျှော်လင့်ဘဲ ဖြစ်ပျက်သွားရတာပါ၊ ကျုပ်တို့ကလဲ သိမ်းငှက်အပေါ် မယုံကြည်ရဲလို့ပါ"

ထင်းစွမ်း ပြုံးလိုက်သည်။

"အခုလို ခြင်္သေ့ဂိုဏ်းအပေါ် ကာကွယ်စောင့်ရှောက်သိတတ်မှုအတွက် ဂုဏ်ယူပါတယ်"

ထိုစကားကြောင့် ကွမ်းကြိုးတို့လူစု သဘောကျ ကျေနပ်သွားလေသည်။

ထင်းစွမ်းက သူတို့အား ကြည့်ကာ. . .

"သိမ်းငှက်ရဲ့ လှုပ်ရှားမှုကို အလျဉ်းသင့်သလို စောင့်ကြည့်ပေါ့၊ ကဲ. . အခုလောလောဆယ်တော့ ပြန်ပြီး အနားယူကြပါဦးလေ"

ကွမ်းကြိုးတို့လူစု ဦးညွှတ်ကာ ထွက်ခွာသွားကြသည်။

သူတို့ ပျောက်ကွယ်သွားလျှင် ထင်းစွမ်း ပြုံးလိုက်သည်။

"တော်သေးတာပေါ့၊ ငါကလဲ သိမ်းငှက်ကို စောင့်ကြည့်တယ်၊ သူတို့ကလဲ သိမ်းငှက်ကို စောင့်ကြည့်တယ်၊ ပြီးတော့ တို့အချင်းချင်း တွေ့ကြတယ်၊ ကောင်းရောကွာ၊ ဟား. . . ဟား ဟား"



သဘောကျစွာ ရယ်မောရင်း ထွက်ခွာသွားလေသည်။

သိမ်းငှက်သည် အခြေအနေကို နားလည်သွား၍ သက်ပြင်းလေးကြီးချမိလိုက်လေတော့သည်။

♥ ♥ ♥

နှင်းမြူတွေက မှုန်ဝါးပြီး ဆီးနှင်းပွင့်များက တဖွဲဖွဲကျနေသဖြင့် မြင်ကွင်းမှာ အနီးပတ်ဝန်းကျင်ကိုသာ မြင်သာထင်သာရှိသည်။

ဘေးပတ်ပတ်လည် ဘယ်ကိုပဲကြည့်ကြည့် မှုန်ရီဝိုးတဝါး ဖြစ်၍နေသည်။

ဆောင်းလေသည် မကြာခဏ ခပ်ပြင်းပြင်း တိုက်ခတ်လာတတ်၏။

ထိုအခါ. . .

တစ်ကိုယ်လုံး သွေးကြောထဲ အရိုးအဆစ်ထဲကပင်လျှင် အေးစိမ့်၍ အေးစက်သွားစေသည်။

သို့သော်. . .

ချစ်သူနှစ်ဦးသည် နှင်းခဲအခွေးထည်များကို ကြိုကြိုတင်တင် ဝတ်လာကြသည်။

အမှန်တော့ သူတို့သည် နှင်းတောထဲမှ ထွက်ထိုင်၍ စကားပြောနေသည်မှာ ကြာပြီ။

မည်သို့ဆိုစေ. . .

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည်လည်း သဘာဝတရားကို မလွန်ဆန်နိုင်ပါ။

ညဉ့်နက်လေလေ အအေးဓာတ်က ပိုကဲလေလေပင်။

ထင်းဟွားကပင် စတင်၍. . .

“အစ်ကို အေးလာပြီ၊ လာ. . . လာ”

ဟု ခေါ်တာ မြင်းတင်းကုပ်ထဲ ပြေးလာကြသည်။

မြင်းတင်းကုပ်ထဲတွင် မြင်းများ အနွေးဓာတ်ရစေခြင်းငှာ ထင်းတုံးမီးဖိုများရှိသည်။

ထင်းတုံးမီးဖိုရှေ့သို့ ရောက်လျှင် ချစ်သူနှစ်ဦးသည် အရင်ဆုံး လက်များကို ဖြန့်ကာ မီးအပူလှုံကြသည်။

ထင်းတုံး သုံးတုံးဆိုင်ထားသော ထင်းမီးခိုးငွေ့များက မှက်ခြင်ယင် အန္တရာယ်ကို ကောင်းကောင်း အကာအကွယ်ပေးသည်။

“ထင်းဟွား”

ယခုမှ သိမ်းငှက်က ထင်းဟွားမိန်းကလေးကို ထူးထူးခြားခြား ခေါ်လိုက်သည်။

ထင်းဟွားက. . .

“အစ်ကို ဘာလဲဟင်”

သိမ်းငှက် သက်ပြင်းချကာ. . .

“ကျုပ်ကို ခေါ်တာ မင်းမှာ အကြောင်းရှိလို့ မဟုတ်လား”

ဟု ဒုံတိုးမေးလိုက်၏။

ထင်းဟွား မျက်နှာပျက်သွားသည်။



သို့သော်. . .

ချက်ချင်းပင် ဣန္ဒြေဆည်ကာ. . .

“ထွေထွေထူးထူးတော့ မဟုတ်ပါဘူး၊ မတွေ့တာ ကြာသွားလို့ပါ”

ဟု ပြောလာသည်။

သူမသည် ကွမ်းကြုံးတို့နှင့် ပတ်သက်၍ သတိပေးလိုကြောင်း သိမ်းငှက် ရိပ်စားမိသွားသည်။

သို့သော်. . .

ထင်းဟွားက ဖွင့်ဟမပြောသောကြောင့် မမေးတော့ဘဲ စကားကို ဆီလျော်စွာဖြင့်သာ သွေးတိုးစမ်းချင်သော သဘောဖြင့်. . .

“ကျုပ်နဲ့ ထင်းဟွား မေတ္တာမျှနေကြတာကို အားလုံး ကကျေနပ်ပုံ မပေါ်ဘူး၊ အခု ကွမ်းကြုံးတို့အဖွဲ့ဆိုရင် ကျုပ်ကို လုပ်ကြံဖို့တောင် ကြိုးစားလာနေကြပြီ”

ထင်းဟွား မျက်နှာပျက်သွားသည်။

သိမ်းငှက်အား စိုးရိမ်တကြီးဖြင့် ကြည့်ကာ. . .

“အဲဒီ အကြောင်းတွေ ပြောပြချင်လို့ အစ်ကို့ကို ခေါ်တာပါ၊ ဒီမှာဆိုတော့ လွတ်လွတ်လပ်လပ် စကားပြောလို့ ရတယ် မဟုတ်လား”

သိမ်းငှက် မျက်မှောင်ကုပ်သွားသည်။

ထင်းဟွားအား မေးလိုက်သည်။

“ဘာကို ပြောချင်တာလဲ”

www.burmeseclassic.com

www.burmeseclassic.com



ထင်းဟွားသည် ထင်းတုံးသုံးတုံး မီးစွဲကာ မီးကျည်ခဲဖြစ်နေသည်ကို မီးအားလျှော့နည်းသွားသည် မှတ်ကာထင်းတုံးတစ်တုံးကို ရှေ့ဘက်သို့ တိုး၍ ဆိုင်ပေးလိုက်သည်။

မီးကျီခဲများ ကြွေ၍ လွင့်ကျလာသည်။

မြင်းတင်းကုပ်ထဲတွင် မြင်းသုံးကောင်ရှိသည်။

ယာခင်းများ ထွန်ယက်စိုက်ပျိုးရာတွင် အသုံးပြုသောမြင်းများ ဖြစ်သည်။

ထင်းဟွား သက်ပြင်းချကာ. . .

"အစ်ကိုတော့ သိဦးမှာ မဟုတ်ဘူး၊ ငွေကြယ်အာမခံဌာနကို သွားရောက်တိုက်ခိုက်တဲ့ ကိစ္စမှာ ဆရာကျွင်းလီပါ သေဆုံးသွားလို့ တရားခံအစစ်ကို ရှာနေကြတယ်"

သိမ်းငှက် မျက်နှာကွက်ခနဲ ပျက်သွား၏။

သို့သော် ထင်းဟွားအား ချက်ချင်းပြုံးပြကာ. . .

"ကျုပ် ဒီအကြောင်းတွေ မင်းပြောမှ သိရတာပါ"

သူက မိမိအပေါ် ထင်းဟွားကိုယ်တိုင်ကပါ မယုံမကြည်သံသယများ ပွားများလာမည်စိုး၍ အလိုက်အထိုက်သာ ပြောဆိုလိုက်ရသည်။

"သူတို့ဆိုတာ ဘယ်သူလဲ"

ထင်းဟွား ပခုံးတစ်ချက်တွန့်ကာ. . .

"ဘယ်သူတွေ ဖြစ်ရမလဲ၊ အဖေရယ်၊ ဦးကြီးရယ်၊ အစ်ကိုကြီးရယ်ပေါ့"

သူမက တစ်ချက်စဉ်းစားကာ ဆက်ပြောလိုက်သည်။



"မေမေ ပြောပုံအရဆိုရင် ကျွန်မအစ်ကိုက အစ်ကို့အပေါ် အထင်လွဲနေတယ်၊ အစ်ကို့ကို သံသယဝင်နေတယ်"

သိမ်းငှက် တုန်လှုပ်သွား၏။

သူ့ဘက်မှ အစစအရာရာ သတိထားမှ ဖြစ်တော့မည်မှန်းလည်း နားလည်လိုက်သည်။

သူက လေပူတစ်ချက်မှုတ်ထုတ်ကာ. . .

"သူတို့ အစီအစဉ် ကျုပ် ဘာမှမသိခဲ့ဘူး၊ ကျွင်းလီနဲ့ ကွမ်းကြုံးကိုတောင် ကယ်တင်ခဲ့ရသေးတာ"

ဟု ပြောလိုက်၏။

ထင်းဟွား ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ အဲဒါကြောင့်လဲ အဖေနဲ့ ဦးကြီးတို့တအစ်ကို့အပေါ်မှာ သံသယ မရှိတာပေါ့"

ထိုအခါ. . .

သိမ်းငှက်က သက်ပြင်းတစ်ချက် ချလိုက်သည်။

ထိုအခိုက် ထင်းဟွားသည် သိမ်းငှက်၏ပခုံးပေါ် ခေါင်းမှီလာသည်။

သိမ်းငှက်က အသာအယာ ဖက်ထားလိုက်၏။

သူတို့ရှေ့တွင် ထင်းမီးသည် လေတိုးသည့် အချိန်တိုင်း ရဲခနဲ ရဲခနဲ ဖြစ်လျက်ရှိသည်။

ပတ်ဝန်းကျင်တွင်ကား ဆီးနှင်းပွင့်များ ကြွေသက်သည့်အသံသည်သာ လွှမ်းမိုးနေ၏။

ဟိုးအဝေးမှ တောခွေးအများက တောလည်ရင်း

www.burmeseclassic.com

www.burmeseclassic.com



တောင်ကမူတစ်ခု အထက်သို့ ရောက်လေတိုင်း ဦးခေါင်းကို မော့ကာ ရှည်လျားသော အသံကို ပေးတတ်လေသည်။

ချစ်သူနှစ်ဦးမှာကား စဉ်းစားတွေးတောရင်း အချိန်မည်သို့ ကုန်ဆုံးသွားသည်ကိုပင် မသိလိုက်ချေ။

အရှက်ဦးမိုးသောက်ချိန်သို့ ရောက်ရှိလာချေပြီ။

"ညီမ ထင်းဟွား"

ထင်းဟွားသည် သိမ်းငှက် လှုပ်ရှားလိုက်တော့မှ မေးစက်နေရာမှ နိုးထလာသည်။

သိမ်းငှက်က. . .

"မိုးလင်းတော့မယ်"

"မိုးလင်းတော့မယ် ဟုတ်လား"

"ဟုတ်တယ်၊ အစ်ကို မိုးမလင်းခင် အခန်းထဲ အရောက်ပြန်မှ ဖြစ်မယ်"

ထင်းဟွား ခေါင်းညိတ်လိုက်သည်။

သိမ်းငှက်က သူမအား နှုတ်ဆက်ကာ လျှင်မြန်စွာဖြင့် ထွက်ခွာသွားလေတော့သည်။

♥ ♥ ♥



## မြွေ့မြွေ့ချင်း

သိမ်းငှက်မှာ မိမိလိုအပ်သော အချိန်သို့ ရောက်ပြီ ဖြစ်၍ စန်းကျိုးမြို့စားနှင့် မဖြစ်မနေ ဆက်သွယ်ရပေတော့မည်။

ယခုအချိန်လောက်ဆိုလျှင် ခုံသမာဓိကျိုက်ဖန်းသည်လည်း စန်းကျိုးမြို့စားနှင့် ဆက်သွယ်ပြီး အကျိုးအကြောင်းနှင့် လိုအပ်သည်များ ပြောကြားထားပြီး ဖြစ်ပေမည်။

ထို့ကြောင့်. . .

မိမိ အနေနှင့် စန်းကျိုးမြို့စားအား သွားရောက်တွေ့ဆုံရမည်။

သူက စန်းကျိုးသို့ ခရီးထွက်ရန် ပြင်ဆင်သည်။

ဆံနီခြသေ့ထင်းဝမ်းကိုကား အကြောင်းပြချက်တစ်ခု ပေးထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက သွားခါနီးမှ ကိစ္စတစ်ခု ပေါ်လာသည်။

ရင်းမှာ. . .

ထင်းဟွားက စန်းကျိုးမြို့သို့ လိုက်ရန် အတင်းပူဆာလာသောကြောင့်ပင်။

သိမ်းငှက်က ငြင်းဆန်သော်လည်း မရပါ။

နောက်ဆုံး စန်းကျိုးမြို့သို့ အသွားခရီးတွင် ထင်းဟွားကိုပါ ခေါ်လာရတော့သည်။

တစ်မျိုးတော့ ကောင်းသည်။

ခြသေ့်ကိုဏ်းပိုင်နက်အတွင်း ထင်းဟွား ပါရှိနေခြင်းသည် သူ့အတွက် အကာအကွယ်တစ်ခု ဖြစ်ကောင်းဖြစ်နိုင်သည် မဟုတ်ပါလား။

တောင်ခြေမှ ဦးလေးကြီးချီမု ထမင်းဆိုင်ကလေးသို့ ရောက်လျှင် သိမ်းငှက်က ခရီးတစ်ထောက်နားလိုက်တော့သည်။

♥ ♥ ♥



ချီမုတို့ဇနီးမောင်နှံသည် သူတို့အား ပျာပျာသလဲ ကြိုဆိုလာကြသည်။

ကူးဝေက. . .

"ဒီတစ်ခေါက် သမီးလေးပါ၊ စန်းကျိုးကိုသွားမလို့ ထွက်လာတာပေါ့လေ"

ဟု မေးလာသည်။

ထင်းဟွား ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ဒေါ်လေး"

ကူးဝေက စားသောက်ဖွယ်ရာများ ပြင်ဆင်ပေးလိုက်ပြီး

"သမီးတို့ စန်းကျိုးမြို့မှာ ကြာဦးမှာလား"

မေးလာသည်။

ထင်းဟွား ခေါင်းယမ်းလိုက်သည်။

"မကြာပါဘူး၊ ဒီညနေတောင် ပြန်လာဖြစ်ချင် ပြန်လာမှာပါ"

ဟု ပြောလိုက်သည်။

ယခုအခါတွင်ကား သိမ်းငှက်နှင့်ထင်းဟွားတို့မှာ ချစ်သူမက လင်မယားမကျ အခြေအနေသို့ ရောက်ရှိလာပြီဖြစ်သည်။

ဤသည်ကို ခြသေ့်တောင်ပေါ်တွင် ကျေနပ်သူများရှိသလို မကျေနပ်သူများလည်း ရှိသည်။

ထင်းဟွား၏မိခင်နှင့် ဖခင်တို့ကား ထင်းဟွားနှင့်သိမ်းငှက်နီးစပ်သွားသည်ကို ကျေနပ်မှုရှိသည်။

ဤသည်မှာ သိမ်းငှက်၏ သိုင်းပညာပြည့်ဝမှုကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ပင်။ သို့သော် ထင်းဝမ်းနှင့်ထင်းစွမ်းတို့ကမူ သဘောမတူကြပါ။

သူတို့သည် သိမ်းငှက်အား ယခုတိုင် အယုံအကြည်မရှိကြသေးပါချေ။

စုံစမ်းကြည့်တော့လည်း သိမ်းငှက်ဘဝမှာ အစမှ သည်ရောက်ရှိနေသည်အထိ ရှင်းရှင်းလေးပါပေ။

ထို့ကြောင့်...

သူတို့မှာ ကျိတ်မနိုင်ခဲမရ ဖြစ်နေကြသည်။

အလျှော့မပေးဘဲ စုံစမ်းရန် အားခဲထားကြသည်။

ဤသည်ကို သိမ်းငှက် သတိထားနေရသည်။

ရွှေ့လျှောက် တစ်ယောက်တည်း လှုပ်ရှားရန် မလွယ်ကူနိုင်တော့ချေ။

ထို့ကြောင့် သူက စန်းကျိုးမြို့စားနှင့် အဆက်အသွယ်ပြုလုပ်လိုခြင်းပင်။

စားသောက်ပြီးစီးသွားသည်နှင့် စန်းကျိုးမြို့သို့ ခရီးထွက်ခဲ့ကြလေတော့သည်။

♥ ♥ ♥



စန်းကျိုးမြို့...။

သိမ်းငှက်တို့သည် စန်းကျိုးမြို့သို့ ရောက်ရှိလာသည်။

သူတို့က ဈေးတန်းတစ်ခုထဲ ဖြတ်အလျှောက်ဝယ်...

"ဟော့... သူငယ်ချင်း"

လှမ်းခေါ်နှုတ်ဆက်သံ ကြားလိုက်ရသည်။

သိမ်းငှက်က ငဲ့စောင်းကြည့်လိုက်သည်။

ထိုအခါ...

သစ်သီးရောင်းနေသော ဈေးသည်က လျှောက်လာသည်ကို တွေ့လိုက်ရ၏။

ထိုလူသည် မြက်ခမောက်တစ်လုံး ဆောင်းထားသောကြောင့် သိမ်းငှက် မမှတ်မိပါ။

ထို့ကြောင့်...

သူက မျက်မှောင်ကုပ်ကာ ကြည့်နေမိသည်။

ထိုလူ အနီးသို့ရောက်လာလျှင်..

"မင်း ငါ့ကို မမှတ်မိဘူးလား"

မေးရင်း ခမောက်အား ချွတ်လိုက်သည်။

စောရကျင်းဟိုင်၏ မျက်နှာကြီးပေါ်လာသည်။

"ခင်ဗျားကိုး"

သိမ်းငှက်၏မျက်နှာ ပြုံးရွှင်သွားသည်။

သူတို့ တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ကာ နှုတ်ဆက်လိုက်ကြသည်။

ကျင်းဟိုသည် ထင်းဟွားအား တစ်ချက်အကဲခတ်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

ထို့နောက်. . . .

သိမ်းငှက်အား ပြုံးစစမျက်နှာဖြင့်. . .

"မင်းတို့ ဘဝသစ်တစ်ခုကို ထူထောင်လိုက်ကြပြီလား"

ဟု မေးလာသည်။

ထင်းဟွား၏မျက်နှာလေး ပန်းနုရောင်သမ်းသွား၏။

သို့သော်. . .

သူမက စိတ်ဆိုးပုံမပေါ်ချေ။

သိမ်းငှက်မှာကား မျက်နှာပူသွားရသည်။

သူက ကပျာကယာဖြင့်. . .

"ဟော့. . . ခင်ဗျား ဘာတွေပြောနေတာလဲ၊ ထင်းဟွားကိုအားနာစရာကြီး"

ဟု ပြောလိုက်ရသည်။

ကျင်ဟိုး ရယ်ကျဲကျဲဖြင့်. . .

"မင်းမကြိုက်ရင် မစတော့ပါဘူးကွာ၊ ဟဲ. . ဟဲ"

အတန်ကြာမှ သူက လိုရင်းကိုမေးလိုက်သည်။

"ဒါထက် မင်းတို့က ဘာလာလုပ်ကြတာလဲ"

သိမ်းငှက်က. . .

"မြို့ထဲ အခြေအနေ လာလေ့လာကြည့်တာပါ"

ဟု ဖြေလိုက်သည်။

ကျင်ဟိုက. . .

"ငါအခု သစ်သီးတွေရောင်းနေတယ်၊ စောရအလုပ်ကို



တော့ စွန့်လွှတ်လိုက်ပြီ"

"ကောင်းတာပေါ့ဗျာ"

သိမ်းငှက် အားရဝမ်းသာစွာ ပြောလိုက်သည်။

ကျင်ဟိုက. . .

"ကဲ. . ရောက်တုန်းရောက်ခိုက် ငါ့ဆိုင်ကိုလာခဲ့ကြပါဦး"

ပြောရင်း ရှေ့မှခေါ်ဆောင်သွားသည်။

သိမ်းငှက်က ထင်းဟွား၏လက်ကို ဆွဲကာ လိုက်သွားလေသည်။

သစ်သီးဆိုင်သို့ အရောက်တွင် ကျင်ဟိုက နေရာထိုင်ခင်းပေးလိုက်သည်။

သိမ်းငှက်သည် ကျင်ဟိုအားတွေ့ရသည့်အတွက် ဝမ်းသာနေမိသည်။

အကြောင်းမှာ. . . .

သူက ကျင်ဟိုထံတွင် ထင်းဟွားအား အပ်နှံထားရန် စိတ်ကူးရသွားသောကြောင့်ပင်။

ထင်းဟွားသာပါပါက သူက လှုပ်ရှားရလွယ်မည် မဟုတ်ချေ။

သူက သက်ပြင်းချကာ. . .

"ကျင်ဟို"

ကျင်ဟို ခေါင်းထောင်လာသည်။

"ဟေ. . . ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သိမ်းငှက်က. . .

"ကျုပ် တစ်ခုလောက် အကူအညီတောင်းချင်တယ်"

"ဘာလဲ. . . ပြောလေ"

သူက ထင်းဟွားအား ညွှန်ပြကာ. . .

"ကျုပ်မြို့ထဲ အခြေအနေ သွားကြည့်တဲ့အခါ ထင်းဟွားကို ဒီမှာခဏထားခဲ့ပါရစေ"

ဟု ပြောလိုက်သည်။

ကျင်ဟိုး ပြုံးလိုက်သည်။

"ဘာများလဲလို့ကွာ၊ မင်းနဲ့ငါ ပြောစရာလူတွေမှ မဟုတ်တာဘဲ၊ သူ့ကို ငါစောင့်ရှောက်ပေးထားပါ့မယ်"

သိမ်းငှက်က ထိုသို့ပြောသောအခါ ထင်းဟွား မျက်နှာ ပျက်သွားသည်။

သို့သော်. . .

သူမက ချက်ချင်းပင် ကြွေဆည်လိုက်သည်။

သိမ်းငှက်က သူမ၏လက်အား အသာအယာဆုပ်ကိုင်လိုက်ပြီး. . .

"ညီမ. . . ဒီမှာ ခဏနေခဲ့နော်"

ဟု ပြောလိုက်သည်။

ထင်းဟွား ခေါင်းမော့ကာ. . .

"ကျွန်မကော လိုက်လို့မရဘူးလား"

ဟု မေးလာသည်။

သိမ်းငှက်က. . .



"ညီမ ခရီးပန်းမှာစိုးလို့ပါ၊ ပြီးတော့ အစ်ကိုတ သိပ်ပြီး ကြာမှာမှ မဟုတ်ဘဲ နေခဲ့နော်"

ဟု ဖျောင်းဖျလိုက်သည်။

ထင်းဟွား သက်ပြင်းတစ်ချက် မသိမသာချလိုက်မိလေသည်။

သူမသည် သိမ်းငှက်နှင့်လက်တွဲကာ လျှောက်ချင်လှ၏။ သိမ်းငှက်၏နောက်မှ အရိပ်သဖွယ် ရှိနေချင်မိသည်။

သို့သော်. . .

သိမ်းငှက်၏စကားကိုလည်း သူမက ယုံကြည်သည်။

သူမ ပင်ပန်းမည်စိုး၍ပြောမှန်း နားလည်၏။

ထို့ကြောင့်. . .

ခေါင်းတစ်ချက် အသာအယာညိတ်ကာ. . .

"ကောင်းပြီလေ၊ ညီမ ဒီမှာပဲ နေခဲ့ပါ့မယ်၊ အစ်ကိုသာ မြန်မြန်ပြန်လာခဲ့ပါ"

ဟု မှာလိုက်သည်။

သိမ်းငှက် ပြုံးလိုက်သည်။

"စိတ်ချပါ ညီမရယ်"

သူက ကျင်းဟိုဘက်လှည့်ကာ မှာလိုက်သည်။

"ကျင်းဟို. . . သူ့ကို ဂရုစိုက်ထားလိုက်ပါ"

ကျင်းဟိုက. . .

"အေးပါကွာ. . . အေးပါ"

ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သိမ်းငှက်သည် အချိန်မဆွဲတော့ဘဲ ချက်ချင်းပင် ထွက်ခွာလာခဲ့တော့သည်။

♥ ♥ ♥

စန်းကျိုးမြို့စားဂေဟာ. . .။

မြို့စားဂေဟာမှာ မြို့၏အရှေ့တောင်ကုန်းတစ်ခုတွင် ရှိသည်။

အဝင်လမ်းနှင့် မြို့စားဂေဟာမှာ တာလီဝက်လောက် ဝေးကွာသည်။

မြေလိမ်မြွေကောက် လမ်းတလျှောက် တစ်ဘက်တစ်ချက်တွင် သစ်ပင်ရိပ်တန်းများ အုပ်ဆိုင်းလျက်ရှိနေ၏။

ဤလမ်းတလျှောက် မြို့စားကြီးအတွက် လုံခြုံရေးအစောင့်အရှောက် များစွာရှိသည်။

ဤနယ်တစ်ကြောတွင်လည်း သိုင်းကိုဏ်းပေါင်းစုံရှိသည်။

လူဆိုးဓားပြများလည်း ရှိသည်။

သို့သော်. . .

သူတို့သည် စန်းကျိုးမြို့စားအား မထိပါး မနှောက်ယှက်ဝံ့ကြချေ။

ထိပ်တိုက် မတိုးရဲကြပါ။

အကြောင်းမှာ. . .



စင်းကျိုးမြို့စားအား ထိပါးလာလျှင် **ဘုရင့်တစ်ခွဲ့ထ** ငြိမ်နေမည်မဟုတ်ပါ။

အင်အား အလုံးအရင်းဖြင့် ဖြိုခွဲတိုက်ခိုက်ခြင်း **ခံကြ**ရမည် မဟုတ်ပါလား။

"ခွပ်ခွပ်. . . ခွပ်ခွပ်"

မြင်းခွာသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မြင်းပေါ်တွင် လူရွယ်တစ်ယောက် လိုက်ပါလာ၏။

သူ၏မျက်နှာပေါ်တွင် အရေးကိစ္စတစ်ခု ရှိနေပုံပေါ်ပေါက်နေ၏။

မှန်ပေသည်။

ထိုလူရွယ်ကား သိမ်းငှက်ပင်ဖြစ်သည်။

သိမ်းငှက်သည် မြို့စားဂေဟာသို့ ရောက်ရှိလာသည်။

သူက တံဆိပ်တစ်ခု ထုတ်ပြလျှင် မည်သည့်အစောင့်မျှ မတားဆီးကြတော့ပါ။

ဤသို့ဖြင့်. . .

သိမ်းငှက်သည် မြို့စားကြီးနှင့် ထိပ်တိုက်တွေ့ဆုံခွင့်ရခဲ့လေတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



သိမ်းငှက်မြို့စားဂေဟာသို့ ဝင်ရောက်သွားပြီး မကြာမီ သစ်တောတန်းဘက်မှ မြင်းစီးသမားတစ်ယောက် ထွက်ပေါ်လာသည်။

ထိုသူကား ခြသေ့်ဂိုဏ်းကြီး၏ သွေးသစ်ထင်းစွမ်းပင် ဖြစ်လေသည်။

ထင်းစွမ်းသည် သိမ်းငှက်၏ လှုပ်ရှားမှုမှန်သမျှကို နောက်ယောင်ခံ လိုက်စုံစမ်းနေခြင်းပင် ဖြစ်သည်။

သိမ်းငှက် မြင်ကွင်းမှ ပျောက်ကွယ်သွားသောအခါ ထင်းစွမ်း၏မျက်လုံးများ အေးစက်စက် ဖြစ်လာသည်။

မျက်နှာတစ်ခုလုံးလည်း ကြောက်မက်ဖွယ်ကောင်းအောင် တင်းမာလာသည်။

သူက အံတစ်ချက်ကြိတ်ကာ. . .

"တောက်. . . ငါထင်သားပဲ၊ ဒီခွေးကောင် ငါတို့ဂိုဏ်းထဲရောက်လာတာ အကြံအစည်တစ်ခုခုရှိရမယ်၊ မရိုးသားဘူးလို့ လက်စသပ်တော့ သူ့လူကိုယ့်ဘက်သား လုပ်နေတာကိုး။ တွေ့ကြသေးတာပေါ့၊ မင်းရဲ့လျှို့ဝှက်ချက်အားလုံး ငါ အမြစ်ကနေ ဖော်ထုတ်ပြမယ် သိမ်းငှက်ရေ"

ကြုံးဝါးလိုက်သည်။

သူသည် သိမ်းငှက်၏ လျှို့ဝှက်ချက်အား မဖြစ်မနေ ဖော်ထုတ်ရပေမည်။

ထို့ကြောင့်. . .

မြို့စားဂေဟာအတွင်းသို့ မဖြစ်ဖြစ်သည့်နည်းနှင့် ဝင်ရောက်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။



သို့မှသာ. . .

သိမ်းငှက်နှင့် မြို့စားဂေဟာ၏ ပတ်သက်မှုကို တိတိကျကျသိရပေမည်။

ထင်းစွမ်း သဘောကျစွာပြုံးကာ. .

"သိမ်းငှက်. . . မင်းအနောက်မှာ ငါဆိုတဲ့သေမင်း ထပ်ကြပ်မကွာရှိနေပြီ၊ မင်း သတိသာထားနေပေတော့"

အားပါးတရ ရေရွတ်လိုက်သည်။

ထို့နောက်. . .

မြင်းကို ချုံထူထပ်သော သစ်ပင်များနောက်ကွယ်သို့ မောင်းနှင်သွား၏။

သူက မြင်းကို အသေအချာ ဝှက်ထားလိုက်သည်။

ထို့နောက်. . .

ကိုယ်ဖော့ပညာ အသုံးပြုကာ မြို့စားဂေဟာသို့ ပြေးလွှားထွက်ခွာလာလေတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဖော့ပညာ အသုံးပြု၍ ကျော်လွှားဖြတ်သန်းလာရာ အတွင်းပိုင်းသို့ပင် ဖြတ်ကျော်ရောက်ရှိလာသည်။

ဂေဟာအနီးသို့ အရောက်တွင်မူ အစောင့်အကြပ်များ ကလမ်းကိုပိတ်၍ရပ်နေသည်ကို တွေ့လိုက်ရသည်။

သူတို့အား ကျော်ဖြတ်ရန် မလွယ်ကူလှပေ။

ထို့ကြောင့်. . .

ပရိယာယ်သုံးမှ ဖြစ်တော့မည်မှန်း ထင်းစွမ်း သုံးသပ်လိုက်မိသည်။

သူက ခဲလုံးအချို့ ကောက်ယူကာ ပစ်ပေါက်လိုက်သည်။

"ဖောက်"

ခဲလုံးက သစ်ရွက်တွေကို ရုတ်တရက် ထိုးဖောက်သွားရာ အသံတစ်သံ ပေါ်ထွက်လာသည်။

အစောင့်များ ဆတ်ခနဲ ဖြစ်သွားသည်။

"ဘာသံလဲ နားထောင်စမ်း"

ခေါင်းဆောင်ဖြစ်သူက ပြောလာသည်။

ဒုတိယပေါက်လိုက်သော ခဲလုံးက ပိုထိရောက်သည်။

"ဘုတ်"

ပို၍ အသံမြည်သွားသည်။

အသံဗလံမှာ တစ်ကြိမ်က နှစ်ကြိမ်၊ နှစ်ကြိမ်မှသုံးကြိမ်ဖြစ်လာသောအခါ အားလုံး ထပြေးသွားကြသည်။

အချိန်မှာ ညမိုးချုပ်စ ပြုပြီ။



# ခေါင်းမာသောခြသေ့်

"ဟူး"

အဝတ်အစားလေတိုးသံ ထွက်ပေါ်လာသည်။

လူရိပ်တစ်ခုသည် လျင်မြန်သော အရှိန်အဟုန်ဖြင့် မြို့စားဂေဟာခြံဝင်းအတွင်းသို့ ကျူးကျော်ဝင်ရောက်လာသည်။

ထိုလူရိပ်၏ ကိုယ်ဖော့ပညာမှာ အဆင့်မြင့်မားလွန်းသောကြောင့် အစောင့်သိုင်းသမားများ သတိမပြုမိခဲ့ကြပါချေ။

ထိုလူရိပ်သည်ကား ထင်းစွမ်းပင် ဖြစ်သည်။

လမ်းတလျှောက် အစောင့်သိုင်းသမားများအား တွေ့ရသည်။

သူက ထိပ်တိုက်အတိုးမခံ။

တိုက်ခိုက်နိုင်လောက်သော အချိန်ကို မပေးနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုမသိတသိ အချိန်မျိုး မှောင်ပြီလည်းမဟုတ် လင်းတော့သည်လည်းမဟုတ်။

အစောင့်များ ကျဲပါးသွားသည်။

ထင်းစွမ်းက အခွင့်အရေးကို လက်လွှတ်မခံပါချေ။

ချက်ချင်းပင် လှုပ်ရှားလိုက်သည်။

"ဝုစ်"

"ဟူး"

ထင်းစွမ်းသည် တံတိုင်းတွေကို ကျော်သည်။

သစ်ပင်များပေါ်မှ ကူးလူးသွားလာသည်။

သွားရိုးသွားစဉ်မဟုတ်သော ဂေဟာအနောက်ဘက်မှ လှည့်၍လာသောလမ်း ဖြစ်သည်။

ထို့နောက်. . .

အဆောင်ငယ်တစ်ခုအနီးသို့ ရောက်ရှိလာသည်။

"ဟူး"

ကိုယ်ဖော့ပညာကို အသုံးပြုကာ အဆောက်အအုံ၏ အနိမ့်ဆုံးအဆောင်၏ အမိုးပေါ်သို့ ခုန်လွှားတက်လိုက်လေသည်။

သူ၏ခြေအစုံက အမိုးပေါ် ပေါ့ပါးစွာ ကျရောက်သွားလေသည်။

"ဖပ်. . . ဖပ်"

ခေါင်မိုးပေါ်တွင် ထင်းစွမ်းတစ်ယောက် အသာအယာ လှုပ်ရှားနေ၏။



အပေါ်တွင် ဆီးနှင်းများက အမိုးကိုဖုံးအုပ်ထားလေသည်။

ဆီးနှင်းတွေကိုနင်း၍ အချိန်မီလုပြေးနေရသည်မှာ တကယ်တမ်းကျ ထင်းစွမ်းအဖို့ ခက်ခဲသော အလုပ်တစ်ခုပင်ဖြစ်သည်။

သို့သော်. .

သူက ဖြစ်အောင်လုပ်နိုင်ခဲ့သည်။

ခေါင်မိုးပေါ်တွင် နိုအုပ်က ရှိသေးသည်။

ဆိတ်တိတ်တို့တတ်သော ငှက်များဖြစ်ပါမူ ထင်းစွမ်း၏ခန္ဓာကိုယ်သည် မွစကြွသွားနိုင်သည်။

အခက်အခဲ အမျိုးမျိုးကို ဖြတ်ကျော်လာပြီးနောက် သိမ်းငှက်တို့ရှိရာသို့ ရောက်လာသည်။

ထိုအဆောင်ခေါင်မိုးပေါ်ရှိ လေဝင်ပေါက်ဘုံဆောင်များအောက်မှ ထင်းစွမ်း ဝင်လိုက်လေသည်။

သူ၏ဆန္ဒ ပြည့်ဝသွားသည်ဟု ဆိုရမည်။

အောက်တွင် မြို့စားနှင့်သိမ်းငှက်တို့ အရေးကြီးသော စကားများ ပြောဆိုနေကြသည်။

သူတို့ကား လျှို့ဝှက်စကားများ ပြောကြားနေခြင်းပင်။

သူတို့၏စကားကို နားထောင်ရင်း ထင်းစွမ်းမျက်လုံးပြူး သွားရသည်။

အကြောင်းမှာ. . .

သူတို့သည် ခြသေ့်ဂိုဏ်းအား မည်သို့မည်ပုံ မြို့ခွဲတိုက်

www.burmeseclassic.com



နိုက်မည်ကို တိုင်ပင်နေခြင်းကြောင့်ပင်။

ထင်းစွမ်း ဒေါသလည်းထွက်၊ စိုးထိတ်မှုလည်း ဖြစ်ပေါ်လာသည်။

မိမိအနေဖြင့် ယခုသတင်းကို သယ်ဆောင်သွားနိုင်မှ ခြသေ့်ဂိုဏ်း သက်သာပေမည်။

ထင်းစွမ်းသည် လိုချင်သောသတင်းအား ရရှိသွားပြီဖြစ်၍ ကျေနပ်သွားသည်။

သူက ချက်ချင်းပင် နောက်ကြောင်းပြန်လှည့်ခဲ့လေတော့သည်။

♥ ♥ ♥



## ကျားနဲ့ဆင်

ထင်းစွမ်းသည် လာလမ်းအတိုင်း နောက်ကြောင်းပြန်လှည့်လာခဲ့သည်။

အပြန်လမ်းမှာ ခက်ခဲလှသည်တော့ မဟုတ်ပေ။

ထင်းစွမ်းသည် အစောင့်များအား ရှောင်ကွင်းကာ ဖြတ်ကျော်လာနိုင်ခဲ့သည်။

အလာတုန်းက အစောင့်များ အခြေအနေကို မှတ်သားလေ့လာထား၍ ယခုလို အပြန်လမ်းကား အတားအဆီးမဲ့နေခြင်းပင်။

သာမန်လူဆိုလျှင် အစောင့်သိုင်းသမားများအား ကျော်လွှားသွားရန် လွယ်ကူမည် မဟုတ်ပေ။

တစ်ယောက်မဟုတ် တစ်ယောက်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖွဲ့မဟုတ်တစ်ဖွဲ့နှင့် တွေ့ဆုံမည်သာဖြစ်သည်။

ထင်းစွမ်းသည် အခက်အခဲမရှိဘဲ မြို့စားခြံဝင်းအတွင်းမှထွက်လာနိုင်ခဲ့သည်။

သို့သော်. . .

ဆင်ပြောင်ကြီး အမြီးကျွမှတစ် ဆိုသကဲ့သို့. . .

မိမိမြင်းထားခဲ့သောနေရာသို့ အရောက်တွင် အစောင့်သုံးဦးနှင့် ပက်ပင်းတိုးတော့သည်။

ယခုတစ်ကြိမ်တွင်ကား ရှောင်တိမ်း၍မရတော့ချေ။

နောက်ဆုတ်၍လည်း မဖြစ်နိုင်တော့ပါ။

ရင်ဆိုင်ရုံမှတပါး အခြားနည်းလမ်း မရှိတော့ချေ။

မိမိအား တွေ့မြင်သွားကြပြီ မဟုတ်ပါလား။

အကောင်းဆုံးသောလမ်းသည် ရှေ့တိုးဝင်ရန်သာရှိတော့သည်။

လမ်းမှာ လမ်းကျဉ်း. . .

"ဟေ့. . . ရပ်လိုက်"

အစောင့်တစ်ယောက်က အော်ငေါက်ကာ ပြေးဝင်လာသည်။

ကျန်နှစ်ယောက်မှာလည်း ဓားများဆွဲထုတ်ကာ ပြေးဝင်လာကြသည်။

သူတို့သည် ထင်းစွမ်းအား ချက်ချင်းဝိုင်းရံလိုက်ကြသည်။

အစောင့်တစ်ယောက်က. . .



"မင်းဘယ်သူလဲ၊ မြို့စားဂေဟာကို ကျူးကျော်လာတာလား"

ဟု မေးလာသည်။

ထင်းစွမ်းက အဖြေမပေးပါ။

ကျန်တစ်ယောက်က စိတ်မရှည်နိုင်ဟန်ဖြင့် ဝင်ပြောလာသည်။

"ဘာမှ မေးမနေနဲ့တော့၊ ဒီနေရာမှာတွေ့တာ မသင်္ကာစရာပဲ၊ သူ့ကိုဖမ်းခေါ်ပြီး စစ်ဆေးကြည့်ရမယ်"

ဟု ပြောလာသည်။

ထို့နောက်. . .

ထင်းစွမ်းထံ တိုးဝင်လာသည်။

ထင်းစွမ်း ပြုံးလိုက်သည်။

သူ၏ဟန်မူရာကား အေးအေးဆေးဆေး ရှိလှပေသည်။

မည်သူ့ကိုမျှ မှုသည့်ပုံ မပေါ်ချေ။

ဓားကိုလည်း မထုတ်ပါ။

လက်နှစ်ဘက် ဆန့်ထုတ်ကာ ပြေးဝင်လာသူကို လျှပ်တပြက် ဖမ်းချုပ်လိုက်သည်။

"ဖပ်"

အစောင့်သိုင်းသမား၏ လက်နှစ်ဘက်အား မိမိရရ ဖမ်းချုပ်မိသွားသည်။

"လွှတ်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



အစောင့်က ရှန်းကန်လိုက်သည်။

သို့သော်. . .

ရှန်း၍မလွတ်ပါချေ။

ကျန်လူနှစ်ယောက် ပြေးဝင်လာသည်။

ထင်းစွမ်းက ဖမ်းချုပ်ထားသူ၏ ခန္ဓာကိုယ်ကိုလွှဲ၍ ကိုင်ပေါက်ပစ်လိုက်သည်။

"ဝုန်း"

"အား"

အစောင့်မှာ ဆယ်ပေခန့်အကွာ လေထဲမြောက်တက်သွားပြီး မြေပေါ် ခြေကားရားလက်ကားရား ပြုတ်ကျသွားလေသည်။

သူသည် နေရာမှ မထနိုင်တော့ဘဲ အော်ဟစ်ညည်းညူနေတော့သည်။

အဖော်ဖြစ်သူ ခံလိုက်ရလျှင် ကျန်နှစ်ယောက် ဒေါသချောင်းချောင်း ထွက်သွားသည်။

"သေပေတော့"

အော်ငေါက်ကာ ဓားကိုယ်စီဖြင့် တိုက်ခိုက်လာလေသည်။

"ဗိုး"

"ဝှစ်"

ဦးဆုံးတစ်ယောက်က ဓားဖြင့်လွှဲခုတ်ချလာသည်။

ဓားကိုင်လက်အောက်မှ ထင်းစွမ်း ပြေးဝင်ရင်း မိမိအား



တိုက်ခိုက်သည့်ရန်သူ၏လက်အောက်မှ ဓားကိုဆွဲကိုင်ဖမ်းချုပ်၍ အတွင်းအားဖြင့်လှည့်၍ လိမ်လိုက်သည်။

"အား"

ထိုလူ နာကျင်စွာ အော်လိုက်သည်။

လက်ထဲမှဓားလည်း လွတ်ကျသွားသည်။

ထင်းစွမ်းက ဓားကို ဖျပ်ခနဲ ဖမ်းယူလိုက်သည်။

ထို့နောက်. . .

ထိုလူ၏ရင်ဝအား ခြေဖြင့်ကန်ကျောက်လိုက်သည်။

"ဝုန်း"

ကျယ်လောင်သောအသံနှင့်အတူ ထိုလူမှာ ဝါးတစ်ရိုက်အကွာသို့ လွင့်စဉ်သွားလေတော့သည်။

"ယား"

နောက်မှ ဆက်တိုက်ဝင်လာသူက ညာသံပေးကာ ဓားကို စလွယ်သိုင်းလိုက်သည်။

ထင်းစွမ်းက ကျွမ်းတစ်ပတ်ပစ်ကာ ရှောင်တိမ်းရင်း ခုန်အုပ်လိုက်သည်။

အစောင့်သိုင်းသမားက ခုခံတိုက်ခိုက်လာသည်။

ထိုအချိန် ကျန်နှစ်ယောက်ကလည်း ထလာနေကြပြီဖြစ်သည်။

ထင်းစွမ်း ဒေါပွသွားသည်။

"သွားစမ်း"

အော်ငေါက်ကာ လက်ထဲမှဓားကို လျှပ်တပြက် ဝှေ့

www.burmeseclassic.com

www.burmeseclassic.com



ယမ်းလိုက်သည်။

ဝင်းလက်သော ဓားရောင်ထွက်ပေါ်လာသည်။

မရှေးမနှောင်းမှာပင် . . .

"အား"

သူ့အား တိုက်ခိုက်နေသောရန်သူသည် နာကျင်စွာ အော်ရင်း လဲပြိုကျသွားသည်။

"ဟင်"

"ဟာ"

ကျန်နှစ်ယောက် အထိတ်တလန့် ဖြစ်သွားကြသည်။

ထင်းစွမ်းသည် ကြောက်စရာကောင်းသူ တစ်ဦးမှန်းလည်း ရိပ်စားမိသွားကြသည်။

သူတို့သည် အချက်ပေးရန် ပြင်လိုက်ကြသည်။

ထင်းစွမ်း၏ မျက်နှာပေါ်တွင် အေးစက်သော အပြုံးတစ်ခု ထွက်ပေါ်လာသည်။

မိမိအား အနှောက်အယှက်ပေးခြင်းကို မည်သည့်နည်းနှင့်မျှ လက်မခံနိုင်ပါ။

ထိုနှစ်ယောက်အား အပြတ်ရှင်းရန် ဆုံးဖြတ်လိုက်လေသည်။

ထို့ကြောင့် . . .

လက်နက်ပုန်းနှစ်ခု လျှပ်တပြက်ထုတ်ယူကာ ပစ်လွှင့်လိုက်သည်။

"ဖွစ် . . . ဖွစ်"



လေတိုးသံများ ထွက်ပေါ်လာသည်။

လက်နက်ပုန်းနှစ်ခုသည် အစောင့်နှစ်ယောက်ထံ ပြေးဝင်သွားလေသည်။

"ဟာ"

အစောင့်နှစ်ယောက် အထိတ်တလန့်ဖြင့်အော်ကာ ရှောင်တိမ်းလိုက်ကြသည်။

သို့သော် . . .

မလွတ်မြောက်တော့ပါချေ။

လက်နက်ပုန်းများသည် သူတို့၏ရင်ဝအား နစ်မြုပ်သွားလေတော့သည်။

"အား"

"အွန့်"

အစောင့်နှစ်ယောက်ထံမှ အော်ဟစ်ညည်းတွားသံများ ထွက်ပေါ်လာသည်။

ထို့နောက် . . .

မြေပေါ်သို့ အသီးသီး ပြိုလဲကျသွားလေတော့သည်။

ထင်းစွမ်းက လှည့်၍ပင်မကြည့်တော့။

မြင်းဇောက်ထားရာသို့ ပြေးသွားသည်။

ထားခဲ့သောမြင်းသည် အခြေအနေမပျက်ပါချေ။

ထင်းစွမ်းသည် မြင်းပေါ် လွှားခနဲ ခုန်တက်လိုက်သည်။

သူက သိမ်းငှက်အား အလွတ်မပေးနိုင်တော့ပါ။

သိမ်းငှက်သည် မြို့စားဂေဟာအရှေ့ဘက်လမ်းမှ ထွက်

www.burmeseclassic.com

www.burmeseclassic.com



ခွာသွားပြီဟု မြင်းခွာသံသဲ့သဲ့ကြားရ၍ သိနေပေသည်။

ထင်းစွမ်းက မြင်းပေါ်ရောက်သည်နှင့်. . .

"ဟေး"

မြင်းကိုအော်ငေါက် မောင်းနှင်လိုက်သည်။

"ဟီး. . . ဟီး"

မြင်းသည် ရှည်လျားစွာ တစ်ချက်ဟီရင်း တဟုန်ထိုး ပြေးထွက်သွားလေတော့သည်။

♥ ♥ ♥

"ခွပ်ခွပ်. . . ခွပ်ခွပ်"

မြင်းခွာသံတစ်သံသည် ထင်းစွမ်း၏မြင်းခွာသံနှင့် ရောနှော၍လာသည်။

သိမ်းငှက်သည်လည်း မြင်းခွာသံတစ်သံကို ကြားလိုက်မိသည်။

သည်လိုအချိန် ကြားရသော မြင်းခွာသံသည် သာမန်မြင်းခွာသံ မဖြစ်နိုင်။

ထူးခြားမှု ရှိရမည်။

ထိုသူ မည်သူနည်း။

အဘယ်ကြောင့် မိမိနောက်မှ ထပ်ကြပ်မကွာ လိုက်လာရသမည်နည်း။

သိမ်းငှက်၏ဦးခေါင်းထဲ အတွေးများဖြင့် ရှုပ်သွားရလေ



သည်။ သူက ချက်ချင်းပင် မြင်းဇက်ကိုသတ်၍ ရပ်လိုက်သည်။

ရုတ်တရက် ရပ်လိုက်သောကြောင့် အရှိန်နှင့်လာသော မြင်းသည် ပတတ်ရပ်လိုက်လေသည်။

"ဟီး. . . ဟီး"

မြင်းသည် ရှည်လျားစွာ တစ်ချက်ဟီလိုက်သည်။

မြင်းဟီသံသည် တိတ်ဆိတ်ငြိမ်သက်နေသော ဆောင်းညချမ်းကို ဆူညံသွားစေသည်။

သိမ်းငှက်သည် မြင်းဇက်ကြိုးကို အပိုင်အနိုင်ကိုင်ထားစဉ် မြင်းခြေနှစ်ဖက် မြေကြီးပေါ်သို့ ပြန်ကျလာသည်။

ထိုစဉ်. . .

နောက်မှ ပြေးဝင်လာသော မြင်းစီးသမားနှင့်မြင်းသည် သိမ်းငှက်ရှေ့သို့ ယှဉ်လျက်သားရောက်ရှိလာသည်။

ထိုအခါ. . .

သူတို့သည် တစ်ယောက်ကိုတစ်ယောက် ကောင်းကောင်းတွေ့မြင်လိုက်ရတော့သည်။

သိမ်းငှက် မျက်နှာပျက်သွားသည်။

နှုတ်မှလည်း. . .

"ထင်းစွမ်း"

ဟု လွတ်ခနဲ ထွက်သွားသည်။

ထင်းစွမ်း ရယ်မောလိုက်သည်။

"ဟား. . . ဟား. . . ဟား"

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



[illegible] အတန်ကြာမှ ရယ်မောရာမှ ရပ်တန့်လိုက်သည်။

သူက သိမ်းငှက်အား စေ့စေ့ကြည့်ကာ. . .

"ဟုတ်တယ်၊ မင်းသိထားတဲ့ ခြသေ့်ဂိုဏ်းက သခင်လေးပေါ့၊ ဘာလဲ သိပ်ကိုအံ့ဩသွားသလား"

မထိတထိ ပြောလာသည်။

သိမ်းငှက် သက်ပြင်းတစ်ချက် မသိမသာ ချလိုက်သည်။

မိမိဘက်မှ အလျှင်စလိုဖြစ်ခြင်းကတစ်ကြောင်း၊ ရန်သူအား လျှော့တွက်မိသည်က တစ်ကြောင်း၊ မိမိကိုယ်တိုင် နမော်နမဲ့ဖြစ်မှုကြောင့် ယခုလို တစ်ကွက်မှားသွားကြောင်း သိလိုက်ရ၏။ သိမ်းငှက်က. . .

"မင်းက ငါ့နောက် တစ်ချိန်လုံး လိုက်နေတယ်ပေါ့"

ဟု မေးလိုက်သည်။

ထင်းစွမ်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ မင်းရဲ့အခြေအနေကို သိရအောင်ပေါ့၊ အခုတော့ ငါထင်တာ မမှားတော့ဘူး၊ မင်းက ကြိုးလ်ကောင်ပဲ"

သူက သိမ်းငှက်အား စေ့စေ့ကြည့်ကာ ဆက်ပြောလိုက်သည်။

"ဒီမှာ သိမ်းငှက်. . မင်းကိုယ်မင်း လည်လှပြီမှတ်နေသလား၊ မင်းထက်ငါက ဆယ်ဆပိုပြီး လည်တယ်လို့ မှတ်လိုက်ပါ၊ မင်းအခု မြို့စားဂေဟာမှာ ဘာတွေပြောခဲ့တယ်၊ ဘယ်လိုအစီအစဉ်တွေချခဲ့တယ်ဆိုတာ ငါအကုန်ကြားတယ်၊ ငါ အကုန်သိပြီးပြီ"



ဟု ပြောလိုက်လေသည်။

ထိုစကားကို ကြားလိုက်ရသောအခါ သိမ်းငှက်စိတ်ထဲမှ. . .

"ဒီနေရာမှာထင်းစွမ်းကို ငါအနိုင်ရမှဖြစ်မယ်၊ သူဟာ အန္တရာယ်ကောင်ဖြစ်လာပြီ၊ သူ့ကို ထင်းဟွားမျက်နှာကြောင့် ငဲ့ညှာနေလိုက်ရင် ငါ့ရဲ့မဟာအမှား ဖြစ်သွားမှာပဲ"

ဟု တွေးလိုက်သည်။

ဤသို့ တွေးနေသည်ကို ထင်းစွမ်းက မသိပါ။

သူတို့နှစ်ယောက်သည် ရင်ဆိုင်ရုံမှတပါး အခြားနည်းလမ်းမရှိတော့ပါ။

ထင်းစွမ်းက. . .

"ဘယ်လိုလဲ သိမ်းငှက်၊ မင်းဘာပြောချင်သေးလဲ၊ မင်းဟာ ငါတို့ဂိုဏ်းရဲ့ရန်သူပဲ၊ မင်းကို ဘယ်သူလွှတ်လိုက်သလဲ"

ဟု မေးလိုက်သည်။

သိမ်းငှက် ဘာမျှမပြောပါ။

ထင်းစွမ်းက. . .

"မင်းကို ခုံသမာဓိကျိုက်ဖန်းက လွှတ်လိုက်တာမဟုတ်လား"

ဟု ထပ်မေးသည်။

သိမ်းငှက် မျက်နှာပျက်သွားသည်။

သို့သော်. . .

သူက မငြင်းတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်းပင် ပြောလိုက်သည်။

"ဟုတ်တယ် ထင်းစွမ်း။ မင်းတို့ ခြသေ့်ဂိုဏ်း သောင်းကျန်းချင်တိုင်း သောင်းကျန်းနေလို့ ဆရာကျိုက်ဖန်းက ငါ့ကို တာဝန်ပေးလိုက်တာပဲ၊ ငါက မင်းတို့ဂိုဏ်းကို ဖြိုခွဲပစ်မှာ"

ဟု ပြောလိုက်သည်။

ထို့နောက်. . .

မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်သည်။

ထင်းစွမ်းသည်လည်း မြင်းပေါ်မှ ခုန်ဆင်းကာ. . .

"လက်စသတ်တော့ မင်းက ဘုရင့်တပ်ဖွဲ့ကလူ ဖြစ်နေတာကိုး၊ ကောင်းတယ်၊ မင်းလို ထက်မြက်တဲ့လူနဲ့ တွေ့ရတာ ငါဂုဏ်ယူတယ်၊ ငါက တော်ရုံလူတွေနဲ့ တွေ့ချင်တာ မဟုတ်ဘူး"

ဟု စိန်ခေါ်လာသည်။

သိမ်းငှက် စိတ်မရှည်ဘဲ ဖြစ်သွားသည်။

"ကဲ. . . ထင်းစွမ်း စကားမများနဲ့ အချိန်မရှိဘူး"

ထင်းစွမ်းက. . .

"ကောင်းပြီ၊ မင်း ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်"

ထင်းစွမ်းသည် သိုင်းလွယ်ထားသော ဓားကို မထုတ်ပါ။

အတွင်းအားကိုသာ စုစည်းလိုက်သည်။

"ဟိတ်"

ခန္ဓာကိုယ်ကို ခုန်ပျံလိုက်သည်။

လူတစ်ရပ်သာသာ မြောက်တက်သွားသည်။



ခန္ဓာကိုယ်တွင်းမှ အတွင်းအားအပူလှိုင်းက ပတ်ဝန်းကျင် နှင်းမှုန်ထုကို အဝါရောင်သမ်း၍ သွားစေသည်။

ဤသည်မှာ သိုင်းသမားတစ်ယောက်၏ အတွင်းအား ကောင်းလှသည့်အချက် ဖြစ်သည်။

သိမ်းငှက်ကလည်း လက်နှစ်ဖက်ကို ရုတ်ခြည်းဆန့်တန်းလိုက်ကာ. . .

"ဟိတ်"

အတွင်းအားကို စုစည်း၍ လက်နှစ်ဖက်သို့ ပို့လွှတ်လိုက်လေသည်။

သူတို့၏အတွင်းအားလှိုင်းကြောင့် ပတ်ဝန်းကျင် အအေးမှုန်များ လွင့်ပါးကာ အဝါရင့်ရောင်သမ်း၍ လာလေသည်။

အဆင့်မြင့်သိုင်းသမားနှစ်ယောက်၏ တိုက်ပွဲမှာ ရုတ်တရက် မစနိုင်သေးချေ။

တစ်ယောက်အကွက်ကို တစ်ယောက်က အကဲခတ် ကြည့်ရှုနေပေသည်။

အတော်လေးကြာလျှင်. . .

"ယား"

ထင်းစွမ်းထံမှ ညာသံပေးသံ ထွက်ပေါ်လာသည်။

သူက စိတ်မရှည်တော့ပါ။

ထို့ကြောင့် စတင်၍ တိုက်ခိုက်လိုက်လေသည်။

ချက်ချင်းရှေ့သို့ ခုန်ဝင်၍ သိမ်းငှက်အား ညာဘက်လက်ဝါးနှင့် ရိုက်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဗိုး"

ပြင်းထန်သော လေတိုးသံ ထွက်ပေါ်လာသည်။

ရိုက်ချက်မှာ အတော်လေး ပြင်းထန်၏။

တစ်ချက်ထိလျှင် ထိုတစ်ချက်တည်းနှင့် ပွဲသိမ်းရမည်မှာ အမှန်ပင်။

ထင်းစွမ်းသည် နာမည်ကျော် မီးခြသေ့သိုင်းကွက် အသုံးပြုလာမှန်း သိမ်းငှက်က ရိပ်စားမိလိုက်သည်။

သူက ချက်ချင်းပင် 'ရန်ပယ်ရနံ့ခွင်းသိုင်းကွက်' ထုတ်ဖော်ကာ ခုခံပေးလိုက်၏။

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေသည်။

ထို့အတူ. . .

နှစ်ယောက်စလုံး နောက်သို့ ပြိုင်တူလိုလိုပင် ဆုတ်ခွာသွားရလေသည်။

သိမ်းငှက်သည် နောက်ဘက်သို့ ခြေငါးလှမ်းမျှ ဆုတ်သွားရသည်။

ထင်းစွမ်းမှာကား ခြေဆယ်လှမ်းနီးပါး ဆုတ်ပေးလိုက်ရလေသည်။

"သူ့ရဲ့အတွင်းအား မဆိုးပါလား"

ထင်းစွမ်းက စိတ်ထဲမှနေ၍ သိမ်းငှက်အား ချီးကျူးလိုက်မိသည်။



စလျှင်စချင်း သိမ်းငှက်က နှာတစ်ဖျားသာသွားသည့်အတွက်လည်း မခံချိမခံသာ ဖြစ်သွားသည်။

သူက သိမ်းငှက်နှင့် ရင်ဆိုင်ရာတွင် ပေါ့ဆ၍ မရမှန်းလည်း သတိပြုမိလိုက်သည်။

ချက်ချင်းပင် အတွင်းအားကို စုစည်း၍. . .

"ဟား"

ညာသံပေးကာ ခုန်ဝင်တိုက်ခိုက်လိုက်ပြန်သည်။

"ဗိုး"

"ဝှစ်"

သူ၏ခန္ဓာကိုယ်သည် မီးခိုးတန်းသဖွယ် သိမ်းငှက် ရှိရာသို့ တိုးဝင်လာလေတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



ထင်းစွမ်း၏ခန္ဓာကိုယ်သည် မြားတစ်စင်းသဖွယ် ဝင်ရောက်လာသည်။

အနီးသို့ ရောက်ရှိလာသည်နှင့် ခြေဖျားဖြင့် တရစပ်ကန်ကျောက်လာသည်။

လျှင်မြန်မှု အသားပေးသိုင်းကွက်ပင် ဖြစ်သည်။

"ဝှီး"

သိမ်းငှက်သည် ဖျတ်ခနဲ ခါးကို ကော့ပစ်လိုက်သည်။

ထင်းစွမ်း၏ခြေဖျားသည် သူ၏မေးရိုးအနီးမှ ပွတ်ကာသီကာ ဖြတ်ကျော်သွားသည်။

ထင်းစွမ်းက လက်သီးများဖြင့်လည်း တိုက်ခိုက်လာလေသည်။

သိမ်းငှက်သည် နောက်ကျွမ်းပစ်ကာ အသည်းအသန်ရှောင်တိမ်းပေးလိုက်ရသည်။

ထင်းစွမ်း၏လက်သီးအစုံသည် သစ်ပင်အား ထိမှန်သွားသည်။

"ဝုန်း"

"ဖြောင်း"

ကျယ်လောင်သော အသံနှင့်အတူ သစ်ပင်မှာကျိုးကြေပြိုလဲကျသွားသည်။

"အတော်ပြင်းတဲ့ လက်သီးပါလား"

သိမ်းငှက်က ရေရွတ်လိုက်သည်။

ထင်းစွမ်း မဲ့ပြုံးပြုံးကာ. . .



"မင်းကိုလည်း တစ်စစီ ဆွဲဆုတ်ပစ်မယ်"

ဟု ကြုံးဝါးလိုက်သည်။

တစ်ဆက်တည်းပင်. . .

"သေပေတော့"

အော်ဟစ်ကာ သိမ်းငှက်အား တရကြမ်းပင် တိုက်ခိုက်လိုက်လေသည်။

ယခုတစ်ကြိမ် သူက ပို၍ ပြင်းထန်စွာ တိုက်ခိုက်လိုက်ခြင်းပင်။

သူသည် သိမ်းငှက်အား တိုက်ခိုက်ခွင့် မပေးတော့ချေ။

သိမ်းငှက်သည် ထင်းစွမ်း၏တိုက်ခိုက်မှုများကို သတိကြီးစွာထား၍ ကာကွယ်နေရသည်။

ထင်းစွမ်းသည် တစ်ချိန်လုံး တိုက်စစ်အနေအထားဖြင့် သိမ်းငှက်အပေါ် ဖိထားသည်။

သိမ်းငှက်သည် ခံစစ်ဖြင့် ရန်သူ၏တိုက်ကွက်များကို ချေဖျက်သည်။

ဤသို့ဖြင့်. . .

ထင်းစွမ်းနှင့် သိမ်းငှက်တို့နှစ်ယောက်သည် ဘတစ်ပြန်ကျားတစ်ပြန် တိုက်ခိုက်လျက်ရှိသည်။

သိုင်းကွက်နှစ်ဆယ်အထိ သဲသဲမဲမဲ တိုက်ခိုက်လာကြသည်။

သိုင်းကွက်နှစ်ဆယ် ကျော်လာသောအခါ. . .

ထင်းစွမ်း၏လက်ငါးချောင်းသည် သိမ်းငှက်၏ပခုံးစွန်း

www.burmeseclassic.com

www.burmeseclassic.com



အား ဆွဲတုတ်မိသွားသည်။

"မြ"

"အား"

သိမ်းငှက် အော်လိုက်မိသည်။

ခြေကိုလည်း ဆတ်ခနဲ ကန်ကျောက်ပစ်လိုက်၏။

သူ၏ခြေကန်ချက်မှာထင်းရွှမ်း၏ပခုံးစွန်းကိုပင် ထိမှန်သွားသည်။

"ဝုန်း"

"အင့်"

ကျယ်လောင်သော အသံနှင့်အတူ ထင်းရွှမ်းထံမှ ညည်းညူသံ ထွက်ပေါ်လာ၏။

ထို့အတူ. . .

နောက်သို့လည်း ဒယီးဒယိုင်ဖြင့် ဆုတ်သွားရ၏။

နှစ်ယောက်သား ဆက်လက် မတိုက်ခိုက်သေးဘဲ အခြေအနေကို ပြန်လည် အကဲခတ်ကြည့် နေကြလေတော့သည်။

♥ ♥ ♥



# သောကနှင့် တာဝန်

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။

နှစ်ယောက်သား မလှုပ်မယှက် ရပ်နေကြသည်။

သိမ်းငှက်က ဒဏ်ရာအား သွေးထွက်မလွန်စေရန် သွေးကြောကို ထိုးပိတ်လိုက်သည်။

မျက်လုံးကတော့ ထင်းရွှမ်းအား လုံးဝအလွှတ်မပေးချေ။

ထင်းရွှမ်းလည်း ထိုနည်းနှယ်ပင်။

အဆစ်လွဲသွားသော ပခုံးအား ပြန်လည်ကုသလိုက်၏။

ထို့နောက်. . .

"ခြွမ်း"

ကျောမှ ဓားအား ဆွဲထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းလက်သော ဓားရောင်က ထွက်ပေါ်လာသည်။

သိမ်းငှက် သက်ပြင်းချလိုက်မိသည်။

သူ့အနေဖြင့် နောက်ဆုတ်၍ မရတော့ပါ။

ထင်းစွမ်းအား ရှင်းလင်းနိုင်မှသာ ဖြစ်တော့မည်။

သို့မဟုတ်ပါက သူကြိုးစားသမျှ သဲထဲရေသွန် ဖြစ်သွားရပေမည်။

"ခြွမ်း"

သိမ်းငှက်က ဓားကို ဖြည်းညင်းစွာ ဆွဲထုတ်လိုက်၏။

တစ်ဆက်တည်း ဓားကိုင်လက်ကို ဘေးသို့ ဆန့်တန်းထားလိုက်လေသည်။

ထင်းစွမ်း၏မျက်လုံးများ စူးရှတောက်ပြောင်လာ၏။

သူတို့ သူသေကိုယ်သေ ရင်ဆိုင်ရပေတော့မည်။

ထို့ကြောင့် ပြင်းထန်၍ ရက်စက်သော ဓားကွက်ကို အသုံးပြုကာ စတင်တိုက်ခိုက်လိုက်တော့သည်။

♥ ♥ ♥

"ယား"

ညာသံပေးသံ တစ်ချက် ထွက်ပေါ်လာသည်။

ဓားရောင်တစ်ချက်လည်း ဝင်းလက်သွားသည်။

ထိုအတူ. . .

ထင်းစွမ်းသည်လည်း သိမ်းငှက် ရှေ့သို့ ခုန်လွှားရောက်



ရှိလာလေသည်။

သိမ်းငှက် ရုတ်တရက် လှုပ်ရှားလိုက်သည်။

ဆန့်တန်းထားသောလက်သည် ချက်ချင်းရှေ့သို့ တိုးထွက်သွားသည်။

သူ၏လက်ထဲမှ ဓားသည် ကျရောက်လာသော ထင်းစွမ်း၏ဓားချက်အား ခုခံပြီးသား ဖြစ်သွား၏။

"ချွင်"

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်။ မီးပွင့်ကလေးများ ဖြာထွက်သွားသည်။

"ယား"

"ကျား"

နှစ်ယောက်သား ညာသံကိုယ်စီပေးကာ ထပ်မံတိုက်ခိုက်လိုက်ကြသည်။

ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်နေလေသည်။

နှစ်ယောက်စလုံး သဲကြီးမဲကြီး တိုက်ခိုက်နေကြပေတော့သည်။

အောက်တွင် ဆီးနှင်းတွေ ရွှဲရွှဲစိုလျက် ရှိသည်။

ထို့ကြောင့် သိုင်းသမားများ တိုက်ခိုက်ရာတွင် အောက်ခြေမယိုင်မလဲအောင် အထူးအရေးကြီး၏။

ထင်းစွမ်းသည် သိမ်းငှက်ကို တိုက်ခိုက်ရာတွင် အမှားအယွင်းတစ်ခု ရှိနေကြောင်း သိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သိသိချင်း သူသည် သိမ်းငှက် နောက်သို့ သိုင်းကွက်ကို ပြောင်းလဲကာ ဆက်လက်တိုက်ခိုက်လိုက်သည်။

"ဝှီး"

"ဝှီး"

လေတိုးသံ ထွက်ပေါ်လာသည်။

"ချွင်. . ချွင်"

ဓားနှစ်ချင်း ထိခတ်သံလည်း ဆူညံစွာ ထွက်ပေါ်လာသည်။

ဓားနှစ်ချင်း ဆက်လက်တိုက်ခိုက်ကြရာတွင် တိုက်ခိုက်မှုများမှာ လွန်စွာ ပြင်းထန်နေသည်။

အလွန်လျင်မြန်သည်။

ထို့အပြင်ဓားကွက်အပြောင်းအလဲများကလည်း ပေါများလှသည်။

သူတို့သည် တစ်ယောက်ကိုတစ်ယောက် ပြင်းထန်စွာ တိုက်ခိုက်ကြရင်း နောက်ထပ် သိုင်းကွက်သုံးဆယ် ကျော်လာပြန်သည်။

အခြေအနေအရ နှစ်ဘက်စလုံး လက်ရည်အနည်းငယ် ကျလာသည်။

တိုက်ခိုက်မှု အရှိန်ကိုတော့ မလျှော့ရဲသေးပါ။

အလျှော့ပေးသူသည် ဦးစွာ ဒုက္ခတွေ့သွားမည် မဟုတ်ပါလား။

"သိမ်းငှက်၊ မကြာခင် မင်းဘဝပြောင်းရတော့မယ်"



ထင်းစွမ်းက မထိတရိ ပြောလာသည်။

သိမ်းငှက်ကလည်း အားကျမခံ ပြန်ပြောလိုက်သည်။

"ကျုပ်ကလဲ မင်းတို့လို အနက်ရောင်ဒုစရိုက်သမားတွေကို အမှုထားတာ မဟုတ်ဘူး၊ မကြာခင် အဖြေပေါ်တော့မှာပါ"

ပြောရင်း အတွင်းအားကို စုစည်းကာ ဓားကိုင်လက်ဆီသို့ ပို့ဆောင်လိုက်သည်။

ထို့နောက်. . .

ခြေကိုခွဲ၍ ရပ်ကာ ဓားဦးကို ရှေ့သို့ ချိန်ရွယ်ထားလိုက်သည်။

သူ၏ပုံဟန်မှာ ထိုးသုတ်တော့မည့် လင်းယုန်ငှက်မိုင်းကဲ့သို့ပင်။

ထင်းစွမ်း သက်ပြင်းတစ်ချက်ချလိုက်၏။

စိတ်ကို အတတ်နိုင်ဆုံး စုစည်းကာ အတွင်းအား ထုတ်ဖော်လိုက်သည်။

သူက သိမ်းငှက်အား တိုက်ခိုက်ရန် မလွယ်မှန်း သိထားပေသည်။ သို့သော် သူက မကြောက်ပါ။

လက်ဦးမှုရယူရန် အကွက်ချောင်းနေသည်။

သိမ်းငှက်က မလှုပ်မယှက် ရပ်နေ၏။

ထင်းစွမ်း ပြုံးလိုက်သည်။

"မင်း ဘယ်လောက်ထိ ငြိမ်နေနိုင်မလဲ စမ်းကြည့်ရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



နှုတ်မှ ရေရွတ်ကာ လွှားခနဲ ဝင်ရောက်သွား၏။

ထို့နောက်. . .

သိမ်းငှက်အား လျှပ်တစ်ပြက် တိုက်ခိုက်လိုက်တော့သည်။

♥ ♥ ♥

"ဝှီး"

လေတိုးသံ ထွက်ပေါ်လာသည်။

ဓားအရှိန်သည် သိမ်းငှက်၏မျက်နှာအား လာဟပ်၏။

ဓားဦးသည် သူ၏ရင်ဝသို့ တည့်မတ်စွာ တိုးဝင်လာသည်။

သိမ်းငှက်က တစ်ဖက်သို့ ဆတ်ခနဲ ရှောင်ထွက်လိုက်သည်။

ခန္ဓာကိုယ်သည်ကား လုံးဝမရွေ့ပါချေ။

ထင်းစွမ်းသည် လွဲချော်သွားသော ဓားအား ဆတ်ခနဲ ပြန်ဆွဲယူကာ သိမ်းငှက်အား ဓားသုံးချက်တိတိ ခုတ်ပိုင်းလိုက်သည်။

အလွန်အပြောင်းအလဲ မြန်ဆန်လှသော ဓားချက်ပင်။

တစ်ချက်ကလေး မှားသည်နှင့် အသက်ပါသွားနိုင်သည်။

ယခုတစ်ကြိမ်. . .



သိမ်းငှက် မရှောင်တော့ပါ။

အတွင်းအားပို့ဆောင်ထားသော ဓားကိုင်လက်အား ဆတ်ခနဲ ဝှေ့ယမ်းလိုက်သည်။

ထင်းစွမ်း၏ဓားချက်များအား ခတ်ထုတ်ပစ်လိုက်သည်။

"ချွင်"

"ချွင်"

ကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။

ထင်းစွမ်း၏ဓားချက်များအား သိမ်းငှက်က တိကျစွာပင် ခုခံပေးနိုင်ခဲ့သည်။

ထင်းစွမ်း၏ဓားကိုင်လက်ပင် ထုံကျဉ်သွားရသည်။

ရုတ်တရက်. . .

သူ၏မျက်လုံးထဲဝယ် ကောက်ကျစ်စဉ်းလဲသည့် ဟန်မူရာများ ထွက်ပေါ်လာသည်။

ထင်းစွမ်း နောက်သို့ ခုတ်ဆုတ်ကာ အကြိမ်ကြိမ်လက်ဝှေ့ယမ်းလိုက်သည်။

ရုတ်တရက်. . .

"ဝှစ်. . . ဝှစ်. . . ဝှစ်"

လေတိုးသံများ ထွက်ပေါ်လာသည်။

ဓားပျံသုံးလက်သည် သိမ်းငှက်ထံ ရုတ်ခြည်းတိုးဝင်လာသည်။

"ဟင်"

သိမ်းငှက် မျက်လုံးပြူးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် စကြာဓားသိုင်းကွက် အသုံးပြုကာ ခန္ဓာကိုယ်တစ်ခုလုံး ကာကွယ်လိုက်သည်။

"ချွင်. . . ချွင်. . . ချွင်"

ကျယ်လောင်သော မြည်သံနှင့်အတူ ဓားပျံများ အဝေးသို့ လွင့်စဉ်သွားလေသည်။

ထိုအခိုက်. . .

ထင်းစွမ်းသည် ရုတ်ခြည်းပျောက်သွားသည်။

မည်သည့်နေရာ ရောက်သွားသည်မသိ။

သိမ်းငှက် အသာငြိမ်နေလိုက်၏။

အကြားအာရုံကိုလည်း အစွမ်းကုန် ဖွင့်ထားလိုက်သည်။

"ရှပ်"

ခြေသံတစ်ချက်. . .

"ဝှီး"

သိမ်းငှက်သည် နောက်ဘက်သို့ ကျွမ်းပစ်၍ တစ်ဖက်မှ ပြေးဝင်တိုက်ခိုက်လာသော ဓားချက်ကို ဖြတ်ခုတ်ချလိုက်သည်။

"ချွင်"

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

ပြင်းထန်သော ဓားချက်ကြောင့် ထင်းစွမ်း အနည်းငယ် ဟန်ချက်ပျက်သွားသည်။

ဤအခွင့်အရေးကို သိမ်းငှက်က မိမိရရ အသုံးပြုလိုက်သည်။

ချက်ချင်း မြေပေါ်ခြေဆောင့်၍ ခုန်ထွက်ရင်း ဓားဦး



အား အောက်သို့ စိုက်ချလိုက်သည်။

ဓားဦးသည် ထင်းစွမ်း၏ရင်အား ထိုးခွဲသွားသည်။

"ဝှီး"

"အင့်"

ထင်းစွမ်းထံမှ မသဲမကွဲ ညည်းညူသံ ထွက်ပေါ်လာ၏။

သိမ်းငှက်က မြေပေါ် ပြန်ကျလာသည်နှင့် ဓားကို ဆန့်တန်းပစ်လိုက်သည်။

ဓားဦးချွန်သည် ထင်းစွမ်း၏ဝမ်းဗိုက်အား နက်ရှိုင်းစွာ နစ်ဝင်သွားတော့သည်။

ထင်းစွမ်း၏မျက်လုံးအစုံ ပြူးကျယ်သွားသည်။

သွေးများလည်း မြင်မကောင်းအောင် ထွက်လာသည်။

"မင်း. . မင်း"

သိမ်းငှက်အား အခဲမကျေစွာ ကြည့်ရင်း ဓယီးဒယိုင်ဖြင့် နောက်ဆုတ်သွား၏။

ထို့နောက်. . .

"ဝုန်း"

မြေပေါ် အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲ ပြီးဆုံးသွားချေပြီ။

ထင်းစွမ်း သွေးအိုင်ထဲ လဲကျနေသည်။

မည်သည့်အချိန်တွင်မျှ ပြန်လည် ထနိုင်တော့မည်မဟုတ်ပါချေ။

ထို့အတူ. . .

သိမ်းငှက်၏လျှို့ဝှက်ချက်ကိုလည်း ဖော်ထုတ်နိုင်တော့မည် မဟုတ်ပါချေ။

မိမိသည် သိမ်းငှက်၏လက်ချက်ဖြင့် သေဆုံးရကြောင်းကိုလည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဖွင့်မပြောနိုင်တော့ပေ။

သိမ်းငှက် လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

ထင်းစွမ်း၏အလောင်းအား တစ်ချက်မျှ ငုံ့ကြည့်လိုက်ပြီး မျက်နှာမှ ချွေးများအား သုတ်လိုက်သည်။

သူသည် ထင်းစွမ်းအား မသေစေလိုပါ။

မည်သို့မှ ရွေးစရာ မရှိခြင်းကြောင့်သာ ရှင်းလင်းပစ်လိုက်ရခြင်း ဖြစ်သည်။

ထင်းဟွားအား မည်သို့ ရင်ဆိုင်ရမည်နည်း။

သိမ်းငှက်၏ရင်ထဲ ကျောက်ခဲများ ဆွဲထားရသလို လေးလံလာမိသည်။

မိမိတို့ကို မြို့စားဂေဟာသိုင်းသမားများက ဝိုင်းဝန်းတိုက်ခိုက်လေဟန် သရုပ်ဆောင်ရုံမှတပါး အခြားနည်းလမ်း မရှိတော့ပါချေ။



သိမ်းငှက်သည် ထင်းစွမ်း၏အလောင်းအား ပွေ့ကာ ပခုံးပေါ် ထမ်းတင်လိုက်၏။

ထို့နောက်. . .

နှေးကွေးလေးလံသော ခြေလှမ်းအား စတင်လှမ်းလိုက်လေတော့သည်။

♥ ♥ ♥

ပဋ္ဌမမြောက် ခြသေ့်တောင်ကုန်းတစ်နေရာတွင် မီးတောက်မီးလျှံများ တောက်လောင်၍နေသည်။

တောမီးလောင်နေသည်လား။

သို့တည်းမဟုတ်. . .

ယာတောများ၌ တောချုံများကို ရှင်းလင်းခုတ်ထွင် မီးရှို့နေသည်ပဲလား။

မဟုတ်ပါချေ။

အသုဘအလောင်းတစ်ခုအား မီးသဂြိုလ်နေခြင်းသာ ဖြစ်ပေတော့သည်။

ထိုအလောင်းကား ထင်းစွမ်းပင်။

ခြသေ့်ဂိုဏ်းဝင်များသည် သခင်လေးထင်းစွမ်း၏ အသုဘရုပ်အလောင်းကို မီးသဂြိုလ်ပေးနေကြသည်။

ခြသေ့်ဂိုဏ်းဝင်များ အနေဖြင့် မည်သည့် အကြောင်းကြောင့် ကွယ်လွန်အနိစ္စ ရောက်သည်ဖြစ်စေ၊ အသုဘရုပ်

www.burmeseclassic.com

www.burmeseclassic.com



အလောင်းကို ဤတောင်ကုန်း ဤနေရာတွင် မီးသဂြိုလ်ခဲ့ကြသည်ချည်းသာ ဖြစ်ပေသည်။

အဝေးတစ်နေရာတွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည့် တိုင်အောင် အရိုးပြာအိုးကို ဤနေရာသို့ ယူဆောင်ကာ ထပ်မံ သဂြိုလ်ခဲ့လေသည်။

ယခု. . .

ထင်းစွမ်း၏ရုပ်အလောင်းကို သိမ်းငှက်နှင့် ထင်းဟွားတို့က စန်းကျိုးမြို့မှ ပြန်လည်သယ်ဆောင်ယူလာခဲ့သည်။

သိမ်းငှက်က ခြင်္သေ့ဂိုဏ်းချုပ်အား အသိပေးပြောကြားရာတွင် ထင်းစွမ်းအား မြို့စားဂေဟာသိုင်းသမားများက ဝိုင်းရံတိုက်ခိုက်နေစဉ် မိမိက တွေ့ရှိ၍ ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း၊

ထင်းစွမ်းမှာ ရန်သူ့လက်ချက်ဖြင့် ကျဆုံးသွားပြီး မိမိမှာလည်း ဒဏ်ရာများ ရရှိသည့်ကြားက ထင်းစွမ်း၏အလောင်းအား ပြန်လည်သယ်ဆောင်လာကြောင်း ပြောကြားအသိပေးခဲ့လေသည်။

ထင်းဟွားမှာ မျက်မြင်ကိုယ်တွေ့ မဟုတ်သော်လည်း သူမကိုယ်တိုင်က ယုံကြည်စွာ လက်ခံထားသဖြင့် ဂိုဏ်းချုပ်ထင်းရိုဖုံးကလည်း မိမိ၏သားဖြစ်သူ ထင်းစွမ်းမှာ အမှန်တကယ် မြို့စားဂေဟာသိုင်းသမားများ၏ တိုက်ခိုက်ခြင်းကို ခံလိုက်ရသည်ဟု ယုံကြည်နေသည်။

သိမ်းငှက်အပေါ် သံသယ မဝင်ခဲ့ပါ။



ထင်းရိုဖုံး၏မျက်နှာပေါ်ဝယ် ကြေကွဲမှုများ ဖြစ်ပေါ်နေသည်။ မျက်လုံးအစုံ ရီဝေနေ၏။

သားဖြစ်သူအတွက် လွန်စွာ စိတ်ထိခိုက်နေပုံရသည်။

သူသည် မိသားစုနှင့်အတူ ရွှေစက္ကူငွေစက္ကူများကို မီးရှို့ကာ ဆုတောင်းပေးနေသည်။

ပျောက်အိုးများကို အတွဲလိုက်မီးရှို့၍ ဖောက်ခွဲနေသည်။

"ရဲ. . . ရဲ"

"ဖောင်း. . . ဖောင်း"

စက္ကူမီးရှို့သံ၊ ပျောက်အိုးသံ၊ အတွဲလိုက် မီးလောင်ပေါက်ကွဲနေသံများ ပွက်လောရိုက်လျက် ရှိသည်။

ဂိုဏ်းချုပ်ထင်းရိုဖုံးသည် မီးတောက်မီးလျှံများကို တွေတွေကြီး စိုက်ကြည့်နေသည်။

ထင်းဝမ်းမှာကား မီးတောက်မီးလျှံများ အတွင်းမှ ထင်းစွမ်း၏ရုပ်အလောင်းကို ကြည့်ကာ အံကို ကြိတ်လိုက်သည်။

လက်အစုံကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားလေသည်။

မိခင်ကြီးရှမ်းအင်းမှာကား ရွှေစက္ကူငွေစက္ကူများကို မီးရှို့ရင်းမှ မျက်ရည်များ တွေတွေစီးကျနေသည်။

ထင်းဟွားမှာကား မျက်နှာကို ဝှက်ကာ တရှုံ့ရှုံ့ငိုကြွေးလျက် ရှိနေ၏။

မြင်ကွင်းကား စိတ်မချမ်းမြေ့စရာပင်. . .

www.burmeseclassic.com

www.burmeseclassic.com



ထင်းဟွား၏ဘေးတွင် သိမ်းငှက်က ငူငူကြီး ရပ်နေ၏။

သူတို့ နောက်တွင် ခြသေ့်ဂိုဏ်းသားများ ဝိုင်းရံ၍ ထားလေသည်။

သူတို့အားလုံး ထင်းစွမ်းအတွက် စိတ်မကောင်း ဖြစ်နေကြရသည်။

"သခင်လေးထင်းစွမ်း ကောင်းရာသုဂတိလားပါစေ"

ဟု ဆုတောင်းမေတ္တာပို့ပေးနေကြသည်။

သိမ်းငှက်သည် တာဝန်အရ လှုပ်ရှားဆောင်ရွက်နေရသည်မှာ မှန်သော်လည်း ယခုလို အဖြစ်မျိုး ကြုံဆုံလာရသောအခါတွင်တော့ ရင်ထဲ မကောင်းပါချေ။

အထူးသဖြင့်. . .

ထင်းစွမ်းနှင့် ပတ်သက်၍ ထင်းဟွားအတွက် စိတ်မကောင်း ဖြစ်ရသည်။

ထင်းဟွား စိတ်ထိခိုက်နေသည်ကို သိမ်းငှက် မကြည့်ရက်နိုင်ပါ။

ဖြစ်နိုင်လျှင် သူက အမှန်အတိုင်းသာ ပြောပြလိုက်ချင်မိသည်။ သို့သော် အဖြစ်မှန် ထုတ်ဖော်ပြောပြ၍လည်း မဖြစ်ပါ။

ထို့ကြောင့်. . .

သူက စိတ်ထဲ လိပ်ပြာမသန့် ဖြစ်နေမိသည်။

"ထင်းဟွားကို မေတ္တာရှိတာ မှားများမှားနေပြီလား"

တွေးရင်း ထင်းဟွားကို ငဲ့၍ ကြည့်လိုက်သည်။

ထင်းဟွားနှင့် အကြည့်ချင်းဆုံသွားလေသည်။



ယခုလို အချိန်မျိုးတွင် ထင်းဟွားအား အတတ်နိုင်ဆုံး အားပေးနှစ်သိမ့်လိုသည်။

သို့သော်. . .

အားလုံး ရှေ့မှောက် ရောက်နေသဖြင့် မသိကျိုးကျွံပြုနေလိုက်ရသည်။

ထင်းဟွားကား ငိုရှိုက်နေဆဲပင်။

သူမ မျက်လုံးအစုံသည် နီမြန်းပြီး မို့မောက်၍နေသည်။

ထင်းစွမ်းအား သဂြိုလ်သည့် မီးတောက်မီးလျှံများ ငြိမ်းသေသွားသောအခါ ဂိုဏ်းသားအချို့က လွဲ၍ အားလုံး လာရာလမ်းအတိုင်း ပြန်လျှောက်သွားကြတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



# သံသယဂယက်ထဲဝယ်

ဦးလေးကြီးချိမှ ထမင်းဆိုင်. . .။

ညနေစောင်းအချိန် သိမ်းငှက်သည် ထိုဆိုင်သို့ ရောက်လာသည်။

သူ၏စိတ်ထဲ မကြည်မလင် ဖြစ်နေ၏။

ထို့ကြောင့်. . .

ဤဆိုင်သို့ လာရောက်အရက်သောက်ခြင်းပင် ဖြစ်သည်။

ချိမှက အကင်းပါးသည်။

ထွေထွေထူးထူး မပြော။

မှာကြားထားသည်များအား သွားရောက်ချပေးကာ ကိုယ်လုပ်စရာ ရှိသည်ကို ဆက်လုပ်သည်။



သိမ်းငှက်က အရက်တစ်ကျိုက်မော့သောက်လိုက်ပြီး အမြည်းတစ်ဖဲ့ စားလိုက်သည်။

အမြည်းမှာကား ဆိတ်သားခြောက်မီးကင် ဖြစ်သည်။

တောင်ခြေတောအရပ်မှာကား အရက်မှာ စိမ်ရည် ဖြစ်ပြီး အမြည်းမှာ တောကောင်တစ်ကောင်ကောင်၏ အသားခြောက် အသားဟင်းက များသည်။

ချိမှက သိမ်းငှက် အရက်သောက်နေသည်ကို မျှော်ငေးကြည့်ရင်း. . .

"သခင်လေးထင်းစွမ်း သေဆုံးသွားတာကတော့ ခြသေ့်ဂိုဏ်းရဲ့ အသည်းနှလုံး ပြုတ်ထွက်သွားရသလိုပါပဲကွယ်"

ဟု ရေရွတ်လာသည်။

သိမ်းငှက် ဘာမျှ ပြန်မပြောပါ။

အရက်ကိုသာ ဖိ၍သောက်လိုက်သည်။

ထိုအခိုက်. . .

ခြသေ့်ဂိုဏ်းသားငါးယောက် စကားတပြောပြောနှင့် ထမင်းဆိုင်အတွင်းသို့ ဝင်လာသည်။

ခေါင်းဆောင်လာသူတို့မှာကား ဝမ်းယို၊ ဖိန်းလီနှင့် ရှောင်အော့တို့သုံးယောက် ဖြစ်သည်။

သူတို့သည် သိမ်းငှက်ကို တွေ့လိုက်ရသောအခါ စန်းတိုးမြို့ အချုပ်ခန်းထဲမှ အတူထွက်ပြေးလာသူများအဖြစ် သိမ်းငှက်နှင့် ရင်းနှီးထားရကား. . .

"ဟော့. . သိမ်းငှက်၊ သခင်လေးထင်းစွမ်း ကျဆုံးခဲ့ရတာ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ပတ်သက်လို့ မင်း ဘယ်လိုမြင်သလဲ"

ဟု မေးလာသည်။

သိမ်းငှက်၏စားပွဲတွင်လည်း နေရာဝင်ယူလိုက်ကြသည်။ သိမ်းငှက် သက်ပြင်းချကာ. . .

"ကျုပ်က ဘာမြင်ရမလဲ၊ စိတ်မကောင်း ဖြစ်ရတာပေါ့"

ဟု ပြောလိုက်သည်။

"ဒါကို ပြောတာ မဟုတ်ဘူးကွ"

ဟု ဝမ်းဟုံက ပြော၏။

ဖိန်းလီက. . .

"သူပြောချင်တာ ရှိတယ်လေ"

ဟု ပြောလိုက်သည်။

ရှောင်အော့က. . .

"ပွင့်ပွင့်လင်းလင်းပေါ့ကွာ၊ သခင်လေးထင်းစွမ်းကို ဘယ်သူ သတ်လိုက်တာလဲလို့ မေးနေတာ"

ဟု ပြောလိုက်သည်။

သိမ်းငှက် ခေါင်းယမ်းလိုက်သည်။

"ကျုပ် မပြောချင်တော့ဘူး။ အခုစိတ်ညစ်လို့ အရက်လာသောက်တာ"

ဟု ပြောသော်လည်း သူတို့က ပြောမရ ဆက်ပြောနေလေသည်။

သည်တော့လည်း သိမ်းငှက်က အရက်ခွက်ကို မော့ချလိုက်သည်။



ပြီး သက်ပြင်းတစ်ချက်ကို ချသည်။

"နေစမ်းပါဦး၊ ဒီကိစ္စနဲ့ ပတ်သက်လို့ ခင်ဗျားတို့က ကျုပ်ကို ဘာပြောချင်တာလဲ"

သိမ်းငှက်က ပြန်ကြမ်းလိုက်သောအခါတွင်ကား ဝမ်းဟုံက လက်ကျန်အရက်ခွက်ကို မော့ချလိုက်ပြီး အရက်ခွက်ကို ကိုင်လျက် လက်နှင့် သိမ်းငှက်ဘက်တိုးကာ. . .

"ဟေ့. . . သိမ်းငှက်၊ သခင်လေးထင်းစွမ်း သေရတာ မင်းတို့နှစ်ယောက်မှာ တာဝန်အရှိဆုံးလို့ ဆရာကြီးထင်းဝမ်းက ပြောနေပြီကွ၊ အဲဒါကို မင်းသိလား"

ဟု ပြောလိုက်လေရာ သိမ်းငှက် မျက်မှောင်ကုပ်၍. . .

"သူက ထင်းဟွားကိုပါ မသင်္ကာ ဖြစ်နေတာလား"

"ဒါမေးစရာ မလိုပါဘူး"

"မင်းတို့နှစ်ယောက် စန်းကျိုးမြို့ကို ဘာသွားလုပ်တာလဲ၊ သခင်လေးကရော ဘာဖြစ်လို့ လိုက်သွားရတာလဲ"

ရှောင်အော့က တရားသူကြီးလေသံမျိုးနှင့် မေးလိုက်လေသည်။

သိမ်းငှက် စိတ်ရှုပ်သွားသည်။

သူက ထရပ်ရန် ဟန်ပြင်လိုက်စဉ်မှာပင်. . .

"ဒီကိစ္စ ရှင်းရှင်းလေးကို ရှင်တို့က ဘာဖြစ်လို့ ထပ်ပြီး ရှုပ်ချင်ရတာလဲ၊ တဆိတ်ရှိ ရှင်တို့က သူ့ကိုပဲ ဘာဖြစ်လို့ အပြစ်ပြောနေရတာလဲ"

စကားသံ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲသို့လည်း နောက်ထပ် လူတစ်ယောက် ထပ်ဝင်လာသည်။

ထင်းဟွားပင် ဖြစ်သည်။

ရှောင်အော့တို့လူစု မျက်နှာပျက်သွားသည်။

သူတို့သည် ထင်းဟွား ရှေ့တွင်မူ မလေးမစား မပြောဝံ့ကြချေ။

ဝမ်းယုံကပဲ မျက်နှာချိုသွေးကာ. . .

"ဪ. . . သခင်မလေးပါလား၊ ကျုပ်တို့က ဒီစကားကို အတည်ပြောနေတာ မဟုတ်ပါဘူး။ သူ့ကို ခင်မင်လို့ စနောက်နေကြတာပါ"

ဟု ပြောပြီး သူတို့ချင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ အချက်ပြလိုက်၏။

ထို့နောက်. . .

ဆိုင်ထဲမှ အလျှိုအလျှို ထွက်ခွာသွားကြတော့သည်။

"ဝမ်းယုံတို့လူစုက ဒီလိုပဲ ရောက်ရာအရပ်မှာ ပြဿနာရှာတတ်ကြတာပါလား"

ဟု မှတ်ချက်ချလိုက်သည်။

သိမ်းငှက်က. . .

"အားလုံးသိထားတဲ့ အကြောင်းကို သူတို့က ထပ်ပြောပြီး ပြဿနာရှာချင်ပုံရတယ်"

ဟု ပြောလိုက်သည်။

ချိမု တရားရလေဟန် ခေါင်းတညိတ်ညိတ်လုပ်ကာ. .



"ဪ. . လူတွေ. . လူတွေ"

တစ်ကိုယ်တည်း ရေရွတ်ကာ အနီးမှ ထွက်ခွာသွားလေသည်။

သိမ်းငှက်နှင့် ထင်းဟွားတို့သည်လည်း ဆိုင်ထဲမှ ထွက်ခွာလာခဲ့ကြတော့သည်။

♥ ♥ ♥

သိမ်းငှက်နှင့် ထင်းဟွားတို့ နှစ်ယောက်သည် မြင်းကိုယ်စီ စိုင်းနှင်း၍ မေစင်းတို့ စိုက်ခင်းယာတောအိမ်သို့ လာခဲ့လေသည်။

ယာတောအိမ်သို့ မရောက်မီ ချောင်းကူးတံတားဘေးရှိ ကွန်းထောက်ဆောင်တွင် တစ်ထောက်နားသည်။

ကွန်းထောက်ဆောင်ပေါ်တွင် ခရီးသည်တစ်ဦးတစ်လေမျှ မရှိချေ။

သူတို့နှစ်ယောက်သည် ကွန်းထောက်ဆောင်တွင် ခြေတွဲလွဲချလျက် ယှဉ်တွဲ၍ ထိုင်ကာ ယာတောစိုက်ခင်းများမှ ဖြတ်သန်းတိုက်ခတ်လာသော လေပြည်လေညင်းက ချစ်သူနှစ်ဦး၏ ရင်ကို အေးမြကြည်လင်၍ သွား၏။

"သူတို့ တစ်ယောက်တစ်ပေါက် ပြောနေကြတာကို စိတ်ပျက်နေပြီလား အစ်ကို"

ထင်းဟွားက စတင်မေးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



*ထိုအခါ. . .*

သိမ်းငှက်က အသာအယာပြုံးကာ. . .

"ကျုပ် သူတို့ကို မမှုပါဘူး။ ဒါပေမယ့် တစ်ခုပဲ စိုးရိမ်တယ်"

"ဘာများလဲဟင်"

ထင်းဟွားက အလျင်စလို မေးလာ၏။

သိမ်းငှက်က သူမအား စိုက်ကြည့်ကာ. . .

"ညီမ မုန်းသွားမှာကိုပါ"

"ဩော်. . . အစ်ကိုရယ်"

ထင်းဟွားက သူ၏ရင်ခွင်ထဲ တိုးဝင်လာသည်။

သိမ်းငှက် အသာအယာ ထွေးပွေ့ထားလိုက်သည်။

ထင်းဟွား တစ်ချက်ပြုံးကာ. . .

"ညီမက ဘာကြောင့် အစ်ကို့ကို မုန်းရမှာလဲ"

ဟု ထင်းဟွားက ကောက်ကာငင်ကာ မေးလိုက်သော အခါ သိမ်းငှက်သည် ထင်းဟွားကို ကြည့်ကာ စိတ်လှုပ်ရှားသွားမိလေသည်။

စိတ်ထဲမှလည်း. . .

"ဒီစကားတွေ ကျုပ်ပြောနေတာ အကြောင်းရှိပါတယ်ညီမရယ်၊ တကယ်တော့ ကျုပ်ဟာ ညီမတို့ရဲ့ မဟာရန်သူတစ်ယောက်ပါပဲ"

ဟု ပြောနေမိသည်။

သို့သော်. . .



ထိုစကားမျိုး သိမ်းငှက် မည်သို့ ပြောထွက်ပါမည်နည်း။

သူက တွေ့ဝိုက်ကာ ဖြေလိုက်ရသည်။

"လောကမှာ လူတွေဟာ တစ်ယောက်ကိုတစ်ယောက် အထင်မှား အမြင်မှား ဖြစ်တတ်လွန်းလို့ပါ"

ထိုသို့ ပြောရသည်ကိုပင် လိပ်ပြာမသန့် ဖြစ်နေမိလေသည်။

"အို. . . ဘယ်သူတွေ ဘာပြောပြော ကျွန်မ သူတို့ပြောတာကို မယုံပါဘူး"

"သူတို့တွေက ကျုပ်ကို ဘာတွေ ပြောနေကြလို့လဲ"

"အစုံပဲပေါ့၊ အစ်ကိုစိတ်အနှောင့်အယှက် ဖြစ်မယ့် စကားတွေကို ကျွန်မ မပြောချင်ပါဘူး"

"ကျုပ်သိချင်လို့ပါ၊ နည်းနည်းလောက်တော့ ပြောပြပါလား"

သည်တစ်ကြိမ်မှာကား သိမ်းငှက်သည် မိမိကို ခြသေ့်ဂိုဏ်းသားတွေ မည်သို့ နားလည်ထားကြောင်း အမှန်တကယ်ပဲ သိချင်စိတ် ဖြစ်ပေါ်လာသည်။

"ပြောပြပါလား ညီမရယ်"

"ကျွန်မ ဒီအကြောင်းတွေ ပြောပြလို့ အစ်ကိုက ဒီက ထွက်သွားမှာလားဟင်"

သည်တော့လည်း သိမ်းငှက် ဖြေရခက်သွားပြန်သည်။

သူတို့တွေ မိမိအပေါ် မည်မျှသော အတိုင်းအတာထိ နားလည်ထားပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် ဖမ်းဆီး၍ နှိပ်စက်ညှင်းပမ်းမည်လော။

သို့မဟုတ်. . .

ခြသေ့်ဂိုက်းကြီးတွင် ယခု နောက်ပိုင်း ဖြစ်ပျက်လာသော ပြဿနာအရပ်ရပ်သည် မိမိပယောဂမကင်းဟူသော သံသယမျိုးလောက်ပင်လော။

သိမ်းငှက်က ဖြစ်နိုင်သော အကြောင်းအရာအားလုံးကို ခံစားကြည့်လိုက်ခြင်းပင်။

ထိုအခါ ထင်းဟွားက မော့ကြည့်လာသည်။

"အစ်ကို"

ဟု တိုးတိတ်စွာ ခေါ်လာသည်။

"ဘာလဲ ညီမ"

"ကျွန်မတို့နှစ်ယောက်ရဲ့ ဘဝဟာ နီးမလိုနဲ့ ဝေးကြရဦးမလား မသိဘူးနော်"

သူမက သက်ပြင်းချကာ ဆက်ပြောသည်။

"အခု အစ်ကိုကြီး သေရတာ အစ်ကို့ပယောဂ မကင်းဘူးလို့ ဦးကြီးထင်းဝမ်းက ထင်နေတယ်၊ ဒီကိစ္စ ကျွန်မသိသင့်သိထိုက်တယ်လို့လဲ ထင်နေတယ်"

"အဲဒီတော့ ညီမက သူ့ကို ဘာပြန်ပြောလိုက်သလဲ"

"ကျွန်မနဲ့ အစ်ကို စန်းကျိုးမြို့ကို အတူသွားကြတယ်၊ အတူသွားရင်း အစ်ကိုကြီးနဲ့ မြို့စားဂေဟာ သိုင်းသမားတွေ တိုက်ခိုက်နေတာ တွေ့လို့ ကျွန်မနဲ့ အစ်ကို ဝင်တိုက်ခိုက်ခဲ့ရတယ် ဆိုတဲ့ အကြောင်းပဲပေါ့"



ထိုစကား ကြားလိုက်ရသောအခါ သိမ်းငှက် ရင်ထဲ အေး၍ သွားလေသည်။

"ညီမ ဒီလိုပဲ ပြောလိုက်တယ်ပေါ့"

"ဟုတ်ပါတယ်"

"ကျေပ် ညီမကို ယုံပါတယ်ကွယ်"

သူက ထင်းဟွားကို အသာအယာ ပွေ့ဖက်ထားလိုက်မိလေတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## အစီအစဉ်

ညသည် တိတ်ဆိတ်ငြိမ်သက်နေသည်။

ခြံသို့တောင်ပေါ်တွင် ထင်းမီးဖိုကလေးများ ဟိုနားတစ်စု၊ သည်နားတစ်ခု လင်းလက်နေသည်ကလွဲ၍ အရာရာသည် ပိန်းပိတ်အောင် မှောင်မည်း၍နေသည်။

ဆီးနှင်းများ တဖွဲဖွဲကျနေသည့် အသံကိုကား နေရာတိုင်းမှာ ကြားနေရလေသည်။

သည်လို ဆောင်းည အမှောင်ကိုရွေး၍ သိမ်းငှက်လှုပ်ရှားခဲ့ခြင်းပင်။

ခြေသံကို လုံလုံလျှောက်လာခဲ့သူမှာကား သိမ်းငှက် ဖြစ်သည်။

သူသည် တစ်ကိုယ်လုံး အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသည်။



ဓားကို နောက်ကျော၌ သိုင်းလွယ်၍ ဓားမြှောင်ကို ခါး၌ ချိတ်ဆွဲထားသည်။

ကြိုးခွေတစ်ခုအား လိုရမည်ရ ဆောင်ယူလာခဲ့သည်။ မှန်ပေသည်။

ထင်းဝမ်းနှင့် သူ့လူတွေ ကျိတ်၍ တိုင်ပင်စီစဉ်နေသည့် အကြောင်း သူမသိ၍ မဖြစ်တော့ပါ။

အရေးကြီးသော အချိန်သို့ ရောက်ရှိလာချေပြီ။

စန်းကျိုးမြို့စားနှင့် ဆက်သွယ်မိစဉ်က နန်းတွင်းတိုက်ခိုက်ရေးသမားများပင် စန်းကျိုးသို့ ရောက်ရှိနေပြီဟု ပြောခဲ့သည်။

ထိုအဖွဲ့အား ဦးဆောင်သူမှာ နန်းတွင်းသိုင်းဆရာတစ်ဦး ဖြစ်သော 'ရန်ပယ်ဓားတကျန်း' ဖြစ်ကြောင်းလည်း သူက သိရှိခဲ့ရပြီး ဖြစ်သည်။

ထို့ကြောင့် . . .

မိမိတို့ဘက် ခြံသို့ဂိုဏ်းအား တိုက်ခိုက်ရန် အသင့်အနေအထားမှာ ရှိနေပေသည်။

သိမ်းငှက်သည် အမှောင်ထုကို အကာအကွယ်ယူကာ ပြေးလွှားလာခဲ့သည်။

မကြာမီ ဆံနီခြံသို့ထင်းဝမ်း၏ ဂေဟာအနီးသို့ ရောက်ရှိလာလေတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



ခြသေ့်တောင်ကုန်း ကိုးလုံးအနက် ပထမတောင်ကုန်းတွင် ဆံနီခြသေ့်ထင်းဝမ်း၏ ဂေဟာ တည်ရှိသည်။

အစောင့်များက ထင်းမီးဖိုများ၌ ဝိုင်း၍ မီးလှုံနေကြသည်။

သိမ်းငှက်သည် ထိုအစောင့်အရှောက်များကို ရှောင်ကွင်း၍ လာခဲ့သည်။

ဤနေရာတွေကို နေ့ဘက်၌ အကြိမ်ကြိမ်သွားလာဖူးသည်ဖြစ်၍ သိမ်းငှက်အဖို့ မူလသွားလမ်းများကိုလည်း သိ သည်။

ဖြတ်လမ်းများကိုလည်း သိရှိထားပေသည်။

ထို့ည၌ တိုက်တိုက်ဆိုင်ဆိုင် ထင်းဝမ်း၏ဂေဟာတွင် ခြသေ့်ဂိုဏ်းသားများနှင့် တွေ့ဆုံတိုင်ပင် ဆွေးနွေးလျက် ရှိသည်။

ဂေဟာ၏ညှိခန်းဆောင်တစ်ခုတွင် မီးအိမ်သုံးလုံး ထွန်းညှိချိတ်ဆွဲထားသည်။

ညှိခန်းအပြင်ဘက်တွင် အစောင့်သိုင်းသမားများ ထားရှိထားသည်။

ညှိခန်းအတွင်း စားပွဲရှည်ကြီးတစ်လုံးတွင်ကား ခြသေ့်ဂိုဏ်းဝင်များ စုစည်း၍ ထိုင်ကာ တိုင်ပင်ဆွေးနွေးလျက် ရှိသည်။

ဦးဆောင်၍ တိုင်ပင်ဆွေးနွေးသူမှာ ထင်းဝမ်းကိုယ်တိုင်ပင် ဖြစ်လေသည်။

အဖွဲ့ဝင်များကား ကွမ်းကြုံး၊ ဝမ်းယုံ၊ ဖိန်းလီ၊ ရှောင်ဒေါ့၊ ချီစန်း၊ ကျာပွတ်ဝေဖိန်းတို့အားလုံး ပါဝင်သည်။

ကွမ်းကြုံးသည် သူ့ဆရာကျွင်းလီ မရှိသည့် နောက်ပိုင်း



ပြန်လည်အရေးပေးခြင်း ခံလာရသူ ဖြစ်သည်။

သူတို့ ယခုလို တိုင်ပင်ဆွေးနွေးပွဲတွင် ဂိုဏ်းချုပ်ထင်းရှီဖုံးကား မပါဝင်ခဲ့ပါ။

သို့သော်. . .

ဂိုဏ်းချုပ်ဖြစ်သူ၏ ဆန္ဒအရ ယခုလို ခြသေ့်ဂိုဏ်းမှ အရေးပါသူများအား အရေးပေါ် စုစည်းခဲ့ကြရခြင်း ဖြစ်ပေသည်။

♥ ♥ ♥

သိမ်းငှက်သည် သူတို့ရှိရာ ညှိခန်းဆောင် မျက်နှာကြက်အပေါ်တွင် ရောက်ရှိနေပြီ ဖြစ်သည်။

မျက်နှာကြက်ပျဉ်ချပ်ကြားမှ အောက်ဘက်ရှိ မြင်ကွင်းကို တွေ့မြင်နေသည်။

သူတို့ ပြောသည့် စကားကို သာမန်လူတစ်ယောက်အဖို့ အော်ပြောမှသာ ကြားသိနိုင်သော်လည်း သိမ်းငှက်လို အတွင်းအားကောင်းသော သိုင်းသမားတစ်ယောက်အဖို့ သဲကွဲစွာ ကြားနေရ၏။

ထင်းဝမ်းက အသံသြသြကြီးဖြင့်. . .

"အခု အရေးကြီးတဲ့အချိန် ရောက်နေပြီ၊ တို့ဂိုဏ်းမှာ လူကောင်းတွေ တစ်ယောက်ပြီးတစ်ယောက် လျော့နေတယ်၊ ဒါဟာ တို့ဂိုဏ်းအတွက် ဆုံးရှုံးမှုတစ်ရပ်ပဲ၊ တို့ရဲ့အစီအစဉ်ကို

www.burmeseclassic.com

www.burmeseclassic.com



ရန်သူက ကြိုသိနေလို့ တို့ခံလိုက်ရတာပဲ၊ မြို့စားကြီးရဲ့ အစီအမံ မဟုတ်ဘူးလို့ ပြောမလား၊ မပြောနိုင်ဘူး"

ထိုအခါ ကွမ်းကြုံးက. . .

"ဓားရာဇာနဲ့အတူ လိုက်ပါလာတဲ့ သိုင်းသမားတွေဟာ ငွေကြယ်အာမခံဌာနက လူတွေ မဖြစ်နိုင်ဘူး၊ မြို့စားဂေဟာ သိုင်းသမားတွေ ဖြစ်နိုင်ပါတယ်"

ဟု ဝင်ပြောလာသည်။

ထင်းဝမ်းက ဆက်ပြောလာသည်။

"အေး. . . ဟုတ်တယ်၊ အထူးသဖြင့် ထင်းစွမ်း ကျဆုံး သွားရတာဟာ တို့ဂိုဏ်းအတွက် အတော်လေး အထိနာစေတာ ပဲ၊ ထင်းစွမ်းကို ရန်သူက အကွက်ချပြီး ရှင်းပစ်လိုက်တယ်လို့ ငါထင်တယ်"

ထိုစဉ် ဝမ်းယုံက သံသယမကင်းသော လေသံဖြင့် ဝင်ပြောလာလေသည်။

"အခုကိစ္စမှာ ကျုပ်တို့ဂိုဏ်းထဲ ရောက်နေတဲ့ သိမ်းငှက် ရဲ့လက်ချက် ဖြစ်မယ်လို့ ထင်မိတယ်၊ သူ့ကို ဖမ်းပြီး စစ်ဆေး ရင်ကောင်းမယ်"

ထင်းဝမ်း သက်ပြင်းချလိုက်သည်။

"ဒီကိစ္စ လွယ်မလိုနဲ့ ခက်တယ်၊ ဒီကိစ္စတွေ အားလုံး သူနဲ့လွတ်ကင်းနေတာ ဆိုးတယ်၊ ဂိုဏ်းချုပ်ကလဲ သူ့ပညာသင် ဘက်ရဲ့တပည့် ဖြစ်နေလို့ သံသယကင်းတယ်၊ သူ့ကိုပဲ အဖွဲ့ ခေါင်းဆောင်အဖြစ် အသုံးချမလားလို့ ပြောနေတယ်၊ နောက်ပြီး



ထင်းဟွားနဲ့ သိမ်းငှက်တို့ဟာ လက်ထပ်ပေါင်းသင်းတော့မယ့် အခြေအနေ ရောက်နေပြီ၊ ဒီလို လူမျိုးကို ဖမ်းဆီးစစ်ဆေးဖို့ ဖြစ်မလား"

ထိုစကားကြောင့် အားလုံး ငြိမ်ကျသွားသည်။

သူတို့စိတ်ထဲတွင်မူ သိမ်းငှက်အပေါ် မကျေမနပ် ဖြစ် နေသည်ကား အမှန်ပင်။

ထင်းဝမ်းက တည်ကြည်သော မျက်နှာထားဖြင့်. . .

"တို့ အခုလောလောဆယ် လုပ်ရမယ့် အလုပ်တစ်ခု ရှိနေတယ်"

"ပြောပါ၊ ဆရာထင်းဝမ်း"

အားလုံးက နားထောင်နေကြ၏။

ထင်းဝမ်းက ပြတ်သားသော လေသံဖြင့်. . .

"ငါပြောမယ် သေသေချာချာ မှတ်ထားကြ၊ အဲဒါ ဘာ လဲဆိုတော့ အခု သုံးရက်အတွင်း လိုအပ်တာ မှန်သမျှ စုစည်းပြီး စနန်းကြီးမြို့စားဂေဟာကို ထင်တိုက်မယ်၊ အဓိက ရန်သူဟာ သူ ပဲ"

ထိုစကားကို နားထောင်နေသော သိမ်းငှက် ခေါင်း တညိတ်ညိတ် လုပ်လိုက်သည်။

ထို့နောက် မျက်နှာကြက်မှ ခေါင်မိုးပေါ်သို့ ပြန်ထွက် ကာ လာရာလမ်းအတိုင်း ပြန်လာခဲ့လေတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



သိမ်းငှက် အတွေးများဖြင့် အလုပ်ရှုပ်နေသည်။

လောလောဆယ် မိမိရရှိထားသော သတင်းကို စန်းကျိုးမြို့စားထံသို့ သုံးရက်အတွင်း မဖြစ်မနေပို့ရပေမည်။

ခက်သည်က သူက စန်းကျိုးသို့ သွား၍မရပါ။

အကယ်၍ သွားပါက သူ့အား သံသယဝင်သွားကြပေမည်။

သူက ချီမု ထမင်းဆိုင်တွင် အကြံထုတ်ရင်း စိတ်ညစ်နေစဉ် မမျှော်လင့်ဘဲ ကျင်းဟို ရောက်ရှိလာ၏။

ကျင်းဟိုသည် ချီမု မှာကြားထားသော ကုန်ပစ္စည်းအချို့ကို လာရောက်ပို့ဆောင်ပေးခြင်း ဖြစ်သည်။

သိမ်းငှက်အတွက် အခြေအနေ ကောင်းသွားချေပြီ။

ဆိုင်ထဲ၌ လူရှင်းနေ၏။

ချီမုတို့ဇနီးမောင်နှံမှာ ဆိုင်အနောက်ဘက်တွင် အလုပ်ရှုပ်နေသည်။

"အတော်ပဲ ကျုပ်က အဆက်အသွယ်ရဖို့ တစ်ယောက်ယောက်ကို မျှော်နေတာ"

ထိုအခါ ကျင်းဟိုက တအံ့တသြဖြင့်. . .

"ကျုပ်ကိုလဲ ရန်ပယ်ဓားတကျန်းက လွှတ်လိုက်လို့ မဖြစ်မနေလာရတာ"

"အရေးကြီးတဲ့သတင်းကို ပြောမလို့ အခုချက်ချင်း တကျန်းကို သွားပြောပါ"

ထို့နောက်. . .



သိမ်းငှက်က ခြသေ့်ဂိုဏ်း၏ အစီအစဉ်များ အားလုံးကို ပြောပြလိုက်သည်။ စကားဆုံးသွားသောအခါ ကျင်းဟိုတချက်ချင်းထရပ်၍. . .

"စိတ်ချ၊ ကျုပ် အခုချက်ချင်း သတင်းပို့မယ်"

"လမ်းခရီးမှာ စိတ်ချရပါ့မလား"

"စိတ်ချပါ၊ ရန်ပယ်ဓားကိုယ်တိုင် ကျုပ်ကို လာကြိုမှာ"

"ဒါဖြင့် မြန်မြန်သွားတော့"

သိမ်းငှက်သည် ကျင်းဟိုကို ဆိုင်အပြင်ရောက်သည်အထိ လိုက်ပို့ပေးလိုက်သည်။

ကျင်းဟို မြင်းကို စိုင်းနှင်ကာ ထွက်ခွာသွား၏။

ထိုအခါမှ သိမ်းငှက် အပူလုံးကြီး ကျသွားမိသည်။

သူက ဆိုင်ထဲ ပြန်ဝင်ခြင်း အလုပ်မှာတော့. . .

"ရှပ်. . . ရှပ်"

ခြေသံကြား၍ လှည့်ကြည့်လိုက်သောအခါ ရှောင်အော့ကို တွေ့လိုက်ရလေသည်။

သိမ်းငှက် စိုးထိတ်သွားမိသည်။

ရှောင်အော့က သိမ်းငှက်အား အသေအချာ စိုက်ကြည့်လိုက်ပြီး တစ်ချက်ပြုံးကာ ပြန်လှည့်၍ ထွက်သွားလေသည်။

သူ့ကို ကြည့်ရသည်မှာ မိမိစောစောက လျှပ်ရှားခဲ့သည်ကို သိလိုက်ပုံရသည်။

သိမ်းငှက် ခေါင်းနပန်း ကြီးသွားသည်။

"မဖြစ်ဘူး။ သူ့ကို အလွတ်ပေးလို့ မဖြစ်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ တွေးလိုက်ပြီး တောင်ပတ်လမ်းအတိုင်း မလိုက်ဘဲ တိုက်ရိုက်ထောင်တက်သွားသည်။

သို့မှသာ တောင်ပတ်လမ်းအတိုင်း တက်လာသော ရှောင်အော့ကို ကြိုစောင့်နေနိုင်ပေမည်။

လမ်းမဟုတ်သောကြောင့် ခက်ခဲစွာဖြင့် တက်လာရသည်။ မကြာလှ။ တစ်ဆစ်ချိုးတောင်ပတ်လမ်းသို့ ရောက်လာသည်။

သိမ်းငှက်သည် အမောဖြေရင်း အောက်ဘက်ကို လှမ်း၍ ကြည့်လိုက်သည်။

ရှောင်အော့သည် မြင်းကို ခပ်မှန်မှန်စီး၍ တက်လာနေသည်။ ရှောင်အော့ ရောက်ရှိလာသည်နှင့် သူက လွှားခနဲ ခုန်ချလိုက်သည်။

နှစ်ယောက်သား မြင်းပေါ်မှ လုံးထွေးပြီး ကျသွား၏။

မြင်းကမူ လန့်၍ ပြေးသွားသည်။

ရှောင်အော့ လူးလဲထကာ. . .

"မင်း မဟုတ်တာ လုပ်နေတာကို ငါတွေ့သွားလို့ ငါ့ကို အနှောက်အယှက်ပေးနေတာ မဟုတ်လား"

"မင်း ဒီလိုထင်နေမှန်း သိလို့ ငါလိုက်လာတာပဲ"

"မင်း ဘာပြောပြော ငါ မယုံတော့ဘူး။ စောစောက လူဟာ မြို့စားဂေဟာကလူ မဟုတ်လား"

"ကျုပ်နဲ့ တောင်ပေါ်ကို အတူပါလာတဲ့ ကျင်းဟိုလေ၊ မင်း မမှတ်ဘူးလား"



"ကျင်းဟိုပဲ ထားဦး၊ မင်း သူ့ကို ဘာတွေပြောပြီး လွှတ်လိုက်တာလဲ"

"ဘာမှမပြောဘူး၊ သူပြန်တော့မယ်ပြောလို့ လိုက်ပို့တာ"

"ကောင်းပြီလေ၊ ဒီလိုဆိုရင် ပြီးရောပေါ့"

ရှောင်အော့က ပြောပြောဆိုဆို သူ့မြင်းရှိရာသို့ ပြေး၏။

"ရပ်လိုက်စမ်း"

သိမ်းငှက်က ဟန့်တားရင်း ပြေးလိုက်မည်ပြုသည်။

အကြံသမားရှောင်အော့က ချက်ချင်း နောက်လှည့်ကာ ဓားမြှောင်ဖြင့် ပစ်ပေါက်လာသည်။

လောကြီးသွားသော သိမ်းငှက် မရှောင်နိုင်တော့ပါ။

"ဒုတ်"

"အင့်"

ဓားမြှောင်က ပေါင်တစ်ဖက်တွင် လာစိုက်သည်။

ချက်ချင်းဓားမြှောင်အား ဆွဲနုတ်ကာ ပြေးထွက်သွားသော ရှောင်အော့ထံ ပစ်ပေါက်လိုက်သည်။

ပြင်းထန်သော အရှိန်ဖြင့် ဓားမြှောင်သည် ရှောင်အော့၏ကျောပြင်တွင် နက်ရှိုင်းစွာ စိုက်ဝင်သွားသည်။

"အား"

ရှောင်အော့ နာကျင်စွာ အော်ရင်း ဟပ်ထိုးလဲကျကာ ငြိမ်သက်သွားသည်။

သိမ်းငှက်က သွေးတိတ်ဆေးတစ်လုံး သောက်၍ ရှောင်အော့၏အလောင်းအား ချောက်တမ်းပါးအောက်သို့ တွန်းချ

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေတော့သည်။

♥ ♥ ♥

သိမ်းငှက် ဒဏ်ရာနှင့် ပြန်လာသည်ကို ဦးဆုံးတွေ့သူမှာ ထင်းဟွားပင် ဖြစ်သည်။

ထင်းဟွား စိုးရိမ်တကြီး ဖြစ်သွားသည်။

"အစ်ကို ဘယ်လို ဖြစ်လာတာလဲ"

သိမ်းငှက်က တစ်ချက်ညည်းညူဟန်ပြုကာ. . .

"ကျုပ် တောင်ခြေကအပြန် ရန်သူတစ်ယောက်က ဓားမြှောင်နဲ့ ပစ်ပြီး ထွက်ပြေးသွားတာပဲ"

ဟု လိမ်ညာပြောဆိုလိုက်၏။

"တော်သေးတယ်၊ ဓားက ရှပ်ထိသွားလို့"

ထင်းဟွားက ယာတောအိမ်တွင် သိမ်းငှက်အား တွဲ၍ ခေါ်ဆောင်သွားပြီး ဆေးစည်းပေးလိုက်သည်။

သိမ်းငှက်မှာ စိတ်မောလူမော ဖြစ်နေသည်က တစ်ကြောင်း၊ ဒဏ်ရာရှိန်နှင့်တစ်ကြောင်းမို့ မှေးခနဲ အိပ်ပျော်သွားလေသည်။

အချိန်မည်မျှ ကြာသွားမှန်းမသိ။

သူနိုးလာသောအခါ ထင်းဟွားသည် သူ့ဘေးတွင် စောင့်ဆိုင်းပေးရင်း အိပ်ပျော်နေသည်ကို တွေ့လိုက်ရသည်။

သိမ်းငှက် လှုပ်လဲထကာ. . .



"ညီမ အခုထိ မပြန်သေးဘူးလား"

လှုပ်နှိုးကာ မေးလိုက်၏။

ထင်းဟွား လန့်နိုးလာသည်။

အတန်ကြာမှ သူမက. . .

"အစ်ကို့ကို စိတ်မချလို့ မပြန်တာပါဘူး"

မိမိအပေါ် သံယောဇဉ်ကြီးမားလှသော ထင်းဟွားကို ကြည့်ကာ သိမ်းငှက်တစ်ယောက် သက်ပြင်းရှည်တစ်ချက် ချလိုက်မိတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## အကျဉ်းသား

ထင်းပွားက အသာပြုံးကာ. . .

"ကျွန်မ ဒီမှာရှိတာ မေမေသိပါတယ်၊ ဪ. . . အစ်ကိုကို ပြောစရာတစ်ခုရှိတယ်"

"ဘာများလဲ ညီမရဲ့"

"ဦးလေးထင်းဝမ်းတို့လူစု မြို့စားဂေဟာကို တိုက်ခိုက်ဖို့ ညနေပိုင်းက ထွက်ခွာသွားကြတယ်"

သိမ်းငှက် တွေ၍သွားလေသည်။

ထိုအချိန်မှာပင်. . .

"ဝုန်း"

ကျယ်လောင်သော အသံနှင့်အတူ တံခါးရွက်ပြုတ်ထွက်သွားသည်။

တဆက်တည်း ခြင်္သေ့ဂိုဏ်းသားများ လက်နက်ကိုယ်စီ



ဖြင့် ဝင်ရောက်လာသည်။

ဦးဆောင်လာသူကား ဂိုဏ်းချုပ်ထင်းရှိဖုံးကိုယ်တိုင်ပင်ဖြစ်လေသည်။

"ဖေဖေ"

ထင်းပွား ခေါ်၍ တိုးကပ်သွားသည်။

"ဖယ်စမ်း၊ သမီးမိုက်၊ နင့်လောက် အသုံးမကျတာ နင်ပဲရှိတယ်"

ပြောကာ တွန်းထုတ်လိုက်၏။

တစ်ဖန် သိမ်းငှက်အား မျက်တောင့်နီကြီးဖြင့် ကြည့်ကာ

"သိမ်းငှက်၊ မင်းဟာ ကျိုက်ဖန်း လွှတ်လိုက်တဲ့ သူလျှိုမဟုတ်လား"

ပြောရင်း သွေးကြောထိုးပိတ်လိုက်၏။

ပြီးမှ ဆက်ပြောသည်။

"အခု စန်းကျိုးမြို့စားရဲ့ လူတွေက ကြိုတင်စောင့်ဆိုင်းပြီး တိုက်ခိုက်လို့ ထင်းဝမ်း သေဆုံးသွားပြီ အဖွဲ့ဝင်တွေလဲ ကျဆုံးသွားတယ်၊ တစ်ယောက်တစ်လေပဲ လွတ်မြောက်လာတယ်၊ ဒါတွေ မင်းရဲ့လက်ချက် မဟုတ်လား"

သိမ်းငှက်မှာ မြန်ဆန်လှသော အပြောင်းအလဲကို အံ့ဩနေမိသည်။

ရန်ပယ်ဓားတကျန်းတို့အဖွဲ့သည် ထင်းဝမ်းတို့လူစု အား [illegible]ခဲ့လိုက်နိုင်ပြီ ဖြစ်သည်။

သူက စိတ်ထဲမှ ကျိတ်၍ ဝမ်းသာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလောလောဆယ် မိမိ အခြေအနေမှာတော့မကောင်းလှပါ။

"အခု ဖြစ်ပျက်နေတာ အားလုံး ကျုပ် မသိဘူး။ ကျုပ်ကိုလဲ ဘယ်သူမှ မတိုင်ပင်ဘူး ဂိုဏ်းချုပ် ပြောမှ အခုသိရတာ"

သိမ်းငှက်သည် ဟန်ကိုယ်ဖို့ဆိုသော စကားအတိုင်း အကြောက်အကန် ငြင်းလိုက်သည်။

ထင်းရှိုဖုံး မဲ့လိုက်သည်။

"မင်း ဘာပြောပြော ငါမယုံဘူး။ မင်း ဒီကို စရောက်တဲ့နေ့ကစပြီး ငါ့ဂိုဏ်းသားတွေရော၊ ငါ့သား၊ ငါ့ညီ အားလုံး သေသွားကြရတယ်၊ ဒါတွေက မင်းနဲ့ ပတ်သက်ဆက်နွယ်ရမယ်"

"ဒါကတော့ ဂိုဏ်းချုပ်က ကျုပ်ကို ထင်ကြေးနဲ့ ဖမ်းတာပဲ"

"ကောင်းပြီလေ၊ မင်းက အထောက်အထားပြပါဆိုတော့ အထောက်အထား မကြာခင်ပြမယ်၊ လောလောဆယ် ဖမ်းထားရမယ်၊ ဒီကိစ္စ ငါကိုယ်တိုင် စီစဉ်မယ်"

ပြောရင်း လက်ဝေ့ယမ်းလိုက်သည်။

ဖိန်းလီက ရွှေထွက်ကာ သံကြိုးများဖြင့် ချည်နှောင်ဖမ်းဆီးလိုက်လေသည်။

ထို့နောက် ခြင်္သေ့ဂေဟာ၏ အချုပ်ခန်းအတွင်း ပိတ်လှောင်ထားလိုက်သည်။

ထင်းဟွားသည် ဖခင်အား အမျိုးမျိုးတောင်းပန်သော်လည်း မရပါ။



နောက်ဆုံး သူမက ငိုရှိုက်ကာ အခန်းထဲမှ ပြေးထွက်သွားလေတော့သည်။

♥ ♥ ♥

ထင်းဟွားသည် သိမ်းငှက်အား ကယ်တင်ရန် ဆုံးဖြတ်ချက်ချထားပြီး ဖြစ်သည်။

သူမနှင့်အတူ သိမ်းငှက်အား ကယ်တင်ရန် မေစင်းနှင့်ချူးဝှားတို့ပါ ပါလာသည်။

ညကား လရောင်ခပ်မှုန်မှုန် ဖြန့်ကြက်ထားသောည ဖြစ်သည်။

ထင်းဟွားတို့သုံးယောက်သည် သိုင်းသမားဝတ်စုံများကိုဝတ်၍ အချုပ်ခန်း ရှိရာသို့ ရောက်ရှိလာလေသည်။

သည်ညကုန်ဆုံးလျှင် သိမ်းငှက် အသတ်ခံရတော့မည်ဖြစ်သည်။

အကြောင်းမှုကား ရှောင်အော့၏မြင်းကို တောင်ခြေတောစပ်၌ ကွမ်းကြိုး တွေ့ရှိခဲ့ရာမှ ရှောင်အော့ အသတ်ခံရသော ရုပ်အလောင်းကို ချောက်ကမ်းပါးအောက်၌ တွေ့ရှိခဲ့ရသော အကြောင်းကြောင့် ဖြစ်သည်။

ကွမ်းကြိုးက ဆိုင်ရှင်ချီမု၏ပြောဆိုချက်အရ ဆက်ပါက ရှောင်အော့ကို သိမ်းငှက် သတ်လိုက်ခြင်းသာ ဖြစ်သည်ဟု စွပ်စွဲသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီးထင်းရှိဖုံးအား ထိုအကြောင်း တင်ပြလိုက်သောအခါ ထင်းရှိဖုံးက ကွမ်းကြုံး တင်ပြသည့် အချက်ကို လုံးဝလက်ခံလိုက်သည်။

ထင်းဝမ်းတို့ ခေါင်ပိတ်အတိုက်ခံရသည်မှာလည်း သိမ်းငှက်၏လက်ချက် ဖြစ်ရမည်ဟု ယုံကြည်လိုက်သည်။

ထို့ကြောင့်. . .

သိမ်းငှက်ကို ခြင်္သေ့ဂိုဏ်းသားများရှေ့တွင် သတ်ရန် ဂိုဏ်းချုပ်ကြီးထင်းရှိဖုံးက အမိန့်ပေးလိုက်သည်။

နောက်နေ့ညတွင် သိမ်းငှက်အား သုတ်သင်မည်။

ဤပွဲကို ထင်းရှိဖုံးကိုယ်တိုင် စီမံကွပ်ကဲပေမည်။

သည်တော့ ထင်းဟွားအဖို့ သေလျှင်မြေကြီး ရှင်လျှင် ရွှေထီး သဘောမှတ်ကာ ယခုလိုလုပ်ရန် ဆုံးဖြတ်ချက်ချလိုက်ခြင်းပင်။

အချုပ်ခန်းအား မည်သူက စောင့်ရသည်ကို ထင်းဟွားက သိထားသည်။

ခေါင်ဟွာဆိုသည် မေစင်းကို နောက်ပိုးနေသူတစ်ဦး ဖြစ်သည်။

ထို့ကြောင့် မေစင်းက. . .

"ဒီကိစ္စ ငါ့တာဝန်ထား၊ ခေါင်ဟွာကို လှည့်ဖျားမယ်၊ နင်တို့က လုပ်စရာရှိတာ မြန်မြန်လုပ်"

သို့နှင့်. . .

သူတို့သုံးယောက် အချုပ်ခန်းရှေ့သို့ ရောက်ရှိလာ၏။



မေစင်းသည် သိုင်းသမားဝတ်စုံကို ချွတ်ခဲ့သည်။

ယခု. . .

သူမဝတ်ထားသည့် အဝတ်အစားမှာ ပိုးသားအဖြူပျော့ဝတ်စုံ ဖြစ်လေသည်။

ထို့ကြောင့် သူမ၏ခန္ဓာကိုယ် အလှအား ပေါ်လွင်စေပါသည်။

"အဟမ်း"

မေစင်းက ချောင်းတစ်ချက်ဟန့်လိုက်၏။

ခေါင်ဟွာ ဆတ်ခနဲ ဖြစ်သွားကာ. . .

"ဟေ့. . . ဘယ်သူလဲ"

ဝေါက်ရင်း ရှေ့ထွက်လာသည်။

မေစင်းက လှမ်းထွက်ကာ. . .

"ကျွန်မပါ"

ခေါင်ဟွာသည် မေစင်းကို မြင်လျှင် အံ့သြသွားသည်။

"ဟင်. . . မေစင်း"

သူက ဘေးဘီဝဲယာတစ်ချက် အကဲခတ်ကြည့်ရင်း. .

"မှောင်နေပြီ မင်း ဘယ်ကလာတာလဲ"

ဟု မေးလာသည်။

မေစင်းက. . .

"သြော်. . . အခေါ်တို့ အိမ်ကို သွားလည်တာ အပြန်မိုးချုပ်နေလို့ ဖြတ်လမ်းက ဖြတ်လာတာ"

ဟု လှည့်ပတ်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချောင်ဟွာက မသိမသာ သူမ အနားသို့ ချဉ်းကပ်လာလေသည်။

ထို့နောက်. . .

သွားများပေါ်အောင် ပြုံးရင်း. . .

"တိုက်တိုက်ဆိုင်ဆိုင် ညီမနဲ့မှ လာတွေ့ရတယ်"

ပြောပြီး မေစင်း၏လက်ကို လှမ်းဆွဲလိုက်သည်။

"အို. ."

မေစင်း ရုန်းထွက်ဟန်ဆောင်လိုက်သည်။

ချောင်ဟွာက. . .

"မရုန်းပါနဲ့တော့ ညီမရယ်၊ ကျုပ်က မင်းကို မေတ္တာရှိနေတာ ကြာပါပြီ"

ပြောပြီး ရင်ခွင်ထဲ ဆွဲသွင်းရန် ပြင်လိုက်၏။

ထိုစဉ်. . .

သူ၏နောက်ကျောသို့ ဓားမြှောင်တစ်လက် ဒုတ်ခနဲ စူးနစ်ဝင်သွားကာ သွေးများပန်းထွက်လာသည်။

"အင့်",

မသဲမကွဲ ညည်းညူကာ မျက်နှာကြီး ရှုံ့မဲ့သွားသည်။

ထင်းဟွားသည် ကိုင်ဆွဲထားသော ဓားမြှောင်နှင့် ချောင်ဟွာ၏နောက်ကျောသို့ ထိုးစိုက်ချလိုက်ခြင်းကြောင့်ပင် ဖြစ်သည်။

ထိုအခါ. . .

မေစင်းက ရှေ့သို့ ယိုင်ကျလာသော ချောင်ဟွာအား



တွန်းထုတ်လိုက်သည်။

"ဝုန်း"

ချောင်ဟွာ၏ခန္ဓာကိုယ်ကြီး လဲကျသွား၏။

ထိုစဉ်. . .

"ဘာဖြစ်တာလဲဟေ့"

အသံနှင့်အတူ အစောင့်သုံးယောက် ပြေးဝင်လာသည်။

ထင်းဟွားတို့ ဘာမျှစဉ်းစားမနေတော့။

အစောင့်များအား လျှပ်တစ်ပြက် ဆီးကြိုတိုက်ခိုက်လိုက်ကြလေသည်။

"ဝုန်း"

"အား"

အစောင့်သုံးယောက် အလစ်အငိုက်မိသွားကာ မြေပေါ် လဲကျသွားသည်။ သူတို့က အချိန်ဆွဲမနေပါ။

ထင်းဟွားသည် ချောင်ဟွာ၏ခါးကြားတွင် ချိတ်ထားသော အချုပ်ခန်း သော့တွဲကိုယူပြီး အချုပ်ခန်းဘက် ပြေးဝင်သွား၏။

သိမ်းငှက်ကိုသာမက အခြားမတရား ဖမ်းဆီးထားသူများကိုပါ လွှတ်ပေးလိုက်သည်။

"ဟေး"

အကျဉ်းသားများ ဝမ်းသာအားရ ပြေးထွက်လာကြတော့သည်။

အချို့မှာ ညှင်းပမ်းနှိပ်စက်ခံထားရ၍ အားအင်ချည့်နဲ့

www.burmeseclassic.com

www.burmeseclassic.com



လျက် ရှိနေကြပေသည်။

သိမ်းငှက်ကိုမူ ချုပ်နှောင်ထားသော သံကြိုးကွင်းများကို ထင်းဟွားကိုယ်တိုင် ဖြုတ်ပေးလိုက်ရသည်။

နှစ်ယောက်သား အပြင်ဘက် ပြန်ထွက်လာသည်။

အပြင်ဘက်တွင်မူ နောက်ထပ်ရောက်ရှိလာသော အစောင့်များအား မေစင်းနှင့် ချူးဝှားတို့က ဆီးကြိုတိုက်ခိုက်နေကြလေသည်။

မေစင်း၏လက်မောင်းနှင့် ချူးဝှား၏ခြေထောက်တစ်ဖက်တွင် ဒဏ်ရာအချို့ ရရှိနေပေသည်။

သိမ်းငှက် မနေနိုင်တော့ပါ။

မြေပေါ်ကျနေသော ဓားအား ကောက်ယူကာ ခုန်ဝင်သွား၏။

အနီးသို့ ရောက်သည်နှင့် လျင်မြန်စွာ တိုက်ခိုက်လိုက်လေသည်။

"အား"

"အွန့်"

စူးရှသော အသံနှင့်အတူ အစောင့်သိုင်းသမားနှစ်ယောက် တုန်းခနဲ လဲကျသွားသည်။

ထို့နောက်. . .

သူတို့အားလုံး တိတ်တဆိတ် ထွက်ခွာလာခဲ့ကြသည်။

အရှေ့ဘက် မိုးကောင်းကင်တွင် အာရုဏ်ဦးလင်းရောင်ခြည်များ ယှက်သမ်းလာနေပြီဖြစ်၏။



ထိုအလင်းရောင် အရိပ်အောက်ဝယ် သိမ်းငှက်နှင့် ထင်းဟွားတို့ မြင်းကိုယ်စီဖြင့် စိုင်းနှင်နေကြ၏။

မေစင်းနှင့် ချူးဝှားတို့က ကိုယ်ယောင်ဖျောက်၍ ချန်နေရစ်ခဲ့ကြပေသည်။

ထိုနေ့၌ပင် ထင်းဟွားနှင့် သိမ်းငှက်သည် စန်းကျိုးမြို့သို့မရောက်မီ လမ်းခုလတ်၌ ရန်ပယ်ဒေးတကျန်း ဦးဆောင်သော အဖွဲ့နှင့် ဆုံမိသည်။

တကျန်းနှင့် သိမ်းငှက်တိုင်ပင်ကာ ထင်းဟွားအား သွေးကြောပိတ်လိုက်သည်။ ထို့နောက်. . .

အဖွဲ့သားအချို့နှင့် စင်းကျိုးမြို့သို့ ပို့ခိုင်းလိုက်၏။

ထင်းဟွားအား အန္တရာယ် မဖြစ်စေလိုပါ။

ယခု ပြဿနာထဲတွင်လည်း မပါဝင်စေလိုပါ။

ထို့ကြောင့် ယခုကဲ့သို့ စီစဉ်လိုက်ရခြင်း ဖြစ်သည်။

♥ ♥ ♥

ထင်းဟွားအတွက် လုံခြုံစိတ်ချရတော့မှ သိမ်းငှက် ရင်အေးသွားသည်။ ရန်ပယ်ဒေးတကျန်းက. . .

"ကျုပ်တို့မှာ ခြသေ့်ဂိုဏ်းကို ဖြိုခွဲဖို့ပဲ ရှိတော့တယ် သွားကြစို့"

ဟု ပြောလာသည်။

သိမ်းငှက် ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ကျုပ်တို့သွားကြတာပေါ့"

သို့နှင့် သူတို့သည် ခြသေ့်တောင်သို့ ထွက်လာခဲ့ကြသည်။

သိမ်းငှက် လွတ်သွားသည့်အတွက် ထင်းရိုဖုံး ဒေါသချောင်းချောင်း ထွက်နေပေသည်။

အန္တရာယ်ကိုလည်း ကြိုတွေးမိကာ ဂိုဏ်းသားများကို အသင့်ပြင်ဆင်ထားခိုင်းလိုက်၏။

သူတွေးထင်ထားသည့်အတိုင်း သိမ်းငှက်တို့အဖွဲ့ ချီတက်လာနေသည် မဟုတ်ပါလား။

သိမ်းငှက်တို့ တောင်ပေါ်ရောက်လာသည်နှင့် . . .

"တိုက်ကြစမ်း"

ထင်းရိုဖုံး အမိန့်ပေးလိုက်သည်။

ထိုအခါ ခြသေ့်ဂိုဏ်းသားများသည် လက်ဦးမှုယူကာ စတင်တိုက် ခိုက်လိုက်ကြသည်။

တကျန်း၏လက်ရွေးစင်အဖွဲ့ကလည်း စနစ်တကျ တုန့်ပြန်တိုက်ခိုက်လိုက်ကြသည်။

ဤသို့ဖြင့် . . .

ခြသေ့်တောင်ပေါ်တွင် ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေတော့သည်။

♥ ♥ ♥



# အမှန်တရားဘက်တော်သား

"ဝုန်း"

"အား"

"အမယ်လေး"

ကျယ်လောင်စူးရှသော အသံများ ခြသေ့်တောင်ပေါ်တွင်ပျံ့လွင့်နေသည်။

ခြသေ့်ဂိုဏ်းသားများသည် လက်ဦးမှုယူကာ တိုက်ခိုက်ခဲ့သော်လည်း စနစ်တကျ တိုက်ခိုက်သော တကျန်း၏အဖွဲ့အား မယှဉ်နိုင်ပါ။

တဖြည်းဖြည်း အရှုံးနှင့် တွေ့ကြုံလာကြသည်။

ထို့အပြင် . . .

ခြသေ့်ဂိုဏ်းမှာ ယခင်ကလို အင်အားတောင့်တင်းသောဂိုဏ်း မဟုတ်တော့ပါ။

သူတို့က တိုက်ရည်ခိုက်ရည် ပြည့်ဝသော တကျန်းတို့

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့အား ကြာရှည်ရင်မဆိုင်နိုင်တော့ပါ။

အကျအဆုံးများလာသည်။

နောက်ဆုံး ကစဉ့်ကလျား ထွက်ပြေးကြရတော့သည်။

ထိုအချိန် တကျန်းသည် ခြသေ့ဂိုဏ်းချုပ် ထင်းရိုဖုံးနှင့် ထိပ်တိုက်တွေ့ဆုံနေမိသည်။

ထင်းရိုဖုံးသည် ကျားနာကြီးခဲ့သလိုမျိုး မီးကုန်ယမ်းကုန်တိုက်ခိုက်နေပေသည်။

တကျန်းမှာ ဒဏ်ရာတစ်ချက်ရကာ ကြောက်မက်ဖွယ်ကောင်းသည့် ထင်းရိုဖုံး၏တိုက်ခိုက်မှုအား အလူးအလဲခံနေရလေသည်။

ထိုအချိန် လူရိပ်တစ်ခု ရောက်ရှိလာသည်။

သိမ်းငှက်ပင် ဖြစ်သည်။

သိမ်းငှက်သည် တကျန်းဘက်မှ ကူညီတိုက်ခိုက်ပေးလိုက်လေသည်။

ထင်းရိုဖုံးသည် သိမ်းငှက်အား တွေ့ရသောအခါ ဒေါသချောင်းချောင်းထွက်သွားသည်။

"သိမ်းငှက်၊ မင်းကို ငါ အရှင်မထားဘူးကွ"

အော်ဟစ်ကြိမ်းမောင်းရင်း သိမ်းငှက်ကို မဲ၍ဖိတိုက်လေတော့သည်။

ထို့ကြောင့်. . .

တကျန်းတစ်ယောက် အသက်ရှူချောင်သွားရ၏။

ခြသေ့ဂိုဏ်းချုပ်ထင်းရိုဖုံး၏ သိုင်းပညာမှာ လွန်စွာ



ကြောက်မက်ဖွယ်ကောင်းလှ၏။

သိမ်းငှက်နှင့် တကျန်းတို့နှစ်ယောက် မနည်းပင် တိုက်ခိုက်နေရသည်။

တစ်ယောက်ချင်းဆိုလျှင် ထင်းရိုဖုံးအား အနိုင်ရရန်မလွယ်ပါချေ။

ထင်းရိုဖုံး အနေနှင့်လည်း သိမ်းငှက်နှင့် တကျန်းတို့အား အတော်ပင်တိုက်ခိုက်နေရလေသည်။

သူတို့သည် တိုက်ခိုက်ကြရင်းမှ တဖြည်းဖြည်းနှင့် သိုင်းကွက်ပေါင်းငါးဆယ်ပင် ကျော်လာခဲ့ချေပြီ။

ထင်းရိုဖုံးမှာ အနည်းငယ် လက်ပမ်းကျလာသည်။

သိမ်းငှက်နှင့် တကျန်းတို့က ထိုအခွင့်အရေးကို ယူတာဖြင့် တိုက်ခိုက်ကြသည်။

နှစ်ယောက်သား စုပေါင်း၍ အင်တိုက်အားတိုက်ဖြင့် တိုက်ခိုက်လိုက်ကြခြင်း ဖြစ်သည်။

ထို့ကြောင့်. . .

သိုင်းကွက်ခြောက်ဆယ်ခန့် အရောက်တွင် ထင်းရိုဖုံးမှာ သူတို့၏ဒဏ်ချက်မိသွားလေတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



သိမ်းငှက်၏ခေါးချက်သည် ထင်းရိုဖုံး လက်ထဲမှ ဓား အား လွတ်ကျစေခဲ့သည်။

တကျန်း၏ခေါးချက်သည် ထင်းရိုဖုံး၏ရင်ဝအား ထိုး ဖောက်သွားနိုင်ခဲ့သည်။

သိမ်းငှက်နှင့် တကျန်းတို့မှာလည်း မသက်သာလှပါချေ။

ထင်းရိုဖုံး လက်ချက်ကြောင့် ဒဏ်ရာသုံးလေးချက်ထက် မနည်း ရရှိထားကြသည်။

ထင်းရိုဖုံးသည် သူတို့အား မကျေမချမ်းကြည့်ကာ တအိ အိ လဲပြိုကျသွား၏။

မြေပေါ်၌ တစ်ချက်မျှ လူးလွန့်ပြီးနောက် လုံးဝငြိမ်သက် သွားလေသည်။

ထိုအခါမှပင် သိမ်းငှက်နှင့် တကျန်းတို့ အသက်ဝဝ ရှူနိုင်ကြတော့သည်။

တကျန်းသည် တိုက်ပွဲအား အကဲခတ်ကြည့်လိုက်၏။

တိုက်ပွဲကား ပြီးဆုံးသွားချေပြီ။

ထင်းဟွား၏မိခင်ကိုကား မြို့စားဂေဟာ သိုင်းသမား များက ဘေးကင်းရာ ခေါ်ဆောင်သွားနိုင်ခဲ့ကြသည်။

တောင်ကုန်းမြင့်ရှိ ခြသေ့ဂိုဏ်းကြီးသည်ကား တစ်စစီ ပျက်သုဉ်းသွားသွားရချေပြီ။

တကျန်း၏အဖွဲ့သည် အညံ့ခံသော ခြသေ့ဂိုဏ်းသား များအား ဖမ်းဆီးခေါ်ဆောင်သွားကြ၏။

သိမ်းငှက်သည် စန်းကျိုးမြို့သို့ ထွက်လာခဲ့သည်။

BURMESE CLASSIC



စန်းကျိုးမြို့စားဂေဟာတွင် ထင်းဟွား ရှိနေပေသည်။

ထင်းဟွားအား အဖြစ်မှန်ပြောပြကာ မိခင်ဖြစ်သူနှင့် တွေ့ဆုံပေးရဦးမည် မဟုတ်ပါလား။

တကျန်းတို့အဖွဲ့သည်လည်း ခြသေ့တောင်မှ စန်းကျိုး မြို့သို့ ထွက်ခွာလာခဲ့ကြသည်။

ခြသေ့ဂိုဏ်းအား အောင်မြင်စွာ ဖြိုခွဲနိုင်ကြောင်း စန်း ကျိုးမြို့စားအား အစီရင်ခံရဦးမည် မဟုတ်ပါလား။

ခြသေ့တောင်ပေါ်၌ ခြသေ့ဂိုဏ်း အဆောက်အဦးသည် အထီးကျန်စွာ ပြိုကွဲပျက်စီး၍ ကျန်နေခဲ့ရပေတော့သည်။

♥ ♥ ♥

ခြသေ့တောင်ခြေ. . .။

ခြသေ့တောင်ခြေ တစ်နေရာ၌ အဘိုးအိုတစ်ယောက် ရှိနေ၏။

ထိုအဘိုးအိုသည် ခြသေ့တောင်ပေါ်မှ အဖြစ်အပျက် များကို တစ်ချိန်လုံး တိတ်တဆိတ် အကဲခတ်ကြည့်နေခဲ့သည်ကို မည်သူမှ သိနိုင်ကြမည် မဟုတ်ပါ။

ထိုအဘိုးအိုက ခြသေ့တောင်အား အဘယ်ကြောင့် စိတ် ဝင်စားနေရပါသနည်း။

အဘိုးအိုက ခြသေ့တောင်နှင့် ခြသေ့ဂိုဏ်းကို လုံးဝစိတ် မဝင်စားပါချေ။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို စိတ်ဝင်စားသည်က သိမ်းငှက် ဖြစ်သည်။

အဘိုးအိုမှာ ဇာတ်မြှုပ်နေလိုက်သော ကျူးပရဲပင် ဖြစ်သည်။

သိမ်းငှက်ကား ယွင်ပြောင်၏သား ဖြစ်လေသည်။

ကျူးပရဲက ယွင်ပြောင်၏ သားကလေးဘဝ တိုးတက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။

ကျူးပရဲ၏နှုတ်ခမ်းများ တလှုပ်လှုပ် ဖြစ်လာပြီး. . .

"ယွင်ပြောင်၊ မင်းရဲ့သားဟာ သိမ်းငှက်ဆိုတဲ့နာမည်နဲ့ လျှမ်းလျှမ်းတောက် ကျော်ကြားတဲ့ သူရဲကောင်းတစ်ယောက် ဖြစ်နေပါပြီ ရောက်လေရာ ဘုံဘဝက မင်းကျေနပ်ပါတော့. ."

ဟု ရေရွတ်လိုက်လေတော့သည်။

ပြီးပါပြီ။

www.burmeseclassic.com